www.burmeseclassic.com

တကယ့်ဖြစ်ရပ်

# ရှုခင်း

မဂ္ဂဇင်း

2013 DECEMBER




ချောင်းဆိုးနေလို့
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....

ရွှေမြန်မာ ®
အမှတ်တံဆိပ်

SHWE MYANMAR

ထိုင်းရုံးအဆောက်အုံမှတ်ပုံတင်အမှတ် - ၁၁၁၂ YR ၀၀၄၈၃၉
ထိုင်းရုံးအဆောက်အုံထုတ်လုပ်ခွင့်လိုင်စင် - ၈/၂၀၁၀/တဆထလ/တိုး/၀၈၇၂

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

ရုံးချုပ် - အမှတ်(၁၀၈)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09501007 4, 0973082461, 0973082461


www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအ‌ဒနဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

BURMESE CLASSIC .com

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံ့ဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

မဂ္ဂဇင်း 2013 DECEMBER

အတွဲ(၁)၊ အမှတ်(၃)


နာယက - လင်းထက်ကျော်

ညိုမြင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ရုံးအဖွဲ့ - အေးအေးခိုင်နှင့်အဖွဲ့


BURMESE CLASSIC .com


ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




မျက်နှာဖုံးရှင် ယွန်းယွန်း

ဓာတ်ပုံ အောင်မြင့်ကို


ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉ ၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com

# 2013 DECEMBER CONTENTS




**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊ မြတ်နိုးဆု(တမာမြေ)၊ စောရွှေသန်း(အထက်မင်းလှ)၊ မင်းကြယ်စင်သွန်း၊ လုလင်ကို(မြင်းခြံ)၊ ရှင်လွန်းမယ်၊ မင်းသွေးနွယ်(ဗိုးကုန်း)၊ ရဲထက်ဇော်

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ မြေရှိုင်း၊ ရွှေကိုဦး၊ အောင်ချမ်းမြေ့(မင်းဘူး)၊ စောဟန်၊ စမ်းချောင်းစန်းကို၊ ရဲဝင်းနိုင်(တွံတေး)

**ဟာသဝတ္ထု**

| | | |
|---|---|---|
| ချစ်ကိုကိုယု | ရှေ့နေကြီး ဦးနက်ကျော်နှင့် ကိုပြည်စိုး | ၁၀၄ |

**ဘာသာပြန်**

| | | |
|---|---|---|
| လှမိုး(ပညာရေး) | ခြေလေးချောင်း ခေတ်သစ်ရှားလော့ဟုမ်းများ | ၄၆ |
| လှမျိုးထက် | တိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေး | ၅၃ |






www.burmeseclassic.com

www.burmeseclassic.com

5 DEC 2013


**ဆောင်းပါး**

ညွန့်ဟုံ(ကြူတော) လူမှုဘဝလုံခြုံရေး Life Security နှင့် ရဲတပ်ဖွဲ့ဝင် ၂၃

ကိုကိုငယ်ချစ် အမှုစစ်အရာရှိဘဝ အမှတ်တရဒိုင်ယာရီများ ၂၇

**ရုပ်ရှင်မိတ်ဆက်**

ဦးဝင်းမြင့်(သရုပ်ဆောင်) ပြောဖို့လိုသေးလား ၉၂

**တစ်မျက်နှာဝတ္ထု**

အိမ့်(ရွှေပေဒ) ယုံလွယ်သူနှင့် အယုံမလွယ်သူ ၅၉

**တစ်ခန်းရပ်ဟာသ**

ထက်ထက်(ဟာသ) ၁၀၀

**ပေဒင်**

ဝေဒသုတေသီတစ်ဦး


**သတင်း**

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း


BURMESE CLASSIC .com








www.burmeseclassic.com

www.burmeseclassic.com





မှုခင်းဝတ္ထုတို


**ထက်ထက်ဦးဝေ**
သံယောဇဉ်မိခင် ၃၂
**ခုရဲမှူးကြီးဝင်းဦး(ငြိမ်း)**
အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ် ၆၀
**ရွှေဘိုဘာမထီခင်အောင်**
တားပြခေါင်းဆောင်ပေါ်အိကို ပစ်သတ်၍ဖမ်းဆီးခဲ့စဉ်က ၇၁
**ရှင်လွန်းမယ်**
အောင်လံလွှင့်ချီ ဆီးဂိမ်းဆီ ၇၈
**အောင်ကျော်ပြုံး**
ဆပ်ရေးဖြင့် ဘယ်မကုန် ၈၇
**မောင်သာမန်(ဇီးကုန်း)**
အဖြူရောင်တစ်ခု၏ ရာဇဝင် ၁၀၉
**နွေအလှ**
နှောင်ကြိုးမဲ့နှလုံးသား ၁၂၂
**တိုးမြင့်**
တို့ဆေးအမည်ခံ မျက်လှည့်နည်း ၁၃၄
**ခင်ဦး(ပုတီးကုန်း)**
တိမ်ဖုံးလို့ လမသာ ၁၄၈
**သန့်မြင့်ဦး**
ကံဆိုးမသွားလေရာ ၁၅၈


BURMESE CLASSIC .com







www.burmeseclassic.com

www.burmeseclassic.com



## ပန်းချီကားထဲက ကိုတံငါ

+ တောင်ပြာတန်းတွေက မှိုင်းဝေဝေ
ပန်းရွှေကြာ ဗေဒါပြာလဲ့ရယ်နဲ့
လွမ်းစဖွယ် အင်းလေးကန်ရေလျှာထက်မှာ
ကိုတံငါနဲ့ ပန်းချီကားဟာ
မြင်သူတကာ ငေးကြည့်နေရ
လှလိုက်တာလေ ပြောကြတယ်။
+ အုပ်ဆောင်းကို တင်ပါလို့
ရေပြင်မှာ ငါးရှာထွက်လာ ကိုတံငါ
ခြေတစ်ဖက်နှင့် လှေတက်ကိုလှော်ကာ
ရေပျော်ပါတဲ့ သူတို့တွေရဲ့ ဘဝလေးက
အေးချမ်းပုံ့ကွယ်။
+ ကြည့်သူမှာ အမြင်အေးပေမယ့်
ဝမ်းရေးတွက် ဖွေရှာရ နေ့စဉ်မှာ
ညှံ့နုံစွာ တိုက်နေတဲ့ လေပြည်ညင်း
ဆောင်းနံနက်ခင်း အအေးဒဏ်ဟာ
ရေလယ်မှာ ခိုက်တုန်ချမ်းပါလည်း
ကမ်းကပ်ကာ နားမနေအားပါဘု
စားဝတ်ရေး သောကရယ် အထွေထွေနဲ့
အပူရိပ်တွေ ဟပ်တာကြောင့်ကွယ်
သူ့ခမျာ မပျော်နိုင်အား။
+ တစ်ဝမ်းခါးအတွက်ပေမို့
နေထွက်မှနေဝင် ရေပြင်အနှံ့မှာဖြင့်
ခရီးဆန့်လှော်ငယ်ရှင် သူ့အသွင်ဟာ
ပန်းချီကားတွင် အမြင်အေးနေလည်း
ရှန်းကန်နေ ဘဝသရုပ်အမှန်ကိုကွယ်
အဟုတ်မြင် သိခဲ့ပြန်လေတော့
သူ့ဝေဒနာအပူ ကိုယ့်မှာကူးလို့ရယ်
(ကွယ်.....) စာနာသနား။ ။



စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com



# ဖြူ

* ''ဖြူ''
ကလူမြူ မူတူတူနဲ့
ဟန်မူရာ ပိုကာနေ့တော့
ချစ်မိတာပေါ့။

* ''ဖြူ''
ငွေကိုယူမလား၊ ရွှေကိုယူမလား
မင်းလိုရာကိုယ်ပေး၊ လက်မနှေးမှတော့
အပေးအယူညီမျှ
နှစ်ကိုယ်ဘဝ အတူစကြစို့နော်။

* ''ဖြူ''
တူနှစ်ကိုယ် လျှောက်ကြတဲ့လမ်း
လန်းလည်းအတူ၊ နွမ်းလည်းအတူ
မငြူစူပါနဲ့
တို့တွေအမြဲ မခွဲတမ်းဆို။

* ''ဖြူ''
လျှောက်နေတဲ့ခရီး
နီးမလိုနဲ့ ဝေးလာတော့
ငွေလည်းပန်း၊ လူလည်းနွမ်းခဲ့
အသစ်အဆန်း ခုံမင်တဲ့ မင်း
ငါ့ဘဝကို ချနင်းသွားမှ
ရမိတဲ့ မိုက်နောင်တနဲ့
ဘဝအသစ်ကို ပြန်စ
မင်းကို အကြိမ်ကြိမ် တမ်းတပြီးမှ
ရှင်သန်လာတဲ့ ငါ့ဘဝ
ခုတော့လည်း တကယ့်ကို လှပခဲ့ပါပြီ။



* ''ဖြူ''
ကလူမြူချီ မူရာပိုလို့
မာယာကျော့ကွင်း မဖန်ဆင်းပါနဲ့
အဆိပ်ပြင်းလွန်းတဲ့ မင်း
မာရ်နတ်မင်းရဲ့ သမီးလား
လူတွေနား မလာနဲ့
ဟိုးအဝေးဆုံး အဝေးဆုံးကိုထွက်သွား
စကြဝဠာအဆုံးထိ ထွက်သွား
လူသားမျိုးဆက် မပျက်သုဉ်းရအောင်
အားလုံးကိုယ်စား အမိန့်ပေးနေ
''ဖြူ''ဆိုတဲ့ အဆိပ်ပန်းပွင့်လေးရေ ။

မြတ်နိုးဆု(တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



## အမှားအမှန်တန်ဖိုး

၌ မူးယစ်သောက်စား၊ စကားများက
အမှားပင်လျှင်၊ အမှန်ထင်၍
ဖြစ်ချင်ရာရာ၊ ရန်လိုရှာသည့်
သေမှာမကြောက်၊ လူစိတ်ပျောက်၏။

၌ မူးယစ်သေစာ၊ ရှောင်ရှားပါမှ
မှန်ရာကိုမြင်၊ ပြစ်မတင်ဘဲ
မှားလျှင်တောင်းပန်၊ သည်းညည်းခံမှ
အမှန်တရား၊ တန်ဖိုးများ၏။ ။




စောရွှေသန်း (အထက်မင်းလှ)

www.burmeseclassic.com

www.burmeseclassic.com





## ချစ်သစ်တည်သူ . . . သို့

* မေ့နေပြီလား.....
တည်ထားကတိ၊ ရှိခဲ့သစ္စာ
နှစ်များကြာတော့၊ ဖြေလျော့ကြိုးနှယ်
ဘယ်မနိုင် ယိုင်၊ မကြိုင် မသင်း
ဆင်းနွံ့ပျောက်ကွယ်၊ မောင်မယ်ချစ်ခြင်း
အလင်းဆိတ်သုဉ်း၊ ဆုံးနိဂုံးတွင်
သင်္ခါရမြုံး မိလေပြီ။
* တွေ့နေပြီလား.....
စကားချိုနွဲ့၊ ဖွဲ့ဖွဲ့တေးသီ
ရယ်ရယ်ပြုံးပြုံး၊ အချစ်ဆုံးသူ
အယူစွဲဝင်၊ ယခင်လိုပဲ
နှစ်ကိုယ်ယှဉ်တွဲ၊ ဘဝထဲဝင်
ရင်ဆိုင်ဖြတ်သန်း၊ ဇာတ်လမ်းလေးလေ
အမှောင်ကင်းစေ၊ နိဂုံးတွေက
မုန်းမဲ့မြို့သို့ လျှောက်လှမ်းတည်။ ။

မင်းကြယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com



# မိုး

() တောင်တစ်ခွင်က
ဆင်လာသည့် တိမ်မည်းညို။
() လေအနှင် ဟန်အသွဲ့မှာ
မာန်ထည့်ကာငို။
() မိုးစက်ငယ်ပြို
ငိုရာကမစဲ။
() အဖြေခက်ရချေရဲ့
လေသက်ရာ သူလွင့်လို့
လေသင့်ရာ မျက်ရည်စကို
ခွေရသည်ပဲ။ ။




လုလင်ကို (မြင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com



# ငါ



ငါ့ရဲ့အတ္တ
ငါ့မိသားစုအတွက်လို့
ငါကိုယ်တိုင် ကြွေးကြော်ခဲ့
တကယ်တော့
ငါ့ရဲ့အတ္တ
ငါဟာငါ့ထက်ငါ
ဘယ်သူ့ကိုမှ ပိုမချစ်ခဲ့ပါလား။
တရားသဘောကကြည့်
အနိစ္စ၊ ဒုက္ခ၊ အနတ္တ
ဘယ်အရာမှ မမြဲ
ငါပဲ ငါသာ ငါ့အတွက်
ဘာကြောင့် 'ငါ'ဆိုတာ
ကိုးကွယ်ခဲ့။
ငါဆိုတဲ့ ငါစွဲ ငါကိုပဲ
အဝီစိထဲနှစ်ခဲ့။ ။


ရှင်လွန်းမယ်

www.burmeseclassic.com

www.burmeseclassic.com



# မင်္ဂလာပါ ၂၀၁၄




ပြက္ခဒိန်တွေလည်း
တစ်ရက်ပြီးတစ်ရက်
ဒိုင်ယာရီတွေလည်း
တစ်ရွက်ပြီးတစ်ရွက်
ခေတ်ပုံရိပ်တွေလည်း
တစ်ကွက်ပြီးတစ်ကွက်
ကမ္ဘည်းမှတ်တိုင်တွေလည်း
တစ်ဆက်ပြီးတစ်ဆက်
နာရီလက်တံတွေရဲ့ ပြေးလမ်းထက်မှာ
မနက်ဖြန်များစွာ ခြယ်မှုန်းရင်း
'၂၀၁၃' ဆိုတဲ့ သက္ကရာဇ်တံတိုင်း
နှုတ်ဆက်ကျော်ခိုင်းရပြန်ပြီ။
သမိုင်းတစ်ခုရဲ့ကောက်ကြောင်း
အဟောင်းပြီးတော့ အသစ်ပြောင်း
နိယာမ အကြောင်းတရားတွေမို့
နှလုံးသားတွေ လှပစွာနဲ့
မေတ္တာရိပ်တွေအောက်မှာ နွေးနွေးထွေးထွေး
ထပ်မံသမိုင်းသစ် ရေးဆစ်လာမယ့်
'၂၀၁၄' ဆိုတဲ့ မင်္ဂလာနှစ်သစ်ကို
ချစ်ခြင်းရနံ့တွေ ဖြန့်ခင်းမယ့်
ညီညွတ်ခြင်းပန်းတွေနဲ့ တွဲယှက်လက်ကမ်း
(တို့တစ်တွေအားလုံး)
'ငြိမ်းချမ်းရေးသီချင်း' နဲ့ ကြိုကြရအောင်။ ။

မင်းသွေးနွယ် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# ဆေးလိပ်ကို စိန်ခေါ်ခြင်း

အမြဲတစေ
သတိရနေမိတဲ့ စိတ်ကို
ထိန်းချုပ်ရတာ မလွယ်ပေမယ့်
ထားခဲ့ဘူးတဲ့ သံယောဇဉ်တွေအတွက်
အရက်စက်ဆုံး တုံ့ပြန်တတ်တဲ့သူအပေါ်
အမုန်းဆိုတာကို မွေးမြူဖို့
အပေးအယူ မလိုဘူး ထင်တယ်နော်။
ရန်သူမုန်း သိသိနဲ့
သတ္တိရှိရှိ လက်တွဲနေခဲ့မိတဲ့ အချိန်တွေ
ပြန်ရေတွက်ကြည့်ပါ
အရာအားလုံးကို အရှုံးခံရဲခဲ့တာလည်း
သာမန်သံယောဇဉ်မှ မဟုတ်ဘဲ။
ကိုယ်သွားရာ၊ စားရာ၊ နားရာ
သူ မပါမဖြစ်
ကိုယ်နဲ့အတူ သူကလည်း ကဗျာကိုချစ်တော့
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်ကလွဲပြီး
ကိုယ်နဲ့အမြဲရှိရာက
အခုမှ လမ်းခွဲမယ်ကြံတဲ့အခါ
လွမ်းစရာကို နာစရာနဲ့ ဖြေတတ်ဖို့
ပိုလို့ကြိုးစားရမှာပေါ့။




အယူမတိမ်းပေမယ့်
သူပေးလာတဲ့ အပူတွေငြိမ်းအောင်
သစ်စိမ်းချိုး ချိုးဖို့ ကြိုးစားရင်း
တိုက်ပွဲပြင်းထန်
ခံစားရတဲ့ ဝေဒနာကလည်း မနည်း။
သူနဲ့ကိုယ့်ရဲ့ တိုက်ပွဲက
သွေးသံတရဲရဲ မထွက်
ရုတ်တရက်
အသက်အန္တရာယ် မစိုးရိမ်ရတာ အမှန်။
ဒါပေမဲ့
ဒီတစ်ခါ အလံဖြူပြမိရင်
ကိုယ့်ဘဝတစ်ခုလုံး
သူခြယ်မှုန်းသလို ခံရမယ့်အရေးမို့
စစ်အေးတိုက်ပွဲ ရင်ဆိုင်နွှဲရင်း
စိန်ခေါ် စီးချင်းထိုးကြစို့။ ။


ရဲထက်ဇော်

www.burmeseclassic.com

www.burmeseclassic.com


# Cartoon






www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com


# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




ကောင်းချမ်းဝေ
<မင်းဘူး>

www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# ညွန့်ဟံ (ကြူတော)

## လူမှုဘဝလုံခြုံရေး Life Security နှင့် ရဲတပ်ဖွဲ့ဝင်

စွဲမြဲစွာမှတ်သားမိသော နိုင်ငံရပ်ခြား အမှာအထား
စကားတစ်ခုတွင် နိုင်ငံရေးသိပ္ပံပညာရှင်တစ်ဦး၏ Man is Social animal လူသည် လူမှုရေးသတ္တဝါဖြစ်သည်ဆို သော စကားရပ်လည်း ပါဝင်ပေသည်။ အဓိပ္ပာယ်ရှိ၏။ လူနှင့်ပတ်ဝန်းကျင် ထိတွေ့ကာ နေချင့်စဖွယ် သာယာ အောင်၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ကြိုးပမ်းရာတွင် လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်ဖို့လို၏။ တစ် ကိုယ်တော်မိသားစုဘဝဖြင့် မပြီးနိုင်ပေရာ လူမှုအသိုင်း အဝိုင်းတွင် စည်းကမ်းတွေ၊ စနစ်တွေနှင့် ပြဋ္ဌာန်းနေထိုင် ကြရသည်။ မိမိ၏အကျိုးစီးပွားကို ဆောင်ကြဉ်းရင်း အများ၏လုပ်ငန်းပါ အားထည့်ရ၏။ လူမှုသိက္ခာ မြင့် တက်အောင်ပြုရင်း အကာအကွယ်လုံခြုံမှုကို အလေး ဂရုပြုရပေသည်။

ထိုအခါ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးကိစ္စများ ပါဝင်လာရသည်။ ရှုပ်ထွေးလာသော လူ့အဖွဲ့အစည်းအတွက် ပွဲကိုင်ခြင်း၊ လုံခြုံမှုပေးခြင်း ကိစ္စများအတွက် ပြဋ္ဌာန်းဥပဒေများနှင့် ထိန်းကျောင်းရန် ရဲတပ်ဖွဲ့လို လက်နက်ကိုင်အဖွဲ့အစည်းက ပဓာနကျစွာ ပါဝင်ပေ၏။ ယင်းအဖွဲ့အစည်းသည် သက်ဆိုင်ရာဒေသ တွင်းက လူပုဂ္ဂိုလ်များသာဖြစ်၏။ ဖြစ်ပွားနိုင်သောအမှု အခင်းကို ကြိုတင်ကာကွယ်ရ၏။ မှုခင်းဖြစ်ပွားပါက အရေးယူရ၏။ ဥပဒေနှင့်အညီအညွတ်ဖြစ်စေရန်ဆောင် ကြဉ်းရသည်။ ပြစ်မှုနှင့်ပြစ်ဒဏ် လျော့ကန်အောင် အား ထုတ်ရသော အဖွဲ့အစည်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ပေရာ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရဲတပ်ဖွဲ့များ ထူထောင်ကြသည်။ လိုအပ်သော အင်အားသုံးရသည်။ အရေးအတွက်ရော၊ အရည်အချင်းပါ ပြည့်စုံအောင် လေ့ကျင့်ခြင်း၊ ဖြည့်ဆည်းခြင်း ပြုကြရပေသည်။ တစ်ချိန်က အမျိုးသားများသာ ပါဝင်ကြသော်လည်း နောင်တွင် အမျိုးသားများသာမက အမျိုးသမီးရဲမေများလည်း တက်ကြွလှုပ်ရှားမှုအသွင် ပါဝင်ကြတော့သည်။

မကြာမီက နိုင်ငံရပ်ခြားသတင်းတစ်ပုဒ် ဖတ်မိပေ၏။ မလေးရှားနိုင်ငံတွင် အမျိုးသမီးရဲတပ်ဖွဲ့ဝင်အသစ်များ စုဆောင်းလေ့ကျင့်မှုသတင်းဖြစ်၏။ ယခင်ကလည်း ပါဝင်ကြပြီးဖြစ်၏။ ယင်းတို့၏စွမ်းပကားကြောင့် မှုခင်းများစွာ ကြိုတင်ကာကွယ်နိုင်ကြောင်း၊ ဖြစ်ပွားသည့်မှုခင်းများကို အရေးယူနိုင်ကြောင်း တွေ့ရသည်။ အမျိုးသမီးရဲမေတစ်ဦး၏အပြောအရ သူမ၏ခင်ပွန်းကလည်း ရဲဝန်ထမ်းဖြစ်ကြောင်း၊ [illegible]တွင် သားသမီးများရှိကြောင်း၊ သို့တိုင်အောင် မိသားစုတာဝန်ကိုရော၊ ရဲတပ်ဖွဲ့လုပ်ငန်းကိုပါ တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ကြောင်း ဂုဏ်ယူစွာပြောဆို၏။ ယခုဆိုလျှင် မလေးရှားရဲတပ်ဖွဲ့တွင် အမျိုးသမီးရဲတပ်ဖွဲ့ဝင် သောင်းနှင့်ချီကာရှိပေပြီ။ ခေတ်ပညာတတ်ဘွဲ့ရများလည်းပါဝင်ကြသည်။ နိုင်ငံ့အရေး၊ လူမှုဘဝလုံခြုံရေးအတွက် မိမိအတွက်ရော အများအတွက်ပါ အကျိုးသက်ရောက်စေသည်ဟု ဆိုပါသည်။ တိုးချဲ့ဖွဲ့စည်းမှုကို ပြည်နယ်များအလိုက်၊ ဒေသအလိုက် ဖော်ဆောင်လျက်ရှိသည်။ ထိုသဘောသည် နိုင်ငံတကာတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖွဲ့ဖွဲ့စည်းစည်းရှိကြမည်သာဖြစ်ပါ၏။

ရဲတပ်ဖွဲ့လုပ်ငန်းသည်
တရားသူကြီးလုပ်ငန်းနှင့်
ဆေးဆရာ လုပ်ငန်းနှစ်ခုစလုံး
အကျုံးဝင်နေကြောင်း၊
မမြင်ချင်သည်များကို
မြင်ရ၊ ကိုင်တွယ်ရ၏။
မကြားချင်သည်များ၊ မသင့်မတင့်
မလျော်ကန်ပတ်သော
ပြောရေးဆိုသံများကို ရှောင်လွှဲ၍မရ၊
ခန့်မှန်းရခက်လှ၏။
တာဝန်ကျလာမှုကို ငြင်း၍မရ၊
ဖြေရှင်းရ၏။ ဥပဒေနှင့်အညီ
ဆောင်ရွက်ရာတွင်
အစိမ်းအကျက်မရွေးနိုင်...

စိတ်ဝင်စားဖွယ်ဖြစ်ရသော ရဲတပ်ဖွဲ့လုပ်ငန်းများအကြောင်း သတိရမိ၏။ လွန်ခဲ့သော နှစ်လေးဆယ်ခန့်ကဖြစ်၏။ စာရေးသူသည် ဆယ်ကျော်သက်အရွယ်ဖြစ်၏။ လူရာမဝင်သေး။ ထိုစဉ်က ခေတ်ကာလအလျောက် ပြည်ထောင်စုနေ့ လူထုချီတက်ပွဲ ပါဝင်ဆင်နွှဲရသည်။ မိမိတို့အခြေစိုက်မြို့နယ်များမှ ချီတက်ရင်း နေ့လယ်ပိုင်းတွင် ကန်တော်ကြီး၌ နားခိုရသည်။ လူစုလူဝေးတွေ

www.burmeseclassic.com

www.burmeseclassic.com


ပျော်စရာကောင်းလှ၏။ စကားစမြည်ပြောကြ၊ စားကြသောက်ကြ၏။ ထိုစဉ် လူကြီးပိုင်း မတ်တတ်စကားပြောနေကြသည့် နေရာသို့ ရောက်သွား၏။ ဦးစီးအရာရှိအဆင့် ရဲဝန်ထမ်းက သူ၏ရဲလုပ်ငန်းအတွေ့အကြုံကို ပြောပြလျက်ရှိသည်။

ရပ်ရွာအေးချမ်းရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူတို့အတွက် အန္တရာယ်ကင်းရေးအတွက် ဆောင်ရွက်ရပုံများ ပါဝင်သည်။ ထို့ပြင် နယ်စပ်၌ တာဝန်ထမ်းဆောင်ရာ၌ တပ်မတော်နှင့်အတူ တိုက်ပွဲဝင်ခဲ့ရပုံများ၊ စိတ်ဓာတ်ခွန်အား Moral Courage နှင့် ကာယစွမ်းပကား Physical Courage တို့ ပေါင်းစပ်ရသည်များ သည်းထိတ်ရင်ဖိုကြားရသည်။ အဆိုပါရဲအရာရှိ၏ပြောဟန် သပ်ရပ်သကဲ့သို့ ဥပမိရုပ်ကလည်း သပ်ရပ်၏။ လူအများက စိတ်ဝင်စားစွာ နားထောင်ကြရာ စာရေးသူလည်း မယောင်မလည် နားဆင်ခွင့်ရသည်။ သူက Policeman is many things ရဲတပ်ဖွဲ့လုပ်ငန်း အခန်းခန်းအထွေထွေသဘောကို ပြောသွားသည်။ ရဲတပ်ဖွဲ့လုပ်ငန်း၏ သိမ်မွေ့မှုများ၊ မမျှော်လင့်သည့် ကိစ္စများကို ငြင်းဆန်၍မရ၊ မဆိုင်ဟု ပြောမရအောင် ကြုံရကြောင်း၊ မှုခင်းဆိုင်ရာ ကိစ္စများတွင် အနိဋ္ဌာရုံများစွာ ကြုံရကြောင်း အတွေ့အကြုံများ ပါဝင်ပေသည်။

ပြောစကားများတွင် မကြားအပ် တရားသူကြီး၊ မမြင်အပ် ဆေးဆရာဟူ၍ ဆိုရိုးစကားရှိကြောင်း၊ ရုံးပြင်ကနားတွင် မကြားချင်၊ မကြားအပ်သော ဖြစ်ရပ်စုံလင် တရားခွင်၌ တရားသူကြီးအဖို့ နားမချမ်းသာဖွယ်ရာ စကားများ ကြားရတတ်ကြောင်း၊ ကြားချင်သည်ဖြစ်စေ၊ မကြားချင်သည်ဖြစ်စေ စကားမျိုးစုံ ပါဝင်ကြောင်း၊ ရှောင်လွှဲမရကြောင်း၊ ဆေးဆရာသည်လည်း လူနာမျိုးစုံကုသရပေရာ နူနူဝဲဝဲ မရှုချင်ဖွယ်ရာများ၊ သွေးရဲရဲသံရဲရဲ အနုတ်အထစ်ခံ ဒဏ်ရာရလူနာများပါဝင်ကြောင်း၊ မမြင်ချင်သော်လည်း မြင်ရ၊ ကုသရကြောင်း၊ သီးခြားစီ တာဝန်များရှိကြောင်း ဥပမာရှိ၏။

ထို့အတူ ရဲတပ်ဖွဲ့ဝင်များအဖို့ ပို၍ထူးခြားနေပြန်၏။ အဆိုပါ ကိစ္စနှစ်ခုစလုံး လုပ်ငန်း၌ အကျုံးဝင်၏။ မကြားအပ်သော စကားများ၊ မဖွယ်မရာစကားများ ကြားရ၏။ အပြန်အလှန် အော်သံဟစ်သံ၊ ညည်းညူသံ၊ ရန်ဖြစ်သံများ ကြားရ၏။ သွေးထွက်သံယိုမှု၊ လူသတ်မှု၊ အပြင်းအထန်နာကျင်စေမှု၊ သဘာဝဘေးဒဏ်အရ လူသေမှုစသည့် ကိစ္စများ၌ ပါဝင်ရကြောင်း၊ ထို့ကြောင့် ရဲတပ်ဖွဲ့လုပ်ငန်းသည် တရားသူကြီးလုပ်ငန်းနှင့် ဆေးဆရာလုပ်ငန်းနှစ်ခုစလုံး အကျုံးဝင်နေကြောင်း၊ မမြင်ချင်သည်များကို မြင်ရ၊ ကိုင်တွယ်ရ၏။မကြားချင်သည်များ၊ မသင့်မတင့် မလျောက်ပတ်သော ပြောရေးဆိုသံများကို ရှောင်လွှဲ၍မရ၊ ခံနိုင်ရည်ရှိရ၏။ ဒါကြောင့် ရဲတပ်ဖွဲ့ကို ငြင်း၍မရ၊ ဖြေရှင်းရ၏။ ဥပဒေနှင့်အညီ ဆောင်ရွက်ရာတွင် အစိမ်းအကျက်မရွေးနိုင်။ လူ့သဘာဝ ရှုပ်ထွေးကြသည့် ဓမ္မတာအတိုင်း ကြုံလာရသည့်မှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ပြဋ္ဌာန်းချက်များမှာ မပါသည့် လုပ်ငန်းကိုပင် ဖြတ်ထိုးဉာဏ်သုံးကာ လျှပ်တစ်ပြက်ဖြေရှင်းကြရသည်ဟုဆို၏။

---

ယခုခေတ်သည်
ခေတ်မီတိုးတက်ခြင်းနှင့်အတူ
အမှုအခင်းတွေကလည်း
ဆန်းသစ်ခေတ်မီလာကြသည်။
အလိမ်အညာ၊ အတုအယောင်၊ ဖြားယောင်းမှု၊
အလစ်သုတ်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှုများကို
ဉာဏ်နီဉာဏ်နက်တွေသုံးကြ၏။
ဉာဏ်ရည်မြင့်ကြ၏။ ရဲတပ်ဖွဲ့က
အမီလိုက်ရသည်။ အင်အားသုံးရသည်။
သည်တော့ အမျိုးသားရဲတပ်ဖွဲ့ဝင်သာမက
ရဲမေများလည်း လိုအပ်လာသည် . . .

www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ အဆိုပါရဲအရာရှိက ရဲလုပ်ငန်းကို အထင်မသေးအပ်ကြောင်း၊ မွန်မြတ်သဖြင့် သူသည် လုပ်ငန်းခွင်၌ မွေ့လျော်နေကြောင်း နိဂုံးချုပ်၏။ ယခုတိုင်မမေ့နိုင်သည့် ရဲလုပ်ငန်းသဘောဖြစ်ပါ၏။

စာရေးသူတို့ဇနီးမောင်နှံအား နှစ်စဉ်ဝါကျွတ်တိုင်းမပျက်မကွက်ကန်တော့လေ့ရှိသည့် မောင်နှမရှိ၏။လွန်ခဲ့သည့် ဆယ့်လေးငါးနှစ်ကတည်းကဖြစ်ရာ ယခု သူတို့လူပျိုအပျိုများ ဖြစ်နေကြပေ၏။ စေတနာ၊ ရှိသေသဒ္ဓါကြောင့် ကန်တော့ခြင်းထက် မုန့်ဖိုးထိုက်တန်စွာ ရကြခြင်းကြောင့် ဖြစ်ဟန်ရှိ၏။ သူတို့ဘဝက သနားစရာဖြစ်၏။ အိမ်ချင်းကား မနီးမဝေးဖြစ်လေသည်။ သူတို့၏ဖခင်က မည်သူမည်ဝါဟု လက်ညှိုးထိုးပြောစရာမရှိ။ မိခင်ဖြစ်သူကလည်း မဟန်လှ။ အရွယ်နှင့်ရုပ်ရည်အသင့်အတင့်ရှိသည်။ စာရိတ္တက ခိုင်မာလှသည်မဟုတ်။ ခင်ပွန်းတွေများလှသည်ဟု ထင်၏။ သည်တော့ ကလေးများက အဘွားအိုနှင့်သာ ကြီးပြင်းရ၏။ အဘွားအိုက နှုတ်ကြမ်း၊ လျှာကြမ်း။ ကလေးများကို ကြဲဖန်ကျွေးမွေးရ၏။ အချိန်တန်တော့ ကလေးများ အလုပ်လုပ်ကြပေပြီ။ ယောကျ်ားလေးက ဆိုက်ကားနင်း၏။ အိမ်ရှေ့လမ်းမှ မကြာခဏဖြတ်သန်းသည်။ တစ်ခါတစ်ရံ အုံနာကြေးမပေးနိုင်သဖြင့် ကျွန်တော်တို့အိမ်ကို အပူကပ်သဖြင့် ကူညီရဘူး၏။ လူငယ်ကလည်း ဆိုက်ကားသမားဖြစ်ရာ လူစုံပေါင်းပြီး အတတ်ပေါင်းစုံတတ်လာသည်။ လောင်းကစားနွှယ်လာသည်။ ငွေကြေးများ အရှုပ်အထွေးဖြစ်လာသည်။ ရဲကလိုက်ဖမ်းလျှင် အပြေးအလွှားဖြစ်ရတတ်ကြောင်း သတင်းဆိုးတွေ ကြားရတတ်သည်။ ဆိုက်ကားပိုင်ရှင်က ယုံကြည်ဟန်မရှိ။ ပြန်သိမ်းလိုက်သည်။ သည်နှစ် ဝါကျွတ်ကန်တော့ချိန်တွင် လူငယ်ပါမလာတော့။ သည်တော့ မကုန်သေးသည့် သံယောဇဉ်ဖြင့် သတင်းမေးရသည်။ ထိုအခါ နှမဖြစ်သူက ပြောပြလေသည်။ သူ့အစ်ကိုသည် ရဲတပ်ဖွဲ့သို့ဝင်သွားကြောင်း၊ ယခုအခါတွင် ပြည်မြို့၊ ဝက်ထီးကန်ရှိ ရဲသင်တန်းကျောင်းတွင် သင်တန်းတက်နေကြောင်း၊ ရဲတပ်ဖွဲ့ထဲဝင်ရောက်သွားသည်ကို မသိကြောင်း၊ သင်တန်းကပြောမှ သိပါကြောင်း ပြောပြသည်။ သည်တော့ သူ့အတွက်စိတ်အေးသွားသည်။ လူငယ်၏ဘဝ လုံခြုံသွားပြီထင်၏။ သူ၏တစ်ကိုယ်တော်လူမှုဘဝ လုံခြုံရေးသာမကအများပြည်သူ၏ဘဝ လုံခြုံမှုကိုပါ ဆောင်ကြဉ်းနိုင်သည့်ဘဝသစ်ထူထောင်နိုင်သည်ကို ဝမ်းသာရပေ၏။

ဤသို့ အရပ်ထဲ ရေရေရာရာမရှိ လေလွင့်နေမည့်အစား ဥပဒေ၏အကာအကွယ်၊ စည်းကမ်းစနစ်အကြားနေထိုင်ခွင့်၊ စားသောက်ခွင့်ရကာ လူမှုဘဝလုံခြုံရေးကိုအင်အားမြှင့်ကြလျှင် သင့်မြတ်ဖွယ်ရှိကြမည်ဖြစ်၏။ အိမ်နီးချင်း အခြားလူငယ်တစ်ဦးသည် ရည်မွန်၏။ မိဘများ၏ ခွင့်ပြုချက်ဖြင့် ရဲတပ်ဖွဲ့ဝင်ဖြစ်သွား၏။ သင်တန်းဆင်းအပြီး စခန်းတစ်ခုတွင် အခြေကျတာဝန်ထမ်းဆောင်၏။ သည်တော့ အိမ်ငှားဖြင့်နေထိုင်သော မိဘများကိုခေါ်ကာ နေရာအသင့်၊ စားသောက်ရေးအသင့်လုပ်ကျွေးနိုင်၏။ ရဲတပ်ဖွဲ့လုပ်ငန်း အတော်ပင်ကျွမ်းကျင်နိုင်နင်းသည်ဟု ပြောသံကြားရ၏။

ယခုခေတ်သည် ခေတ်မီတိုးတက်ခြင်းနှင့်အတူအမှုအခင်းတွေကလည်း ဆန်းသစ်ခေတ်မီလာကြသည်။ အလိမ်အညာ၊ အတုအယောင်၊ ဖြားယောင်းမှု၊ အလစ်သုတ်မှု၊ ဖောက်ထွင်းမှု၊ လူသတ်မှုများကို ဉာဏ်နီဉာဏ်နက်တွေသုံးကြ၏။ ဉာဏ်ရည်မြင့်ကြ၏။ ရဲတပ်ဖွဲ့ကအမီလိုက်ရသည်။ အင်အားသုံးရသည်။ သည်တော့အမျိုးသားရဲတပ်ဖွဲ့ဝင်သာမက ရဲမေများလည်း လိုအပ်လာသည်။ အရည်အချင်းများ ဖြည့်ဆည်းရ၏။ မိမိတို့၏ဘဝလုံခြုံမှုသာမက ပြည်သူ့ဘဝ လုံခြုံမှုအတွက်ပါမှုခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့၏ကဏ္ဍမှာ စွမ်းပကားကြီးမားနေပေသည်။

**ညွန့်ဟံ (ကြူတော)**

www.burmeseclassic.com

www.burmeseclassic.com


# ကိုကို(ငယ်ချစ်)

## အမှုစစ်အရာရှိဘဝ

# အမှတ်တရနိုင်ငံလာရီများ

ကျွန်တော်သည် ကရင်ပြည်နယ်ဇာတိမဟုတ်ပါ။ သို့သော် ကရင်ပြည်နယ်သားတစ်ယောက်ဟု ပြော၍ ရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ ဇာတိချက်မြှုပ်ဖြစ်သော ပဲခူးတိုင်းဒေသကြီးအတွင်း အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ် ရှင်သန်ကြီးပြင်းလာရာမှ ကျောင်းပြီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည်နှင့် ကရင်ပြည်နယ်၌ စတင်တာဝန်ထမ်းဆောင်ရလေတော့သည်။

ကျွန်တော်တာဝန်ကျရာ သံတောင်မြို့နယ်သည် ဘားအံခရိုင်အတွင်းဖြစ်သော်လည်း ဘားအံမြို့နှင့် တစ်နေ့တာခရီး အတော်ဝေးပါသည်။ ရထား၊ ကားတို့ဖြင့် ဖြတ်သန်းပါက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးများ၊ မွန်ပြည်နယ်အတွင်းရှိ မြို့ကြီးများအသီးသီးကို ဖြတ်သန်းပြီး ဘားအံမြို့သို့ရောက်၏။ ရန်ကုန်မြို့သို့ သွားရာလမ်းနှင့် ဘားအံမြို့သို့သွားရာလမ်းခွဲသည် ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့လမ်းခွဲဖြစ်၏။

ကျွန်တော် သံတောင်မြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ်အခါက မြို့နယ်သည် အညိုရောင်စစ်ဆင်ရေးနယ်မြေဖြစ်သော်လည်း အလွန်နေ၍ထိုင်၍ကောင်းပါသည်။ အလွန်အေးချမ်းပါသည်။ အောက်မြန်မာနိုင်ငံ ဒုတိယအပန်းဖြေစခန်းဟု တင်စားခြင်းခံရသော သံတောင် တောင်စခန်းမြို့သည် သံတောင်မြို့နယ်တွင်ရှိပါသည်။

ကျွန်တော်တာဝန်ထမ်းဆောင်စဉ်က သံတောင်မြို့ (၁၃)မိုင်တွင် မြို့နယ်ရုံးစိုက်၍ သံတောင်ကြီး၊ လိပ်သိုလ်၊ ယာဒို၊ ဘောဂလိဒေသတို့တွင် ရဲကင်းစခန်းများသာရှိသေးသည်။ ထိုစဉ်က သံပြေညွန့်ရွာ၌ ရဲစခန်းပြန်မဖွင့်သေး။ သောင်းကျန်းသူများ လာရောက်မီးရှို့ ဖျက်ဆီးပြီးကတည်းက ရဲစခန်းအား ပြန်လည်ရုပ်သိမ်းထားခြင်းဖြစ်ပါသည်။

ယခုအခါ သံတောင်ကြီး(သံတောင်–တောင်စခန်းမြို့)သည် မြို့နယ်ရုံးစိုက်ရာမြို့အဖြစ် ပြောင်းလဲခဲ့ပြီး

www.burmeseclassic.com

လိပ် သိုလ်၊ ဘောဂလိနှင့် သပြေညွန့်တို့အား မြို့နယ်ခွဲများ အဖြစ် တိုးတက်ပြောင်းလဲခဲ့ပြီးဖြစ်၏။

ကျွန်တော်သည် သံတောင်မြို့နယ်တွင် ၁၉၉၂ ခုနှစ်မှစ၍ ၂၀၀၆ ခုနှစ်အထိ နှစ်ပေါင်း (၁၄)နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော် သံတောင်မြို့သား၊ ငယ်မွေးခြံပေါက်ဟုပင် ပြော၍ရပါ၏။ ရဲတပ်သား အဆင့်မှ ရဲတပ်ကြပ်ကြီးအဆင့်၊ ဒုတိယရဲအုပ်အဆင့်တို့ ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါ၏။

ကျွန်တော် ရဲစခန်းတိုင်းတွင် သွားရောက်တာဝန် ထမ်းဆောင်ဖူးပါသည်။ ကျွန်တော်၏ ဘူမိနက်သန် အောင်မြေဖြစ်၏။ ပသိချောင်းရေသည် ကျောက်တုံး ကျောက်ခဲများကို ဖြတ်သန်းတိုက်စား၍ သံတောင်မြို့ အတွင်းသို့ လှပအေးချမ်းစွာ ရစ်ခွေစီးဆင်းနေပါသည်။ ပသိချောင်းရေကို သောက်သုံးမိသူ၊ သုံးစွဲမိသူသည် ပသိ မြေကို သတိရနေတတ်သည်။ သံတောင်မြို့နှင့် ပသိ ချောင်းသည် ငွေဒင်္ဂါးတစ်ပြား၏ ပန်းနှင့်ခေါင်းလို ခွဲခြား မရ။ သင်္ကြန်နှစ်သစ်ကူး အခါသမယတွင် ပသိချောင်း သည် အစည်ကားဆုံးဖြစ်၏။ ရန်ကုန်၊ ပဲခူး၊ တောင်ငူ ကားလမ်းတစ်လျှောက်ရှိ မြို့ကြီးများမှပင် ရေလာကစား ကြသည်။

ကားလမ်းဘေး ဝဲယာတစ်လျှောက်တွင် မဆုံးနိုင် သော ကားတန်းများထိုးဆိုက်ထားပြီး လူတန်းစားအလွှာ အသီးသီး၊ ကျား/မ ကြီး၊ ငယ်မရွေး ပျော်ပျော်ပါးပါး ရေလာကစားကြသည်မှာ ရှည်လျားကျယ်ပြန့်လှသည့် ပသိချောင်းတစ်လျှောက် ခြေချစရာနေရာပင် မရှိ သလောက်ဖြစ်၏။ ကျွန်တော်ပြောလျှင် စာဖတ်သူမိတ် ဆွေတို့က ပိုလွန်းသည်ဟု ထင်မိပေလိမ့်မည်။ ကိုယ် တိုင်သွားရောက် လေ့လာမိမှသာလျှင် ကျွန်တော်ပြော တာ ပို၊ မပို လက်တွေ့ တွေ့မြင်ပေလိမ့်မည်။

+++

၂ ကျွန်တော် လွမ်းဆွတ်တသမိပါ၏။

သံတောင်မြို့နယ်တွင် ကျွန်တော့်မိတ်ဆွေအပေါင်း အသင်းများစွာ၊ လုပ်ဖော်ကိုင်ဖက်နှင့် တပည့်ပေါင်းများ စွာရှိပါ၏။ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုအဖွဲ့ အစည်းတို့နှင့်ပတ်သက်သည့် သင်တန်းများတွင် အခြေ ခံ စစ်ပညာဘာသာရပ်များ၊ ရဲလုပ်ငန်းနှင့် ဆက်နွယ် လျက်ရှိသော ဘာသာရပ်များ၊ ဥပဒေဘာသာရပ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးတို့၏ တာဝန်ပေးချက်အရ သင်ကြားပို့ချပေးခဲ့ရသည့် တပည့်မိတ်ဆွေများအပြင် ကျွန်တော် စာပေသင်ကြားပေးခဲ့သော တပည့်များလည်း ရှိပါ၏။

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်းကျောင်းသား များအား အခမဲ့အနေဖြင့်လည်းကောင်း၊ အဖိုးအခယူ၍ လည်းကောင်း စာသင်ကြားပေးသကဲ့သို့ တာဝန်ထမ်း ဆောင်ရာ ရဲစခန်းပိုင်နယ်မြေအတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ဆရာ၊ ဆရာမအင်အားနည်းပါက အမြဲစာဝင်သင်ပေးခဲ့သည်မှာ ကျွန်တော် အနေကြာတပ် ဖွဲ့ဝင်အဖြစ် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ မပြောင်း ရွှေ့မီ ၂၀၀၆ ခုနှစ်ကာလအထိဖြစ်ပါသည်။

ဒေသဖွံ့ဖြိုးရေးအတွက် မိမိတတ်အားသရွေ့ ဝိုင်း ဝန်းကူညီခဲ့မှုကြောင့်လည်း တပည့်များ၏ ကူညီဖေးမမှု၊ လုပ်ဖော်ကိုင်ဖက်၊ အပေါင်းအသင်းသူငယ်ချင်းများ၏ ခင်မင်ရင်းနှီးစွာ ကူညီရိုင်းပင်းမှုတို့ကြောင့် ကျွန်တော် တာဝန်ထမ်းဆောင်နေသည့် ရဲလုပ်ငန်းတွင်လည်း အောင်မြင်မှုများ ရရှိခဲ့ပါသည်။ တာဝန်ထမ်းဆောင်ရာ ဒေသရှိ ပြည်သူလူထု၊ တပည့်များနှင့် မိတ်ဆွေသူငယ် ချင်းများက ကျွန်တော့်အား သတိရနေကြပါလိမ့်မည်။ အထူးသဖြင့် သံတောင်ကြီးမြို့(ယခု သံတောင်– တောင်စခန်းမြို့)ရှိ မိတ်ဆွေသူငယ်ချင်းများက ပိုသတိရ ကြပါလိမ့်မည်။

ကျွန်တော်သည် သံတောင်ကြီးမြို့(ယခု သံတောင်– တောင်စခန်းမြို့)တွင် ၂၀၀၀–၂၀၀၂ ခုနှစ်အတွင်း ရဲ ကင်းစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန် တော်တို့ရဲစခန်းတည်နေရာသည် ယခုတည်ရှိရာ ရပ် ကွက်(၃)အထွက်မဟုတ်သေး။ ယခင်က မြို့အဝင် အီး ပီစီရုံဘေး၊ အမှတ်(၁၂၄) ခြေလျင်တပ်ရင်းဗဟိုကင်း တည်နေရာသည် ကျွန်တော်တို့ရဲစခန်းရုံးနေရာဖြစ်၍ ဗဟိုကင်းရှေ့နှင့် ရဟာတ်ယာဉ်ကွင်းကြားတွင် မိသားစု နေအိမ်လိုင်းခန်းရှိပါသည်။

သံတောင်ကြီးတွင် ကျွန်တော်တို့ ခင်မင်ရင်းနှီးစွာ

www.burmeseclassic.com

www.burmeseclassic.com



လက်တွဲခဲ့သော မိတ်ဆွေများအနက် အချို့အား နာမည်မေ့နေပြီး အချို့အား မှတ်မိပါသေး၏။ မြို့အဝင် ရှင်ဂျော့ဂျက်ဘုရားကျောင်းအဆင်းရှိ ကိုသန်းအေး၊ မကြူနီးမိသားစု၊ ကိုသောင်းမြင့်၊ ကိုကျော်စိုး၊ ချစ်သမီးလက်ဖက်ရည်ဆိုင်မိသားစု၊ ဦးခြိမ့်မူးမိသားစု၊ နော်ဖောအယ်မိသားစု၊ ရပ်ကွက်လူကြီးများဖြစ်သော ဦးတပင်ရွှေထီး၊ ဦးရှာအို၊ ဦးကီးရို၊ ဦးရှာဝေးယို၊ ရပ်ကွက်(၁)နေ ဦးအောင်ဒိုးမိသားစု၊ မနီမိသားစု၊ ဒေါ်အေးမိသားစု၊ ဦးစောစမိုင်းလ်နှင့် ဆရာမ ဒေါ်စောနီယာခိုင်(ဆရာမစောစော)မိသားစု၊ ဦးရောဘတ်မိသားစု၊ အင်္ဂလီကန်ဘုန်းတော်ကြီး ဆရာတင်အုန်းနှင့် ဆရာမ ဒေါ်နော်စက်တင်ဖော၊ ဖိုင်းယန်းနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဘုန်းတော်ကြီး ဆရာဦးစောနေဘလူးစသည့် ပုဂ္ဂိုလ်များသည် ကျွန်တော်တို့မိသားစုအလိုက် ရင်းနှီးကြသူများဖြစ်ပါသည်။

ထို့အတူ ကျွန်တော့်အစ်မလို၊ သူငယ်ချင်းလို ချစ်ခင်ရင်းနှီးသော၊ အားကိုးသောသူရှိပါသည်။ ထိုသူမှာ ကျွန်တော့်သူငယ်ချင်း အထက်တန်းပြဆရာမ ဒေါ်မြသန်းတင့်ဖြစ်ပါသည်။ သူမသည် ရန်ကုန်သူဖြစ်ပါသည်။ သို့သော် သူမသည် ကရင်ပြည်နယ်တွင် မူလတန်းပြဆရာမ ပီအေတီအဖြစ် အလုပ်စတင်ဝင်ရောက်ခဲ့၏။ သိပ္ပံဘာသာတွဲ အဓိကဖြင့် ဘွဲ့ရရှိလာသူဖြစ်ကြောင်း သိရှိရပြီး ကရင်၊ ကယား၊ ရှမ်း ပြည်နယ်သုံးခု ထိစပ်နေရာနယ်စပ်မှတ်တိုင်အနီးရှိ ယာဒိုဒေသရှိ ရဲကင်းစခန်းတွင် ကျွန်တော် ရဲတပ်သားအဆင့်ဖြင့် တာဝန်ကျရင်း ယာဒိုအခြေခံပညာအလယ်တန်းကျောင်း၌ လုပ်အားပေး စာဝင်သင်နေစဉ် သူမနှင့် စတင်သိကျွမ်းခင်မင်ရင်းနှီးခဲ့ပါ၏။

ကျွန်တော့်ထက် အသက်လေးငါးနှစ်ခန့်ကြီးပြီး သဘောကောင်းပါသည်။ ပုပုဝဝလေးနှင့် ပူဖောင်းလိုလို၊ ဘူးသီးလိုလိုနှင့် အလွန်ခင်မင်ဖို့ကောင်းပါသည်။ ကျွန်တော့်အား မောင်ငယ်နှင့်မခြား ဆုံးမပြောဆိုတတ်လေ့ရှိပါသည်။ ကျွန်တော် ရဲတပ်ကြပ်ကြီးအဆင့်ဖြင့်လည်းကောင်း၊ ဒုရဲအုပ်အဆင့်ဖြင့် ရဲကင်းစခန်းမှူးတာဝန်ထမ်းဆောင်စဉ်တွင်လည်းကောင်း ကျွန်တော် ယာဒိုရဲကင်းစခန်းရောက်တိုင်း အခင်အမင်မပျက်၊ အသွားအလာ မပျက်ခဲ့ပါ။

ကျွန်တော် ယာဒိုကျောင်းတွင် လုပ်အားပေးဆောင်ရွက်စဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဆရာကြီး ဦးမြင့်ကြည်ဖြစ်ပြီး လက်ထောက်ကျောင်းအုပ်မှာ ဆရာ ဦးစောဟဲလေဖြစ်၍ ယာဒိုဒေသ၊ ဝါသောခိုရွာသားဖြစ်သည်။ ကျွန်တော် နောက်ဆုံး ၂၀၀၅ ခုနှစ်က ရဲကင်းစခန်းမှူးအဖြစ်နှင့် စာဝင်ကူသင်စဉ်က ယာဒိုကျောင်းသည် အခြေခံပညာအထက်တန်းကျောင်းခွဲဖြစ်နေပေပြီ။ ကျောင်းအုပ်ဆရာကြီးမှာ ဘားအံမြို့သား၊ ပိုးကရင်လူမျိုး ဦးစောစိန်သောင်းဖြစ်၍ လက်ထောက်မှာ ဦးစောဟဲလေပင်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ဒေါ်မြသန်းတင့်မှာ ယာဒိုကျောင်းတွင်မရှိတော့။ သံတောင်ကြီးအထက်တန်းကျောင်းတွင် ရောက်နေပြီ။ သူမ ရာထူးတက်သည်မှာ အလွန်မြန်သည်။ ပီအေတီ (၆)လပြီးနောက် အလယ်တန်းပြဂျေအေတီရသည်။ အလယ်တန်းပြဘဝနှင့် ယာ

---

**ပြစ်မှုကျူးလွန်သူတရားခံက ထိုအမျိုးသမီးတွင် ပါရှိလာသော နာရီနှင့် နားကပ်တို့အား ဖြုတ်ယူသွား၏။ သေဆုံးသူ မိန်းမပျိုလေးပျောက်ဆုံးချိန်နှင့် အလောင်းတွေ့ရှိချိန်သည် နှစ်ရက်တိတိကြာသည်။ မည်သူကျူးလွန်မှန်းမသိ၊ အတော်ခက်ခဲသော အမှုဖြစ်ပါသည်။ သို့သော် တိုက်ဆိုင်စွာပင် ...**

www.burmeseclassic.com

www.burmeseclassic.com



ဒိုဒေသတွင် ဆက်လက်၍နေထိုင်ပြီး ကျောင်းဆင်းချိန်များနှင့် ကျောင်းပိတ်ရက်များတွင် သူမ၊ ကျွန်တော်နှင့် ယာဒိုကလေတာ တပ်စခန်းမှ တပ်ခွဲမှူးဗိုလ်ကြီးတို့သုံးဦးသား စခရေဘယ်(Scrabble)အတူတူကစားကြသည်။

မောင်နှမသုံးယောက် လက်ဖက်ရည်တိုက်ကြေးကစားကြသော်လည်း နောက်ဆုံး ရှုံးရှုံးနိုင်နိုင် ကျွန်တော်တို့နှစ်ယောက်ကို သူမကပင် ကော်ဖီမစ်ဖျော်တိုက်ရသည်၊ ရေနွေးကြမ်းတိုက်ရသည်။ ခက်ခဲကြမ်းတမ်းသောဒေသတွင် ကျွန်တော်တို့ဝန်ထမ်းများအချင်းချင်းအလွန်စည်းလုံးကြသည်။ ကူညီရိုင်းပင်းကြသည်။ ထိုဒေသတွင် မှူးခင်းဆောင်တာနှင့်ပတ်သက်၍ ရဲလုပ်ငန်းသိပ်မရှိလှ။ ရဲစခန်းလုံခြုံရေးနှင့် စည်းရုံးရေးကိစ္စရပ်များသာရှိသည်။

+++

ကျွန်တော် သံတောင်မြို့သစ်ရဲစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ဆရာမသည် သံတောင်ကြီးမြို့သို့ အထက်တန်းပြ (SA.T) အဖြစ်ဖြင့် ပြောင်းရွှေ့သွား၏။ ကျွန်တော်လည်း ၂၀၀၀-၂၀၀၁ ခုနှစ်တွင် သံတောင်ကြီးရဲကင်းစခန်းမှူးအဖြစ် တာဝန်ကျ၍ မောင်နှမတွေပြန်ဆုံကြသည်။ ကျွန်တော့်ဇနီးသည်နှင့်လည်း တွေ့ဆုံခင်မင်ရင်းနှီးဖြစ်သွား၏။ နှစ်ဦးစလုံး ခင်မင်ဖော်ရွေတတ်သူများဖြစ်သဖြင့် တစ်ခဏချင်း ရင်းနှီးသွား၏။

သံတောင်ကြီးတွင် ကျွန်တော်တို့မောင်နှမ ဆက်လက်,လက်တွဲဖြစ်ကြ၏။ အသွားအလာ၊ အခင်အမင်မပျက် လက်တွဲကြရင်း သူမ၏ ကူညီပံ့ပိုးမှုဖြင့် ကျွန်တော့်ရဲစခန်းအပိုင်နယ်မြေအတွင်း အမှတ် (၅)ရပ်ကွက်၊ ဈေးရှိကုန်းမှအပြန် လက်ဖက်ခြံအတွင်း ဖြစ်ပွားခဲ့သည့်လူသတ်၊ ပစ္စည်းယူသော ပြစ်မှုပုဒ်မ ၃၀၂/၃၉၂ အမှုအား အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပါ၏။

တရားခံမပေါ်ပေါက်သော Unknown အမှုကို ကျွန်တော်တို့ ကြိုးစားဖော်ထုတ်ခဲ့ကြသည်။ ပဲခူးဆွယ်နှင့် အင်းစိန်စီအိုင်ဒီတို့မှ ကျွန်တော်တို့နယ်မြေခံအမှုစစ်အဖွဲ့နှင့် လာရောက်ပူးပေါင်းဖော်ထုတ်၏။

ကျွန်တော့်အမာခံသတင်းပေး၏ ပေးပို့တင်ပြလာသည့် စို့ (Source-အမှုလမ်းကြောင်း)အပေါ် အဖွဲ့ဖြင့် သုံးသပ်ဆုံးဖြတ်ပြီး ကောက်ကြောင်းလိုက်၏။ ခြေရာဖျောက် ငုပ်လျှိုးနေသော တရားခံအား ရုပ်လုံးဖော်နိုင်ပြီးနောက် မှူးခင်းတပ်ဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် စစ်ကြောရေးဆောင်ရွက်လိုက်သောအခါ မည်မျှပင် ခေါင်းမာစွာ ဖုံးကွယ်ငြင်းဆန်နေသောတရားခံတို့သည် ဘာမျှမတတ်နိုင်တော့ဘဲ ဖွင့်ဟဝန်ခံလာရတော့၏။ ထိုအမှုသည် တစ်လနှင့် လေးရက်အကြာတွင် စစ်ဆေးဖော်ထုတ်အရေးယူနိုင်ခဲ့ပါသည်။

အမှုတွင် သံတောင်ကြီးမြို့၊ အမှတ်(၅)ရပ်ကွက်မှ နေ၍ လက်ဖက်စိုက်ခင်းအတွင်း ဖြတ်၍ပြန်လာသော မိန်းမပျိုလေးတစ်ဦး အသတ်ခံရ၏။ ပြစ်မှုကျူးလွန်သူ တရားခံက ထိုအမျိုးသမီးတွင် ပါရှိလာသော နာရီနှင့် နားကပ်တို့အား ဖြုတ်ယူသွား၏။ သေဆုံးသူ မိန်းမပျိုလေး ပျောက်ဆုံးချိန်နှင့် အလောင်းတွေ့ရှိချိန်သည် နှစ် ရက်တိတိကြာသည်။ မည်သူကျူးလွန်မှန်းမသိ၊ အတော် ခက်ခဲသော အမှုဖြစ်ပါသည်။

သို့သော် တိုက်ဆိုင်စွာပင် ထိုနေ့၊ ထိုအချိန်ခန့်က အချင်းဖြစ်ပွားရာ အနီးအနားဝန်းကျင်တစ်ဝိုက်တွင် သံတောင်ကြီးကျောင်းမှ ကျောင်းပြန်လာသော ကျောင်းသူကလေးသုံးဦးအား လက်ဖက်ခင်းတောင်စောင်းမှ တက်လာသော ကြောက်မက်ဖွယ်အသွင်ရှိ လက်ဖက်ခူးသူလူကြီးတစ်ဦးနှင့် ရုတ်တရက် မျက်နှာချင်းဆိုင် ဘွားခနဲတွေ့ပြီး ထိုလူကြီးမှပင် မလုံမလဲနှင့် "ငါသတ်တာလူကြီးတွေကို ပြန်ပြောလို့ကတော့ နင်တို့ကိုပါသတ်ပစ်မယ်"ဟု ခြိမ်းခြောက်ခဲ့ကြောင်း သတင်းစကားထွက်လာ၏။

"ဘာကိုသတ်လို့ ဘာကိုမြင်ပြီး ဘာကိုသတ်ပစ်မယ်"ဟု ခြိမ်းခြောက်ခဲ့မှန်းမသိ။ ကလေးတွေကလည်း ဘာမှမသိ၊ ဘာမှမတွေ့၊ ဘာမှမမြင်။ ကလေးတို့ဘာသာဘာဝ ဆော့ကစားပြေးလွှားရင်းဖြင့်သာ ပြန်လာကြစဉ် ကြောက်စရာရုပ်သွင်ရှိနေသည့်အပြင် အကြောင်းမဲ့ ခြိမ်းခြောက်လိုက်ခြင်းကြောင့် ကြောက်လန့်ပြီး ၎င်းအား မှတ်မိသွားခြင်းဖြစ်သည်။

သို့သော် သတင်းစကားဆိုသည်မှာ အကြောင်းမဲ့

www.burmeseclassic.com


ထွက်ပေါ်လာခြင်းမဟုတ်။ အကျိုးကြောင့် အကြောင်းဖြစ်သကဲ့သို့ အကြောင်းကြောင့် အကျိုးဖြစ်လာသည်။ အကျိုးအကြောင်း ဆက်စပ်နေပါသည်။ စပ်ဆိုင်သော အခြင်းအရာများဖြစ်ပါ၏။ အမှုစစ်အဖွဲ့ခေါင်းဆောင် စခန်းမှူး ရဲအုပ် မြင့်သိန်း (ယခု ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်း)မှ ကျွန်တော် တင်ပြသည့် စို့ (Source)အား ဖောက်ချလိုက်ရန် တာဝန်ပေးပါ၏။ ကျွန်တော် အစ်မကြီး ဒေါ်မြသန်းတင့်ထံ ပြေးရ၏။ ညနေကျောင်းပြန်လာသည့် ကျောင်းသူလေးများဆိုသည်နှင့် ''ဘယ်အတန်းကလဲ၊ ဘယ်သူတွေလဲ'' သိဖို့လိုလာသည်။

သံတောင်ကြီးအခြေခံပညာအထက်တန်းကျောင်းတွင် မနက်ပိုင်းအချိန်နှင့် နေ့လယ်အချိန် ခွဲခြားထားပါသည်။ ညနေအပြန်ဆိုသဖြင့် မည်သည့်အတန်းများဖြစ်ပြီး ရပ်ကွက် (၅)သို့ပြန်သည့် ကျောင်းသူကလေးများအား ကျောင်းဆရာမဖြစ်သော သူမက အလွယ်တကူ ခွဲခြားဖော်ထုတ်နိုင်ပေလိမ့်မည်။

ထို့အပြင် အံဖြစ်အပျက်အမှန်နှင့် ထွက်ပေါ်လာသည့် သတင်းစကားတို့အား ချပြပြီး ထိုသတင်းအတိုင်း မှန်၊ မမှန်၊ ထိုကလေးများ အမှန်တကယ် ခြိမ်းခြောက်ခြင်း ခံရ၊ မခံရဆိုသည်ကို ပဏာမစစ်ဆေးဖော်ထုတ်ပေးပါရန် အကူအညီတောင်းခံရသည့် မိမိတို့က ရုတ်တရက် မေးမြန်းခြင်းထက် သူ့ကျောင်းကဆရာမနှင့် သူ့တပည့်မေးမြန်းခြင်းသည် အမှန်ထုတ်ဖော်ပြောဖို့ပို သေချာသည်။

ပြီးလျှင် ထိုသတင်းအတိုင်း သေချာပါက မိမိတို့အား ပြောပြရန်၊ မကြောက်ရန် သူမက အင်ထရို (Intro)ဝင်ပေးထားလိမ့်မည်။ ဖလိုး (Flow)လေးခင်းပေးထားလိမ့်မည်။ နောက် ထိုကလေးများအား ကိုယ်တိုင်တွေ့ဆုံမေးမြန်းရန်အတွက် သူမက များစွာကူညီပံ့ပိုးပေးလိမ့်မည်။

ထင်သည့်အတိုင်းပင်ကျွန်တော်အကူအညီတောင်းခဲ့ကိစ္စအား သူမက အားတက်သရော ကူညီဆောင်ရွက်ပေးပါ၏။ ကူညီဖော်ထုတ်ပေးပါ၏။ ကျွန်တော်ဖြစ်စေချင်သည်ကို သိပေးခြင်းဖြစ်သည့်အပြင် တာဝန်သိပြည်သူစိတ်ဓာတ်၊ ပြစ်မှုကျူးလွန်သူ ဒုစရိုက်သမားတို့အား မုန်းတီးသည့်စိတ်ဓာတ်၊ မိန်းမသားချင်းဖြစ်၍ ကိုယ်ချင်းစာပြီး ယူကျုံးမရ မခံရပ်နိုင်သည့်စိတ်ဓာတ်၊ ဝါသနာအရင်းခံ၍ မှုခင်းများကို စူးစမ်းဖော်ထုတ်လိုသည့်စိတ်ဓာတ်၊ ပြည်သူတစ်ယောက်၊ ဝန်ထမ်းတစ်ယောက်အနေဖြင့် မိမိကျရာ အခန်းကဏ္ဍမှနေ၍ တာဝန်ကျေပွန်လိုသည့် စိတ်ဓာတ်တို့ဖြင့် ရဲရဲဝံ့ဝံ့ ကူညီပေးပါ၏။

ကလေးများနှင့် တွေ့ဆုံမေးမြန်းရာ၌လည်းကောင်း၊ ကလေးများ ကြောက်ရွံ့ခြင်းမရှိစေရန်နှင့် စိတ်ဓာတ်မြှင့်တင်ပေးရာ၌လည်းကောင်း အစစအရာရာ ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးသည့် ကျောင်းအုပ်ဆရာကြီး ဦးစောမောအီ၊ ဆရာမ စောစော၊ ဆရာမ ဒေါ်တာမလာဖောနှင့် ဆရာမ ဒေါ်မြသန်းတင့်တို့အား များစွာကျေးဇူးတင်ရပါ၏။

သူမသည် တရားခံဖော်ထုတ်ရေးအပိုင်းတွင် ကလေးများက မိမိတို့အား အမှန်အတိုင်းထွက်ဆိုစေရုံသာမက တရားသူကြီးအဖွဲ့ရှေ့မှောက်တွင် တရားခံလူ စီတန်းပြသရာ၌လည်းကောင်း၊ တရားခွင်တွင် သက်သေများအဖြစ် ထွက်ဆိုစေရာ၌လည်းကောင်း၊ ကလေးများ၏ အတန်းပိုင်ဆရာမ ဒေါ်တာမလာဖောနှင့်အတူ အပင်ပန်းခံ၊ ဒုက္ခခံ၍ မကြောက်မရွံ့ ရဲဝံ့စွာ ကူညီဖော်ထုတ်ပေးပါ၏။ သူမတို့၏တာဝန်သိမှု၊ ကူညီလိုမှု၊ ကျွန်တော့်အပေါ် ခင်မင်ရင်းနှီးမှုတို့အား ကျွန်တော့်နှလုံးသားတွင် ကမ္ပည်းမှတ်တမ်းတင်အပ်ပါ၏။

ကျွန်တော့်အစ်မများ၊ သူငယ်ချင်းများ ရေလိုအေး၍ ပန်းလိုမွှေးပါစေ၊ တိုးတက်အောင်မြင်သော ဘဝခရီးလမ်းကို ထာဝစဉ်လျှောက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုလျက်.....။ ။

ကိုကို (ငယ်ချစ်)

www.burmeseclassic.com

# ထက်ထက်ဦးဝေ

## သံယောဇဉ်မိခင်



www.burmeseclassic.com

ဆရာမ ဒေါ်ဝေဦးကိုမှာ စာကြည့်စားပွဲတွင်ထိုင်ရင်း ပတ်ဝန်းကျင်သို့ အသိမဲ့ ငေးစိုက်ကြည့်နေမိ၏။ ဖတ်လက်စစာရွက်ကို လက်မှကိုင်ထားရင်း ပေါင်ပေါ်တင်လိုက်မိ၏။ ဆရာမ ဒေါ်ဝေဦးကို၏ချစ်သူ ပြည့်လျှံထံမှ ပေးပို့လိုက်သောစာက သူမ၏ရင်တစ်ခုလုံးကို ကြေကွဲနာကျင်စေခဲ့ရသည်။

လှိုက်ဖိုနေသော ရင်ထဲတွင် သောကဝေဒနာက အပူမီးအဖြစ် အညှာအတာမဲ့ လောင်ကျွမ်းဆဲ။ ကြေကွဲနာကျင်နေရသော ဝေဒနာက သူမ၏တစ်ကိုယ်လုံးကို အသိမဲ့အဖြစ် ဖန်တီးနေခဲ့၏။

ပေါက်ခနဲ ခုန်ဆင်းကျသွားသော မျက်ရည်စက်က ပြည့်လျှံထံမှ ပေးစာပေါ်တွင် ဖြာခနဲဖြစ်သွားသည်။ ထိုအဖြစ်ကို ဆရာမ ဒေါ်ဝေဦးကိုက မသိ။

ဆရာမလေး ဒေါ်ဝေဦးကို၏ ရင်ထဲသို့ စူးနစ်စွာ စိုက်ဝင်နေသော ချစ်သူ ပြည့်လျှံ၏ စကားလုံးများက မုန်တိုင်းနှယ်။ နှလုံးသားများ တစ်စစီ ကွဲကြေလေပြီရယ်လားမသိ။

ဝေဦးကို.....

"မင်းက ကျောင်းဆရာမ အလုပ်ကို မက်မောတယ်။ ကိုယ်က ဘဝရှေ့ရေး ပြည့်လျှံတိုးတက်ဖို့ ကြိုးစားချင်တယ်။ လူငယ်လူရွယ်တိုင်း ပညာတတ်တွေ ဖြစ်စေရမယ်ဆိုတဲ့ မင်းရဲ့ခံယူချက်က မင်းနဲ့ကိုယ့်ဘဝမှာ အတားအဆီး တစ်ခုပဲ။ မင်းနဲ့ကိုယ် ဓစ္စေစပ်ပြီးသားပါ။ ကိုယ့်မိဘတွေက တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာအပြင် ငွေကျပ် သိန်းတစ်ထောင် လက်ဖွဲ့မယ်လို့ ကတိပြုပြီးသားပါ။ မင်းက ကိုယ်နဲ့အတူ နိုင်ငံခြားမှာအတူနေပြီး အလုပ်လုပ်ဖို့ ငြင်းဆန်တယ်။ လူငယ်တွေ ပညာတတ်မှ တိုင်းပြည်တိုးတက်မယ်တဲ့၊ ပီတိစား ပညာရေးဝန်ထမ်းဘဝက သာယာချမ်းမြေ့တယ်၊ ပညာဒါနပြုရတာဟာ သာသနာတော်ထွန်းကားရေးနဲ့ တိုင်းပြည်တိုးတက်ရေးလို့ ဆိုခဲ့တယ်။ ဒီတော့ ဆန့်ကျင်ဘက် ဆန္ဒကိုယ်စီနဲ့မို့ ကိုယ့်မိဘတွေက မင်းလိုချွေးမမျိုးကို အလိုမရှိဘူး တဲ့။ သည်ဘဝ သည်မျှလို့ပဲ မှတ်ယူလိုက်ပေတော့။"

ဆရာမလေး ဒေါ်ဝေဦးကိုက ပြည့်လျှံ၏ပေးစာကို အလွတ်နီးပါး မှတ်မိနေခဲ့သည်။ ချစ်သူ သတို့သားလောင်းထံမှ တစ်ဖက်သတ်ကြေညာချက်က ဒေါ်ဝေဦးကို၏ ပတ်ဝန်းကျင်ဝယ် ထင်ယောင်ထင်မှားတွေ ဖြစ်စေခဲ့၏။ ဂုဏ်သိက္ခာကို ထိ ခိုက်စေသည့် ဝေဖန်ချက်တွေက လည်း လျှံတက်လာခဲ့သည်။

နှလုံးသား ကွဲကြေရသည့်တိုင် ဆရာမလေး ဒေါ်ဝေဦးကိုက သူမ၏ယုံကြည်ချက်ကို မစွန့်လွှတ်။ ဆရာမလေး၏ ရည်မှန်းချက်က တိုင်းပြည်တိုးတက်ရေး၊ ပြည့်လျှံ၏ ရည်မှန်းချက်က အတ္တဘဝကောင်းစားရေး။ အတ္တနှင့်ပရ အနိုင်လုပွဲတွင် ဆရာမလေး ဒေါ်ဝေဦးကိုက ခေါင်းငုံ့အရှုံးပေးရန် မစဉ်းစားခဲ့။

"ဆရာမ.....ဆရာမ ရှိပါသလားရှင်"

ဝေဒနာအတွေးတို့ ပုံ့လွင့်ခဲ့မှာပင် အိမ်ရှေ့မှခေါ်သံက ပေါ်လာသည်။ ကျောင်းသားမိဘတစ်ဦးဦး

www.burmeseclassic.com

www.burmeseclassic.com

၏အသံဖြစ်မှန်း သတိထားလိုက်မိ၏။ ဆရာမလေး ဒေါ်ဝေဦးကိုက ဝေဒနာအတွေးကို ချက်ချင်းရပ်ပစ်လိုက်၏။ မျက်ရည်စများကိုသိမ်းသည်။ ချက်ချင်း အမူအရာပြောင်းယူလိုက်၏။

ဒေါ်ဝေဦးကို အိပ်ခန်းထဲမှ အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လိုက်ရသည်။ သောကဝေဒနာအရိပ်အယောင်တို့က မျက်နှာပြင်ပေါ်တွင် အလျှင်းမရှိတော့။ ပြုံးချိုနေသောမျက်နှာမျိုးဖြစ်စေရန် တပည့်ကျောင်းသူကျောင်းသားဟူသောအသိက ပြောင်းလဲပေးလိုက်နိုင်စွမ်းရှိခဲ့၏။

"ဟယ်.....သမီးလေးချောအိမွန်ပါလား၊ သမီးရဲ့အမေလည်းပါလာတယ်"

ချောအိမွန်သည် ဆရာမ၏တပည့်တစ်ဦး၊ (Grade 5) စတုတ္ထတန်းကျောင်းသူဖြစ်၏။ အတန်းထဲတွင် ဘာသာစုံထူးချွန်သူလည်းဖြစ်သည်။ နောင်အနာဂတ်၏ ပညာတတ်တစ်ဦးအဖြစ် နိုင်ငံအကျိုးကို သယ်ပိုးနိုင်မည့် ပညာသင်တစ်ဦးဖြစ်သည်။

ဆရာမ ဒေါ်ဝေဦးကိုက ရင်ထဲမှ ပုဂ္ဂလိကဝေဒနာများကို မေ့ထားလိုက်သည်။ ချောအိမွန်တို့သားအမိကို အပြုံးချိုဆုံးမျက်နှာဖြင့် ဧည့်ခံစကားဆိုလိုက်ရ၏။

"ဘာကိစ္စများရှိလို့လဲ အစ်မကြီး"

"သမီးအတွက် ကျောင်းထွက်လက်မှတ်လိုချင်လို့ ကြိုတင်လာရောက်ဆွေးနွေးတာပါ၊ သမီးကတော့ ကျောင်းထုတ်မယ်ဆိုတော့ တစ်ညလုံးငိုနေခဲ့တယ်၊ အခုဆရာမရှေ့ ရောက်တဲ့အထိပဲဆိုပါတော့"

ဆရာမ ဒေါ်ဝေဦးကိုက ချောအိမွန်ကို လှမ်းကြည့်သည်။ ငိုထားရလွန်း၍ မျက်လုံးအိမ်များပင် မို့မောက်နေသည်။ ချောအိမွန်က ဆရာမ ဒေါ်ဝေဦးကိုထံ အားကိုးတကြီးဖြင့် လှမ်းကြည့်နေသည်ကိုလည်း သတိထားလိုက်နိုင်၏။

"အစ်မကြီးက ဘာဖြစ်လို့ ကျောင်းထုတ်ချင်ရတာလဲ"

ချောအိမွန်၏မိခင် မသက်ဖွန်ကို ဆရာမ ဒေါ်ဝေဦးကိုက ကောင်းစွာသိသည်။ ကျောင်းအနီးရှိ လမ်းဆုံတွင် အကြော်စုံရောင်းသူဖြစ်သည်။ မသက်ဖွန်၏အသက်မှာ သုံးဆယ်ဝန်းကျင်သာရှိဦးမည်။ ခန္ဓာကိုယ်အချိုးအဆစ်လှပ၍ ရုပ်ရည်သင့်တင့်ပြေပြစ်သူဖြစ်သည်။

မသက်ဖွန်၏ ခင်ပွန်းမှာ ဘတ်စ်ကားလိုင်းမှ ဒရိုင်ဘာတစ်ဦးဖြစ်သည်။ အရှိန်ပြင်းဖြင့် ယာဉ်ကို မဆင်မခြင်မောင်းတတ်သူဖြစ်၏။

ကျောင်းတွင် သင်ကြားဟောပြောပေးသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိကြွယ်နေသည့် ချောအိမွန်က ဖခင်ကို ပြန်လည်သတိပေးရသည်အထိဖြစ်ခဲ့ရသည်။ သမီးဖြစ်သူ၏ သဟဲပေးစကားကို အလေးဂရုထားရမည်မှန်း မသိခဲ့သူက သူမ၏ဖခင်ပင်ဖြစ်သည်။

သမီးငယ်ထံမှရရှိသည့် လက်ဆင့်ကမ်းအသိပညာကို လက်မခံခဲ့

"

စာတတ်တာနဲ့
ပညာတတ်တာ
မတူဘူး၊ စာကို
ရေးနိုင်ဖတ်နိုင်ရုံနဲ့
ဘဝတစ်ခုပြောင်းလဲဖို့
ပညာအင်အားမပြည့်စုံဘူး၊
ပညာကို
ဆုံးခန်းတိုင်တတ်မှ
အသိပညာဖွံ့ဖြိုးမယ်၊
တစ်ပါးသူကိုလည်း
ဦးဆောင်နိုင်သူဖြစ်မယ်၊
ပညာတတ်တွေပေါ်များမှ
နိုင်ငံတော်ရဲ့ စီးပွားရေး
ဖွံ့ဖြိုးမယ်...

"

www.burmeseclassic.com

www.burmeseclassic.com





သော မသက်ဖွန်၏ခင်ပွန်းမှာ ယာဉ်ချင်းတိုက်မှုဖြစ်ရာမှ သေဆုံးသွားခဲ့ရရှာ၏။

မုဆိုးမသားအမိသုံးဦးမှာ ဆင်းဆင်းရဲရဲဖြစ်ခဲ့ရသည်။ နှမသားချင်း မစာနာသူ ယောကျ်ားသားများ၏ မထီမဲ့မြင်ပြုမှုကို ခံစားခဲ့ရသည်။ ယခု သမီးဖြစ်သူကို ကျောင်းမှအပြီး အပိုင်ထုတ်တော့မည်ဟု ဆိုလာခဲ့၏။ သမီးငယ်ဖြစ်သူ ဖူးအိဖွန်ကို အကူထားမည်ဆို၏။

"သမီးက ပညာကိုပဲ ဆက်သင်ချင်နေတယ်၊ လင်သားမဲ့ဘဝဟာ အန္တရာယ်များလှပါတယ် ဆရာမ၊ အခု ရွာမှာရှိတဲ့အစ်ကိုက သူတို့နဲ့အတူ ဥယျာဉ်လုပ်ငန်းမှာ အတူလုပ်ဖို့ လာခေါ်နေတယ်၊ အဲဒါကြောင့် သမီးကို ကျောင်းထွက်ခိုင်းရတာပါ"

မိန်းမသားချင်း စာနာမိသည်။ ဇနီးမယားနှင့် သမီး၏နောင်ရေးဘဝကို မတွက်ဆသော လင်သားက သူ့မိုက်ပြစ်ကိုခံယူပြီး ကမ္ဘာ့တစ်ဖက်စွန်းသို့ ထွက်သွားခဲ့လေပြီ။ မသက်ဖွန်၏ဘဝမှာ ဆူးကြားမှဘူးသီးလို ဖြစ်ခဲ့ရ၏။

ပညာရေးတွင် ထက်မြက်ထူးချွန်သော ချောအိမွန်၏ဘဝကို ရိုက်ချိုးပစ်သလို ဖြစ်ခဲ့ရ၏။ ချောအိမွန်ကိုယ်တိုင်ကလည်း ပညာကို ဆုံးခန်းတိုင်သင်ယူရန် ဆန္ဒရှိနေသည်။ ဥယျာဉ်မှူး ဆရာမတစ်ဦးအနေဖြင့် ရှင်သန်ဆဲ ပညာသင်တစ်ဦး၏ဘဝကို အညှိုးအနွမ်းမခံလိုပေ။

"သမီးလေးကို ပညာဆက်သင်ပေးသင့်ပါတယ် မသက်ဖွန်"

"စတုတ္ထတန်းအထိဆိုတော့ စာတတ်နေပြီပဲ ဆရာမရယ်"

"မဟုတ်သေးဘူး မသက်ဖွန်၊ စာတတ်တာနဲ့ ပညာတတ်တာ မတူဘူး၊ စာကို ရေးနိုင်ဖတ်နိုင်ရုံနဲ့ ဘဝတစ်ခုပြောင်းလဲဖို့ ပညာအင်အားမပြည့်စုံဘူး၊ ပညာကို ဆုံးခန်းတိုင်တတ်မှ အသိပညာဖွံ့ဖြိုးမယ်၊ တစ်ပါးသူကိုလည်း ဦးဆောင်နိုင်သူဖြစ်မယ်၊ နိုင်ငံတော်က ပညာတတ်လူငယ်တွေကို အနာဂတ်နိုင်ငံ့အားအင်အဖြစ် ရည်မှန်းချက်ရှိပြီးသားပါ၊ ပညာတတ်တွေပေါ်များမှ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမယ်"

"ကျွန်မကတော့ နေနိုင်စားနိုင်ဘဝကိုပဲ ကျေနပ်မိပါတယ်"

"ဒီလိုအတွေးမျိုး မရှိသင့်ဘူး မသက်ဖွန်၊ မိသားစုဘဝ ပြောင်းလဲတိုးတက်ရေးမှာ ပညာဟာ အခြေခံအကျဆုံးအရာပဲ၊ ပညာဆိုတာ အခြေခံအဆောက်အအုံဖြစ်ပြီး အရည်အချင်းသို့တက်လှမ်းရန် လှေကားထစ်ဆိုတဲ့ စကားဆောင်ပုဒ်ကို ကြားဖူးသလား"

"ဟင့်အင်း...မကြားဖူးပါဘူး"

"ကျွန်မ ပြောပြမယ်၊ မသက်ဖွန်ရဲ့သမီး ပညာတတ်ဖြစ်လာရင် မိသားစုဘဝတစ်ခု ရှင်သန်တိုးတက်ပြောင်းလဲလာမှာ ကေန်ပဲ၊ ပညာတတ်တွေပေါ်များလာရင် နိုင်ငံတော်ရဲ့ထုတ်ကုန် တိုးတက်မယ်၊ နိုင်ငံတော်ရဲ့စီးပွားရေး တိုးတက်ရင် နိုင်ငံသားတိုင်းရဲ့ လူနေမှုဘဝ တိုးတက်မယ်၊ စက်မှု၊ ဆေး ဘောဂ

www.burmeseclassic.com

www.burmeseclassic.com


ဗေဒဆိုတဲ့ ပညာရှင်တွေများလာရင် ရေမြင့်ရင် ကြာမြင့်ဆိုသလို နိုင်ငံတိုးတက်လာပြီး နိုင်ငံသားတိုင်းရဲ့ဘဝ တိုးတက်မှာပဲ၊ ဒီတော့ နိုင်ငံသားထဲမှာပါတဲ့ ရှင့်သမီးရဲ့ ရှေ့ခရီးကို ရှင်ဘယ်လိုစဉ်းစားမလဲ''

ဆရာမ ဒေါ်ဝေဦးကို ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့ပညာရှင်များနှင့် နှိုင်းယှဉ်၍ ရှင်းပြသည်။ နွံထဲမှရုန်းမထွက်လိုသော ဘဝမျိုးမဖြစ်စေရန် အကြံပြုသည်။ ချောအိမွန်ကိုယ်တိုင်က သဘောပေါက်မြန်သူဖြစ်၍ ဆရာမလေးထံ ပြေးဖက်ပြီး ပညာဆက်သင်နိုင်ရန် ငိုယိုပြီးပူဆာသည်။

ဆရာမ ဒေါ်ဝေဦးကိုက အကြိတ်အနယ် ရှင်းပြရသည်။ ပညာတော်သော တပည့်မလေးကို ပညာသင်မပျက်စေချင်ပေ။

သူမကိုယ်တိုင် ပညာရေးလောကကို ခင်တွယ်သည်။ ပညာရေးဝန်ထမ်းအဖြစ် နိုင်ငံ့ဗိသုကာပေါင်းများစွာကို မွေးထုတ်ပေးလိုသည်။ အများအကျိုးကို ဦးစားပေးသော ဆရာမဒေါ်ဝေဦးကိုမှာ အတ္တအကျိုးကိုသာ ကြည့်တတ်သည့် ချစ်သူ ပြည့်လျှံ၏ မိသားစုအသိုင်းအဝိုင်းနှင့် ဆန့်ကျင်ဘက်အရပ်၌ ပြတ်သားစွာရပ်ခဲ့သူဖြစ်၏။

မသက်ဖွန့်ကို ဆရာမ ဒေါ်ဝေဦးကိုက အကြိမ်ကြိမ်နားလည်အောင်ရှင်းပြသည်။ အတ္တအကျိုးကြည့်သူများက နိုင်ငံရပ်ခြားသို့ ထွက်ခွာ၍ ကိုယ်ကျိုးစီးပွားရှာကြသည်။ အတ္တသမားတို့ပေါများသော နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်



အလှမ်းကွာဝေးမည်ကို ရှင်းပြသည်။

နိုင်ငံ့ဗိသုကာဖြစ်လာမည့် အလားအလာရှိ ပညာသင်များကို မွေးထုတ်ပေးရန် ဆရာ၊ ဆရာမတိုင်း၌ တာဝန်ရှိသည်။ တာဝန်ရှိသည့်အတိုင်း ချောအိမွန်၏ဘဝကို ရှင်သန်ခွင့်ပြုပေးရန် တောင်းခံခဲ့သည်။

အမေနှင့်သမီးဟူသော သံယောဇဉ်ကြောင့် မသက်ဖွန့်ဘက်မှ အလျှော့ပေးရန် ခက်ခဲနေ၏။ ပန်းတိုင်းကိုပွင့်လန်းစေချင်သည့် ပန်းပျိုးလက်ပိုင်ရှင် ဥယျာဉ်မှူး ဆရာမလေးက အကြိတ်အနယ်ဆွေးနွေးရသည်။

နောက်ဆုံးတော့မသက်ဖွန့်က သူမ၏သမီးကို ဆရာမလေး ဒေါ်ဝေဦးကိုထံ ယာယီမွေးစားခွင့်ပြုရန် သဘောတူခဲ့၏။ ဒေါ်ဝေဦးကိုမှာ မိခင်အိုကြီးနှင့် နှစ်ဦးတည်းနေထိုင်ရသူဖြစ်၍ ချောအိမွန်ကို လက်ခံနိုင်ခဲ့သည်။

ချောအိမွန်ကို ဒေါ်ဝေဦးကို၏ မိခင်ကလည်း သိပြီး၊ သံယောဇဉ်ရှိပြီးဖြစ်သည်။ ဆရာမထံတွင်နေထိုင်၍ ပညာဆက်သင်ခွင့်ရရှိမည်ဆိုသဖြင့် ချောအိမွန်မှာ အပျော်ကြီးပျော်ခဲ့ရ၏။

နောက်တစ်ပတ်၌ပင် မသက်ဖွန့်မှာ သမီးငယ်ဖြစ်သူ ဖူးအိဖွန့်နှင့်အတူ ၎င်းအားလာရောက်ခေါ်ဆောင်သူ ၎င်း၏အစ်ကိုကြီးနှင့် ပြောင်းရွှေ့လိုက်ပါသွားတော့၏။

မသက်ဖွန့်မှာ ရွှေကျင်မြို့တစ်ဖက်ကမ်းရှိ ဝင်းခနိမ်ရွာတွင်နေထိုင်၍ ဥယျာဉ်လုပ်ငန်းလုပ်ကိုင်မည်ဟု ပြောသွားခဲ့သည်။

+++

ဆရာမလေး ဒေါ်ဝေဦးကိုမှာ ချောအိမွန်နှင့် အတူနေခွင့်ရရှိသဖြင့် အပျော်ကြီးပျော်နေခဲ့သည်။ သူမ၏ချစ်သူ ပြည့်လျှံကို ပညာတတ်ဖြစ်စေရန် ပညာသင်ပေးခဲ့သူများမှာ ပညာရေးဝန်ထမ်းများသာဖြစ်သည်။

စက်မှုအင်ဂျင်နီယာဖြစ်လာသောပြည့်လျှံက နိုင်ငံတော်၏ကျေးဇူးကိုမေ့သည်။ အတ္တကြီးစွာဖြင့် အတ္တဘဝ ကောင်းစားရေးအတွက် နိုင်ငံရပ်ခြားသို့ထွက်ခွာကာ အလုပ်ဝင်လုပ်ခဲ့သည်။

နိုင်ငံတော်အစိုးရက ခေတ်မီ

www.burmeseclassic.com


ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေချိန်တွင် ပြည့်လျှံ က တစ်တပ်တစ်အား မပါဝင်ခဲ့။ ပညာတတ်လူငယ်များကို မွေးထုတ်ပေးနေသော ဒေါ်ဝေဦးကိုတို့လို ပညာရေးဝန်ထမ်းများက အနာဂတ်နိုင်ငံတော်အတွက် ပညာတတ်များကို မွေးထုတ်နေဆဲဖြစ်သည်။

ချောအိမွန်ကို ဒေါ်ဝေဦးကိုက ဂရုစိုက်သည်။ ညပိုင်းတွင် အချိန်ပိုသင်ပေးသည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်ခဲ့သည်။

မိခင်ဖြစ်သူ မသက်ဖွန်က လည်း တစ်နှစ်တစ်ခါ လာတွေ့သည်။ လာတွေ့သည့်အခါတိုင်းတွင် ဥယျာဉ်ထွက်သီးနှံများကို လက်ဆောင်အဖြစ်ယူခဲ့၏။ မိခင်နှင့်တွေ့ရသော အချိန်များတွင် ချောအိမွန်မှာ အပျော်ကြီးပျော်နေခဲ့သည်။

ဒုတိယမိခင်ဖြစ်သည့် အပျိုကြီး ဆရာမ ဒေါ်ဝေဦးကိုမှာ သားအမိနှစ်ဦးကိုကြည့်၍ အပျော်များကူးစက်ခံစားခဲ့ရသည်။ မသက်ဖွန်မှာ ယခုမှပင် ဆရာမ ဒေါ်ဝေဦးကိုအားကျေးဇူးတင်မဆုံးဖြစ်ရကြောင်း တဖွဖွ ပြောဆိုနေခဲ့မိတော့၏။

ချောအိမွန်က ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးလေးခုဖြင့်အောင်မြင်ခဲ့သည်။ ထိုသို့အောင်မြင်သည့်တိုင် ဆရာမ ဒေါ်ဝေဦးကို၏ ဘဝရပ်တည်မှုအတိုင်း ကျောင်းဆရာမ တစ်ဦးဖြစ်လာရန် ဆန္ဒရှိနေခဲ့၏။

ချောအိမွန်က ပညာရေးတက္ကသိုလ်သို့တက်ရောက်ရန် ရွေးချယ်ခဲ့သည်။ ရွေးချယ်သည့်အတိုင်း သူမ၏ဆန္ဒကို ဒေါ်ဝေဦးကိုအား ပြောပြခဲ့၏။ ဆရာမ ဒေါ်ဝေဦးကိုက အစစအရာရာ အဆင်ပြေစေရန် လိုက်ပါဆောင်ရွက်ပေးခဲ့သည်။

ချောအိမွန် ပညာရေးတက္ကသိုလ်သို့ တက်ရောက်ရချိန်၌ပင် ဒေါ်ဝေဦးကိုမှာ မူလတန်းကျောင်းအုပ်ရာထူးဖြင့် ဆိပ်ကြီး/ခနောင်တိုမြို့နယ်ရှိ မူလတန်းကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့ရသည်။

နေ့စဉ်လိုလို စက်တပ်သမ္ဗန်စီး၍ ကျောင်းရှိရာသို့သွားရသည်။ လေမိုးထန်နေသော ရက်များကိုလည်းမမှုနိုင်ခဲ့။ အန္တရာယ်ကြားမှ သွားရသည်။ အဝတ်အစားအပိုမပါသော ရက်များဆိုပါက မိုးစိုအဝတ်ဖြင့် တစ်နေကုန်စာသင်ပေးရသည်။

မူလတန်းကျောင်းအုပ်ဖြစ်လာ၍ မြို့ရွာအရေးအတွက် ပါဝင်ဆောင်ရွက်ရသည်။ ကျောင်းမတက်နိုင်သော ကျောင်းသူ၊ ကျောင်းသားများအား နေအိမ်အထိလိုက်ပြီး သတင်းမေးရသည်။

ဆိပ်ကြီး/ခနောင်တိုမြို့နယ်တွင် ရေလုပ်သားကပေါသည်။ သားငါးရှာဖွေသော မိဘနှစ်ပါးက သားသမီးများ၏ပညာရေးကို ဝတ်ကျေတမ်းကျေ သဘောထားကြသည်။ ရေးတတ်ဖတ်တတ်သူဖြစ်လျှင်ပြီးရောဟု သဘောထားရှိကြ၏။

''ရှင်တို့သားသမီးတွေကို ရှင်တို့လိုပဲ ရေလုပ်သားဘဝမှာထားမှာလား၊ ပညာတတ်နိုင်ငံ့ဝန်ထမ်းတွေဖြစ်လာအောင် ကြိုးစားပံ့ပိုးရမယ်လေ''

''ဆရာမရဲ့တပည့်က စာအုပ်မစုံလို့ ကျောင်းမတက်ချင်ဘူးတဲ့''

ဆရာမကြီး ဒေါ်ဝေဦးကိုက ခဲတံမှအစ၊ ဘောလ်ပင်၊ ဗလာစာအုပ်၊ ကျောင်းသုံးစာအုပ်များကို တတ်နိုင်သမျှ ကူညီလှူဒါန်းသည်။

''ကျွန်မတို့ကျောင်းက ဆင်းရဲတယ်ရှင့်၊ ကလေးတွေအတွက် စာသင်ခုံ ပြည့်စုံစေချင်ပါတယ်၊ ပြီးတော့ ကျောင်းသုံးကိရိယာတွေပြည့်စုံဖို့လည်း အကူအညီလိုပါတယ်''

**ဘဝအမြင်ချင်း မတူကြသူများ၏ စည်းကမ်းမဲ့ပြောဆိုမှုများကြောင့် ဝေဖန်ခံရသူမှာ စိတ်ဓာတ်ပျက်ပြားကြသည်ကို အဘယ်ကြောင့် သတိမထားကြလေသည်မသိ...**

www.burmeseclassic.com

www.burmeseclassic.com

ဆရာမကြီး ဒေါ်ဝေဦးကိုက မြို့နယ်အဆင့် တာဝန်ရှိသူများထံ အသိပေးတင်ပြသည်။ လူမှုရေးတာဝန်များကို ထမ်းဆောင်နေသော ပရဟိတအဖွဲ့များမှ တာဝန်ရှိသူများထံ တင်ပြသည်။ အကူအညီ တောင်းခံသည်။

ဆရာမကြီး ဒေါ်ဝေဦးကို ကြောင့် စာသင်ခုံများကို လှူဒါန်းကြသည်။ ဗလာစာအုပ်၊ ခဲတံ၊ ကွန်ပါဘူး၊ ကျောင်းသားကိုင် ဘာသာစုံစာအုပ်အလှူရှင် တွေပေါ်လာကြသည်။ ရက်သတ္တပတ်တိုင်း အာဟာရဖွံ့ဖြိုးရေး အတွက် ကျွေးမွေး လှူဒါန်းသူတွေ ပေါ် လာကြသည်။



ကျောင်းသား ကျောင်းသူများမှာ ကျောင်းတက်ခြင်းကို ပျော်လာကြသည်။ ယဉ်ကျေးမှုသင်တန်း၊ ကိုယ်လက်ကြံ့ခိုင်ရေး သင်တန်းများဖြင့် ကျောင်းသားကျောင်းသူများ၏ စာရိတ္တကို မြှင့်တင်ပေးသည်။ ကျန်းမာကြံ့ခိုင်သော ပညာသင်များဖြစ်လာရန် ကြိုးပမ်းပေးခဲ့သည်။

မူလတန်းကျောင်းမှာ ယခင်ကနှင့်မတူတော့။ ရွှံ့မြေလမ်းများ မဟုတ်တော့။ ကွန်ကရစ်လမ်းများ ဖောက်လုပ်ခင်းနိုင်ခဲ့၏။ ကျောင်းသူကျောင်းသားများအတွက် သီးသန့် အားကစားကွင်းတစ်ခုကို လည်းပြု လုပ်ပေးနိုင်ခဲ့သည်။

ကြာလာတော့ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ကျောင်း၌ပျော်လာကြသည်။ကျောင်းမတက်ရန်ပြောသည့် မိဘများကို စောဒကတက်ပြီး ကျောင်းသို့အရောက်လာခဲ့ကြ၏။

ကျောင်းသားမိဘများကိုယ်တိုင် အလုပ်ခွင်မပျက် ကျောင်းသို့ ပို့ရမှန်း သိလာကြ၏။ ဆရာ၊ ဆရာမများက ၎င်းတို့၏ကိုယ်စား သားသမီးများကို လုံခြုံဘေးကင်းစေရန် ထိန်းသိမ်းပေးနေကြောင်း သဘောပေါက်ခဲ့ကြသည်။ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကျောင်း၏ ကောင်းသတင်းကို သိလာကြသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်သူ၊ ဝတ်စုံလှူဒါန်းသူတွေ ပေါ်ထွက်လာသည်။ ထို့အပြင် မူလတန်းကျောင်းမှ စတင်ပညာသင်ကြားခဲ့ပြီးနောက် ဘွဲ့ရပညာတတ်ဖြစ်ခဲ့ကြသည့် ဆရာဝန်များ၊ စစ်ဗိုလ်များ၊ ရဲအရာရှိများ၊ အင်ဂျင်နီယာများ၊ ဆရာ၊ ဆရာမများစာရင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဦးကိုက စာရင်းပြုစု၍ ကျောင်းတွင်ကြေညာပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများမှာ အားတက်လာကြသည်။ ပညာရေးကို ပိုမိုကြိုးစားလာကြသည်။ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး အဆင့် အားကစားထူးချွန်သူများ၊ ပန်းချီ၊ ကာတွန်း ယှဉ်ပြိုင်သူများ ပေါ်ထွက်လာသည်။ ဆုရရှိမှုကြောင့် မြို့နယ်တာဝန်ရှိသူများက ထပ်ဆင့်ဂုဏ်ပြုလာကြသည်။ ဆရာမကြီး ဒေါ်ဝေဦးကို တာဝန်ယူရသည့် မူလတန်းကျောင်းမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ခဲ့၏။ ယခင်က ဆရာ၊ ဆရာမများအပေါ် မသိသလိုနေခဲ့သူများက ချီးကျူးစကားပြောခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် ပညာတတ်များပေါ်များလာပါက အသိပညာ၊ အတတ်ပညာဖြင့်
နိုင်ငံဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်၏။
နိုင်ငံ့ပိုကုန်တိုးတက်ပြီး နိုင်ငံခြားရင်းနှီးမှုများ တိုးတက်များပြားလာပါက နိုင်ငံခြားဝင်ငွေပိုလျှံလာမည်။
အလုပ်အကိုင်သစ်များတွင် လူတိုင်း အလုပ်လုပ်နိုင်ခွင့်ရရှိကြမည်။
နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတော်၏ လူနေမှုအဆင့်အတန်းတိုးတက်လာမည် . . .

တစ်နေ့တွင် ဆရာမကြီး ဒေါ်ဝေဦးကို ကျောင်းသို့အလာ လှိုင်းလေကြောင့် သမ္ဗန်မှာ တိမ်းစောင်းသွားခဲ့သည်။ ဆရာမကြီး ဒေါ်ဝေဦးကို၏လက်ထဲမှ ထမင်းချိုင့်မှာ ရေထဲသို့ပြုတ်ကျသွားခဲ့သည်။ ကျောင်းသို့ရောက်တော့ အငတ်ခံရမလိုဖြစ်နေ၏။ ထိုဖြစ်ရပ်ကိုသိသွားသော ကျောင်းသားမိဘများက ထမင်းဟင်းချက်ပြီး လာပို့ကြသည်။

ကျောင်းအပေါ်ထားသော စေတနာကြောင့် အမိအဖပြည်သူဘက်မှ စေတနာတုံ့ပြန်ခဲ့ကြခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများကလည်း ကျောင်းသို့လာရောက်၍ စစ်ဆေးပေးပြီး ဆေးကုသမှုပြုခဲ့ကြသည်။ ကျန်းမာရေးပညာပေးဟောပြောမှုများ လုပ်ပေးခဲ့ကြသည်။

ကျောင်းသူကျောင်းသားများမှာ ပညာသင်ကြားရေးအပြင် ကျန်းမာရေး၊ မှုးယစ်ဆေးဝါးရှောင်ကြဉ်ရေး၊ ဒုစရိုက်မှု ကင်းဝေးရေးတို့အတွက် အသိပညာဖွံ့ဖြိုးလာခဲ့ကြသည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသော ဆောင်ပုဒ်အတိုင်း စည်းကမ်းဥပဒေ လိုက်နာသူများဖြစ်လာကြသည်။

ထိုကာလအတွင်း ဆရာမကြီး ဒေါ်ဝေဦးကိုမှာ ဥယျာဉ်မှူးကောင်း ပီသခဲ့ရသည်။ ဒေသခံများကလည်း ပညာ၏တန်ဖိုးကိုသိမြင်၍ အရွယ်ရောက်သူတိုင်းကို အပ်နှံကာ ပညာသင်ယူစေခဲ့သည်။

လူတိုင်းစာတတ်စေရမည်ဟူသော ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ပေးခဲ့နိုင်၏။ ဆရာ၊ ဆရာမများ၏ စည်းလုံးညီညွတ်ရေးမှာ ဆရာမကြီး ဒေါ်ဝေဦးကိုကြောင့် အပြစ်ကင်းစင်ခဲ့သည်။ ပညာသင်လူငယ်လူရွယ်များက ဆရာ၊ဆရာမများ ဖြစ်စေရမည်ဟု ရည်မှန်းချက်ကိုထုတ်ဖော်ပြောပြလာခဲ့ကြ၏။

ဆရာမကြီး ဒေါ်ဝေဦးကိုမှာ တွယ်တာစရာ သံယောဇဉ်ဖြစ်ရသည့် တပည့်ကျောင်းသားကျောင်းသူများကြောင့် သူမ၏ နှလုံးသားဒဏ်ရာမှာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားခဲ့သည်။

"ဆရာမ . . . လူတွေကလေ ဆရာမက သမီးကို အိမ်မှာခေါ်ထားပြီး ပညာသင်ပေးတာဟာ ခိုင်းစားချင်လို့တဲ့"

ချောအိမွန်က ကြားသိလာရသည့် သတင်းကို ပြန်ပြောပြသည်။ ဒေါ်ဝေဦးကိုမှာ စိတ်မကောင်းခြင်းများစွာဖြစ်ခဲ့ရသည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော ဆရာ၊ ဆရာမများ၏ ရပ်တည်မှုဘဝကို အဘယ်ကြောင့် သဘောမပေါက်ကြလေသနည်းဟု တွေးမိ၏။

ဘဝအမြင်ချင်း မတူကြသူများ၏ စည်းကမ်းမဲ့ပြောဆိုမှုများကြောင့် ဝေဖန်ခံရသူမှာ စိတ်ဓာတ်ပျက်ပြားကြသည်ကို အဘယ်ကြောင့်သတိမထားကြလေသည်မသိ။

"သမီး ကျောင်းပြီးရင် ဘာလုပ်မလဲ"

"ဆရာမလိုပဲ ပညာအမွေဖြန့်ဖြူးသူအဖြစ် ရပ်တည်မယ်"

"သမီး၊ တာဝန်မဲ့ဝေဖန်တတ်သူတွေကို ဂရုမစိုက်နဲ့၊ ချောအိမွန်ဘဝရှေ့ရေးဖြောင့်ဖြူးအောင် အမေတို့ဆက်ပြီး ကူညီကြမယ်"

ချောအိမွန်ကိုကြည့်ရင်း ဒေါ်ဝေဦးကိုမှာ သက်ပြင်းကိုရှိုက်မိ

www.burmeseclassic.com

www.burmeseclassic.com

၏။ သူမကိုယ်စား ကိုယ်ပွားတစ်ခု ပညာရေးလောကထဲရောက်လာမည် ဖြစ်၍ ဝမ်းသာနေခဲ့မိ၏။ သို့သော် သမီးအရင်းကဲ့သို့ သံယောဇဉ်ဖြစ်မိနေ၍ ခွဲခွာရမည်ဆိုသည့်အသိက သူမရင်ကို ဆူးချွန်နှင့် ထိုးဆွသကဲ့သို့ ခံစားနေခဲ့ရ၏။ လူသားတစ်ဦး၏ သံယောဇဉ်နှင့် နိုင်ငံ့အတွက် ပညာရေးဝန်ထမ်းဖြစ်လာမည့် မျှော်လင့်ချက်တို့ အားပြိုင်ရင်း လွန်ဆွဲနေခဲ့မိ၏။ သံယောဇဉ်ကို မျိုသိပ်ထားရန် ဆုံးဖြတ်ချက်ချလိုက်မိ၏။

ရင်ထဲမှဝေဒနာကို မကြေညာခဲ့။ မျိုသိပ်ခဲ့ရသည်။ ချောအိမွှန်အား ပညာသင်နှစ်ကုန်ဆုံးချိန်၌ ခွဲခွာသွားမည့် တပည့်တစ်ဦးလို သဘောထားလိုက်ရသည်။ ရင်ထဲမှဝေဒနာသောကကို ရင်ထဲ၌ပင် ချိုးနှိမ်ခဲ့ရ၏။ မျက်နှာပြင်ပေါ်သို့ ယှက်တင်ပြေးဝင်ခွင့်မပြုခဲ့ပေ။

ပညာရေးတက္ကသိုလ်သို့တက်ရောက်နေသော ချောအိမွှန်နှင့် ဆရာမကြီး ဒေါ်ဝေဦးကိုတို့၏တိုက်ဆိုင်မှုကလည်း ကံတရားလမ်းကြောင်းတစ်ခုပေါ်သို့ ရောက်ခဲ့ရပြန်သည်။

မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဦးကိုအား အလယ်တန်းကျောင်းအုပ်အဖြစ် ရာထူးတိုးမြှင့်ပေးခဲ့သည်။ ဆရာမကြီး ဒေါ်ဝေဦးကိုမှာ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အလယ်တန်းကျောင်းသို့ ပြောင်းခဲ့ရ၏။

ထို့အတူ ပညာရေးတက္ကသိုလ်ဆင်း ချောအိမွှန်မှာ အလယ်တန်းပြအဖြစ် ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာရှိ တွဲဖက်အထက်တန်းကျောင်းသို့ တာဝန်ချထားကြောင်း ခန့်အပ်စာ ရောက်ရှိလာခဲ့၏။

ဆရာမကြီး ဒေါ်ဝေဦးကိုက ကိုယ်ပွားဆရာမတစ်ဦးကို အမှန်တကယ် မွေးထုတ်ပေးလိုက်နိုင်သည်ဟု ဆိုရပေတော့မည်။

+++

ဆရာမကြီး ဒေါ်ဝေဦးကို ကျောင်းမှအိမ်သို့ပြန်လာချိန်၌ လိပ်ပြာတစ်ကောင်က ဝဲပျံပြီးလိုက်ပါလာခဲ့သည်။ လိပ်ပြာဟူသည် မင်္ဂလာနိမိတ်ကို ဆောင်ယူတတ်သည့်သတ္တဝါဖြစ်သည်။

လိပ်ပြာငယ်မှာ အချိန်အတန်ကြာမျှ လိုက်ပါလာပြီးမှ အရှေ့ဘက်အရပ်သို့ ဝဲပျံထွက်ခွာသွားခဲ့သည်။

နေအိမ်သို့ရောက်တော့ ချောအိမွှန်က အဝတ်အစားများကိုအိတ်ထဲသို့ထည့်နေသည်ကို တွေ့လိုက်ရ၏။ အပြီးအပိုင် ခွဲခွာရမည့် ရှေ့ပြေးနိမိတ်မှန်း မပြောဘဲသိခွင့်ရလိုက်၏။

ဆရာမကြီး ဒေါ်ဝေဦးကို၏ရင်ထဲမှ ဝမ်းနည်းကြေကွဲရမှု ခံစားချက်များက မျက်ဝန်းထဲအထိ ခုန်တက်ခဲ့၏။ မျက်ရည်ဥများက အလိုလို တန်းစီလာကြသည်။

"ဟယ်.....ဆရာမ ငိုနေတာလား"

"ဆရာမ ငိုတာမဟုတ်ဘူး၊ ဝမ်းသာလွန်းလို့ မျက်ရည်ကျတာ"

ရင်ထဲမှဝေဒနာကို ထုတ်မပြခဲ့။ မျက်နှာကို ချက်ချင်းပြောင်းယူလိုက်သည်။ သမီးအရင်းနှင့်မခြား သံယောဇဉ်ရှိရသူကို အပြီးအပိုင် ခွဲခွာရတော့မည်ဆိုသည့်အသိက သူမ၏ရင်ကို တစ်စစီထုခွဲနေသလို ခံစားခဲ့ရ၏။

ချောအိမွှန်ကို စိတ်ဆင်းရဲမခံလို၊ နောက်ဆံမတင်းစေချင်။

"သမီးရေ..မေမေကအသက်ကြီးတော့ ခရီးသွားဖို့ မသင့်တော်ဘူး၊ အိမ်စောင့်အဖြစ်ပဲကျန်ခဲ့မယ်၊ ချောအိကလည်း အမေ့ဆီကို စာမကြာခဏရေးနော်"

"စိတ်ချပါ အမေ၊ ဆရာမလို ဆရာမတစ်ဦးဖြစ်လာအောင် သမီးဘက်က ကြိုးစားမှာပါ၊ နိုင်ငံ့အကျိုးဆောင် ဆရာမကောင်းတစ်ဦးဖြစ်ရပါစေမယ်"

"သာဓုပါကွယ်၊ သာဓု..... သာဓု"

ချောအိမွှန်က ဆရာမကြီးဒေါ်ဝေဦးကိုနှင့် အမေဖြစ်သူကို ကြိုတင် ၍ကန်တော့သည်။ ချောအိမွှန်ဦးချကန်တော့နေချိန်၌ ဆရာမကြီးဒေါ်ဝေဦးကို၏ မျက်ဝန်းထဲမှ မျက်ရည်စက်က ခိုးကြောင်ခိုးဝှက်ဖြင့် ပေါက်ခနဲ ခုန်ဆင်းသွားခဲ့၏။

ချောအိမွှန်ကိုယ်တိုင်လည်း မျက်ဝန်းထဲ၌ မျက်ရည်အပြည့်။ ခေါင်းပြန်မော့ချိန်၌ တစ်ဦးကိုတစ်ဦး အကဲခတ်နိုင်ခဲ့ကြသည်။ မျိုသိပ်မှုကို ဆက်မထိန်းထားနိုင်ကြ၍ တစ်ဦးကိုတစ်ဦးဖက်ရင်း ရင်ထဲမှ



ဝေဒနာကို ထုတ်ပြခဲ့မိတော့၏။

ချောအိမွန်ပြောင်း ရွှေ့တာဝန်ထမ်းဆောင်ရမည့်ကျောင်းသို့ ဆရာမကြီး ဒေါ်ဝေဦးကိုက ခွင့်ယူပြီးလိုက်ပို့သည်။ ချောအိမွန်၏မိခင်ဖြစ်သူ မသက်ဖွန်ထံ ကြိုတင်အကြောင်းကြားထား၍ တစ်ရွာလုံးလိုလိုက ကြိုဆိုခဲ့ကြသည်။ မသက်ဖွန်တို့သားအမိမှာ ဂုဏ်ယူမဆုံးဖြစ်နေကြ၏။

ဝင်းခနိမ်ရွာကြီးသည် ရွှေကျင်မြို့၏တစ်ဖက်ကမ်း၊ ရွှေကျင်ချောင်းနှင့် မဝမချောင်းဆုံရာ နေရာတွင်ရှိသည်။ တစ်ရွာလုံးလိုလို ဥယျာဉ်ခြံစိုက်အလုပ်လုပ်ကြသည်။ ရော်ဘာ စေးခြစ်သူ၊ ရွှေတူးသူ၊ သစ်ခုတ်ဝါး ခုတ်သူတွေပေါကြသည်။

''မသက်ဖွန်ရဲ့သမီး ဖူးအိဖွန်က ဘာလုပ်နေသလဲ''

မသက်ဖွန်က မဖြေချင့်ဖြေချင်နှင့် အဖြေပေးခဲ့၏။

''သမီးလိုပညာသင်ခွင့်မရခဲ့လို့ ရော်ဘာခြံမှာ ရော်ဘာစေးခြစ်တဲ့အလုပ်လုပ်နေရပါတယ်''

''ဟယ် ‥ ချောအိမွန်က ချောလှပြီး ခုံလိုက်တာဟယ်''

မိခင်ဖြစ်သူ မသက်ဖွန်က သမီးဖြစ်သူ ချောအိမွန်၏လက်ကို တွဲပြီး လူအများကြား၌ ဂုဏ်ယူပြနေစဉ် ဘကြီးဖြစ်သူက အမွှမ်းတင်စကားဆိုခဲ့၏။

''ဒီလိုဖြစ်လာတာဟာ ကျွန်မရဲ့ဆရာမအရင်း ဒေါ်ဝေဦးကိုကြောင့်ပေါ့ရှင်၊ ကျွန်မသာ ပညာဆက်မသင်နိုင်ရင် အလုပ်ကြမ်းသမားဘဝနဲ့ ဆင်းဆင်းရဲရဲနေရမှာလေ''

''ဆရာမရယ် သမီးရဲ့ဘဝကိုပြောင်းပေးလိုက်တဲ့ကျေးဇူးကို မမေ့ပါဘူး၊ တကယ်တော့ ပညာရဲ့တန်ဖိုးဟာ ဘယ်အထိမြင့်မားကြောင်း သိရပါပြီရှင်''

ဆရာ၊ ဆရာမဆိုတာ
မိခင်အရင်းများပြီးရင်
ဒုတိယမိခင်တွေပါပဲ၊
ကျောင်းဆရာဘဝဆိုတာ
နလုံးသားမှာ
သန္ဓေတည်ပြီး
အာခံတွင်းက
မွေးဖွားပေးလိုက်တဲ့
ဒုတိယမိခင်တွေပါပဲ

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်အပေါ် သစ္စာမဲ့ခဲ့သော ဦးပြည့်လျှံသည် အတ္တအရေးကို ရှေ့တန်းတင်ရန် ဝန်လေးသူမဟုတ်။ ချစ်သူကို သစ်စိမ်းချိုးချိုးပြီး ကျောခိုင်းပြီး ထွက်ခွာသွားခဲ့သူ ဖြစ်သည်...

"ကျေးဇူးတင်စရာမလိုပါဘူး မသက်ဖွန့်၊ ဆရာ၊ ဆရာမဆိုတာ မိခင်အရင်းများပြီးရင် ဒုတိယမိခင် တွေပါပဲ၊ ကျောင်း ဆရာဘဝဆိုတာ နှလုံးသားမှာ သန္ဓေတည်ပြီး အာခံတွင်းက မွေးဖွားပေး လိုက်တဲ့ဒုတိယ မိခင်တွေပါပဲ"



ဆရာမကြီး ဒေါ်ဝေဦးကို၏စကား ကြောင့် ကြားရသူ တိုင်း၏ ရင်ထဲ တွင်ပီတိလှိုင်း များ ရိုက်ခတ် သွားကြသည်။ ချောအိမွန်၏ ညီမ ဖူးအိဖွန့် မှာ ပညာမသင် ယူခဲ့ရသော သူ့ ဘဝအကြောင်း ကိုတွေးရင်း မျက်ရည်လည်နေ ဟန်ရှိ၏။

ထိုအချိန်၌ ဆရာမ ချောအိ မွန်ကို လာရောက် ကြိုဆိုကြသူများ ကြားထဲမှ တစ် ချိန်သောကာလ ကချစ်သူဟောင်း ပြည့်လျှံကို အမှတ် မထင်သတိထား လိုက်မိ၏။ သူ့ အပြစ်ကြောင့် ခပ်ဝေးဝေး၌ပင်ရပ်နေ ရဟန်ရှိ၏။ သံယောဇဉ် လက်ကျန်ဖြင့် ဆရာမကြီးဒေါ်ဝေဦး ကိုက မသက်ဖွန့်ထံ တီး တိုးစုံစမ်းကြည့်မိသည်။

"နိုင်ငံခြားမှာ စီးပွားပျက်ကပ် ဆိုက်လို့ ပြန်ရောက်လာတဲ့ ဦးပြည့် လျှံလို့ပြောတာပဲ၊ သူ့မှာစီးပွားပျက် တော့ သူ့မိန်းမကနောက်ယောက်ျား ယူသွားတယ်တဲ့၊ အခုတော့ နိုင်ငံ တော်အစိုးရက ချပေးတဲ့မြေကွက် မှာ ရော်ဘာစိုက်ရင်း အခြေချနေ ထိုင်တာလေ"

နိုင်ငံတော်၏သစ္စာကို မသိ တတ်ဘဲ နိုင်ငံခြားကိုမှ အထင်ကြီး ခဲ့သူ ဦးပြည့်လျှံမှာ ရော်ဘာစိုက်ပျိုး သူဘဝ ရောက်ခဲ့ရ၏။ နိုင်ငံတော် က နိုင်ငံသားတိုင်းကို ရင်ဝယ်သား ကဲ့သို့ စောင့်ရှောက်နေသည်ဖြစ်၏။

နိုင်ငံရပ်ခြားတွင် စီးပွားရေး ပျက်ကပ်ဆိုက်၍ စွန့်ပစ်ခံဘဝဖြင့် ပြန်လာခဲ့ရသော ဦးပြည့်လျှံကို နိုင်ငံ တော်က ဘဝရပ်တည်ရေးအတွက် နေရာပေးသည်။ လုပ်ကိုင်စား သောက်ရန် ဖန်တီးပေးသည်။

မြန်မာနိုင်ငံတွင် ပညာတတ် များ ပေါ်များလာပါက အသိပညာ၊ အတတ်ပညာဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်၏။

www.burmeseclassic.com

နိုင်ငံ့ပို့ကုန်တိုးတက်ပြီး နိုင်ငံခြားရင်းနှီးမှုများ တိုးတက်များပြားလာပါက နိုင်ငံခြားဝင်ငွေ ပိုလျှံလာမည်။ အလုပ်အကိုင်သစ်များတွင် လူတိုင်း အလုပ်လုပ်နိုင်ခွင့် ရရှိကြမည်။ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတော်၏ လူနေမှုအဆင့်အတန်း တိုးတက်လာမည်။

ထိုအခြေအနေကို နားလည်ပြီး နိုင်ငံ့သစ္စာကို ခံယူသော ဆရာမကြီး ဒေါ်ဝေဦးကိုကဲ့သို့သော ပညာရေးဝန်ထမ်းများကပညာတတ်အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်များကို မွေးထုတ်ပေးနေခဲ့ခြင်းဖြစ်ကြောင်း ဦးပြည့်လျှံကသိဟန်မတူ။

နိုင်ငံတော်အပေါ် သစ္စာမဲ့ခဲ့သောဦးပြည့်လျှံသည် အတ္တအရေးကို ရှေ့တန်းတင်ရန် ဝန်လေးသူမဟုတ်။ ချစ်သူကို သစ်စိမ်းချိုးချိုးပြီး ကျောခိုင်းပြီး ထွက်ခွာသွားခဲ့သူ ဖြစ်သည်။ ဆရာမကြီး ဒေါ်ဝေဦးကိုက သစ္စာမဲ့သူကို ရင်ဆိုင်စကားပြောဆိုရန် ဆန္ဒမရှိခဲ့။ မသိသလိုနေပြလိုက်သည်။

သူမ ပြုစုမွေးထုတ်ခဲ့သော မျိုးဆက်သစ်ပညာရေးဝန်ထမ်း ချောမွန်ကို သူမ၏မိခင်ရင်းနှင့် ပညာရေးကိုလိုလားသော ပြည်သူ့ထံ အရောက်ပေးပို့ခဲ့နိုင်၍ ကျေနပ်ဝမ်းမြောက်မှု ဖြစ်ခဲ့ရသည်မှာလည်း အမှန်ပင်။

"ဆရာမကြီးရေ...ချောအိမွန်ကို ကျေးရွာက ဂုဏ်ပြုကြိုဆိုပွဲ လုပ်ပေးဖို့ရှိပါတယ်၊ ကျွန်မတို့ကျောင်းကို တစ်ခါတည်းလိုက်ခဲ့ပါလား"

ဝင်းခနိမ်တွဲဖက်အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီးက ဘဝတူဆရာမကြီး ဒေါ်ဝေဦးကိုအား ဖိတ်ခေါ်လိုက်၏။

"ဆရာမရယ် ကျွန်မတော့ ဝမ်းသာဂုဏ်ယူမဆုံးဖြစ်နေမိပါတယ်၊ သမီးလေးကို မွေးထုတ်ပေးခဲ့တဲ့ ဒုတိယမိခင်အနေနဲ့ ဆရာမကိုယ်တိုင် လိုက်ခဲ့ရမယ်နော်"

"ဟုတ်တယ် ဆရာမ၊ဒီပွဲဟာ သမီးအတွက် ကြိုဆိုပွဲဖြစ်ပေမယ့် ပညာရေးလောကရဲ့ မျိုးဆက်သစ်ကို မွေးထုတ်ပေးခဲ့တဲ့ ဆရာမကို ဂုဏ်ပြုတဲ့ပွဲ ဖြစ်ခဲ့ပါပြီ၊ ဆရာမပါ လိုက်ခဲ့နော်"

ဒေသခံအားလုံးက ဆန္ဒတူဖြင့် ဖိတ်ခေါ်ခဲ့ကြ၍ ဒေါ်ဝေဦးကိုမှာ ငြင်းပယ်ရန် ခက်ခဲသွားခဲ့၏။ လူကြားသူကြားတွင် ဂုဏ်ပြုဖိတ်ခေါ်ခြင်းခံရသော ဒေါ်ဝေဦးကိုက အလိုက်သင့် လိုက်ပါသွားခဲ့၏။

ဦးပြည့်လျှံကိုလှမ်းကြည့်တော့ မျက်နှာချင်းမဆိုင်ရဲ၍ ခေါင်းငုံ့ထားသည်ကို လှမ်းမြင်လိုက်ရ၏။ ဒေါ်ဝေဦးကိုက ရင်ထဲသို့ လှုပ်ခတ်ဝင်ရောက်လာသော သံယောဇဉ်တစ်ခုကို အောင်မြင်စွာ တွန်းဖယ်ထုတ်ရင်း မျိုးဆက်သစ် ဆရာမ ချောအိမွန်၏လက်ကိုတွဲ၍ လိုက်ပါသွားခဲ့လေတော့၏။



**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com

www.burmeseclassic.com


## အင်္ဂလိပ်ဆေးစာကာကွယ်

ကိုယ်တိုင်အောက်ပါအင်္ဂလိပ်ဆေးစာကို တာဝန်ယူ ကုသပေးနေပါသည်။

**အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်**

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ဒူးနာ ၊ ဒူးကိုက် ၊ ခါးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျွင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

အမှတ် (၄၃) ဝေဘာဂီကားစီးဂိတ်မှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလှ၏အကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 010Y978/ 0102Y3654

ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊

ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်

အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊

ရင်ကာရှိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ

အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော

တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

**စာနာ၊ နားလည်မှုဖြင့် ခွင့်လွှတ်ပေးကြပါရန်**
**အနူးအညွတ် တောင်းပန်အပ်ပါသည်**

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလထုတ် တကယ့်ဖြစ်ရပ်မှန်မဂ္ဂဇင်း၊ စာမျက်နှာ (၅၂) တွင် စာရေးဆရာ ရွှေဘိုဘာမထီခင်အောင်၏ "ဓားပြခေါင်းဆောင်ပေါ်အိကို ပစ်သတ်၍ ဖမ်းဆီးခဲ့စဉ်က"ဝတ္ထုတို၏ အဖွင့်ပန်းချီကို ဖော်ပြခဲ့သော်လည်း ပူးတွဲဖော်ပြသည့် ဝတ္ထုတိုမှာ စာရေးဆရာ ချစ်ကိုကိုယု၏ "ရှေ့နေကြီးဦးနက်ကျော်နှင့် အကျိုးဆောင်ခပြဿနာ"ဇာတ်လမ်း ဖြစ်နေခဲ့ပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကွန်ပျူတာဒီဇိုင်းဆရာထံ အပ်နှံထားသော ဝတ္ထုများနှင့် သရုပ်ဖော်ပန်းချီများအနက် နိုဝင်ဘာလအတွက် ထုတ်ဝေမည့် မဂ္ဂဇင်းတွင် အသုံးပြုရမည့် Dummy စာရင်းပါ စာရေးဆရာ ချစ်ကိုကိုယု၏ ဝတ္ထုတွင် စာရေးဆရာ ရွှေဘိုဘာမထီခင်အောင်၏ ဝတ္ထုသရုပ်ဖော်ပန်းချီပုံကို မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့အနေဖြင့် ပုံနှိပ်ခြင်းမပြုမီ စစ်ဆေးရန် အားနည်းမှုရှိခဲ့သည်ကို ဝန်ခံပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာ ချစ်ကိုကိုယုနှင့် စာရေးဆရာ ရွှေဘိုဘာမထီခင်အောင်တို့ကိုလည်းကောင်း၊ မဂ္ဂဇင်းစာဖတ်ပရိသတ်ကိုလည်းကောင်း စာနာ၊ နားလည်စွာဖြင့် ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

နောက်နောင် ထိုကဲ့သို့သော အမှားမျိုး မဖြစ်ပေါ်အောင် အထူးကြပ်မတ်ကြိုးစားသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

www.burmeseclassic.com

www.burmeseclassic.com

# လှမိုး (ပညာရေး)

## ခြေလေးချောင်း ခေတ်သစ်ရှားလော့ဟုမ်းများ



www.burmeseclassic.com

www.burmeseclassic.com


စသည်တို့ကို အသုံးပြု၍ လူ့လောကအား ပျက်သုဉ်းစေရန် နည်းလမ်းအမျိုးမျိုးနှင့် မူးယစ်ဆေးဝါးများ မှောင်ခိုသယ်ဆောင်ခဲ့ကြသည်။ ဤသို့ မူးယစ်ရာဇာများ၏ မှောင်ခိုမှုကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ဥပဒေဘက်တော်သားများကလည်း တားဆီးပိတ်ပင်ရန် ကြိုးပမ်းခဲ့ကြသည်။ ယခုအခါ မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ဝင်များနှင့် ရဲအဖွဲ့ဝင်များသည် အထူးတလည် လေ့ကျင့်သင်ကြားထားသော ဂျာမန်သိုးထိန်းအမျိုးအစား ခွေးကြီးများ၏ အကူအညီနှင့် မူးယစ်ဆေးဝါးမှောင်ခိုသမားများကို ထိထိရောက်ရောက် ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေအရ အရေးယူနိုင်ခဲ့၏။ ခေတ်ကာလတန်ဖိုး ဒေါ်လာသန်းချီတန်သော မူးယစ်ဆေးဝါးများကိုမီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

မှန်ပါသည်။ လောကတွင် လူတို့သာ အသိဉာဏ်ကြွယ်ဝ၍ အစစအရာရာ နားလည်နိုင်သည်ဟု မှတ်ယူထားကြ၏။ သို့သော် ခြေလေးချောင်းသတ္တဝါတစ်ကောင်က လူတို့ဆောင်ရွက်နိုင်ခြင်းမရှိသော ကိစ္စများကို ဖော်ထုတ်နိုင်သည်မှာ များစွာချီးမွမ်းဖွယ်ကောင်းပေသည်။ အမှန်အားဖြင့် ခွေးများသည် မူးယစ်ဆေးဝါး နှိမ်နင်းရေးသာမက အခြားဥပဒေချိုးဖောက်သောဒုစရိုက်သမားများကို ဖမ်းဆီး နိုင်ရေးတွင်, ရဲနှင့်စုံထောက်များကို ထိထိရောက်ရောက် အကူအညီပေးခဲ့ကြ၏။

---

**ခြေလေးချောင်း စုံထောက်ရှားလော့ဟုမ်းအား**
**လေ့ကျင့်ပေးသည့် ရဲတပ်ကြပ်ကြီးဝီလ်ဆင်နှင့်**
**တွေ့ဆုံ၍ ခွေးများအား**
**မည်သို့**
**မည်ပုံလေ့ကျင့်ပေးခဲ့ရသည့်အကြောင်းကို**
**ထုတ်လှင့်ပေးခဲ့သဖြင့်**
**ခြေလေးချောင်းစုံထောက်ကြီးမှာ**
**ဟိုးဟိုးကျော်ခဲ့ရ၏ . . .**

□

၂၀၁၃ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ စောင်ရေအများဆုံးထုတ်ဝေရပြီး ဩဇာတိက္ကမ အကြီးမားဆုံးသတင်းစာကြီးဖြစ်သော ဒေးလီးတယ်လီဂရပ်ဖ် သတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုခဲ့ကြရသော သတင်းစာဖတ်ပရိသတ်သည် တအံ့တဩဖြစ်ခဲ့ကြရသည်–

**"ခြေလေးချောင်း ခေတ်သစ်ရှားလော့ဟုမ်းများ"**

**လန်ဒန်၊**

**၂၀၁၃ ခု၊ ဖွန်လ ၂၄ ရက်**

"ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင်မူးယစ်ဆေးဝါးနှိမ်နင်းရေးကို အားသွန်ခွန်စိုက်လုပ်နေကြသည်ဖြစ်ရာ မူးယစ်ဆေးဝါးမှောင်ခိုသူအများကလည်း အမြတ်အစွန်းများသော မူးယစ်ဆေးဝါးရောင်းဝယ်သည့်လုပ်ငန်းကို နည်းလမ်းအမျိုးမျိုးနှင့် ပြုလုပ်လျက်ရှိသည်ကို သတင်းစာဖတ်ပရိသတ်အများ သိရှိကြပြီးဖြစ်သည်။ သာဓကအားဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်သူများသည် လေယာဉ်ပျံများ၊ ရဟတ်ယာဉ်များ၊ ရေငုပ်သင်္ဘောများ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရဲနှင့်စုံထောက်တို့ လေ့ကျင့်သင်ကြားပေးသော ခွေးများသည် သာမန်ခွေးများထက် ထူးခြားသော အရည်အချင်းများ ရှိခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကလည်း နာဇီ ဂက်စတာပို ထောက်လှမ်းရေးတပ်များတွင် အထက်ဖော်ပြပါ ဂျာမန်သိုးထိန်းခွေးများကိုအသုံးပြု၍ ရန်သူ သူလျှိုများရှာဖွေခြင်း၊ ရန်သူ လေထီးတပ်သားများ ရှာဖွေခြင်းနှင့် ရန်သူများမြှုပ်ထားသော မိုင်းဗုံးများကို ရှာဖွေရာတွင် အသုံးပြုခဲ့ကြသည်ဟုဆိုသည်။

အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များကလည်း အထက်ဖော်ပြပါ သိုးထိန်းခွေးများကို စနစ်တကျ လေ့ကျင့်သင်ကြားပေး၍ ဒုစရိုက်သမားများဖမ်းဆီးရေးနှင့် မူးယစ်ဆေးဝါးများ လျှို့ဝှက်စွာ သယ်ဆောင်လာသူများအား ယင်းခြေလေးချောင်း ရှားလော့ဟုမ်းလက်သစ်ခွေးများနှင့် ဖမ်းဆီးအရေးယူခဲ့ကြသည်။ ၂၀၁၃ ခုနှစ်၊ ဖွန်လ ၂၄ ရက်နေ့ကမူ လန်ဒန်မြို့၊ ဟီသရိုးလေဆိပ်ကြီးတွင် ဘိန်းဖြူနှင့် မူးယစ်ဆေးဝါး ကာလတန်ဖိုး ဒေါ်လာ ငါးသန်းကျော်ခန့်အား ခရီးသည်တစ်ဦးထံမှ ခြေလေးချောင်းရှားလော့ဟုမ်းစုံထောက်များ၏ အကူအညီနှင့် ဖမ်းဆီးနိုင်ခဲ့သည်ဟုဆိုသည်။

လန်ဒန်၊ ဟီသရိုးလေဆိပ်ကြီးမှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် ခရီးသည်အများဆုံး ဝင်ထွက်သွားလာသည့် လေဆိပ်ကြီးဖြစ်သည်။ နှစ်စဉ် နိုင်ငံတကာမှ ခရီးသည် ၂၅ သန်းနီးပါး ဝင်ထွက်လေ့ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ လေကြောင်းသွားလာရေးကုမ္ပဏီပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ထားခဲ့ရာ ခရီးသွားအရှုပ်အထွေးဆုံး ခေတ်မီလေဆိပ်ကြီးဖြစ်သည်။ မိနစ်တိုင်း၊ စက္ကန့်တိုင်း လေယာဉ်အဆင်းအတက်ရှိသဖြင့် မှောင်ခိုဒုစရိုက်သမားများ၊ အလစ်သုတ်သမားများ၊ မူးယစ်ဆေးဝါးမှောင်ခိုသူများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားများအဖို့ ဒုစရိုက်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အထူးအခြေအနေပေးသော လေဆိပ်ကြီးဖြစ်သည်။ လုံခြုံရေး ထူးထူးခြားခြား တင်းကျပ်ထားလင့်ကစား နေ့စဉ်နှင့်အမျှ ဒုစရိုက်သမားများကို ဖမ်းဆီးရမိလေ့ရှိသည်ဟု သတင်းရရှိကြောင်း။''

အထက်ဖော်ပြပါ သတင်းကိုပင် ဒေသခံသတင်းစာများနှင့် လန်ဒန်မြို့မှထုတ်ဝေသော ဒေးလီးအိတ်(စ်)ပရက်(စ်)သတင်းစာ၊ သံတော်ဆင့်သတင်းစာ၊ ဒေးလီးမိုင်ရာသတင်းစာကြီးများကလည်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါး သယ်လောင်လာသည့် တရားခံနှင့် ထိုတရားခံအား လက်ပူးလက်ကြပ် ဖမ်းဆီးပေးခဲ့သော ခြေ လေးချောင်း စုံထောက်ခွေးကြီး၏ ဓာတ်ပုံကိုပါထည့် သွင်းဖော်ပြပေးခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရသည်။ ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်ကလည်း ထိုခြေလေးချောင်းစုံ ထောက်ရှားလော့ဟုမ်းအား လေ့ကျင့်ပေးသည့် ရဲတပ်ကြပ်ကြီး ဝီလ်ဆင်နှင့် တွေ့ဆုံ၍ ခွေးများအား မည်သို့မည်ပုံ လေ့ကျင့်ပေးခဲ့ရသည့်အကြောင်းကို ထုတ်လွှင့်ပေးခဲ့သဖြင့် ခြေလေးချောင်းစုံထောက်ကြီးမှာ ဟိုးဟိုးကျော်ခဲ့ရ၏။

မှန်ပါသည်။ ခွေးသည် အနံ့ခံခြင်းဖြင့် သက်မဲ့အရာနှင့် သက်ရှိအရာတို့ကို တိတိကျကျ ခွဲခြားနိုင်စွမ်းရှိသည်။ အနံ့ခံခြင်းဖြင့် မိမိနှင့်ရင်းနှီးသောမိတ်ဆွေနှင့် လူစိမ်းသူစိမ်းတို့ကိုလည်း သိနိုင်စွမ်းရှိသော သတ္တဝါဖြစ်သည်။ လူတစ်ဦးတစ်ယောက် ကိုင်တွယ်သုံးစွဲဝတ်ဆင်ထားသော ပစ္စည်းကို အနံ့ခံပြီး ထိုသူကို မိုင်ပေါင်းများစွာ ဝေးသည့်တိုင်အောင် လိုက်လံရှာဖွေ ဖမ်းဆီးနိုင်သည့် အစွမ်းလည်းရှိသည်။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီဂက်စတာပိုများသည် လေထီးဆင်း မဟာမိတ်သူလျှိုများကို ဤခွေးများ၏ အကူအညီနှင့် ဖမ်းဆီးနိုင်ခြင်းဖြစ်၏။

သို့ဖြစ်၍ ဤသို့အနံ့ခံကောင်းသော ဂျာမန်သိုးထိန်းခွေးများကို စနစ်တကျ လေ့ကျင့်၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် အသုံးပြုခဲ့ကြသည်။ မူးယစ်ဆေးဝါးများကို လျှို့ဝှက်စွာသယ်ဆောင်လာသော လူသားများ၊ သေတ္တာများ၊ ယာဉ်ရထားများ၊ မော်တော်ကားများအတွင်းမှ အနံ့ခံထူးခြားစွမ်းအင်ဖြင့် ဖမ်းဆီးပေးနိုင်သည်မှာ အဆန်းမဟုတ်တော့။ ကမ္ဘာ့အင်တာပိုလ်အဖွဲ့၏ မှတ်တမ်းအရ ဂျာမနီနိုင်ငံ၊ အကောက်ခွန်ဌာနမှ ခြေလေးချောင်းစုံထောက်ကြီး၊ ဂျာမန်သိုးထိန်းခွေးကြီး အယ်(လ်)(ပ်)မှာ အံ့ဖွယ်သရဲဖြစ်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com





ထိုဂျာမန်သိုးထိန်းခွေးကြီးမှာ ဂျာမနီနိုင်ငံ၊ အကောက်ခွန်ဌာနတွင် အထူးလေ့ကျင့်ပေးထားသော ခြေလေးချောင်း စုံထောက်ခွေးကြီးဖြစ်သည်။ သူ့အား ဒုစရိုက်လောကသားတို့က ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြသည်။ သူနှင့် သူ့ဆရာအကောက်အရာရှိအား နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြံရွယ်ခဲ့ကြသော်လည်းအယ်(လ်)(ပ်)နှင့်သူ့ဆရာမှာ ပန်းပန်လျက်ရှိခဲ့ကြသည်။ အင်တာပိုလ်ရဲအဖွဲ့မှတ်တမ်းနှင့် ဂျာမနီနိုင်ငံမှ ထုတ်ဝေသောဒိုင်စတန့်မဂ္ဂဇင်းကြီးတို့၏ မှတ်တမ်းအရ အထက်ဖော်ပြပါ ခြေလေးချောင်း စုံထောက်ကြီးမှာ သူ့အမှုထမ်းသက်အတွင်း ထူးခြား ပြောင်မြောက်စွာ အမှုထမ်းခဲ့မှုကြောင့် အမှုထမ်း ကောင်းလက်မှတ်များ၊ ဆုတံဆိပ်များ သက်ဆိုင်ရာမှ ပေးအပ်ချီးမြှင့်ခဲ့သည်ဟု ဆိုသည်။

သူသည် အလုပ်တာဝန်ကို ၆ နာရီမှ ၁၂ နာရီ အထိ တာဝန်ယူအမှုထမ်းရလေ့ရှိပြီး သူ့အား အငြိမ်းစားပေးသည့်အချိန်အထိ အကြိမ်ပေါင်း ၂၂၀၀ ထမ်းဆောင်ခဲ့ရ၏။ ထိုထမ်းဆောင်သော အကြိမ်များတွင် မူးယစ်ဆေးဝါးသယ်ဆောင်သူ ဒုစရိုက်သမား ၂၃၀ ကို သက်သေအထောက်အထား ခိုင်ခိုင်မာမာနှင့်ဖမ်းဆီး နိုင်ခဲ့သည်။ ကျန်တာဝန်ကျချိန်များတွင်မူ အကောက်ခွန်ဌာနမှ ပိတ်ပင်တားဆီးထားသောပစ္စည်းများ မှောင်ခိုသယ်ဆောင်လာသည့် ဝိသမလောဘသားများကို ဖမ်းဆီးနိုင်ခဲ့သည်။

သူ့အား ဘာလင်ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့များ၊ ဟန်းဘတ်ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့များက အကူအညီ တောင်းခံသည့်အခါ သူနှင့် သူ့ဆရာတို့သည် သွားရောက်အကူအညီ ပေးခဲ့ရသည်ဟု သိရ၏။ မှတ်တမ်းအရ လူသတ်မှုတရားခံများ၊ ဖောက်ထွင်းဝိဇ္ဇာများကိုလည်း ရဲနှင့်စုံထောက်တို့နှင့်တွဲ၍ ထိုအမှုများကို ကျူးလွန်သူများအား အနံ့ခံရှာဖွေ ဖော်ထုတ်ပေးခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။

သူ့အား လုပ်သက် ၁၀ နှစ်ပြည့်သောအချိန်တွင် မူးယစ်ဆေးဝါးတားဆီးရေးနှင့် ထောက်လှမ်းရေးတာဝန်များမှ အငြိမ်းစားယူစေခဲ့ပြီး အကောက်ခွန်ဌာနမှ ကောင်းစွာစောင့်ရှောက်ထားခဲ့ကြသည်ဟု သိရ၏။

သူ့ခြေရာနင်း၍ လိုက်ခဲ့သော ဂျာမန်သိုးထိန်းခွေး ခြေလေးချောင်းစုံထောက်ကြီးမှာ "ဂျင်"ဆိုသော ဂျာမနီနိုင်ငံမူးယစ်ဆေးဝါးဖမ်းဆီးရေးအဖွဲ့မှ ခွေးကြီးဖြစ်သည်။ သူသည်လည်း သူ့သက်တမ်းတစ်လျှောက်တွင် မူးယစ်တရားခံ ၂၂၀ ကို အနံ့ခံဖမ်းဆီးပေးနိုင်ခဲ့သည်ဟု မှတ် တမ်းများအရ သိရသည်။

ထိုခြေလေးချောင်းခွေးများနည်းတူ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံရဲအဖွဲ့၏ လေ့ကျင့်သင်ကြားပေးသော ခြေလေးချောင်းစုံထောက်များ အကြောင်း ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ ၁၉၉၃

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ထိုင်းရဲအဖွဲ့ဝင်များ၏ ခြေလေးချောင်းစုံထောက်အနံ့ခံခွေးကြီးများ၏ အကူအညီနှင့် မူးယစ်ဆေးဝါးများ သယ်ယူလာသော ဩစတြေးလျနိုင်ငံသား အသက် ၃၂ နှစ်အရွယ် မိချယ်အိုင်ယင်ဘလိတ်ဆိုသူကို ဖမ်းဆီးနိုင်ခဲ့သည်။ သူ့ထံမှ ဘိန်းဖြူ ၄ ဒသမ ၇ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့သည်ဟု ဒေသခံသတင်းစာများက ရေးသားဖော်ပြခဲ့ပါသည်။ အထက်ဖော်ပြပါ ဖြစ်စဉ်များမှာ ခြေလေးချောင်းစုံထောက်ကြီးများ စွမ်းဆောင်ခဲ့သည့် အမှုပေါင်းများစွာအနက် လက်လှမ်းမီသလောက် ရှာဖွေရရှိသောမှတ်တမ်းများအရ ဖော်ပြရခြင်းသာဖြစ်ပါသည်။ အမှန်အားဖြင့် အထက်ဖော်ပြပါ ခြေလေးချောင်းစုံထောက်ခွေးများကဲ့သို့ အောင်မြင်ပေါက်ရောက်သော ခြေလေးချောင်းရှားလော့ဟုမ်းများ ဒုနှင့်ဒေးရှိခဲ့ပါသည်။

အစဉ်အလာအားဖြင့်အင်္ဂလန်နိုင်ငံမှစကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကြီး၊ ပြင်သစ်နိုင်ငံမှ ဆူရီးတေးစုံထောက်အဖွဲ့ကြီးနှင့် အီတလီနိုင်ငံမှ စုံထောက်အဖွဲ့များမှ ခြေလေးချောင်းစုံထောက် အနံ့ခံခွေးများမှာလည်း ထူးထူးခြားခြား မှတ်တမ်းတင်ခဲ့ရသော ခွေးစုံထောက်ကြီးများဖြစ်ကြ၏။ အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကြီးသည် ၁၉၃၈ ခုနှစ်ကစတင်၍ ခြေလေးချောင်းခေတ်သစ်ရှားလော့ဟုမ်းစုံထောက်ဌာနစိတ်ကို စတင်တည်ထောင် ဖွဲ့စည်းခဲ့သည်ဟု မှတ်တမ်းများအရ သိရ၏။ လန်ဒန်မြို့တော်ရဲအဖွဲ့နှင့်အတူ အထက်ဖော်ပြပါ ခြေလေးချောင်းစုံထောက်အဖွဲ့တို့သည် ပူးပေါင်း၍ လန်ဒန်မြို့တော် ပြစ်မှုပပျောက်ရေး၊ မှုခင်းကာကွယ်ရေးများကို ဆောင်ရွက်ခဲ့ကြရ၏။

စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့၏ ခြေလေးချောင်းစုံထောက်အဖွဲ့စိတ်နှင့် လန်ဒန်မြို့တော်ရဲအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသောခြေလေးချောင်းရှားလော့ဟုမ်းလက်သစ်ခွေးများကို အမျိုးအစားအလိုက် အဆင့်အတန်း သတ်မှတ်ထားသည်ဟု သိရ၏။ ပထမတန်းအမျိုးအစားမှာ အယ်လ်ဖေးရှင်းအမျိုးအစားဖြစ်၍ ဒုတိယတန်းအမျိုးအစားမှာ လာဘရာဒိုအမျိုးအစားဖြစ်

**ခြေလေးချောင်းရှားလော့ဟုမ်းလက်သစ်**
**ရက်(စ်)မှာ နာမည်ကျော်ခဲ့ဖူးသည်။**
**ဟောက်ထွင်းဝိဇ္ဇာများ**
**ပြန်ပေးဆွဲမှု တရားခံများအား**
**ပုန်းအောင်းနေသည့်နေရာအရောက်**
**အနံ့ခံသွားရောက်၍**
**ဖမ်းဆီးပေးခဲ့သည်ဟု သိရသည်။**
**ဒစရိုက်သမားများကလည်း**
**သေနတ်ကိုင် ရဲနှင့်စုံထောက်များထက်**
**ခြေလေးချောင်းရှားလော့ဟုမ်းလက်သစ်များကို**
**ကြောက်ရွံ့ ကြ၏**

www.burmeseclassic.com

www.burmeseclassic.com


ပြီး တတိယတန်းအမျိုးအစားမှာ ဒိုဘာမင်ပစ်ချာ အမျိုးအစား ဖြစ်ကြသည်။

ယခင်ကမူ လန်ဒန်ရဲအဖွဲ့သည် ဒိုဘာမင်ပစ်ချာ အမျိုးအစားများကို အသုံးပြုခဲ့သော်လည်း ယခုအခါ တွင်မူ အယ်လ်ဖေးရှင်းနှင့် လာဘရာဒိုခွေးအမျိုးအစား များကိုသာ သုံးတော့သည်။

လန်ဒန်မြို့တော်ရဲအဖွဲ့သည် ခြေလေးချောင်းစုံ ထောက်ဌာနစိတ်ကို စတင်ဖွဲ့စည်းခဲ့စဉ်ကမူ ခွေးအနည်း ငယ်ကိုသာ ဝယ်ယူနိုင်ခဲ့သည်။ နောင်အခါ ခြေလေး ချောင်းစုံထောက်အဖွဲ့ဝင်များအား လန်ဒန်မြေအောက် ကမ္ဘာမှ ဒုစရိုက်သမားများက ဖိမ့်ဖိမ့်တုန်အောင်ကြောက် ရွံ့ကြသည်ကိုလည်းကောင်း၊ ဒုစရိုက်နှိမ်နင်းရေးလုပ်ငန်း များတွင် ခြေလေးချောင်းစုံထောက်အဖွဲ့၏ အရေးပါပုံ ကိုလည်းကောင်း သိရှိကြသော လန်ဒန်မြို့တော်သူ၊ မြို့တော်သားများသည် မိမိတို့အစီအစဉ်ဖြင့် နိုင်ငံခြားမှ ခွေးများဝယ်ယူ၍ လှူဒါန်းကြသည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

ခြေလေးချောင်းစုံထောက်တပ်ဖွဲ့စိတ်၏ စွမ်းရည် မြင့်မားလာမှုကြောင့် ထိုတပ်ဖွဲ့ယူရသော တာဝန်များ လာသောအခါ ဗြိတိသျှဘုရင်အစိုးရသည် ခြေလေး ချောင်းစုံထောက်အဖွဲ့အား အင်အားတိုးချဲ့လာခဲ့ပြီး ဥရောပတိုက်မှ အထက်ဆောင်းပါးတစ်နေရာတွင် ဖော် ပြခဲ့သော ဂျာမန်သိုးထိန်းခွေးများကို ဝယ်ယူ၍ လေ့ ကျင့်သင်ကြားပေးခဲ့ရသည်။ ထိုလေ့ကျင့်သင်ကြားပေး သော ခွေးများသည် အံ့ဩစရာကောင်းလောက်အောင် တရားခံဖမ်းဆီးနိုင်ရေးတွင် အားကိုးကြရသည်ဟု သိရ၏။

ခြေလေးချောင်းစုံထောက်ခွေးများသာ အနံ့ခံ ကောင်းသလော၊ သို့မဟုတ် သာမန်ခွေးများသည်လည်း သဘာဝအရ အနံ့ခံခြင်းပညာ တတ်မြောက်ခြင်းမရှိဘူး လားဟု မေးစရာ၊ စဉ်းစားစရာရှိလာပေသည်။ မှန်ပါ သည်။ မတူကြပါ။ မည်သည့်ခွေးမဆို သဘာဝအရ အနံ့ခံခြင်းပညာကို တတ်ကျွမ်းကြသော်လည်း စနစ် တကျ လေ့ကျင့်ထားသော ခွေးများအား မမီနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ နိုင်ငံတကာမှ စုံထောက်အဖွဲ့ဝင်များသည် ရာသီဥတုမရွေး အနံ့ခံခြေလေးချောင်း စုံထောက်ကြီးများကို အသုံးပြု၍ ဒုစရိုက်သမားများ ဖမ်းဆီးနိုင်ခဲ့သည်ဟု သိရ၏။

အီတလီနိုင်ငံစုံထောက်အဖွဲ့၏ ခြေလေးချောင်းစုံထောက်အချို့သည် ပစ္စတိုသေနတ်ကို ကျည်ဆံမထွက်အောင် ကျည်ဆံထုတ်ယူနိုင်ခြင်း၊ ကျည်ကပ်ဖြုတ်ယူနိုင်ခြင်း၊ သွားနှင့်လက်သည်းဖြင့် သေနတ်မောင်းဖြုတ်နိုင်ခြင်း ပြုလုပ်နိုင်သည်ဟု ဟိုးဟိုးကျော်ခဲ့သည်။

ခြေလေးချောင်းစုံထောက်ကြီးများသည် အနံ့ခံခြင်းဖြင့် ပြန်ပေးဆွဲမှုကြီးများ၏ တရားခံများကို ဖော်ထုတ်ခဲ့ကြသည်။ စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့မှ ခြေလေးချောင်းရှားလော့ဟုမ်းလက်သစ် ရက်(စ်)မှာ နာမည်ကျော်ခဲ့ဖူးသည်။ ဖောက်ထွင်းဝိဇ္ဇာများ၊ ပြန်ပေးဆွဲမှုတရားခံများအား ပုန်းအောင်းနေသည့်နေရာအရောက် အနံ့ခံသွားရောက်၍ ဖမ်းဆီးပေးခဲ့သည်ဟု သိရသည်။ ဒုစရိုက်သမားများကလည်း သေနတ်ကိုင်ရဲနှင့်စုံထောက်များထက် ခြေလေးချောင်းရှားလော့ဟုမ်းလက်သစ်များကို ကြောက်ရွံ့ကြ၏။

ယနေ့ သိပ္ပံပညာ အံ့မခန်းတိုးတက်သောခေတ်တွင် ဒုစရိုက် ဝိသမလောဘသားတို့သည် နည်းလမ်းအမျိုးမျိုးနှင့် မိမိတို့ကျူးလွန်သောအမှုကို အကာအကွယ်ပြုခဲ့ကြသည်။ သို့သော် ထိုသူတို့အား ခြေလေးချောင်းစုံထောက်များက အနံ့ခံနည်းစနစ်နှင့် ဖော်ထုတ်ခဲ့ကြသည်။ ခြေလေးချောင်းခေတ်သစ်ရှားလော့ဟုမ်းများကြောင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ အထိုက်အလျောက် အောင်မြင်သည်ဟု ဆိုကြပါကြောင်း။ ။

လုမိုး (ပညာရေး)

ကျမ်းကိုး– (၁) Inside Scotland Yard
(၂) အင်တာနက်


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄–လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း– ၀၉–၅၀၄၁၂၃၈၊



www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်

## တိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေး



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အရီးကြီးသည် ပုံပြောကောင်းသူတစ်ဦး ဖြစ်ပါသည်။ အညာဒေသတွင် ဖခင်ဖြစ်သူ၏ အစ်မဖြစ်သူကို ''အရီးကြီး''ဟု ခေါ်ကြပါသည်။ အဘယ်ကြောင့် ခေါ်သည်ကို ကျွန်တော်မသိပါ။ အရီးကြီးသည် ငယ်ငယ်ရွယ်ရွယ်နှင့် သူ့ခင်ပွန်းဆုံးပါးသွားသဖြင့် ကျွန်တော်တို့မိသားစုနှင့်အတူ လာရောက်နေထိုင်ပါသည်။ အရီးကြီးသည် အတော်အသင့် စာဖတ်ဝါသနာပါသူတစ်ဦး ဖြစ်ရာ သူငယ်စဉ်က ဖတ်ရှုခဲ့သော ပြဇာတ်ဆန်းဟူသော စာအုပ်များမှ ပြဇာတ်များ၊ သူကြည့်ရှုမှတ်သားခဲ့ရသော ဇာတ်ပွဲကြီးများမှ ဇာတ်များ၊ သူကြည့်ရှုခဲ့ရသော ရုပ်သေးပွဲများမှ ဇာတ်များ၊ ဘာသာရေးနိပါတ်တော်များမှ ဇာတ်ဝတ္ထုများကိုလည်း ကျွန်တော်တို့အား ပြောပြလေ့ရှိပါသည်။

သူပြောပြသည့် အိပ်ရာဝင်ပုံပြင်များအနက် ဝံပုလွေသားအဖပုံပြင်ကိုမူ ကျွန်တော်သည် ထာဝစဉ် သတိရလျက်ရှိသည်။ အခါတစ်ပါး၌ ဖခင်ဖြစ်သူ ဝံပုလွေကြီးသည် သူ့သားဖြစ်သူ ဝံပုလွေငယ်အား ဤလောကတွင် ထိတ်လန့်စရာအကောင်းဆုံး၊ ရင်သိမ့်တုန်စရာအကောင်းဆုံးနှင့် ကောက်ကျစ်စဉ်းလဲသည့်နေရာတွင် အထက်မြက်ဆုံးသတ္တဝါတစ်ကောင်ကို ပြသမည်ဟုဆိုကာ တောရပ်မြိုင်ခြေမှ လူသားတို့နေထိုင်သည့်နေရာအနီးသို့ ခေါ်ဆောင်လာခဲ့သည်။

သူတို့သားအဖသည် လမ်းဆုံလမ်းခွရှိ တောင်ပူစာထက်၌ရှိသော ချုံတစ်ချုံတွင် ပုန်းအောင်း၍ လမ်းမပေါ်သို့ စောင့်ကြည့်နေကြသည်။ ပထမဆုံး လမ်းမပေါ်သို့ အလွန်ကြီးမားသော ဆင်ကြီးတစ်ကောင်ဖြတ်သွားသည်ကို မြင်ရသော ဝံပုလွေသားငယ်ဖြစ်သူက သူ့ဖခင်အား ဤသတ္တဝါကြီးသည် ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါလောဟု မေးခဲ့ရာ ဖခင်ဖြစ်သူ ဝံပုလွေကြီးက မဟုတ်သေး၊ စောင့်ကြည့်ရမည်ဟုဆို၏။

အချိန်အနည်းငယ် ကြာမြင့်လာသည်တွင် ခြင်္သေ့ကြီးတစ်ကောင်သည် သူတို့သားအဖ ပုန်းနေသည့်နေရာအနီးမှ ဖြတ်သွားခဲ့ပြန်သည်။ ဤတွင် သားဖြစ်သူက

''ဖခင် ဤသတ္တဝါသည် ထိတ်လန့်ဖွယ်ကောင်းသော သတ္တဝါလော''

ဟု မေးမြန်းရာ ဖခင်ဖြစ်သူ ဝံပုလွေကြီးက စောင့်ကြည့်ပါဦး၊ မဟုတ်သေးဟု ဆိုခဲ့၏။

တစ်ခဏအကြာတွင်မူ ကျားကြီးတစ်ကောင်သည် သူတို့သားအဖ ပုန်းအောင်းနေသော ချုံအနီးသို့ရောက်လာပြန်ရာ သားဖြစ်သူက ယင်းသတ္တဝါသည် ထိတ်လန့်စရာ သတ္တဝါလောဟု မေးပြန်ရာ ဖခင်ဖြစ်သူက မဟုတ် သေး၊ စောင့်ကြည့်ပါဟု ဆိုပြန်၏။

အချိန်ကုန်ဆုံးလာခါနီးတွင် ''လူ''တစ်ယောက် လမ်းဆုံမှ လျှောက်လာသည်ကိုမြင်သည်နှင့် ဖခင် ဝံ

www.burmeseclassic.com

ပုလွေကြီးက ထိုခြေနှစ်ချောင်းနှင့် လမ်းလျှောက်လာသော "လူ"ဟူသော သတ္တဝါသည် ကြောက်စရာအကောင်းဆုံး၊ ကောက်ကျစ်စဉ်းလဲသည့်နေရာတွင် ထိပ်တန်းအကျဆုံး သတ္တဝါဖြစ်သည်ဟုဆိုသဖြင့် သားဖြစ်သူ ဝံပုလွေငယ်က ဟုတ်မှဟုတ်ပါ့မလားဟု သံသယဖြင့် ဖခင်ဖြစ်သူအားကြည့်ခဲ့ရာ "လူ"ဟူသော သတ္တဝါသည် ခြေနှစ်ချောင်းဖြင့်သာသွားလာ၍ အင်အားနည်းသော သတ္တဝါဖြစ်သော်လည်း ရက်စက်သည့်နေရာ၊ ကောက်ကျစ်သည့်နေရာတွင် စံထားထိုက်သူဟုပြောလိုက်သည်။

မှန်ပါသည်။ ဤကမ္ဘာလောကတွင် လူသည် လောဘ၊ မောဟ၊ ဒေါသကြီးမားသော သတ္တဝါဖြစ်ရကား အခြားတိရစ္ဆာန်လောကမှ သတ္တဝါများသာမက မိမိဘဝတူ လူသားများကိုပါ မှောင်ခိုရောင်းချရန် ဝန်မလေးပေ။ အကျိုးအမြတ်ရရှိမှုအတွက် မိမိလူသားမျိုးနွယ်တစ်ခုလုံး ပျက်သုဉ်းစေမည့် မူးယစ်ဆေးဝါးကိုတီထွင်၍ မှောင်ခိုရောင်းဝယ်ကြ၏။ တိရစ္ဆာန်များကိုလည်း မှောင်ခိုရောင်းဝယ်ကြ၏။ အကျိုးအမြတ်ရမည်ဆိုပါက မိမိအဘဖြစ်သူ၏ နဖူးကိုပင် သိုက်တူးမည့်သူများသာဖြစ်၏။

ဤဆောင်းပါးရေးသားရန် အထောက်အထား၊ အချက်အလက်များ လက်လှမ်းမီသလောက် ရှာဖွေစုဆောင်းနေစဉ် ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများနှင့် ဂျာနယ်များတွင် မြန်မာနိုင်ငံအရှေ့မြောက်ဘက် နယ်ခြားရှိ စခန်းတစ်ခုတွင် မြွေအကောင် ၅၀၀ ကျော်အား သေတ္တာများဖြင့် ထည့်ယူလာသော တိရစ္ဆာန်မှောင်ခိုကုန်သည်တစ်ယောက်အား ဖမ်းဆီးရမိသည့် သတင်းကို ဓာတ်ပုံသာဓက အထောက်အထားများဖြင့် ရေးသားဖော်ပြသည့်သတင်းကို ကျွန်တော်တို့ဖတ်ရှုခဲ့ကြရသည်။ ထိုဖမ်းဆီးရမိသော မြွေများတွင် မြွေပွေး၊ မြွေဟောက်များနှင့်အတူ လင်းမြွေများလည်း ပါ ဝင်သည်ဟုဆိုသည်။ ထိုသတင်းနှင့်အတူ အမေရိကန်ပြည်ထောင်စုမှ ထုတ်လွှင့်သောစီအင်(န်)အင်(န်)သတင်းဌာနနှင့် အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်သော သတင်းများတွင် အာဖရိကတိုက်နိုင်ငံအချို့ရှိ ဘေးမဲ့ဥယျာဉ်များမှ ဆင်များ၊ ကြံ့များအား အစားအစာတွင် အဆိပ်ခတ်၍ လုပ်ကြံသတ်ဖြတ်ကြပြီး ဆင်စွယ်များ၊ ကြံ့ဦးချိုများကို တိရစ္ဆာန်မှောင်ခိုဒုစရိုက်သမားများက သယ်ဆောင်သည့်သတင်းကို ထုတ်လွှင့်သွားခဲ့သည်။ မှောင်ခိုဈေးကွက်တွင် ဆင်စွယ်များ၊ ကြံ့ဦးချိုများမှာ ရွှေကဲ့သို့ တန်ဖိုးမြင့်မားသည်ဟု သတင်းများက ဖော်ပြခဲ့ပါသည်။

ထိုသတင်းနှင့်အတူ ဟောင်ကောင်တွင် တရုတ်နိုင်ငံအတွင်း မှောင်ခိုတင်သွင်းလာသည့် ဆင်စွယ်တန်ပေါင်းများစွာ ဖမ်းဆီးရမိသည့်သတင်းကိုလည်း ထုတ်လွှင့်သွားခဲ့၏။ ကျွန်တော်တို့မြန်မာနိုင်ငံတွင်လည်း မြန်မာမုဆိုးအချို့သည် အစိုးရသစ်တောဌာနပိုင် ဆင်အချို့ကို တူမီးသေနတ်များဖြင့် ပစ်ခတ်သတ်ဖြတ်၍ဆင်စွယ်များကို ဖြတ်ယူသွားကြသည့်သတင်းကိုလည်း ဖတ်ရှုခဲ့ကြရသည်။ လူတို့သည် မိမိတို့လူသားအချင်းချင်း မှောင်ခိုကူးသန်းရောင်းဝယ်မှု ပြုခဲ့သည်သာမက တိရစ္ဆာန်များကိုပါ မိမိတို့အမြတ်ငွေရရှိရေးအတွက် ဂိုဏ်း များဖွဲ့၍ မှောင်ခိုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာခဲ့ကြသည်။ ယခုအခါ တောရိုင်းတိရစ္ဆာန်မှောင်ခိုခြင်းသည် တကယ့်စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်လာပြီဖြစ်သည်။ မှောင်ခိုဈေးကွက်တွင် ရှားပါးသော ကျေးကျွတ်တစ်ကောင်၏ တန်ဖိုးသည် ဒေါ်လာတစ်သောင်းပေးဝယ်သည်ဟု သတင်းမီဒီယာများက ဖော်ပြခဲ့ရာ တိရစ္ဆာန်မှောင်ခိုကုန်ကူးသူများအဖို့ စိုစိုပို့ပို့



www.burmeseclassic.com



အမြတ်ရသော လုပ်ငန်းဖြစ်၏။ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့နှင့် ပြင် သစ်နိုင်ငံ၊ ပါရီမြို့၊ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တို့ရှိ ထိပ်တန်း စတိုးဆိုင်ကြီးများတွင် မိကျောင်းအရေဖြင့် ပြုလုပ်ထားသော ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ ခါးပတ်များ၊ ပုတ်သင်အရေခွံဖြင့် ပြုလုပ်ထားသော ဖိနပ်များကို လူအများက ဒေါ်လာသောင်းချီပေး၍ ဝယ်ယူကြသည်ဟုဆိုသည်။

Lynx ခေါ် တောကြောင်၏သားမွေးဖြင့် ပြုလုပ်ထားသော အမျိုးသမီးဝတ် ကုတ်အင်္ကျီတစ်ထည်၏ တန်ဖိုးမှာ ဒေါ်လာတစ်သိန်းရှိသည်ဟုလည်း သတင်းများက ဖော်ပြခဲ့၏။

သို့ဖြစ်၍ တိရစ္ဆာန်မှောင်ခို ကုန်ရောင်းလုပ်ငန်းသည် တစ်စတစ်စကျယ်ပြန့်လာသည်မှာ ဘာဆန်းသလဲဟုဆိုရပေတော့မည်။ ယခုအခါ ကမ္ဘာ့နိုင်ငံအတော်များများတွင် ရှားပါးတိရစ္ဆာန်ကာကွယ်ရေး အက်ဥပဒေများကို ထုတ်ပြန်ကြေညာထားပြီး ယင်းဥပဒေအရ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်လာခဲ့သည်။ သို့သော် အချို့နိုင်ငံများတွင်မူ ထိထိရောက်ရောက် အရေးယူနိုင်ခြင်း မရှိသေး။ တိရစ္ဆာန်မှောင်ခိုကုန်ကူးသည့် မှောင်ခိုဂိုဏ်းသားများသည် သက်ဆိုင်ရာနိုင်ငံများရှိ ရဲများကိုပင် ခုခံပစ်ခတ်တိုက်ခိုက်သည့် သတင်းများ ထွက်ပေါ်လာခဲ့၏။

အမေရိကန်ပြည်ထောင်စုအတွင်း နည်းလမ်းအမျိုးမျိုးနှင့် ရှားပါးတိရစ္ဆာန်နှင့် ထွက်ရှိပစ္စည်းများကို မှောင်ခိုတင်သွင်းသည့်တန်ဖိုးမှာ ဒေါ်လာ သန်း ၅၀ မှ၁၀၀ အတွင်းရှိနိုင်သည်ဟုတိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေးအား စောင့်ကြည့်လေ့လာသူများက သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ထုတ်ပြန်ခဲ့သော အင်တာနက်သတင်းတစ်ပုဒ်တွင် ချီကာဂိုမြို့၊ ဆင်ခြေဖုံးရှိ တိုက်ခန်းတစ်ခန်းအား ရဲများက သတင်းအရ စီးနင်းဝင်ရောက် ရှာဖွေရာ မြွေအမျိုးမျိုး ထိန်းသိမ်းမွေးမြူထားသည်သာမက ရှားပါးသော မြန်မာနိုင်ငံမှ စပါးအုံးမြွေနှင့် ငန်းပုပ်မြွေမျိုးများကိုပါ တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ အဘယ်ကြောင့် ထိုမြွေအမြောက်အမြားအား တိုက်ခန်းအတွင်း မွေးမြူထားသည်ကိုမူ ရှင်းရှင်းလင်းလင်း သိရှိရခြင်းမရှိသေးဟု ဖော်ပြခဲ့ပါသည်။

ဤကဲ့သို့ တိရစ္ဆာန်များ၊ မှောင်ခိုရောင်းဝယ်ခြင်းလုပ်ငန်း၏ အရှိန်အဟုန်မြင့်တက်လာမှုကြောင့် မှောင်ခိုဝိသမလောဘသားတို့သည် ရှားပါးသော၊ တန်ဖိုးအများဆုံးရသော တိရစ္ဆာန်များကို မရအရ နည်းလမ်းအမျိုးမျိုးဖြင့် ဖမ်းဆီးလာခဲ့ကြသည်။ တိရစ္ဆာန်များအဖို့ ဘေးကင်းရာ၊ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခိုလှုံရမည့်နေရာ ရှားပါးလာသည်။ သတ္တဗေဒပညာရှင်များနှင့် သုတေသီများ၏ ခန့်မှန်းချက်အရ ယခင်က မျိုးစိတ်ပေါင်း ၁၃၂၀၀ ရှိခဲ့ရာ မျိုးစိတ်ပေါင်း ၁၃၀ မှာ လုံးဝမျိုးတုံးပျောက်ကွယ်သွားခဲ့ပြီး နောက်ထပ်မျိုးစိတ် ၂၄၀ မှာလည်း ပျောက်ကွယ်တော့မည့်အခြေအနေရှိနေသည်ဟု သိရ၏။

လွန်ခဲ့သော သုံးလေးလခန့်က ကျွန်တော်တို့မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံမှ တောက်တဲ့များအား ဈေးကောင်းကောင်းပေး၍ ဝယ်ယူသည်ဟူသောသတင်းများ ထွက်ပေါ်လာခဲ့ရာမှ ကျေးရွာအများတွင် တောက်တဲ့များအား ဖမ်းဆီးသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။

၁၉၇၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့တော်၌ ကမ္ဘာ့နိုင်ငံပေါင်း ၈၀ မှ ကိုယ်စားလှယ်

www.burmeseclassic.com

များ တွေ့ဆုံကြပြီး တစ်စတစ်စ ရှားပါးလာသော တိရစ္ဆာန်မျိုးများနှင့် ရှားပါးသစ်ပင်ပန်းပင်များဆိုင်ရာ နိုင်ငံတကာကုန်သွယ်ရေး သဘောတူညီချက်ကို ချမှတ်ခဲ့ကြပြီး ထုတ်ပြန်ကြေညာခဲ့ကြ၏။ ထိုသဘောတူညီချက်အရ-

(က) မျိုးတုံးပျောက်ကွယ်တော့မည့် တိရစ္ဆာန်များအား ကူးသန်းရောင်းဝယ်ခြင်းကို ပိတ်ပင်၍ ထိုအချက်ကို လိုက်နာခြင်းမရှိသူများအား တည်ဆဲဥပဒေများနှင့် အရေးယူရန်၊

(ခ) မျိုးတုံးပျောက်မည်ဟု စိုးရိမ်ရသည့်တိရစ္ဆာန်များအား သက်ဆိုင်ရာ နိုင်ငံအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ ကူးသန်းရောင်းဝယ်မှုပြုရန်၊

(ဂ) တိရစ္ဆာန်တို့၏ မူရင်းမှီတင်းနေထိုင်သောနိုင်ငံမှ မှတ်တမ်းတင်ထားသော ဦးရေအခြေအနေကိုကြည့်၍ ထိုနိုင်ငံများမှ ယင်းတိရစ္ဆာန်များ ကူးသန်းရောင်းဝယ်မှုကို လိုအပ်သလို ကန့်သတ်ရန် စသောအချက်အလက်များ ပါဝင်ခဲ့ပါသည်။

၁၉၈၁ ခုနှစ်တွင်မူ အထက်ဖော်ပြပါ ဝါရှင်တန် သဘောတူညီချက်အား နိုင်ငံပေါင်း ၆၀ တို့က သဘောတူညီကြောင်း လက်မှတ်ရေးထိုးခဲ့ကြပြီး မိမိတို့နိုင်ငံများ၏ အခြေအနေအရ ဥပဒေများရေးဆွဲ၍ တိရစ္ဆာန်မှောင်ခိုကုန် ကူးသန်းရောင်းဝယ်မှုကို တားဆီးရန် ကြိုးပမ်းခဲ့ကြသည်။ သို့သော် ယနေ့တွင်မူ ဆင်စွယ်မှောင်ခိုမှုနှင့် ကြံ့ချိုမှောင်ခိုမှုလုပ်ငန်းမှာ အုံ့မခန်း တိုးပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ သာဓကအားဖြင့်တောရိုင်းတိရစ္ဆာန် စောင့်ကြည့်လေ့လာသူများက တစ်ချိန်က အာဖရိကတိုက်တွင် ကြံ့ အကောင်ရေ နှစ်သောင်းကျော် ရှိခဲ့သည်။ ယင်းကောင်ရေအနက် ထက်ဝက်ခန့်မှာ အာဖရိကတိုက်၊ ကင်ညာနိုင်ငံတွင်းရှိသည်ဟု သိရ၏။



ထိုကြံ့များမှာ အများဆုံး ဝိသမလောဘသား တိရစ္ဆာန်မှောင်ခိုဂိုဏ်းများ၏ မျက်စိအကျဆုံးကြံ့များဖြစ်ခဲ့ရသည်။ ၁၉၇၉ ခုနှစ်ကမူ တိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေးအဖွဲ့ဝင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများကို ထိုကင်ညာနိုင်ငံရှိ ကြံ့အရေအတွက်ကို တတ်နိုင်သလောက် ကြိုးစား၍ စာရင်းကောက်ယူခဲ့ကြရာ ကြံ့ကောင်ရေ ၁၅၀၀ ခန့်သာ ရှိတော့သည်ဟု ဆိုသည်။ ဤသို့ အံ့သြဖွယ်ကောင်းလောက်အောင်ကြံ့ကောင်ရေ ကျဆင်းသွားရခြင်းမှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တိုင်းသားများသည် ကြံ့ချိုကို အထူးတန်ဖိုးထားကြသည်။ ကြံ့ချိုသည် အမျိုးသားတို့၏ ကာမအားကို အားကောင်းစေသည်ဟု အစဉ်အဆက် ယုံကြည်ထားကြ၏။ ကာမအားတိုးဆေးဖော်စပ်ရာတွင် အသုံးပြုခဲ့ကြသဖြင့် ဈေးကွက်တွင် ကြံ့ချိုသည် အရောင်းရစ်ချိန်တင်နိုင်ခဲ့သည်ဟု တိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေးသမားများနှင့် ပတ်ဝန်းကျင်လေ့လာသူများက ဆိုကြသည်။ အထူးသဖြင့် ဟောင်ကောင် မှောင်ခိုဈေးတွင် ကြံ့ချိုတစ်အောင်စ၏တန်ဖိုးမှာ ဒေါ်လာ ၅၀၀ ခန့် ပေးရသည်ဟုဆိုသည်။ အတည်မပြုနိုင်သော သတင်းများအရဆိုရလျှင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၊ မှောင်ခိုဈေးကွက်တွင်မူ ကြံ့ချိုတစ်အောင်စလျှင် ဒေါ်လာ ၄၅၀ ခန့်သာ ပေးရသည်ဟု သတင်းများက ဖော်ပြခဲ့၏။

ဥရောပတိုက်နှင့် တောင်အမေရိကတိုက် နိုင်ငံအချို့တွင် ကြံ့ချိုကို ဓားမြှောင်ရိုးများအဖြစ် အသုံးပြုခဲ့ကြ၏။ ဓားမြှောင်များအား အမွေ တရပစ္စည်းများအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

**ကြံ့ချိုသည်**
**အမျိုးသားတို့၏ ကာမအားကို**
**အားကောင်းစေသည်ဟု**
**အစဉ်အဆက်ယုံကြည်ထားကြ၏။**
**ကာမအားတိုးဆေးဖော်စပ်ရာတွင်**
**အသုံးပြုခဲ့ကြသဖြင့်**
**ဈေးကွက်တွင် ကြံ့ချိုသည်**
**အရောင်းရစံချိန်တင်နိုင်ခဲ့သည်ဟု . . .**

ရောင်းချသောဆိုင်များတွင် ကြံ့ချိုအရိုးတပ် ဓားမြှောင်တစ်ချောင်းအား ဒေါ်လာ ၇၀၀၀ ထိ ရောင်းချလေ့ရှိသည်ဟု သိရသဖြင့် အာဖရိကတိုက်၊ ကင်ညာနိုင်ငံရှိ ကြံ့ကောင်ရေ တစ်စတစ်စနည်းပါးလာရခြင်းမှာ ဘာဆန်းသလဲဟု ဆိုရပေတော့မည်။ ကင်ညာအစိုးရကလည်း ကြံ့များမျိုးတုံးပျောက်သွားမည်ကို စိုးရိမ်ပူပန်သဖြင့် နိုင်ငံအတွင်း ဘေးမဲ့တောများ တည်ထောင်၍ မှောင်ခို ဝိသမသားမုဆိုးများအား ကာကွယ်ရန် စီမံဆောင်ရွက်ထားသော်လည်း ကြံ့များမှာ တိရစ္ဆာန်မှောင်ခိုကုန်ကူးသူများ၏စက်ကွင်းမှ မလွတ်ကင်းနိုင်ပေ။

ဤဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သည့်အတိုင်း မှောင်ခိုမုဆိုးအများသည် ကြံ့များအား ဘေးမဲ့တောများအတွင်း လျှို့ဝှက်စွာဝင်ရောက်၍ အဆိပ်ခတ်သတ်ဖြတ်ခဲ့ကြသည့်အကြောင်း စာဖတ်သူများ သိရှိပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။ သတင်းမီဒီယာများ၏ အဆိုအရ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့သည် တိရစ္ဆာန်မှောင်ခိုသူတို့၏ အဓိကကျက်စားရာ မြို့များဖြစ်သည်။ ဤမြို့ကြီးများမှ တိရစ္ဆာန်မှောင်ခိုသမားများသည် ဥရောပတိုက်နှင့် တောင်အမေရိကတိုက်တို့သို့ ရှားပါးတိရစ္ဆာန်များကို နည်းလမ်းအမျိုးမျိုးနှင့် ပို့ဆောင်ခဲ့ကြသည်။ အထက်ဖော်ပြပါ မြို့များမှ တိရစ္ဆာန်မှောင်ခိုရောင်းဝယ်သူများသည် သန်းကြွယ်သူဌေးများ ဖြစ်နေကြပြီဖြစ်ရာ သူတို့လုပ်ငန်းအား အနှောင့်အယှက်မပေးနိုင်ရန် အာဏာပိုင်များအား စိုစိုပို့ပို့ ငွေပေးခဲ့ကြသည်။

မှန်ပါသည်။ သူတို့အဖို့ မှောင်ခိုဈေးကွက်မှအတော်အသင့်နှင့် ဝယ်ယူထားသော ရွှေရောင်ပါသည့် ကြက်တူရွေးတစ်စုံအား ဥရောပတိုက်နှင့် အမေရိကတိုက်တို့မှ ငှက်ဝါသနာပါသူများက ဒေါ်လာ ၂၀၀၀၀ အထိပေး၍ ဝယ်ယူခဲ့ကြသည်ဟုဆိုရာ တိရစ္ဆာန်မှောင်ခိုကုန်သည်များအဖို့ သောက်သောက်လဲ အမြတ်အစွန်းရသည့်လုပ်ငန်းအား လွယ်လွယ်ကူကူနှင့် စွန့်ပစ်မည်မဟုတ်ပေ။

မှတ်တမ်းအရ ယနေ့ဆိုလျှင် နိုင်ငံတကာတွင်ဆင်စွယ်ရောင်းချရေးကို တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားဆီးပြီး ဆင်စွယ်ရောင်းဝယ်သူများအားလည်း ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြသည်။ အာဖရိကတိုက်တွင် ဆင်ကောင်ရေ သုံးသန်းခန့်ရှိခဲ့သော်လည်း မှောင်ခိုဈေးကွက်ဟါင် ဆင်စွယ်တစ်ပေါင်လျှင် ဒေါ်လာ ၁၅၀ မှ ဒေါ်လာ ၂၀၀ ထိရှိရာ အာဖရိကမှ ဆင်စွယ်မှောင်ခိုမုဆိုးများသည် ဆင်ကောင်ရေ သိန်းနှင့်ချီ၍ သတ်ခဲ့သည်ဟုဆိုသည်။

၁၉၉၂ ခု၊ မတ်လတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ရှားပါးတိရစ္ဆာန် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာညီလာခံကြီးတစ်ရပ် ခေါ်ယူခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၃ နိုင်ငံက တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံကြီးမှ အာဖရိကနိုင်ငံအချို့တွင် တိရစ္ဆာန်မှောင်ခိုလုပ်ငန်း ပပျောက်ရန်အတွက် ဒေသခံများအား လုပ်ငန်းသစ်များရရှိရန် ငွေထုတ်ချေးရေး၊ လုပ်ငန်းသစ်ရှာဖွေပေးရေးအကူအညီများပေးကြရန် စီမံခဲ့ကြသော်လည်း ယနေ့ထိ တိရစ္ဆာန်မှောင်ခိုတိုက်ဖျက်ရေးမှာ အောင်မြင်ခြင်းမရှိသေး။

ဝိသမလောဘသားများရှိနေသရွေ့ ထိုလုပ်ငန်းမှာရှင်သန်လျက်ရှိနေပေလိမ့်မည်ဟု ဆိုကြပါကြောင်း။

ကျမ်းကိုး-(၁) အင်တာနက်

(၂) Man is the Prey

လျှမ်းထက်

www.burmeseclassic.com

www.burmeseclassic.com



ကိုဦးနှင့်မထိုက်တို့လင်မယား တွင် ကိုဦးက လူတိုင်းကိုအယုံလွယ် သလောက် မထိုက်က လူတိုင်းကို မယုံတတ်ပေ။ လင်မယား နှစ် ယောက်မှာ ထိုကိစ္စကြောင့် အမြဲ တမ်း ပြဿနာဖြစ်ကြရ၏။

''လူတိုင်းကို သံသယမျက်လုံး နဲ့ မကြည့်နဲ့ကွ၊ မင်းတော့ အဲဒီစိတ် နဲ့ ဒုက္ခဖြစ်မှာပဲ''

''မှုခင်းအမြင်တော့ ရှိရမှာ ပေါ့ရှင်၊ သံသယကို အလွဲသုံးစား မတွေးရင် ဘယ်တော့မှ ဆိုးကျိုးမ ဖြစ်နိုင်ပါဘူး''

''မင်းက လွန်လွန်းပါတယ် ကွာ၊ လမ်းသွားရင်လည်းတွေး၊ အိမ် မှာနေလည်းတွေး၊ ဧည့်သည်လာ လည်းတွေးနဲ့ ကြာရင် စိတ်ရောဂါ ရလိမ့်မယ်နော်၊ ကြည့်လုပ်''

''ရှင့်လို ပေါ့ပေါ့တွေးပြီး ယုံ လွယ်တတ်သူကြောင့် အမှုအခင်း တွေဖြစ်လာရတာပဲ၊ မဖြစ်သေး တော့လည်း မသိဘူးပေါ့ရှင်၊ ကျွန်မ က ဗဟုသုတရတဲ့ စာမျိုးတွေဖတ် နေတော့ ကြိုတင်အမြင်ရှိတယ်၊ ပို သိတယ်''

''အေး မင်းပဲသိပါကွာ၊ နော်''

ကိုဦးမှာ စိတ်တိုပြီးထွက်သွား ခဲ့သဖြင့် နေအိမ်တွင် မထိုက်တစ် ယောက်တည်းသာ ကျန်ရစ်ခဲ့၏။


+++

''မိန်းမရေ...ဒီမှာဘယ်သူလဲလို့ ထွက်ကြည့်ပါဦးကွာ''

မီးဖိုထဲတွင် ချက်ပြုတ်နေစဉ် ကိုဦးက သူ့သော့ဖြင့်ဖွင့်ဝင်လာ၏။ အိမ်ထဲခြေချသည်နှင့် ဝမ်းသာ အားရ အော်ပြောလိုက်သည်။

''ဟင်.....ကိုမြမောင်ကြီးပါ လား၊ ဘယ်တွေရောက်လို့ ဒီကိုဝင် မလာရတာလဲ၊ ရှင့်ဘော်ဒါကြီးက မျှော်နေတာရှင့်''

''ပြောတော့ဗျာ၊ ကျုပ်လည်း



# ယုံလွယ်သူနှင့်အယုံမလွယ်သူ

**အိမ့်** (ရူပဗေဒ)

ခရီးတွေပဲ စွတ်ထွက်နေရတယ်၊ အခုတော င် တောင်ကြီးသွားခါနီး လာနှုတ်ဆက်တာဗျ၊ အဝေးပြေး ဂိတ်ကိုအသွား အချိန်မှားနေလို့ ဒီ မှာညအိပ်မလို့ ဝင်လာတာ''

ကိုဦးက မထိုက်မျက်နှာကို လှမ်းကြည့်လိုက်၏။ မြမောင်နှင့် ကို ဦးတို့က ငယ်ပေါင်းကြီးဖော်များဖြစ် ကြသည့်အတွက် ကိုဦးက လက်ခံ ချင်ပုံရသည်။ သို့ပေမယ့် မိန်းမက မျက်နှာပျက်သွားရာ အားနာပါးနာ ဖြင့် ကိုဦးက.....

''နေပါစေ မိန်းမရာ၊ တစ်ည တည်းပဲဥစ္စာ၊ အပြင်မှာသွားတည်း ရင်ငွေကုန်နေပါ့မယ်၊ လာ...သူ ငယ်ချင်း၊ မင်းနေရမယ့်အခန်းကို လိုက်ပြမယ်''

ကိုဦးက မြမောင်၏ ခရီး ဆောင်အိတ်ကြီးကို ဆွဲ၍ခေါ်သွား ရာ မထိုက်မှာ သက်ပြင်းမောကို ချ လိုက်တော့သည်။

မအိပ်ခင်တွင် စားကြသောက် ကြနှင့် စကားပြောကြပြီး တော်

တော်လေးညဉ့်နက်မှ အိပ်ကြ၏။ မထိုက်ကတော့ အိပ်ရာစောစော ဝင်လိုက်တော့သည်။

+++

''ယောကျ်ားရေ ထပါဦး တော်''

မထိုက်က တရှူးရှူးအိပ်ပျော် နေသော ကိုဦးကို ပုတ်နှိုးလိုက်၏။ သို့သော်လည်း မနိုးပေ။ တစ်ဖက် သို့စောင်း၍အိပ်လိုက်သဖြင့် စိတ်တို သွားရသည်။

''ဩော်...ဒုက္ခပါပဲ၊ ထတော့ ယောကျ်ားရေ၊ နေ့လယ်တောင် ရောက်နေပြီ၊ အိမ်မှာ ကုန်ပြီတော့၊ အီး.....ဟီး.....ဟီး''

မထိုက်ငိုသံကြားမှ ထကြည့် ၏။ အိပ်မှုန်စုံမွှားနှင့် မျက်လုံးပြူး သွားတော့သည်။ အိပ်ရာဘေးရှိ ဗီရိုမှာ ဖရိုဖရဲနှင့်တွေ့ရ၍ မျက်လုံး ပိုပြူးသွား၏။ အိပ်ချင်စိတ်ပင်မရှိ တော့ပေ။ ဗီရိုထဲတွင်ထားသော အတွင်းပစ္စည်းများနှင့် ငွေသားများ ပါ မရှိတော့ပေ။ အထည်အဝတ် အစားများမှာလည်း အပေါ်တစ်ဝက် အောက်တစ်ဝက်နှင့် မြင်ရသူတိုင်း စိတ်မချမ်းသာစရာပင်။ ညနေကမှ ဧည့်သည်ကို စီးပွားရေးအဆင်ပြေ ကြောင်း ကြွားလိုက်မိသေး၏။

''ဒါဆို သူခိုးဝင်မွှေသွားပြီပေါ့ နော်''

''ဟုတ်တယ်လေ၊ အဲဒီသူခိုး က ရှင့်သူငယ်ချင်းကြီး ကိုမြမောင် ပဲ၊ ဘယ်အချိန်က ထလစ်သွားလဲ မသိဘူး၊ ပစ္စည်းတွေပါ မ,သွားပြီ''

''တောက်.....လုပ်ရက်ပါ့ကွာ၊ တို့လင်မယားကို အိပ်ဆေးခတ်ပြီး ပစ္စည်းတွေခိုးသွားတာပဲ''

''အဲဒါကြောင့်ပြောတာပေါ့ ရှင်က ယုံလွယ်လွန်းတော့ ...ပြီ ပေါ့တော်''

အိမ့် (ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

# အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com


"တူနှစ်ဖြာ...ရွှေဂဟေဆက်ဖို့ သွေမပျက်တဲ့...မေတ္တာ၊ ရေစက်ရဲ့ ရေးအလာ.....မနှေးအခါခါချင့်တွေး (ဖြစ်ရေးခု သမုဒယန္တယ်လာ)ᒧ...ခု ဘဝတကယ်.....ဘယ်မမုန်းတော့ လေး.....လေး....."

စစ်တောင်းမြစ်ကမ်းပါးဘေးရှိ ထင်းကုန်းရွာလေး၏ တောင်ဘက်ဆီမှ ပျံ့လွင့်လာသော မင်္ဂလာတေးအသံချို့စက်အသံဖြစ်ပါသည်။ထင်းကုန်းရွာ၏ ရွာမိ၊ ရွာဖဖြစ်ကြသော ဦးလွန်းမောင်၊ ဒေါ်ရွှေမိတို့၏ တစ်ဦးတည်းသောသမီး မနှင်းပွင့်၏ မင်္ဂလာဆောင်မဏ္ဍပ်ဆီမှ ဖွင့်နေခြင်းဖြစ်ပါသည်။ မနှင်းပွင့်မှာ ရွာ၏ ကွမ်းတောင်ကိုင်ဖြစ်သည့်ပြင် ရပ်ရွာဂုဏ်သရေရှိလူကြီးတို့၏ တစ်ဦးတည်းသောသမီး ဖြစ်နေတာမို့ ရွာရှိလူများသည် မင်္ဂလာဆောင်မဏ္ဍပ်၌ အုပ်စုအလိုက် လာရောက်ပြီးလိုအပ်သည်များ ပြင်ဆင်နေကြသော အချိန်ဖြစ်ပါသည်။

မနှင်းပွင့်နှင့် မင်္ဂလာဆောင်မည့် သတို့သား မောင်စိုးနောင်က လည်း တစ်ရွာတည်းသားဖြစ်ပြီး ရွာ၏မြောက်ဘက်ပိုင်းတွင် နေသူဖြစ်ပါသည်။ မိဘများဖြစ်သည့် ဦးစံဒွန်း၊ ဒေါ်မယ်ခတို့ကလည်း လယ်ဧက ၃၀ ခန့်ကို လယ်သူရင်းငှားပေါင်းများစွာနှင့် လုပ်ကိုင်နေသူတစ်ဦးဖြစ်သည့်ပြင် မိတ်သင်္ဂဟ၊ ဆွေမျိုးအသိုင်းအဝိုင်း တောင့်တင်းသူများလည်းဖြစ်ပါသည်။ ရွာနီးပတ်ဝန်းကျင်ရှိ ရွာများအားလုံးသို့လည်း နှစ်ဖက်သောမိဘများက ခင်မင်ရာ၊ ခင်မင်ကြောင်း မိတ်ဆွေများ ဖိတ်ကြားထားသည်မို့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် မင်္ဂလာအခမ်းအနားဆိုလျှင် မှားမည်မထင်ပါ။ သတို့သမီး မနှင်းပွင့်၏ အိမ်ရှေ့ကွက်လပ်တွင် ကနားဖျင်းထိုးပြီး တောခလေ့များအတိုင်း ဖျာခင်း၍ ညှိခံမည်ဖြစ်ပါသည်။ ရပ်နီး၊ ရပ်ဝေးမှ လာကြမည့်သူများကိုလည်း ထမင်းစားလက်မှတ်ပေး၍ အလှည့်ကျ ကျွေးမွေးမည့် လူ ၅၀ဆံ့ ထမင်းစားရုံကြီးကိုလည်း ခေါင်းရင်းဘက်တွင် သီးသန့်ဆောက်လုပ်ထားပြီး ဖြစ်ပါသည်။

ယနေ့ မင်္ဂလာဆောင်အကြိုနေ့ဖြစ်သဖြင့် နှစ်ဖက်မိဘများ၏ မျက်နှာကြောင့် လာရောက်ဝိုင်းကူလုပ်ကြသည့်သူများမှာလည်း အားတက်သရော ကိုယ်စီကိုယ်စီအလုပ်ရှုပ်နေကြချိန်ဖြစ်ပါသည်။

သတို့သား မောင်စိုးနောင်ကလည်း ကျေးရွာကာလသားအဖွဲ့များနှင့် တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ ပြောကြ၊ ဆိုကြ၊ ရယ်မောကြနှင့် အပျော်ဆုံးအချိန်၊ ကြည်နူးမဆုံးအချိန် ဖြစ်နေကြပါသည်။

သတို့သမီး မနှင်းပွင့်အနီး၌လည်း ရွာရှိပျိုမေတစ်သိုက်က ဝန်းရံပြီး မင်္ဂလာဆောင်နေ့တွင် ဝတ်ရမည့် မင်္ဂလာဝတ်စုံ၊ ပန်ရမည့်ပန်း၊ လိမ်းခြယ်ရမည့် မိတ်ကပ်များနှင့် ပတ်သက်၍ မည်သို့လိမ်းလျှင် မည်သို့လှမည် စသည်ဖြင့် နီးနှောဆွေးနွေးနေကြချိန်လည်းဖြစ်ပါသည်။

နှင်းပွင့်၏ငယ်သူငယ်ချင်းမရွှေမိကတော့ နှင်းပွင့်နားနားသို့ကပ်ပြီး တိုးတိုးပြောလိုက်၊ ခုတင်ပေါ်တွင် ခဏခဏထိုင်ကြည့်လိုက်၊ လှုပ်ကြည့်လိုက်နှင့် လုပ်နေသဖြင့် မနှင်းပွင့်ခမျာ ရှက်စနိုးအမူအရာနှင့်သာ ငြိမ်နေရပါတော့သည်။ ငယ်သူငယ်ချင်း၊ ပြောမနာဆိုမနာဆိုတော့လည်း စိတ်မဆိုးဝံ့။ သူတို့နောက်ပြောင်ကြသည့် စကားများကိုသာ အပြုံးပန်းဖြင့် သည်းခံကြည်နူး နှစ်သိမ့်နေရပါတော့သည်။

ချက်ပြုတ်သည့်နေရာ၌လည်း ရွာ၏အချက်အပြုတ်တာဝန်ခံ ဦးဝကြီးကိုယ်တိုင် ဦးစီးပြီး သူ့အဖွဲ့သားများနှင့် ချက်ပြုတ်ရန် ပြင်ဆင်နေကြပါသည်။ နှစ်ဖက်မိဘအသိုင်းအဝိုင်းမှာ တောင့်တင်းသူများဖြစ်ကြသဖြင့် တောရွာခလေ့အကြိုက် ဝက်သား အချိန် ၅၀ ပိဿာကို အရောအနှောမပါဘဲချက်ရန် ဝက်သားများ ခုတ်ထစ်သူက ခုတ်ထစ်၊ အဆီအအိမ့်ပြေစေရန် အဆွဲကောင်း

www.burmeseclassic.com

ချက်ဖို့ ချဉ်ပေါင်ရွက်သင်သူကသင်၊ ဝက်သားမစားသူများအတွက် ငါးကြင်းအချိန် ၂၀ ပိဿာခန့်ကို အရိုးနူးပေါင်းချက်ရန် ငါးများခုတ်ထစ်သူကခုတ်ထစ်၊ မိုးပြဲဒယ်အိုးများကို ဖိုခုံလောက်ပေါ်တွင် ပြင်ဆင်သူက ပြင်ဆင်၊ ငါးပိတို့စရာအတွက် ငါးခြောက်ထောင်းရန် ငါးအရိုးနွှင်သူက နွှင်နှင့် ကိုယ်စီကိုယ်စီ မမောနိုင်၊ မပန်းနိုင် လုပ်ကိုင်နေကြချိန်လည်းဖြစ်သည်။

နှစ်ဖက်မိဘများကလည်း မဏ္ဍပ်ပြင်ဆင်သည့်နေရာ၊ ချက်ပြုတ်သည့်နေရာများသို့ သွားရောက်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်နေကြချိန်လည်းဖြစ်သည်။

ကျေးရွာခလေ့အတိုင်း မိမိတို့ထံ လာရောက်ချီးမြှင့်ကြမည့်သူများ စိတ်ငြိုငြင်မှု မဖြစ်စေရေးအတွက် စိတ်စေတနာကောင်းများဖြင့်အထစ်အငေါ့မရှိအောင် စီစဉ်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ထိုအချိန်တွင် မင်္ဂလာမဏ္ဍပ်ဘက်ဆီသို့ လူငယ်တစ်ဦးရောက်လာပြီး.....

"စက်လှေဆိပ်မှာ ပြွန်တန်ဆာ ရဲစခန်းက စခန်းမှူးနဲ့အဖွဲ့တွေ ဆင်းလာတာတွေ့တယ်"

ရွာလူကြီး ဦးသာမောင်က ထိုလူငယ်ဘက်သို့ လှည့်ကြည့်ပြီး....

"ရဲတွေက တို့ရွာကို ဘာလာလုပ်ကြတာလဲကွ"

"ကျွန်တော်လည်း မသိဘူး၊ ပြောသံကြားတာကတော့ သတို့သားစိုးနောင်တို့ မင်္ဂလာဆောင်အိမ်ဘယ်မှာလဲလို့ မေးသံကြားတယ်"

"သူတို့ကိစ္စရှိလို့ နေမှာပေါ့ကွာ"

မကြာမီ ပြွန်တန်ဆာရဲစခန်းမှူး ရဲအုပ် ဝင်းဦးနှင့် နယ်ထိန်းခေါင်းဆောင် တပ်ကြပ် ချစ်တီးတို့အဖွဲ့လည်း မင်္ဂလာမဏ္ဍပ်သို့ရောက်လာကြသည်။ ရောက်သည်နှင့်....

"သတို့သား စိုးနောင်နဲ့တွေ့ချင်လို့ပါ"

"ဘာကိစ္စများ ရှိလို့ပါလဲ၊ ရှိပါတယ်၊ ဟော့....စိုးနောင်ကို ခေါ်ပေးလိုက်ပါကွာ"

စိုးနောင်၏ဖခင် ဦးစံဒွန်းက လှမ်းအော်ပြောလိုက်ပါသည်။

သတို့သား စိုးနောင်ကလည်း လူများညှော်ခံရာ ထမင်းစားရုံဘက်မှ ထွက်လာပြီး မဏ္ဍပ်အတွင်းသို့ ရောက်သည့်အခါ ရဲစခန်းမှူးက လှမ်းပြောလိုက်၏။

"ကဲ.....စိတ်တော့မကောင်းပါဘူး၊ စိုးနောင်ကို ကျွန်တော်တို့ လူသတ်မှုနဲ့ ဖမ်းရပါလိမ့်မယ်"

"ဟယ်....."

"ဟင်....."

"အို....."

စသည့် အာမေဍိတ်သံများနှင့်အတူ.....

"ဘယ်လိုဖြစ်တာလဲ စခန်းမှူးကြီးရယ်၊ ကျွန်တော်တို့ ဘာမှလည်း မသိရပါလား၊ စိုးနောင်လည်း ဒီမှာ တစ်နေ့လုံးရှိနေပါတယ်"

သတို့သမီး မနှင်းပွင့်လည်း ရွာရှိသူငယ်ချင်းအပျိုတစ်သိုက်နှင့် ရောက်လာ၏။ မျက်ရည်များဝဲလျက် မေးခဲ့သည်။

"အစ်ကို ဘာတွေများလုပ်ခဲ့လို့လဲ အစ်ကိုရယ်၊ ညီမတော့ ရင်ကွဲ အရှက်ရပါပြီ"

ဟုပြောပြီး ချုံးပွဲချငိုပါတော့သည်။ စိုးနောင်ကတော့ သူ့အကြောင်းနှင့်သူမို့ ဘာမှမပြောဘဲ ခေါင်းငိုက်စိုက်ချနေပါသည်။ ရဲစခန်းမှူးက နယ်ထိန်းအဖွဲ့အား စိုးနောင်ကို လက်ထိတ်ခတ်ရန် ညွှန်ကြားသဖြင့် နယ်ထိန်းအဖွဲ့ကလည်း စိုးနောင်ကို လက်ထိတ်ခတ်ရန် ပြင်ဆင်နေပါသည်။

"နေပါဦး စခန်းမှူးရယ်၊ ကျွန်တော်တို့ကို ဖမ်းရတဲ့အကြောင်းဖြစ်စဉ်လေးကိုတော့ ပြောပြပါဦးဗျာ"

"ပြောပြပါ့မယ်ဗျာ၊ ဖြစ်စဉ်က ဒီလိုပါ....."

✦✦✦

ထင်းကုန်းရွာသား စိုးနောင်က မြောက်ပိုင်းနေ မနှင်းပွင့်ကို ချစ်ကြိုက်နေသည်မှာ လွန်ခဲ့သောနှစ်ကပင်ဖြစ်သည်။ ဒါပေမဲ့ မနှင်းပွင့်ကို ချစ်ကြိုက်နေကြောင်း ဖွင့်မပြောရသေး။ အောင်သွယ်တော်အဆင့်ဆင့်၏ ရွှေနားတော်သွင်းမှုကြောင့် မနှင်းပွင့်အနေဖြင့် သူ့ကို စိုးနောင်က ချစ်ကြိုက်နေသည်ကိုတော့ သိနေပါသည်။

စိုးနောင်နှင့်သူက တစ်ရွာတည်းသားဆိုသော်လည်း မူလတန်းကျောင်းတွင် စိုးနောင်က လေးတန်း၊ သူက သုံးတန်းဆိုတော့

www.burmeseclassic.com

www.burmeseclassic.com




ငယ်ငယ်ကတည်းက တွေ့ဖူး၊ မြင်ဖူး၊ အကြောင်း သိနေသူဖြစ်ပါသည်။

စိုးနောင်တစ်ယောက် ရွာကျောင်းမှတစ်ဆင့် မဒေါက်မြို့ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ကာ ကျောင်းတက်ခဲ့သော်လည်း ကျောင်းပိတ်သည့်ရက်တိုင်း ရွာသို့ ပြန်လာသည်မို့ ရွာအလှူပွဲ၊ ရပ်ရွာကိစ္စ စည်းဝေးပွဲများတွင် တွေ့နေကျဖြစ်သည်။ စိုးနောင်က ယခုအချိန်ထိ ချစ်ကြောင်းမဖွင့်ပြောသေးသည်မို့ မနှင်းပွင့်ကလည်း တိတ်တခိုးကြည့်နေရုံကလွဲပြီး ဘာမှ မတတ်နိုင်ပါ။

သို့သော် လွန်ခဲ့သောနှစ်၊ ရွာဦးကျောင်းကထိန်ပွဲတွင် စိုးနောင်နှင့် နှင်းပွင့်တို့ တွေ့ကြသည်။ သူငယ်ချင်းအပေါင်းအသင်းများ၏ စေ့ဆော်တိုက်တွန်းအားပေးမှုများကြောင့် ရွာဦးကျောင်းရေကန်ပေါင်ဘေးတွင် ချစ်မဏ္ဍိုင်စိုက်ထူခဲ့ကြတော့သည်။ ချစ်သူသက်တမ်းကာလ တစ်နှစ် ကျော်ခန့်ရှိခဲ့သော်လည်း ယခုနှစ်မှသာ နှစ်ဖက်မိဘများကို ဖွင့်ပြောကြပြီး မင်္ဂလာအခမ်းအနား စီစဉ်ကြခြင်းဖြစ်သည်။

မင်္ဂလာဆောင်ဖိတ်စာ ၅၀၀ ခန့်ရိုက်ပြီး နှစ်ဖက်မိတ်သင်္ဂဟများအား ဖိတ်ကြားရန် နှစ်ဖက်စလုံးက ဖိတ်စာအညီအမျှ ခွဲဝေယူပြီး ဖိတ်ကြားခဲ့ကြသည်။

စိုးနောင်က မဒေါက်မြို့၊ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့များရှိ ရွာများဘက်သို့ အရောင်းအဝယ်နှင့် ရောက်ဖူးနေသူဖြစ်၍ ထိုရွာများ၌လည်း အပေါင်းအသင်း၊ မိတ်ဆွေက ပေါများလှသည်။ ယခုလည်း ပြွန်တန်ဆာမြို့အနီးရှိ လှည်းဆိပ်ကျေးရွာအုပ်စု၊ ကဒါးကျေးရွာတွင် ခင်မင်ရင်းနှီးရာ သူငယ်ချင်းများရှိသဖြင့် မင်္ဂလာမဆောင်မီ လေးရက်ခန့်က ရွာမှထွက်လာခဲ့သည်။

ကဒါးရွာသို့ ညနေ ၃ နာရီခန့်တွင် ရောက်ပြီး သူငယ်ချင်း မင်းကြည်၏အိမ်သို့ သွားခဲ့သည်။ အိမ်တွင် မင်းကြည်ကို အသင့်တွေ့ရသည်။

''ဟေ့ကောင်ကြီး မင်း ဘယ်ကနေ ဘယ်လို မျက်စိလည်ပြီး ရောက်လာတာလဲကွ''

စိုးနောင်ကလည်း ပါလာသည့် ဘေးလွယ်အိတ်အား အသာချထားပြီး ပြန်ပြောခဲ့သည်။

''သူငယ်ချင်းကလည်း ပြောမှာပေါ့ကွ၊ မင်းကလည်း အခုပဲ ရောက်တယ်၊ ကိစ္စရှိလို့လာတာပေါ့ကွ''

''ဒီလိုဆိုရင်လည်း ပြောစမ်းပါဦး၊ လာရင်းကိစ္စ''

''ဒီလိုကွ သူငယ်ချင်း၊ အခု လာမယ့် တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့မှာ ငါ ရွာမှာ မင်္ဂလာဆောင်မယ်၊ အဲဒါ မင်းတို့ကို လာဖိတ်တာကွ''

''မင်းကလည်း ဆိုင်းမဆင့်၊ ဗုံမဆင့်ပါလားကွ၊ ငါ့သူငယ်ချင်း

www.burmeseclassic.com

ဒီ တစ်ခါတော့ အမှန်စွဲပြီပေါ့ကွာ''

''အေးပေါ့ကွ၊ အဲဒါ ဒီမှာရှိတဲ့ ငါ့အပေါင်းအသင်းတွေကို လာဖိတ်တာပေါ့ကွ''

''ဒါဆိုရင် ရွာထဲက အောင်ဘု၊ ချမ်းငြိမ်း၊ တင်အောင်၊ သိုက်ထွန်း၊ မြငြိမ်းတို့ကို အကြောင်းကြားပြီး ညဘက်မှ တို့တွေ အောင်ပွဲအကြို ညှော်ခံဖို့ စီစဉ်ကြတာပေါ့ကွာ''

''အေး.....ကောင်းတယ်၊ ငါက အရက်ဖိုးတာဝန်ယူမယ်ကွာ၊ မင်းတို့က အမြည်းဖိုးတာဝန်ယူကြ''

မင်းကြည်က ခဏစဉ်းစားပြီးနောက် သတင်းစကားတစ်ခုကို ပြောပြလိုက်သည်။

''ဒီလိုလုပ်မယ်ကွာ၊ အောင်ဘုအိမ်က ရွာအစွန်လည်းကျတယ်၊ တစ်ယောက်တည်းသမား၊ နောက်ပြီး ဒီကောင်က ငွေပြတ်နေလို့ သူ့အိမ်က နွားပေါက်တစ်ကောင် ပေါ်ရောင်းမယ်လို့လည်း ပြောသံကြားတယ်ကွ''

''ဒီလိုဆိုရင် အမြည်းကောင်းကောင်း စားရတာပေါ့ကွာ၊ ဒီလိုဆိုရင် မင်းကြိုပြီး စီစဉ်တော့လေကွာ၊ ငါလည်း ခရီးပန်းလာလို့ ခဏနားလိုက်ဦးမယ်''

မင်းကြည်လည်း စိုးနောင်ကို အိမ်မှာထားခဲ့ပြီး ရွာလယ်ဘက်သို့ ထွက်သွားခဲ့သည်။

အချိန်က ည ၈ နာရီခန့်.....

ရွာအစွန်ရှိ အောင်ဘု၏နေအိမ်တွင် စိုးနောင်၊ ချမ်းငြိမ်း၊ တင်အောင်၊ သိုက်ထွန်း၊ မြငြိမ်းတို့ စုမိကြသည်။ အောင်ဘုနှင့် မြငြိမ်းကတော့ နွားသေတစ်ကောင်အနီးတွင် အသားဖျက်နေကြသည်။

ဘယ်အချိန်က နွားကို သေအောင်လုပ်လိုက်သည်မသိပါ။ စိုးနောင်ရောက်သည့်အချိန်တွင် နွားသားရေအား ဖယ်ထုတ်ပြီး ဝမ်းတွင်းသားသတ်သတ်၊ အသားသတ်သတ် ခွဲထုတ် ဖြတ်ထုတ်နေချိန်ဖြစ်သည်။

သိုက်ထွန်းကတော့ မီးဖိုခန်းဘက်တွင် အမဲသားယူပြီး ငရုတ်သီးစပ်စပ်ဖြင့် ဟင်းချက်နေခဲ့သည်။ အနီးတွင် တင်အောင်ကလည်း အမဲဝမ်းတွင်းသားတစ်တွဲယူပြီး ရေဆေးနှင့်စိမ်၍ ဖွန်းနှင့်ခြစ်၊ ဓားဖြင့်ဖြတ်ပြီး အမဲအူသုပ်ပြုလုပ်ရန် စီစဉ်နေသည်။

စိုးနောင်က ညှော်သည်မို့ ဘာမှပိုင်းကူမလုပ်။ ရွာခံအဖွဲ့များကသာ သတို့သားလောင်း စိုးနောင်ကို ညှော်ခံရန် ချက်ပြုတ်ပြင်ဆင်နေကြခြင်းဖြစ်ပါသည်။

အိမ်ပေါ်တွင် အရက်သောက်ရန် ပန်းကန်လုံး၊ ဖန်ခွက်များနှင့် ချက်အရက် ငါးဂါလန်ဝင် ပုံးတစ်ပုံးကိုလည်း အနီးတွင်တွေ့ရသည်။ စိုးနောင်က အရက်သောက်မည့်နေရာ၏ ခေါင်းရင်းဘက်တွင်ထိုင်ပြီးချက်ပြုတ်နေကြသည့် အပေါင်းအသင်းများကိုကြည့်ကာ စားသောက်ကြမည့်အချိန်ကိုသာ စောင့်ဆိုင်းနေသည်။

နွားဖျက်နေသည့် အောင်ဘုတို့အဖွဲ့ကလည်း အမဲသားကို ၂၅ ကျပ်သားခန့်စီအတွဲများ၊ တစ်ပိဿာခန့်စီ အတွဲများတွဲပြီး ဝါးတန်းများပေါ်တွင် ချိတ်ဆွဲနေကြသည်။ မီးဖိုခန်းဘက်မှ အမဲသားဟင်းအိုး၏ မဆလာအနံ့ကလည်း မွှေးလာသဖြင့် စိုးနောင်က လှမ်းအော်ပြောလိုက်သည်။

''ဟေ့.....မင်းတို့ မပြီးကြသေးဘူးလားကွ၊ ငါကတော့ ဆာပြီနော်၊ သွေးနွေးအောင်တော့ ချချင်နေပြီ''

မီးဖိုခန်းဘက်တွင် ချက်ပြုတ်နေသော သိုက်ထွန်းက.....

''အမဲသားနူးတော့မှာပါကွ၊ တင်အောင်ရဲ့ အမဲအူသုပ်လေးသုပ်ပြီးရင် ချကြတော့မယ်လေကွာ''

ထိုအချိန် အမဲသားဖျက်နေကြသည့် အောင်ဘု၊ မြငြိမ်းတို့ကလည်း ခြေ၊ လက်များဆေးပြီး အမဲသားတစ်တွဲဆွဲ၍ အိမ်ပေါ်သို့တက်လာသည်။

''ဟေ့.....အမဲသားအစိမ်းတွဲကြီးက ဘာလုပ်မလို့လဲကွ''

အောင်ဘုက အိမ်တိုင်သံငုတ်တွင် ချိတ်ထားလိုက်ပြီးနောက် စိုးနောင်အား ပြန်ပြောလိုက်၏။

''မင်းပြန်ရင် ဟင်းစားပေးလိုက်မလို့ပါကွာ၊ ဒီလိုမှမဟုတ်ရင် ရောင်းတဲ့အမဲသားတွေထဲ ပါသွားမှာစိုးလို့၊ မင်းအတွက် အသားကောင်းကောင်း သီးသန့်လုပ်ထားတာကွ''

''ကျေးဇူးတင်ပါတယ်ကွာ၊ မနက်ကျမှပဲ ယူတော့မယ်''

ထို့နောက် သိုက်ထွန်းက အငွေ့တထောင်းထောင်းထနေသော

www.burmeseclassic.com

www.burmeseclassic.com


အမဲသားဟင်းနှင့် တင်အောင်ကလည်း ရှောက်ရွက်နှင့်သုပ်ထားသော အမဲအူသုပ်များ ထည့်ထားသည့် ပန်းကန်ပြားကိုင်ပြီး မီးဖိုခန်းဘက်မှ ထွက်လာကြပါသည်။ မြငြိမ်းက အရက်ထည့်ထားသောပုံးအားယူပြီး ပန်းကန်လုံးနှင့် ဖန်ခွက်များတွင် အရက်လိုက်ဖြည့်နေကြသည်။ စိုးနောင်နှင့် အဖွဲ့အားလုံးစုံကြသည့်အခါ မင်းကြည်က အရက်ခွက်ကို ကိုင်မြှောက်ပြီး သူငယ်ချင်းများကို ပြောလိုက်၏။

"ကဲ.....တို့သူငယ်ချင်း စိုးနောင်ကြီးရဲ့ မင်္ဂလာဦးအကြိုမှာ အသက်ထက်ဆုံး ပေါင်းနိုင်ကြပါစေလို့ ဆုတောင်းရင်း သောက်ကြတာပေါ့ကွာ"

ထိုသို့ပြောလိုက်ရာ ကျန်လူများအားလုံးကလည်း အရက်ခွက်များကိုယ်စီကိုင်မြှောက်ပြီး တစ်ရှိန်ထိုး မော့သောက်လိုက်ကြသည်။ ပြင်းလိုက်သည့် ချက်အရက်။ ရေမရောဘဲ သောက်ကြတာမို့ မျက်နှာများရှုံ့မဲ့ပြီး အနီးရှိရေအိုးမှ ရေများခပ်၍ ခပ်သွက်သွက်သောက်ကြ၏။ စိုးနောင်က အရက်ခွက်ကိုချပြီးနောက် မင်္ဂလာဆောင်သို့လာကြရန် ထပ်မံပြောလိုက်သည်။

"မင်းတို့ ငါ့မင်္ဂလာဆောင်ကိုတော့ မဖြစ်မနေ လာကြကွာ၊ ရွာရောက်ရင် ငါ့အလှည့်ပေါ့ကွာ၊ မင်းတို့ကို ဒီ့ထက်ကောင်းတဲ့အရက်နဲ့ ဧည့်ခံမှာပါကွာ"

"ယုံပါတယ်ကွာ၊ ငါတို့က မင်းရွာမှာ အလဲသောက်မှာနော်၊ မင်းလည်း မင်္ဂလာဦးညမှာ တို့နဲ့ သောက်ရမယ်နော်"

စိုးနောင်က အရက်တစ်ခွက်ကို ထပ်မံမော့သောက်လိုက်ပြန်သည်။

"မင်းတို့ကလည်းကွာ၊ ငါ့ကို မသနားတော့ဘူးလား၊ မင်္ဂလာဦးညမှာ အရက်မူးနေလို့ မဖြစ်ဘူးလေကွာ၊ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်နေရဦးမယ်"

မြငြိမ်းကလည်း အရက်ဖန်ခွက်ထဲကို ထပ်ထည့်ရင်း ပြောခဲ့၏။

"မင်းကလည်းကွာ ယောက္ခမဆိုတာ တည့်အောင်ပေါင်းပြီး ဘုန်းကြီးကျောင်း အမြန်ပို့လိုက်ပေါ့ကွာ၊ မဟုတ်ဘူးလား သူငယ်ချင်းတို့"

ထိုသို့ပြောလိုက်ရာ ကျန်လူများကလည်း အရက်မူးမူးနှင့် ဘုမသိဘမသိ ဝိုင်းထောက်ခံနေကြသည်။ အရက်ထည့်ထားသော ငါးဂါလန်ဝင် အရက်ပုံးလည်း တစ်ဝက်ကျော်ကုန်သွားပြီဖြစ်သဖြင့် အမူးအရှိန်ကလည်း တဖြည်းဖြည်း ဒီဂရီတက်လာကြပါသည်။ ထိုအချိန် အောင်ဘုအိမ်ရှေ့ဘက်ဆီက အော်ပြောသံကြားလိုက်ရသည်။

"ဟေ့.....အောင်ဘုမရှိဘူးလားကွ၊ ငါ သာဂိလေကွာ၊ မင်းအိမ်မှာ အမဲပေါ်တယ်ကြားလို့ လာခဲ့တာကွ"

ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်သို့တက်လာသည်။

"ဘယ်သူများလဲမှတ်တယ်၊ ငါ တို့ရွာရဲ့ ကိုကြီးကျော်သာဂိကြီးပါလား၊ ကဲ.....ဆိုစမ်းပါဦး၊ ဘာကိစ္စ"

**အရက်အခိုးများ
ဝေလျှံ၍ သာဂိအား
အငြိုးအတေးကြီးစွာဖြင့်
လက်သီးဖြင့်ထိုး၊
ခြေဖြင့်ကန်ကျောက်
နေကြသည်။
သာဂိကလည်း
မတ်တတ်ရပ်ပြီး
ပြေးမည်ပြုစဉ်
စိုးနောင်က
အသင့်ယူလာသော
ဝါးဆစ်ပိတ်ဝါးတုတ်ဖြင့်
သာဂိ၏
နောက်စေ့နေရာသို့ ...**

www.burmeseclassic.com

www.burmeseclassic.com

သာဂိက ကဒါးရွာတွင်နေသူ ဖြစ်ပြီး အလုပ်အကိုင် အတည်တကျ မရှိသူဖြစ်၏။ အပေါင်းအသင်းများ နှင့်ဝင်ရောပြီး အရက်လိုက်သောက် နေသူသာဖြစ်သည်။ သာဂိကလည်း ရွာတွင် ဆွေမျိုးများသည်မို့ ဟိုဆွေ မျိုးဆီ လက်ဖြန့်တောင်းလိုက်၊ ဒီ ဆွေမျိုးဆီက ကြံဖန်တောင်းလိုက် နှင့် အရက်သောက်ရရေး နည်းမျိုး စုံသုံး၍ သွားလာလှုပ်ရှားနေသူဖြစ် သည်။

တစ်နည်းအားဖြင့် ကြုံရာအိပ်၊ ကြုံရာစားအခြေအနေမျိုးဖြစ်သည်။ ယခုလည်း ဘယ်ကသတင်းကြား သည်မသိ။ အောင်ဘုအိမ်တွင် ဝိုင်း ကြီးဝိုင်းကောင်းရှိသည်ဟု ကြားသိ ၍ ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာခြင်းဖြစ်သည်။



ညနေပိုင်းကတည်းက သွေးပူ အောင် သောက်ထားပြီးဖြစ်သော် လည်း ရေချိန်ကိုက်ရန် ထပ်မံရှာ ဖွေ သတင်းယူပြီး ရောက်လာခြင်း ဖြစ်သည်။

“အောင်ဘုကလည်းကွာ မင်း အိမ်မှာ အမဲပေါ်တယ်လို့လည်းကြား တယ်၊ ဧည့်သည်တစ်ဦးကိုလည်း မင်းတို့ ဧည့်ခံမယ်လို့ ကြားတယ် လေကွာ၊ ဒီတော့ ငါလည်း ရေချိန် မကိုက်သေးတော့ မင်းတို့နဲ့ပူးပေါင်း ဖို့ လာခဲ့တာပေါ့ကွ”

“အေး ဟုတ်တယ်၊ ထင်းကုန်း ရွာက တို့သူငယ်ချင်း စိုးနောင်က သူ့မင်္ဂလာဆောင်လာဖိတ်ရင်း ရောက်လာတာမို့ တို့ကဧည့်ခံနေ တာ၊ ကဲ.....မင်းလည်း ဝင်သောက် ချင်သောက်ပေါ့ကွာ”

သာဂိက ရေငတ်တုန်း ရေ တွင်းထဲကျဆိုသလို ဘာမှထွေထွေ ထူးထူး မပြောတော့ဘဲ အရက်ပုံး ထဲမှ အရက်များငှဲ့ပြီးသောက်လိုက်၊ အမြည်းများစားလိုက်လုပ်နေတော့ သည်။

စိုးနောင်တို့အဖွဲ့လည်းတဖြည်း ဖြည်း ရေချိန်ကိုက်လာသည်မို့ ထွေ ရာလေးပါး အရက်သမားစကားများ ပြောနေကြသည်။ ညသည်တဖြည်း ဖြည်းနက်လာပြီဖြစ်သဖြင့် အရက် ဝိုင်းကိုသိမ်းရန် အောင်ဘုကပြော လိုက်ပြီး ငှင်းယူလာသည့် အမဲသား တွဲအား မတွေ့တော့သဖြင့် အော် မေးလိုက်၏။

“ဟော့....ဒီမှာ ငါချိတ်ထားတဲ့ အမဲသားတွဲဘယ်ရောက်သွားလဲကွ”

ကျန်လူများက.....

“မင်းအမဲသားတွဲ ဘယ်သူယူ မှာလဲကွ၊ တို့ဒီမှာ အားလုံးရှိနေတာ ပဲ”

အောင်ဘုက တစ်ချက်တွေးမိ ပြီး.....

“ဟော့.....နေဦး၊ ဒါနဲ့ သာဂိ တစ်ယောက်ကောကွ၊ ဘယ်အချိန် ပြန်သွားတာလဲ၊ ငါတို့ကိုလည်း မပြောပါလား၊ ငါတို့မူးနေတုန်း အမဲ သားတွဲခိုးသွားတယ်ထင်တယ်၊ ဒီ ကောင့်နောက် လိုက်ကြရအောင်”

“အေး.....ကောင်းတယ်၊ ဒီ ကောင်ကွာ၊ တို့အရက်လည်း လာ သောက်သေးတယ်၊ အမဲသားလည်း ခိုးသေးတယ်၊ တွေ့ကြသေးတာပေါ့ ကွာ”

www.burmeseclassic.com

www.burmeseclassic.com


အရက်ရှိန်မြင့်တက်လာကြသဖြင့် ဒေါသစိတ်များက ဒုစရိုက်မှုကျူးလွန်ရန်ဘက်ကို ဦးတည်နေကြပြီဖြစ်သည်။ စိုးနောင်ကလည်း မခံချင်စိတ်ဖြင့် ဝင်ပြောခဲ့သည်။

"ဒီကောင်ကွာ ငါ့ကိုပေးထားတဲ့ အမဲသားတွဲကိုမှ ယူသွားတယ်၊ အောင်ဘု.....ငါလည်း မင်းတို့နဲ့ လိုက်မယ်ကွာ"

"ကဲ.....မြငြိမ်းနဲ့ သိုက်ထွန်းက အိမ်စောင့်နေခဲ့ကွာ၊ ငါရယ်၊ စိုးနောင်ရယ်၊ ချမ်းငြိမ်း၊ တင်အောင်တို့ ဒီကောင့်နောက်လိုက်မယ်"

တင်အောင်က ပုဆိုး ကပျာကယာဝတ်လိုက်ပြီးနောက် သူ့အထင်ကို ပြောပြလိုက်သည်။

"နေဦးကွ၊ သာဂိက အိမ်အတည်တကျအိပ်တဲ့ကောင်မဟုတ်ဘူး၊ ရွာပြင်ကဇရပ်မှာ အိပ်တာများတယ်၊ အဲဒီကို အရင်သွားကြမယ်ကွာ၊ ဓာတ်မီးတော့ ယူခဲ့ကြဦး"

အောင်ဘု၊ စိုးနောင်၊ ချမ်းငြိမ်း၊ တင်အောင်တို့အဖွဲ့မှာ သောက်ထားသော အရက်ရှိန်ဒီဂရီများ မြင့်တက်နေကြချိန်တွင် ရွာလယ်လမ်းအတိုင်း ရွာပြင်ဇရပ်ဆီသို့ ထွက်လာကြသည်။အချိန်က ည ၁၂ နာရီကျော်ခန့်ရှိ ပြီဖြစ်သည်။

စိုးနောင်က အောင်ဘုခြံမှ ထွက်လာစဉ်က ခြံဝတွင်တွေ့ရသော အဆစ်ပိတ်ဝါးတိုတစ်ချောင်းကိုင်၍လိုက်ပါလာခဲ့သည်။ ရွာပြင်ဇရပ်သို့ ရောက်သည့်အခါ ဇရပ်ပေါ်သို့ ဓာတ်မီးနှင့်ထိုးလိုက်ရာ သာဂိမှာ ဇရပ်ခေါင်းရင်းဘက်၌ ဟောက်ပြီး အိပ်ပျော်နေသည်ကို တွေ့ရ၏။ ၎င်းဘေးတွင် ဖက်နှင့်ထုပ်ထားသော အမဲသားကို တွေ့ရှိရသည်။

အောင်ဘုက သာဂိအား ခြေထောက်နှင့် လှမ်းကန်နှိုးလိုက်ရာ သာဂိမှာ ပြူးတူးပြဲတဲဖြင့် ထလာပြီး မျက်နှာကို ဓာတ်မီးနှင့်ထိုးထားသောကြောင့် လက်နှင့်ကာပြီး မေးခဲ့၏။

"ဟေ့.....ဘယ်သူတွေလဲကွ၊ ငါ့မျက်နှာကို ဓာတ်မီးနဲ့ထိုးတာ"

"အောင်မာ.....ခွေးသူတောင်းစား၊ အရက်လည်းလာကပ်သောက်သေးတယ်၊ အမဲသားတွဲကိုလည်း ခိုးသွားတယ်၊ မင်းဘာကောင်လဲ"

"ဒီကောင့်ကို မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

ပြောပြောဆိုဆိုနှင့် မြငြိမ်း၊ သိုက်ထွန်းတို့က ခြေထောက်နှင့် လိမ့်ကန်ကြသည်။ သာဂိကတော့ လက်နှင့်ကာပြီး တောင်းပန်ခဲ့သည်။

"နေကြပါဦးကွာ၊ ငါတို့ တစ်ရွာတည်းသားချင်းတွေပဲ၊ မရက်စက်ကြပါနဲ့ကွာ၊ မင်းတို့အမဲသားတွဲ ပြန်ယူသွားကြပါကွာ"

သာဂိက ဗလုံးဗထွေးဖြင့် လက်ဖြင့်ကာရင်း ပြန်ပြောနေသော်လည်း မရတော့ပါ။ အရက်အခိုးများ ဝေလျှံ၍ သာဂိအား အငြိုးအတေးကြီးစွာဖြင့် လက်သီးဖြင့်ထိုး၊ ခြေဖြင့်ကန်ကျောက်နေကြသည်။ သာဂိကလည်း မတ်တတ်ရပ်ပြီး ပြေးမည်ပြုစဉ် စိုးနောင်က အသင့်ယူလာသော ဝါးဆစ်ပိတ်ဝါးတုတ်ဖြင့် သာဂိ၏ နောက်စေ့နေရာသို့ နှစ်ချက်ဆင့်၍ ရိုက်လိုက်၏။

"ခွပ်.....ခွပ်"

အသံကြားလိုက်ပြီးနောက် သာဂိမှာ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။ ထိုအခါမှ အောင်ဘုက သတိပေးလိုက်၏။

"ကဲ.....ကဲ တော်ပြီဟေ့၊ ဒီကောင်လဲကျသွားပြီ၊ တို့အမဲသားတွဲယူပြီး ပြန်ကြမယ်"

ထိုသို့ပြောဆိုကာ အမဲသားတွဲအားယူ၍ အောင်ဘုအိမ်သို့ ပြန်လာကြသည်။

အောင်ဘုအိမ်ရောက်သည်နှင့် စိုးနောင်လည်း သူ့အတွက်ပြင်ထားသော အိပ်ရာတွင် ဝမ်းလျားထိုးအိပ်လိုက်ရာ အိပ်ပျော်ပြီး လောက

**အဖြစ်မှန်ကို မသိကြသော ဗိုက်စာဖြင့်**
**မင်္ဂလာဆောင်လာကြမည့် ဆွေမျိုးမိတ်သင်္ဂဟများ**
**မနက်ဖြန် လာရောက်ကြသည့်အခါ နှစ်ဖက်မိဘများ**
**မည်သို့ဖြေရှင်းကြမည်နည်း။ တွေးမိလေ**
**စိတ်မကောင်းဖြစ်ကြရလေပင်...**

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ခဏမေ့လျော့သွားတော့သည်။

နောက်နေ့နံနက်စောစောတွင် စိုးနောင် အိပ်ရာမှနိုးလာရာ ကျန်လူများလည်း ပိုးလိုးပက်လက် အိပ်ပျော်နေကြ၍ မနိုးတော့ဘဲ ထင်းကုန်းရွာဘက်သို့ ပြန်လာခဲ့တော့သည်။

+++

နံနက် ၇ နာရီအချိန်ခန့်.....

ပြွန်တန်ဆာရဲစခန်း၊ အချုပ်ကင်းအဖွဲ့၏ အမိန့်ပေးသံကိုကြားလိုက်ရသည်။

''မြို့နယ်ရဲတပ်ဖွဲ့မှူးအား အလေးပြု''

အော်သံနှင့်အတူ စခန်းမှူး ရဲအုပ် ဝင်းဦးက ရဲစခန်းထိပ်မှရပ်စောင့်လျက် ကားပေါ်မှဆင်းလာသော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကြီးစောလှမောင် (ရဲမှူးကြီး/ငြိမ်း/တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်း) အား အလေးပြုကြိုဆိုကြသည်။ မြို့နယ် ရဲတပ်ဖွဲ့မှူးက ရဲစခန်းရုံးဘက်သို့ လမ်းလျှောက်လာပြီး ရုံးခန်းတွင် ဝင်ထိုင်လိုက်သည်။ အကူစာရေး တပ်ကြပ်တင်ဝင်း(သေဆုံး) ရောက်လာပြီး စခန်းမှူးအား သတင်းပို့သည်။

''ဆရာ ညက ကဒါးရွာမှာ ရိုက်မှုဖြစ်လို့တဲ့၊ ခံရတဲ့သူက ခေါင်းမှာဒဏ်ရာရပြီး သတိမရသေးလို့ လှည်းနဲ့တင်လာကြတယ်၊ အမှုဖွင့်မလို့တဲ့ ဆရာ''

ဆက်တိုက်သတင်းပို့သဖြင့် ရဲစခန်းမှူးကလည်း ရဲစခန်းရှေ့တွင် ရပ်ထားသော နွားလှည်းဆီသို့သွားရောက်ကြည့်ရှုရာ လှည်းပေါ်တွင် လူတစ်ဦးအား နောက်စေ့တွင် ပေါက်ပြဲဒဏ်ရာနှစ်ချက်နှင့်တွေ့ရပြီးအသက်ငွေ့ငွေ့ရှူနေသည်ကို တွေ့ရသည်။ လူနာနှင့်ပါလာသည့် အသက် ၅၀ ခန့်လူကြီးက ပြောပြခဲ့သည်။

''စခန်းမှူးရယ် အခုဒဏ်ရာရသူက ကျွန်တော့်တူတော်ပါတယ်၊ ညက အရက်သောက်စားကြပြီး အောင်ဘုတို့အဖွဲ့နဲ့ ရန်ဖြစ်ကြတယ်လို့ ကြားတာပဲ၊ မနက်ဘက် ဇရပ်ပေါ်မှာ ဒဏ်ရာနဲ့ သတိမေ့နေတာတွေ့လို့ ဆေးရုံလာပို့ရင်း အမှုလာဖွင့်တာပါ''

စခန်းမှူးက အကူစာရေး တပ်ကြပ်တင်ဝင်းအား ရဲဆေးစာရေးသွင်းခိုင်းလိုက်သည်။

''ကဲ.....ဆေးစာအမြန်ရေးပြီး သူတို့နဲ့ ဆေးရုံလိုက်သွားကွာ၊ ပါလာတဲ့လူကြီးကတော့ အမှုဖွင့်ရအောင် ရဲစခန်းမှာနေခဲ့ပါ''

ရဲစခန်းမှူးက စခန်းရုံးဘက်ပြန်လာပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးထံဖြစ်စဉ်အား အကျဉ်းချုံး၍ သတင်းပို့လိုက်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ညွှန်ကြားချက်ပေးခဲ့သည်။

''ညကတည်းက သတိမရဖြစ်နေတာဆိုတော့ စိုးရိမ်ရတယ်၊ စခန်းမှူးပါ ဆေးရုံလိုက်သွားပြီး ဆရာဝန်ကို အခြေအနေမေးပါ၊ ဒီကိစ္စက ရိုးရိုးရိုက်မှုကနေ လူသတ်မှု ဖြစ်သွားနိုင်တယ်၊ တရားခံတွေကိုလည်း အချိန်မီ ဖမ်းရဦးမယ်''

''ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဆေးရုံလိုက်ပြီး အမြန်စီစဉ်လိုက်ပါ့မယ်၊ စာရေးကြီးက တိုင်ချက်အကြမ်းယူထားလိုက်ဗျာ၊ ကျွန်တော် ဆေးရုံကပြန်လာတော့ စိစစ်ပြီး အမှုဖွင့်ကြတာပေါ့''

စခန်းမှူးလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးအား အလေးပြုပြီး ဆေးရုံသို့ ထွက်သွားခဲ့သည်။ ဆေးရုံတွင် ဆရာဝန်ကြီး ဒေါက်တာလှစိန်(ငြိမ်း) နှင့်တွေ့ရာ လူနာမှာ အခြေအနေမကောင်းကြောင်း၊ အရက်သောက်ထားချိန် နောက်စေ့သို့ အရိုက်ခံရခြင်းဖြစ်သောကြောင့် ဦးနှောက်ထဲသို့ သွေးများယိုစီးနိုင်ပြီး စိုးရိမ်ရသည့်အခြေအနေရှိကြောင်း ပြောပြခဲ့သည်။

စခန်းမှူးလည်း ရဲစခန်းပြန်ရောက်သည်နှင့် နယ်ထိန်းခေါင်းဆောင် တပ်ကြပ် ချစ်တီး (ငြိမ်း) နှင့်အဖွဲ့အား ခေါ်ယူပြီး လူနာအခြေအနေမှာ သေဆုံးနိုင်သည့်အနေအထားဖြစ်နေသဖြင့် တရားခံအား အချိန်မီဖမ်းဆီးနိုင်ရေး ကဒါးရွာသို့ ချက်ချင်းစေလွှတ်လိုက်သည်။

ထိုနေ့ မွန်းတည့် ၁၂ နာရီကျော်ခန့်တွင် အရိုက်ခံရသောလူနာမှာ သေဆုံးသွားပြီဖြစ်ကြောင်း ဆေးရုံမှ အကြောင်းကြားသဖြင့် ပြစ်မှုပုဒ်မ ၃၂၅ မှ ပုဒ်မ ၃၀၂ သို့ ပြောင်းလဲအမှုဖွင့် စစ်ဆေးခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"သေရည်အရက်
စီးပွားပျက်ကို
တစ်စက်ကယ်မျှ
မသောက်ကြနှင့်
ရှောင်ကြပါလေ
ရှင်တော်ဟောသည့်
အဆိပ်ရည်"

ညနေ ၅ နာရီခန့်တွင် နယ်ထိန်း တပ်ကြပ် ချစ်တီးအဖွဲ့နှင့် အတူ တရားခံ အောင်ဘု၊ ချမ်းငြိမ်း၊ တင်အောင်တို့ပါလာပြီး ထွက်ဆိုချက်များအရ ထင်းကုန်းရွာနေ သတို့သားလောင်းစိုးနောင် မင်္ဂလာဆောင်ဖိတ်စာလာပို့စဉ် ညဘက်၌ စားသောက်ကြပြီး သေသူက အမဲသားတစ်တွဲ ခိုးယူသွားမှုအား မကျေနပ်၍ လိုက်လံရှာဖွေကာ ထိုးကြိတ်ရိုက်နှက်ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဝါးဆစ်တုတ်ဖြင့်ရိုက်သူ စိုးနောင်မှာ ထင်းကုန်းသို့ပြန်သွားကြောင်း၊ မနက်ဖြန် မင်္ဂလာဆောင်ပွဲအဝင်နေ့ဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။ စခန်းမှူးနှင့် နယ်ထိန်းအဖွဲ့လည်း နောက်နေ့နံနက် ၆ နာရီတွင် မဒေါက်မြို့သို့ ရထားဖြင့်ထွက်လာခဲ့ကြပြီး မဒေါက်မှ စက်လှေနှင့်တစ်ဆင့် ထင်းကုန်းရွာသို့ထွက်ခဲ့ကြ၏။ စိုးနောင်အား လာရောက်ဖမ်းဆီးကြခြင်းဖြစ်သည်။

+++

"အဖြစ်ကတော့ ဒါပါပဲဗျာ"

စခန်းမှူးက ရှင်းပြပြီးနောက် စိုးနောင်အား လက်ထိတ်ခတ်ဖမ်းဆီးလိုက်သည်။ စိုးနောင်၏ဖခင် ဦးစံဒွန်းက ဝင်ရောက်တောင်းပန်လိုက်၏။

"စခန်းမှူးကြီးရယ် ကျွန်တော့်သားလေးကို မနက်ဖြန် မင်္ဂလာဆောင်ပြီးမှ ခေါ်သွားလို့ မရဘူးလားဗျာ"

"မဖြစ်လို့ပါဗျာ၊ ကျွန်တော်တို့ကို နားလည်ခွင့်လွှတ်ပေးပါ၊ ဥပဒေနဲ့အညီ အချိန်မီ လုပ်ဆောင်ရမှာမို့ပါ၊ ကျန်တဲ့တရားခံတွေလည်း ဖမ်းထားပြီးပါပြီ၊ ညနေ မဒေါက်ရထားအမီ ပြန်ရမှာမို့ပါ"

စိုးနောင်၏မိခင် ဒေါ်မယ်ခမှာလည်း မျက်ရည်ကျလျက် ငိုရှုံ့မှုလွဲ၍ ဘာမှမတတ်နိုင်တော့ပါ။ ကိုယ့်သားကရိုက်လို့ သေသွားပြီဆိုတော့ ဥပဒေအရပဲ ဖြေရှင်းရတော့မှာပေါ့ ဟု သဘောပေါက်ပြီး သူ့သားအတွက် အဝတ်အစားများ လွယ်



www.burmeseclassic.com

www.burmeseclassic.com

အိတ်ထဲထည့်နေသည်။

"စခန်းမှူးကြီးရယ် အစ်ကို စိုးနောင်ကို ကျွန်မ စက်လှေဆိပ် အထိ လိုက်ပို့ပါရစေ"

"ရပါတယ် ပို့ပါ၊ ကိစ္စမရှိပါဘူး"

မနှင်းပွင့်က စိုးနောင်၏လက်ကိုကိုင်ပြီး လိုက်ပါခဲ့သည်။

"အစ်ကို၊ ညီမ စောင့်နေမယ် နော်၊ အစ်ကိုသာ ကျန်းမာရေး ကောင်းအောင် ဂရုစိုက်နေပါ၊ ညီမ အတွက် စိတ်ချနော်"

စိုးနောင်က မျက်ရည်ဝဲလျက် ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ စခန်းမှူးနှင့်အဖွဲ့လည်း စိုးနောင်အား လက်ထိတ်ခတ်လျက် စစ်တောင်းမြစ်ကမ်းပါး စက်လှေဆိပ်သို့ ခေါ်လာခဲ့ကြသည်။ ရွာလုံးကျွတ်မျှ လူများကလည်း နောက်မှ လိုက်လာကြပြီး ကမ်းပါးပေါ်မှ ရပ်ကြည့်နေကြသည်။

သတို့သမီး မနှင်းပွင့်လည်း အပြုံး၊ အပျော်များ ပျက်သုဉ်းပြီး ပူဆွေးသောကနှင့်အတူ မျက်ရည်မိုးများ ရွာသွန်းနေရပါပြီ။ မင်္ဂလာဆောင်မဏ္ဍပ်က အသံချဲ့စက်သံလည်း တိတ်ဆိတ်သွားခဲ့ပါပြီ။

ဒီအဖြစ်မှန်ကို မသိကြသော ဖိတ်စာဖြင့် မင်္ဂလာဆောင်လာကြမည့် ဆွေမျိုးမိတ်သင်္ဂဟများ မနက်ဖြန် လာရောက်ကြသည့်အခါ နှစ်ဖက်မိဘများ မည်သို့ဖြေရှင်းကြမည်နည်း။ တွေးမိလေ စိတ်မကောင်းဖြစ်ကြရလေပင်။

စခန်းမှူးက စက်လှေပေါ်တွင် ရှေးစာဆို ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာအစချီသည့် ဆုံးမစာကို သတိရမိသည်။

"သေရည်အရက် စီးပွားပျက်ကို တစ်စက်ကယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ ရှင်တော်ဟောသည့် အဆိပ်ရည်"

ထိုစာပိုဒ်ကို တိုးတိုးလေး လေသံမျှဖြင့် ဆိုလိုက်မိ၏။

ယခုလည်း သတို့သား စိုးနောင်မှာ အရက်သောက်စားပြီး မိမိစိတ်ကို မထိန်းသိမ်းနိုင်ခဲ့သောကြောင့် အသေးအဖွဲမှ လူသတ်မှု အထိ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

စိုးနောင်အနေဖြင့် မိမိမင်္ဂလာဆောင်ကိုဖိတ်ရန် ကိုယ်တိုင်သွားရောက်ခဲ့သည်။ ကိုယ်တိုင် အပေါင်းအဖော်များနှင့် အရက်သေစာများ သောက်ကျူးခဲ့သည်။ ပြစ်မှုကျူးလွန်ရာတွင်လည်း အဆင်ခြင်မဲ့စွာ ကိုယ်တိုင်ပါဝင် ကျူးလွန်ခဲ့သည်။ ထို့ကြောင့် စိုးနောင်အနေဖြင့် သူ့ကိုယ်သူ ဆင်ခြင်ကြည့်မိ၏။

"အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်"

ယခုတော့ ဥပဒေ၏အဆုံးအမကို ထိုက်တန်စွာ ခံယူရတော့မည် ဖြစ်သည်။

(ပြွန်တန်ဆာရဲစခန်းနယ်ထိန်း ခေါင်းဆောင် တပ်ကြပ် ချစ်တီးနှင့် အဖွဲ့အား အမှတ်တရဖြင့် ဖြစ်စဉ် အမှန်အား ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)

ဒုရဲမှူးကြီး ဝင်းဦး (ငြိမ်း)



www.burmeseclassic.com

www.burmeseclassic.com


# ရွှေဘိုဘကာမထိခင်အောင်

## ဓားပြခေါင်းဆောင် ပေါဒီကို ပစ်သတ်၍ ဖမ်းဆီးခဲ့စဉ်က



ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

**အလိုရှိသည်**
**လူဆိုးကြီးပေါ်အိ**
**အသက် (၄၀)ခန့်**

အသားဖြူစပ်စပ်၊ သျှောင်ဆံထုံးနှင့်၊ ကျောက်ပေါက်မာနှင့်၊ မျက်နှာဝိုင်း၊ နှုတ်ခမ်းမွေးထူထူ၊ ဝဝဖိုင့်ဖိုင့်နှင့် လူဆိုး၊ လူနှစ်ဦးအားသတ်သွားသည့် ဓားပြခေါင်းဆောင်ဖြစ်သည်။

အသေရရ၊ အရှင်ရရ ဆုတော်ငွေ ရူပီး (၅၀၀) ဆုချမည်။

ပုံ

မစ္စတာ အေဒီဘလူးဘတ်
ခရိုင်ပုလိပ်မင်းကြီး
ရွှေဘိုခရိုင်၊
၁၃-၄-၁၉၃၆

+++

၁၉၃၆ ခုနှစ်၊ မိုးတွင်း မိုးရာသီ ဩဂုတ်လအတွင်း.....

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ပုလိပ်ဌာနအုပ်ရုံးခန်းရှေ့။

I.P ဌာနအုပ်က အင်္ဂလိပ်ကပြားမစ္စတာတားနား (Mr.Tunner) ဖြစ်၏။ မျက်နှာ ရှည်မျောမျော၊ အသားအရေ နီစပ်စပ်၊ အရပ် ၆ ပေမျှ ပေါင် ၂၀၀ကျော်ရှိနိုင်သည်။

သတ္တိကောင်းသလောက် ခက်ထန်သူ Boxing Champion တစ်ဦးပါ။ ရွှေဘိုမြို့နှင့် ရေဦးက (၂၈)မိုင်အကွာအဝေးမှာတည်ရှိ၏။ ရွှေဘိုမှာကဲ့သို့ အင်္ဂလိပ်ကုလားဖြူဟူသမျှကို ခါးခါးသီးသီး မုန်းတီးတတ်ကြသူချည်းပါ။ ပုလိပ်ရာဇဝတ်အုပ်S.I.P ဖြစ်သူ ကိုဖေခင်က I.P မစ္စတာတင်းနား၏လက်အောက်၌ တာဝန်ယူရ၏။ ကိုဖေခင် အသက်က ၂၆ နှစ်။ အရပ်အမောင်းက ၅ ပေ ၁၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၄၀)၊ အသက် ၃၀ ရှိ မစ္စတာတင်းနားနှင့် ကိုဖေခင်မှာ အစေးမကပ်လှ။ ကိုဖေခင်ကလည်း Boxing သမားပါ။ မဟုတ်လျှင် မခံတတ်။ အင်္ဂလိပ်မျက်နှာဖြူတို့၏ လက်အောက်ခံဘဝ၌ အလုပ်လုပ်နေရလင့်ကစား တကယ်တော့ ကိုဖေခင်က တို့ဗမာအစည်းအရုံးအဖွဲ့သို့ တိတ်တဆိတ် ဝင်ထားသည့် သခင်အဖွဲ့ဝင်ဖြစ်သည်။ သခင်ဖေခင်ပေါ့။

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်က ရန်ကုန်တက္ကသိုလ်ကျောင်းသား/ကျောင်းသူများကို ကိုအောင်ဆန်း၊ ကိုနုတို့ခေါင်းဆောင်၍ ဒုတိယအကြိမ်မြောက် ကျောင်းသားသပိတ်ပွဲကြီး ဆင်နွှဲနေမှ တစ်နိုင်ငံလုံး အထက်တန်း၊ အလယ်တန်းကျောင်းတွေလည်းပိတ်ပြီး သပိတ်ကြီးမှာ ပါဝင်နေ၍ ရွှေဘိုရေ ဦးအထက်တန်းကျောင်းတွေပါ ပါဝင် သပိတ်ဆင်နွှဲနေမှုကို ကိုဖေခင်တစ်ယောက် တိတ်တိတ်ပုန်းအားပေးနေခဲ့သည်။

အိုင်ပီ မစ္စတာ တင်းနားအမိန့်အရ ပုလိပ်ဌာနရှေ့တွင် ပန်ချာပုလိပ် (၁၀)ယောက်နှင့် ဗမာပုလိပ် (၁၀)ယောက်အားကိုဖေခင်က တန်းစီရပ်ကာ သတိဆွဲထားစေသည်။ ကို ဖေခင်အပါအဝင် အားလုံးသည် Uniform အပြည့်အစုံ၊ ရိုင်ဖယ်၊ ကျည်ဆံအပါအဝင်နှင့်။ ကိုဖေခင်၏ ခါးမှာတော့ ၄၅ ဗို့ ခြောက်လုံးပြူးကိုချိတ်လျက်။

ညနေ ၆ နာရီခွဲ အချိန်၌ မစ္စတာတင်းနား ဌာနအတွင်းမှ ထွက်လာသည်။ သူ့မျက်နှာက ယောက္ခမက ပါးရိုက်ထားလို့မကျေမချမ်းဖြစ်နေသည့်မျက်နှာမျိုး။

"နားထောင်ကြ၊ ကနေ့ည ၈ နာရီတိတိ လက်နက်အပြည့်အစုံ၊ ရိက္ခာအပြည့်အစုံနဲ့ မြင်းစီးပြီး တောထွက်ရမယ်၊ ဓားပြခေါင်းဆောင်ပေါ်အိကို အသေရရ၊ အရှင်ရရ ဖမ်းဖို့ပဲ၊ မဟာမြိုင်၊ သို့မဟုတ် နှောတောထဲမှာ ပေါ်အိနဲ့အတူ ဓားပြတစ်စုရှိနေတယ်လို့ ကနေ့ပဲ သတင်းရထားပြီ၊ နေ့တောက ဝေးတော့ မြင်းနဲ့ သွားထွက်ရမယ်၊

www.burmeseclassic.com


ယ်နေ့ရက်ကြာမယ် မပြောနိုင်ဘူး၊ ကွာနဲ့ အိုးထမ်းအဖွဲ့ ပါရမယ်၊ ဖယ်ကျည်ဆန်တစ်ယောက်ကို ၁၀ ပါရင် လုံလောက်ပြီ၊ ခရာ၊ ားမြှောင်၊ စောင်လည်းပါပါစေ၊ တောတွင်းက အေးတယ်၊ မိုးကာ ည်း ယူခဲ့ကြ၊ ဒဲလ်ဂျီးဆင်းဆေး သေတ္တာ အသေးယူလာပါ၊ ကိုင်း တပ်စုခွဲမယ်၊ ဗမာတပ်စုကို ဖေခင် အုပ်ချုပ်၊ ရှေ့ကတက်၊ ပန်ချာ အုပ်စုကို ငါတာဝန်ယူမယ်၊ နော တောကြီးထဲကို ဖေခင်တို့ ဗမာ ပုလိပ်တွေက မြောက်ဘက်ကတက်၊ ငါတို့က တောင်ဘက်က ဝိုက် တက်မယ်၊ လူမှားမပစ်မိစေနဲ့၊ ခရာသံပေးပြီး တက်၊ ဝိုက်ကျယ်က နေ ဝိုက်ကျဉ်းဖြစ်အောင် စုစုစည်း စည်းလုပ်၊ တစ်ခါက ဓားပြခေါင်း ဆောင် ဒေါင်းညိုကိုဖမ်းသလို ဖမ်း ရမယ်၊ ကဲ.....အားလုံးသိရင် တန်း ဖြုတ်၊ ဒါပဲ၊ မရှင်းရင် ဖေခင့်ကိုမေး ကြ''

လွန်ခဲ့သည့်နှစ်က အလောင်း င်းတရား ဦးအောင်ဖေယျအား အံ တစ်နှ်ခေါ်ခဲ့သူ ခင်ဦးစား လက်ယာ ျချီချစ်သူ၏ အနွယ်ဖြစ်သူ မြို့ပြ ိုလ်ဒေါင်းညိုကြီးနှင့်အဖွဲ့အား မဟာမြိုင်အတွင်းတွင် တိုက်ပွဲဆင် ၍ ကိုဖေခင်တို့ ဖမ်းယူရသည်။ တောနက်လှသဖြင့် ကျားရဲ၊ ဆင် ိုင်း၊ ကျားသစ်၊ မြွေဆိုးတွေကြား ၌ နေရ၍လည်းကောင်း၊ ငှက်ဖျား ဲ၍လည်းကောင်း ဒေါင်းညိုတို့အဖွဲ့ ကြာကြာမခံခဲ့ချေ။

ဓားပြ၊ လူဆိုး၊ လူမိုက်ဟု အင်္ဂလိပ်အစိုးရက ခေါင်းစဉ်တပ် ထားခဲ့သော်လည်း တကယ်တော့ နယ်ချဲ့အရင်းရှင် အင်္ဂလိပ်အစိုးရ နှင့် နောက်လိုက်လက်ပါးစေတို့အား ဓားတစ်လက်နှင့် တော်လှန်နေသူ များဖြစ်သည်။

ထိုစဉ်ကာလက ရွှေဘို၊ ချိပ ရွာက ဒေက်ကြီးနှင့် မင်းခေါင်၊ ရွှေ ဘို၊ ဥယျာဉ်တော်ရွာမှ ငပွား၊ ငအေက်၊ ကန့်ဘလူနယ်က ငမျော်၊ ခင်ဦးနယ်က မှတ်ကျော်၊ ရေဦးနယ် က ဒေါင်းညိုနဲ့ပေါ်အိ၊ ဒီပဲယင်းနယ် က ဗန္ဓက၊ ပေယင်းနယ်က အိုး ပေါက်ကြီး စသဖြင့် စသဖြင့် ပုန် ကန်ကြသည်။

ချိပါရွာက ငေတ်ဆိုလျှင် ရွှေ ဘိုခရိုင် စက်ရှင်မင်းကြီး(အင်္ဂလိပ်) အား ဓားနှင့်တက်ခုတ်ခဲ့သလို ရွှေ ဘိုသူ ငါးခြောက်သည် ဒေါ်လှရင် (၅၀ နှစ်)နှင့် သူ့သား အောင်ဒင်က အင်္ဂလိပ်တရားသူကြီးလင်မယား အား ရွှေဘိုဈေးအတွင်း ဓားစာ ကျွေးပစ်ခဲ့သည်။ သားအမိနှစ် ယောက်က ဓားစာကျွေးအပြီးတွင် ''သခင်မျိုးဟေ့ တို့ဗမာ၊ သခင်မျိုး ဟေ့ တို့ဗမာ''ဟု သံကုန်ဟစ်လိုက် ချေသေးသည်။ ဒေါ်လှရင်က.....

''လာခဲ့၊ အင်္ဂလိပ်လာခဲ့၊ မျက် နှာဖြူတပ်ကြီးနဲ့လာခဲ့၊ ဓားနဲ့ခုတ် လွှတ်မဟေ့၊ ထောင်ကို ခြင်ထောင် မှတ်သဟေ့''

ထို့သို့ ကြွေးကြော်ခဲ့သည်။

အင်္ဂလိပ်အစိုးရက မှတ်ချက် ပြုထားခဲ့သည်မှာ–

[ဗမာ(မြန်မာ)တစ်ပြည်လုံးမှာ ရွှေဘိုခရိုင်က လူဆိုးတွေ၊ ဗမာတွေ ကို အုပ်ချုပ်ရတာ အခက်ဆုံးဖြစ် သဖြင့် အုပ်ချုပ်ရေးမှာ အလွန်လိမ္မာ ပါးနပ်လှသည့် ခရိုင်ဝန်မင်းနဲ့ ပုလိပ် မင်းကြီးအချို့ကိုရွေးပြီး စေလွှတ် တာဝန်ပေးရသည်။ ဘယ်လိုမှ ပေါင်းမရ၊ ပူးမရ၊ ဆုံးမ,မရ ဘယ် လိုလက်နက်မျိုးကိုမှ ထီမထင်သည့် မိုက်မိုက်ကန်းကန်း လူစားတွေဖြစ် ကြ၏။ ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုးဆို လုံးဝ မလိုလားကြသူများဖြစ်သည်။ အမေရိကန်နိုင်ငံက လူရိုင်းနီ Red-Indian တွေနှင့် အလားတူ တူကြ သည်။ ၎င်းရွှေဘို၊ ရွှေဘိုခရိုင်က လူရိုင်း၊ လူဆိုး၊ ကတ်ဖဲ့ဖဲ့လူစား တွေကို ရက်ရက်စက်စက်ကျင့်ပါမှ ရမည်ဖြစ်သည်။] တဲ့.....

ဟုတ်သင့်သလောက်ဟုတ်၏။ အင်္ဂလိပ်မျက်နှာဖြူဆို လုံးဝဆို လုံးဝ လက်သင့်မခံတတ်ကြပါ။ ဘယ်က လောက်ကောင်းတာလုပ်လုပ် လက် သင့်မခံတတ်ကြပါ။ ထိုလူစားထဲ တွင် ကျွန်တော့်ဖေဖေ ဦးဖေခင် တစ်ယောက်လည်း ပါ၏တည်း။

+++

မဟာမြိုင်အတွင်းပိုင်းသို့ ကို ဖေခင်ဦးစီးရသည့် ပုလိပ်တပ်ဖွဲ့ (၁၁)ယောက် မြင်းကိုယ်စီနှင့် ရောက်ပြီ။

တောက နက်၏။ ညနေ နေ ဝင်လုလုအချိန်။

တိရစ္ဆာန်တွေ အိပ်တန်းတက် ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်လေးတွေ၏ ဆူဆူညံ ညံအသံလေးတွေကို ကိုဖေခင်တို့ ကြားနေရ၏။

တော်တော်ဝေးဝေးဆီမှ ဒေါင်း တွန်သံကြားရ၏။

''အိုးဝေ.....အိုးဝေ''

သစ်ပင်၊ နွယ်ပင်တို့သည်တစ် ပင်ကို နှစ်ပင်ယှက်နေသဖြင့်အလင်း ရောင် အားနည်းနေသည်။ ကိုဖေ ခင်တို့စီးလာသော မြင်းများ၏ ခြေ ထောက်တစ်ဝက်သည် သစ်ရွက် သစ်ခက်တွေကြား မြုပ်နေ၏။

တရှဲရှဲ တရှဲရှဲအသံများက ညံ နေသည်။ ထိုတောကြီးမြိုင်ကြီး အတွင်း ပုန်းအောင်းနေတတ်သော ဓားပြအဖွဲ့အား လိုက်လံရှာဖွေလျက် ရှိနေစဉ်တွင် ကိုဖေခင်လွှတ်ထားသူ ရှေ့စီး (Point) မှ ပုလိပ်ဆာဂျင် မောင်လုက မြင်းနှင့်ဒုန်းစိုင်းပြေး လာသည်။ သူ့မြင်းသံက တရှဲရှဲနှင့် ရယ်.....

''ဆရာ ရှေ့ကိုက် ၃၀၀အကွာ လောက်မှာ ဓားပြတွေထမင်းချက် စားနေတာကို တွေ့ရပြီ''

''သေချာလား၊ဘယ်နှယောက် လဲ''

''သေချာတယ်၊ ၁၅ ယောက် လောက် ရှိမယ် ဆရာ''

''အင်း...ကောင်းပြီ၊ ရိုင်ဖယ် ကျည်ထိုး၊ အသင့်ပြင်၊ ငါပြောတာ နားထောင်၊ ဓားပြခေါင်းဆောင် ပေါ် အိရဲ့ပုံဏ္ဍာန်ကို မင်းတို့ သိထား ပြီမဟုတ်လား၊ ပေါ်အိကြီးကို ငါကိုယ် တိုင် အရဖမ်းမယ်၊ သူ့ကို မင်းတို့ ပစ်မသတ်နဲ့၊ ကျန်တဲ့ဓားပြတွေကို အသေပစ်၊ လက်မြှောက်တဲ့ကောင် ကို မပစ်နဲ့၊ အရှင်ဖမ်း၊ လက်နက် ကို အရင်သိမ်း၊ ကဲ.....လူစုခွဲတက် မယ်၊ မကြောက်နဲ့၊ ရှေ့မှာငါရှိတယ်၊ ဒါပဲ''

ပုလိပ် ၁၁ ယောက်တပ်ဖွဲ့

**ပေါ်အိကြီးက
ပလ္လစဝရွာသူကြီးကွ၊
ပိုက်ဆံခြောက်မူးကွာလို့
သူကြီးအဖြစ်က
အဖြုတ်ခံရတာ၊
အင်္ဂလိပ်အစိုးရရဲ့ကို
စိတ်နာလို့
တော်လှန်ခဲ့တဲ့သူ၊
နမြောလှသကွာ...**



သည် မြင်းအားလုံးကို သေသေချာ ချာ သစ်ပင်မှာ ကြိုးချည်ထားခဲ့ပြီး ဓားပြများရှိရာသို့ လူခွဲ၍ ပစောက် ပုံသဏ္ဍာန် လက်နက်ဆွဲကိုင်၍ တိတ်တိတ်လေး ချီတက်သွားသည်။ ရာဇဝတ်အုပ် ကိုဖေခင်က ခြောက် လုံးပြူးကို ညာလက်ဖြင့် ဆုပ်ကိုင် ထား၏။

သူတို့ ထမင်းချက်ရင်း အရက်သောက်စား မူးယစ်နေပုံရသည်။ ၁၅ ယောက်၊ ၂၀ အုပ်စု၏အစွန်၊ သစ် မြစ်ဆုံပေါ်၌ အသားဖြူဖြူ၊ ဝဝဖိုင့်ဖိုင့်၊ ထိုးကွင်းမင်ကြောင်တွေနှင့်အင်္ကျီမပါ၊ ကိုယ်ဗလာဖြင့်သျှောင်ဆံထုံးနက်ပြောင်ပြောင်နှင့်လူကြီးကား ဓားပြခေါင်းဆောင် ပေါ်အိပင်တည်း။ အနီးဓားပြအုပ်စုထဲ၌ မိန်းကလေးနှစ်ယောက်လည်းပါ၏။ ထမင်းချက်လျက်ရှိနေ၏။

ကိုက် ၅၀ ခန့်အရောက် ကိုဖေခင်က သူ့လူများအား လေသံဖြင့်ပြောလိုက်သည်။

"မိန်းကလေးတွေကို မပစ်နဲ့"

ဆယ်မိနစ်တိတိခန့် တိတ်တဆိတ် ငြိမ်နေပြီးမှ ကိုဖေခင်က အော်ပြောလိုက်သည်။

"ဟိတ်.....ဓားပြပေါ်အိ၊ မင်းတို့ကို ဝိုင်းထားပြီ၊ လက်မြှောက်လိုက်"

ကိုဖေခင်က သံကုန်ဟစ်လိုက်သည်။

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဟိုပြေးဒီပြေး ပြေးကုန်၏။

"ဒိန်း.....ဒိန်း"

ပေါ်အိကြီးဘက်မှ သေနတ်သံဖြစ်သည်။

"ပစ်....."

ကိုဖေခင်၏ ပစ်မိန့်ပေးသံဖြစ်သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း...ဒိုင်း"

"ဒက်...ဒက်...ဒက်...ဒက်"

တိုက်ပွဲဖြစ်ပြီ။

ဓားပြတွေဘက်ကလည်း တို့ ပြန်ပစ်သည်။ ပုလိပ်တပ်စုက လူရွေး၍ပစ်နေ၏။ ပစ်ရင်းပစ်ရင်း ရှေ့သို့တိုးတက်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် ၁၀ ပေမျှအကွာ၌ တည်ရှိနေကြပြီ။ အနီးကပ်တိုက်ပွဲ ဖြစ်သည်။



ဓားပြခေါင်းဆောင် ပေါ်အိကြီးအနီး မည်သူမှမရှိတော့ချေ။ ပေါ်အိကြီးသည် ရဲရဲတောက် မတ်တတ်ရပ်နေ၏။ သူ့ဘယ်ဘက်လက်ထဲတွင် လှံတံကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်ရှိသည်။


ဘယ်သူ့ကိုမှ ထီမထင်သည့် မျက်နှာဖြင့် အံကိုကြိတ်ထားရင်း သူ့ရှေ့ရှိ ကိုဖေခင်အား စိုက်၍ကြည့်နေသည်။ စားတော့ဝါးတော့မည့်ပုံစံ။

"လက်နက်ချလိုက်၊ ခင်ဗျားကို ကျုပ်မသတ်ချင်ဘူး၊ ခင်ဗျားက လှံ၊ ကျုပ်က သေနတ်၊ ခင်ဗျားခံရမယ်၊ လက်နက်ချပါ"

စကားတစ်လုံးမှမပြော။ မှုန်တေတေနှင့် ကိုဖေခင်အား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"ကျုပ်ဗမာအချင်းချင်းမသတ်ချင်ဘူး၊ အဖမ်းခံပါ"

"ဟိတ်....."



ဓားပြခေါင်းဆောင်ပေါ်အိကြီးနှင့်
မဟာမြိုင်တောတွင်းတွင် တစ်ဦးချင်းယှဉ်ရာ၌
အသေပစ်သတ်ခဲ့သည့်
ပုလိပ်ရာဇဝတ်အုပ်ကိုဖေခင်ပုံ (၁၉၃၈)
စာရေးသူ၏ ဖခင်ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူ၏ဖခင်
ခရိုင်ရဲဝန်ထောက် ဦးဖေခင်

ဟိတ်ဟူသော အသံနက်ကြီးနှင့်အတူ လုံတံကြီးကို အားပါးတရ ပစ်လွှတ်လိုက်၏။ ကိုဖေခင်က အနီးရှိ ညောင်ပင်ကြီးကို အကာအကွယ်ယူလိုက်သည်။ လုံတံကြီးက ညောင်ပင်တွင် စိုက်နေသည်။

ဤတွင် ကိုဖေခင်၏လက်ထဲရှိ ခြောက်လုံးပြူးမှ ကျည်တစ်ပွင့်လေနှင့်အတူ လှစ်ခနဲထွက်သွားသည်။ ပေါ်အိကြီး၏ လည်မျိုသို့ ဖောက်သွားသည်။ သူ တအိအိလဲပြိုသွားသည်။ ကိုဖေခင်က ဘယ်ခြေထောက်ဖြင့် ပေါ်အိ၏ရင်ဘတ်ကို ဖိနင်းထားသည်။

"ကျုပ် မပစ်ချင်ဘဲ ပစ်လိုက်ရပြီ"

သူက မပီကလာ ပီကလာ လေသံပျော့ပျော့ဖြင့် ပြန်ပြောခဲ့၏။

"အင်္ဂလိပ်က....အင်္ဂလိပ်က ကျုပ်.....ကျုပ်ကို ပိုက်ဆံခြောက်မူး ကွာတာနဲ့ သူကြီးအဖြစ်ကဖြုတ်လို့ ကျုပ် အင်္ဂလိပ်အစိုးရကို စိတ်နာပြီး တော်လှန်ခဲ့တာ"

ထိုသို့ပြောရင်း အသက်ထွက်သွားရှာသည်။

"တောက်....."

ကိုဖေခင်၏ တောက်ခေါက်သံ။

မဟာမြိုင်တစ်တောလုံး လဲပြိုမတတ်၊ ဟိန်းဟည်း၍သွားမတတ်။

ကိုဖေခင်တစ်ယောက် ဘာဖြစ်သွားသနည်း။

ထိုတိုက်ပွဲ၌ဓားပြခေါင်းဆောင် ပေါ်အိအပါအဝင် ဓားပြ (သို့မဟုတ်) တော်လှန်သူ လေးယောက်ကို အသေဖမ်းမိခဲ့သည်။ အရှင် လေးယောက်မိ၏။ ထွက်ပြေးလွတ်မြောက်သူမှာ ခုနစ်ဦးဖြစ်သည်။

အရှင်မိခဲ့သည့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အရွယ်ရှိ မိန်းမပျိုလေးနှစ်ဦးမှာ ဓားပြခေါင်းဆောင်ကြီး ပေါ်အိ၏ သမီးရင်းလေးတွေ ဖြစ်နေသည်။ ဦးပေါ်အိသည် ရေဦးနယ်၊ ပလူးဝရွာသားဖြစ်သည်ဟု သိရ၏။

+++

ကိုဖေခင်သည် ဓားပြခေါင်းဆောင် ပေါ်အိကြီးအား အသေဖမ်းမိနိုင်သဖြင့် ဆုတော်ငွေ ကျပ်(၅၀၀) ရရာ ထိုငွေကျပ် ၅၀၀ ကို ဓားပြများနှင့် တိုက်ပွဲဖြစ်ရာတွင် ပါဝင်ခဲ့သည့် ပုလိပ်ဆယ်ယောက်ကို ခွဲဝေ၍ ပေးလိုက်တော့သည်။

"မသန်းမေရေ ငါ လူသတ်ခဲ့ရပြီကွာ၊ ကိုယ့်ဗမာအချင်းချင်းကို သတ်ခဲ့ရတာမို့ ယူကျုံးမရဖြစ်ရတယ်ကွာ"

ကိုဖေခင်က သူ့ဇနီး မသန်းမေအား ညည်းညူပြီးပြောသည်။

"ပေါ်အိကြီးက ပလူးဝရွာသူကြီးကွ၊ ပိုက်ဆံခြောက်မူးကွာလို့ သူကြီးအဖြစ်က အဖြုတ်ခံရတာ၊ အင်္ဂလိပ်အစိုးရကို စိတ်နာလို့ တော်လှန်ခဲ့တဲ့သူ၊ နှမြောလှသကွာ"

မှတ်ချက်။ ။ ၁၉၃၆ ခုနှစ်က ရေဦးနယ်တွင် ဖြစ်ပျက်ခဲ့သည့် တကယ့်ဖြစ်ရပ်ကို ကွန်တော့်ဖေဖေ ဦးဖေခင် (ခရိုင်ရဲဝန်ထောက်/ငြိမ်းက) ပြောပြခဲ့ချက်အား ဆီလျော်အောင် ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

ရွှေဘိုဘာမထီခင်အောင်

www.burmeseclassic.com

www.burmeseclassic.com

စ

# ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

SANDHI

## အရောင်းအဝယ်သည် "သဘာဝ"
## ဆေးစစ်ဆေးမှန်အာနိသင်
## ထက်မြက်ရေးသည် "အဓိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

ဇဲ့ဂ္ဂါးဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ကျွန်းမယ်

## အောင်လံလွှင့်ချိ

## ဆီးဂိမ်းဆီ



www.burmeseclassic.com

www.burmeseclassic.com


''မင်းလက်ထဲကဆေးလိပ် အခုချလိုက်စမ်း အာကာလွင်''

''ကျွတ်.....''

အမိန့်သံတစ်ခုကို မိုးချုန်းသံကဲ့သို့ ကြားလိုက်ရသောအခါ အာကာလွင် စုတ်တစ်ချက်သပ်ပြီး နှုတ်ခမ်းဝနဲ့တေ့ဖို့ပြင်နေသော ဆေးလိပ်ကိုင်သည့်လက်ကို အောက်သို့ချလိုက်သည်။ ဆေးလိပ်မီးငွေ့နှင့် ဆေးရွက်ကြီးအနံ့အသက်က သူ့ရဲ့ချင်ခြင်းဖြစ်မှုကို လှောင်ပြောင်သရော်နေလေသည်။ တစ်ဖွာနှစ်ဖွာတောင် မရှိုက်ရသေး။ ဆရာက အနားသို့ရောက်လာကာ ပေးစမ်းဟုဆိုပြီး ဆေးလိပ်ကို ဆတ်ခနဲဆွဲယူပြီး မြေပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ပြီးတော့ ဖိနပ်ဦးထိပ်ဖြင့် နင်းချေလိုက်သည်။ အမြဲတမ်း ရှိသေလေးစား အားကျရသည့်ဆရာမို့ အပြစ်မတင်ရဲချေ။

''မင်းဟာ သာမန်လူတစ်ယောက်မဟုတ်ဘူးဆိုတာ ဘယ်တော့မှမမေ့နဲ့ အာကာလွင်၊ အားကစားသမားဆိုတာ အမောခံပြီး သက်လုံကောင်းဖို့ လေ့ကျင့်ခန်းတွေ လုပ်ရတယ်၊ မင်းတို့ပင်ပန်းသလို ငါ တို့လည်း ပင်ပန်းရတာပဲ၊ အဲဒါ မင်းက တို့စေတနာကို နားမလည်ဘဲ တားမြစ်ထားတဲ့ကြားကနေ ဆေးလိပ်ခိုးသောက်တယ်၊ ဆေးလိပ်ကြိုက်တဲ့မင်းကို ဆေးလိပ်မကောင်းကြောင်း နားချရတာလည်း အလကားပဲ''

ဆရာက ထိုကဲ့သို့ပြောသောအခါ အာကာလွင်မကြိုက်ဘဲ

''အဲဒီလိုတော့ မပြောပါနဲ့ ဆရာ၊ ကျွန်တော် ဆရာ့ရဲ့သွန်သင်ဆုံးမမှုကို အမြဲတမ်းနားထောင်ခဲ့တာပဲ''

''အေး.....အဲဒါက တခြားကိစ္စ၊ ဒီဆေးလိပ်သောက်တာနဲ့ ပတ်သက်ပြီး ငါပြောပေါင်း မရေနိုင်တော့ဘူး၊ ဆေးလိပ်သောက်ရင် အမောမခံနိုင်ဘူး၊သက်လုံမကောင်းဘူး၊ အရွယ်ငယ်ငယ်နဲ့ အဘိုးကြီးလို ဟောဟဲ ဟောဟဲဖြစ်မယ်လို့ ပြောခဲ့တယ်၊ နောက်ဆက်တွဲရောဂါဆိုးတွေ လာဦးမယ်၊ အဆုတ်ကင်ဆာတို့၊ အဆုတ်ဆန်ခါပေါက်ဖြစ်တာတို့၊ နှလုံးအဆီဖုံးတာတို့.....''

ဆရာကလည်း ဆရာပင်။ ဆေးလိပ်အကြောင်း၊ မူးယစ်ဆေးအကြောင်း ဟောရပြောရမည်ဆိုလျှင် မျက်လုံးများတောက်လာကာ မမောနိုင်၊ မပန်းနိုင်နှင့် အာသွက်လျှာသွက်ဖြစ်လာသည်။ ဆရာကိုယ်တိုင် မူးယစ်ဆေးဝါး ဆန့်ကျင်မှုများတွင် ရှေ့မှ တက်တက်ကြွကြွ ပါဝင်သည်။

---

**မူးယစ်ဆေးဝါး တိုက်ဖျက်ရေးများကို မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ်တိုင်းတွင် ပြုလုပ်နေကြသည်။ စိတ်ကြွရူးသွပ်ဆေးပြားများ အစုလိုက်အပုံလိုက် မီးရှို့ဖျက်ဆီးသည်။ အဲဒါ မကောင်း၍ဆိုလျှင် မကောင်းမှန်း သိလျက်နှင့် လူတွေဘာကြောင့် ပြုလုပ်ကြသနည်း ...**

www.burmeseclassic.com

www.burmeseclassic.com

ခက်တာက သူ့ရဲ့စိတ်။ ဤဆေးလိပ်လေးကိုမှ မသောက်လိုက်ရလျှင် ဘာလိုလို့ လိုမှန်းမသိချေ။ ဆေးလိပ်ကို သူ ကိုးတန်း၊ ဆယ်တန်းကျောင်းသားဘဝကတည်းက ခိုးသောက်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်နှစ်နီးပါးရှိလေပြီ။ စိတ်မထိန်းနိုင်ဘဲ သောက်လို့ကတော့ တစ်ဘူး တစ်ရက်နှင့် ကုန်ချင်လည်းကုန်သည်။ ဝယ်စရာပိုက်ဆံမရှိလို့ တစ်ရက်တစ်လိပ်နှင့် ပြီးချင်လည်းပြီးသည်။ အဓိက,က ဆေးလိပ်ကို သောက်ရဖို့က အဓိကဖြစ်သည်။

ပြိုင်ပွဲနီး၍ ထရိန်နင်ပြင်းပြင်းထန်ထန် ဆင်းရသည့်အချိန်တွင် တစ်ရက် တစ်လိပ်မပြောနဲ့၊ ပြိုင်ပွဲမပြီးမချင်း ဆေးလိပ်နဲ့ အဆက်အသွယ်ဖြတ်ထားရသည်။ ထိုအခါမျိုးဆိုလျှင် သူ့မှာ ရည်းစားနဲ့စကားများထားသူတစ်ယောက်ကဲ့သို့ ဖြစ်နေရသည်။

"ဟေ့...အာကာလွင်၊ ဆရာပြောတာတွေကို ကြားရဲ့လား၊ ဘာတွေစဉ်းစားနေတာလဲ"

"ဗျာ.....ဘာမှမစဉ်းစားပါဘူး ဆရာ"

ဆရာက သူ့ရဲ့ဆုံးမမှုကိုအဆုံးသတ်ကာ.....

"လီမွာစမ်းပါ ငါ့တပည့်ရာ၊ မင်း မမိုက်ချင်စမ်းပါနဲ့၊ မင်းက တစ်သက်လုံး ဘောလုံးကန်ဖို့ စဉ်းစားထားသလား"

"ဟာ.....ဆရာကလည်း မေးစရာလိုလို့လား၊ ကျွန်တော့်ဘဝက ဘောလုံးပဲ၊ ဘောလုံးမကန်နိုင်တဲ့အရွယ်ရောက်ရင်တောင် ဘောလုံးကွင်းနားမှာတော့ ကျွန်တော် အမြဲရှိနေမှာပါ ဆရာ"

"အေးပါ၊ မင်းအကြောင်း ဆရာသိပါတယ်၊ ကဲ...ဆရာလည်း ရုံးဘက်သွားလိုက်ဦးမယ်၊ ဩော်....ဒါနဲ့ ဒီနေ့ ထရိန်နင်ရှိသေးတယ်နော်၊ မမေ့နဲ့ ကြားလား"

"စိတ်ချပါ ဆရာ"

ဆရာက ခပ်မတ်မတ်လျှောက်၍ သူ့အနားမှ ထွက်သွားသည်။ ဆရာနင်းချေသွားသည့် ဆေးလိပ်ကိုကြည့်ပြီး သူတံတွေးတစ်ချက်မျိုလိုက်သည်။

+++

"တွေ့တယ်မဟုတ်လား၊ ပြိုင်ပွဲက ဒီလောက်နီးကပ်နေပြီ၊ လူက အမောမခံနိုင်သေးဘူး"

ဆရာ့ရဲ့အထင်သေးစကားများကြောင့် သူ့ရဲ့မခံချင်စိတ်များ ရုန်းကြွလာသည်။ ချွေးများတပြိုက်ပြိုက်ကျလာကာ မျက်နှာနီရဲနေသည်ကို ပင် ဂရုမစိုက်ဘဲ မပြီးသေးသည့် လက်ထောက်မှောက်ကို ဆက်လုပ်နေသည်။ သို့သော် တစ်ခါထက် တစ်ခါ ပိုပို၍လေးလံလာကာ ကြမ်းပြင်ပေါ်မှ သူ့ရဲ့ခန္ဓာကိုယ်ကို ကြွ၍မရတော့ချေ။

"ဟိတ်.....အာကာလွင်..... အာကာ၊ ဒီကောင်တော့....အောင်အောင် ရေတစ်ခွက်သွားခပ်စမ်း"

သူ့ဘေးနားတွင်ကန်ဖော်ကန်ဖက်သူငယ်ချင်းများ ဝိုင်းလာသည်။ ဆရာကိုယ်တိုင် သူ့ကိုယပ်ခတ်ပေးကာ ရေတိုက်လေသည်။ ရင်ထဲ၌ ပုစွန်ဆိတ်များ ခုန်နေသကဲ့သို့ တဆတ်ဆတ်တုန်နေသည်က အခုထက်ထိမပြေနိုင်သေး။ အသားတွေ ထူပူကာ နားတွေပဲ အူနေသလိုလို ခြေကုန်လက်ပန်းကျနေတော့သည်။

"မင်းပုံစံက ဒီနေ့ဖြစ်ပုံ့မလား အာကာ"

"တောင်းပန်ပါတယ် ဆရာ၊ ကျွန်တော့်ကို ဒီတစ်ရက်တော့ ခွင့်ပေးပါ၊ နောက်ရက်တွေ ဒီလိုမဖြစ်စေရပါဘူး"

ဆရာက သူ့ကို ကရုဏာဒေါသောနှင့်ကြည့်ပြီး သက်ပြင်းချကာ ပြောလိုက်သည်။

"ကောင်းပြီလေ၊ မင်း ဆေးလိပ်တွေ သောက်နေတုန်းလား"

"ထရိန်နင်နီးလို့ မသောက်တာ ကြာပါပြီ ဆရာ"

"အခု မင်းပြန်ပြီး အနားယူလိုက်ဦး၊ တစ်ယောက်တည်းဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ဆရာ"

သူ့ဆရာကို နှုတ်ဆက်ပြီး အားကစားဘောင်းဘီရှည်နဲ့ အင်္ကျီရှည်ကို ဝတ်လိုက်သည်။ သူ့ရဲ့ဘော်ဒါများက.....

"အာကာ မင်းလဲလို့မဖြစ်ဘူးနော်"

"ဟုတ်တယ်၊ ဒီတစ်ချီတက်ရင် ဖိုင်လုပွဲပဲ၊ တို့ရှမ်းမြောက်ဖလားရအောင် ကြိုးစားမယ်"

"အားမွေးလိုက်ဦး အာကာ"

ဟု တစ်ယောက်တစ်ခွန်း ဝိုင်း

အားပေးကြသည်။ သူ တက်ကြွစွာ ခေါင်းညိတ်လိုက်သည်။ ဤ ၂၀၀၆ တွင် သူတို့ရဲ့ရှမ်းမြောက်က ဖလား မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ကြိုးစား ရမည်။

ထိုအတွေးဖြင့် သူပြန်လာခဲ့သော်လည်း သူ့ကိုယ်သူ သိနေသည်။ သူ သိပ်အမောမခံနိုင်ပါ။ ကွင်းထဲပတ်ပြေးနေရတာက တစ်ကိုယ်လုံးညောင်းကာ ခြေထောက်များပင် မသယ်ချင်။ ကြွက်ကလည်း မကြာခဏတက်လာသည်။ မနှစ်က သူဒီလို တစ်ခါမှ မခံစားရဖူးချေ။ ဒီနှစ်မှ ကျန်းမာရေးကပဲ ဆုတ်ယုတ်လာသလား၊ ဆရာပြောသကဲ့သို့ ဆေးလိပ်သောက်၍များလား။

အိမ်ကိုပြန်ရောက်သည့်တိုင်အောင် ထိုအတွေးဆိုးကြီးက သူ့ကိုနှိပ်စက်နေသည်။ စိတ်မလန်း၊ လူ ပင်ပန်းလျက်ရှိသည်။ ထို့ကြောင့် ည မှောင်သောအခါ စိတ်ပြေလက်ပျောက်အနေနှင့် ရပ်ကွက်ထဲက သူငယ်ချင်းများဆီ ထွက်လာသည်။

ဒီအချိန် သူတို့ရှိနေကျနေရာက ရပ်ကွက်ထဲတွင် စည်ကားလှသော ဦးညွန့်မောင်လက်ဖက်ရည်ဆိုင်မှန်းသိသဖြင့် ထိုဆိုင်သို့ပင် သွားလိုက်သည်။

ဟော.....သူထင်သည့်အတိုင်း သူငယ်ချင်းများကို တွေ့ရသည်။ ဤ သူငယ်ချင်းများသည် ရပ်ကွက်ထဲက ဆိုးသွမ်းလူငယ်များ၊ လူပေါ်ကြော့များအဖြစ် အရပ်က အော့ကြောလန်နေသော်လည်း သူကတော့ ထိုသို့မမှတ်ယူပါ။ လူငယ်ကို လူငယ်ချင်းသာ နားလည်သည်။ ဆိုတော့ကာ ထိုသူငယ်ချင်းများသည် သူ့ရဲ့ဘောလုံးပွဲများကို တစ်ခဲနက်အားပေးကြသည်။ သူ့အပေါ်မကောင်းသည့်လူများကို သူတို့မုန်းကြသည်။

ထို့ကြောင့် ဘယ်သူဘာပြောပြော သူ့ဘော်ဒါတွေကို သူအပြစ်မမြင်ပါ။

''ဟေး.....တို့ရဲ့ဘောလုံးချန်ပီယံကြီးလာပြီကွ''


''လာ.....လာ သူငယ်ချင်း''

''မင်းဘယ်ပျောက်နေတာလဲ၊ မင်းကိုမတွေ့လို့ တို့တောင်မျှော်နေသေးတယ်''

သူတို့ရဲ့ ဆူညံစွာ အော်ဟစ်ခေါ်သံများကြောင့် အခြားစားသုံးသူများက မကျေနပ်စွာ လှည့်ကြည့်သော်လည်း ဘာမှမပြောကြချေ။ လူမိုက်များနှင့် ဖက်ဖြစ်လျှင် ကိုယ်တောင်နာသေးသည်ဟု တွေးထားလေသလားမသိ။

သူက သူစိတ်ညစ်နေရတဲ့ အကြောင်းရင်းများ၊ အခက်အခဲများကို ပြောပြလိုက်သည်။ ပြိုင်ပွဲတွင် သူ့ကြောင့်ပျက်သွားလေမလား စိုးတထိတ်ထိတ်နှင့် ဖြစ်နေမိကြောင်း သူငယ်ချင်းများကိုရင်ဖွင့်လိုက်သည်။

သူငယ်ချင်းများက သူ့စကားကို သေချာနားထောင်ကြသည်။ အတန်ကြာသောအခါ မိုးဇော်က ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်ကာ ဦးခေါင်းကိုရှေ့သို့တိုး၍ လေသံတိုးတိုးဖြင့်.....



www.burmeseclassic.com

www.burmeseclassic.com

"အာကာ မင်းဆေးနည်းနည်း ချကြည့်ပါလား"

"ဟာ.....မဖြစ်နိုင်တာကွာ၊ မင်းတို့ကလည်း ငါ့ကို အဲဒီအကြံ တော့ မပေးပါနဲ့ကွာ၊ အခု ဆေး လိပ်သောက်တာတောင် ငါအဆူခံ နေရတာ"

သူက မိုးဇော်ရဲ့အကြံကို ကြောက်လန့်တကြားငြင်းသည်။ ထွန်းထွန်းက တွေးတွေးဆဆဖြင့် ခေါင်းညိတ်ကာ.....

"ဟုတ်တယ်၊ ဒါလုပ်လို့ရတာ ပဲ၊ ဟော့ကောင်..ဆေးလိပ်နဲ့တခြား စီပဲ၊ ဒါသုံးလိုက်ရင် မင်းအမြဲတမ်း တက်ကြွနေမှာကွ၊ ထရိန်နင်ဆင်း ဆင်း၊ ပြိုင်ပွဲဝင်ဝင် မောတယ်ဆို တာ ဘာလဲဟင်လို့တောင် မေးယူ ရမှာ"

"ဟုတ်လို့လားကွာ"

သူ ထွန်းထွန်းစကားကို စိတ် ဝင်တစား မေးမိသော်လည်း ခပ် လန့်လန့်ဖြစ်မိသည်။ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် အရာအကြောင်း၊ အထက်တန်း ကျောင်းမကျန် တက္ကသိုလ်အထိ အသိပညာ ဖြန့်ဝေသည်။ မူးယစ် ဆေးဝါး တိုက်ဖျက်ရေးများကို မြန်မာနိုင်ငံသာမက ကမ္ဘာအရပ်ရပ် တိုင်းတွင် ပြုလုပ်နေကြသည်။ စိတ် ကြွရူးသွပ်ဆေးပြားများ အစုလိုက် အပုံလိုက် မီးရှို့ဖျက်ဆီးသည်။ အဲဒါ မကောင်း၍ဆိုလျှင် မကောင်းမှန်း သိလျက်နှင့် လူတွေဘာကြောင့်ပြု လုပ်ကြသနည်း။

+++

"တော်ပြီလေ အာကာ၊ မင်း ဘယ်လောက်ထိလုပ်ဦးမှာလဲ"

လေ့ကျင့်ခန်းအားလုံးကိုမမော နိုင်မပန်းနိုင်တရစပ်ပြုလုပ်နေသည့် သူ့ကို ဆရာက မယုံကြည်နိုင်စွာ ကြည့်ပြီး တားသည်။ လေ့ကျင့်ခန်း ပြုလုပ်မှုများ ရပ်တန့်လိုက်သော် လည်း သူ့ရဲ့စိတ်များ တက်ကြွရွှင် လန်းလျက်ရှိသည်။ ဆရာက သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသဖြင့် သူ့ အမူအရာများကို ထိန်းလိုက်သည်။

ပြိုင်ပွဲမဝင်ခင် တစ်ရက်တွင် သူက ခြေတကြွကြွဖြစ်နေသဖြင့် ဆရာက စိတ်ကိုတည်ငြိမ်အောင် ထားဖို့၊ စိတ်ကို လှုပ်လှုပ်ရှားရှား မဖြစ်စေဖို့ သတိပေးသည်။ သူက တော့ ဆရာ့စကားကို နားထဲသိပ် မဝင်ချေ။ အဓိက,က ဘောလုံးပွဲ တွင် သူတို့ နိုင်ကိုနိုင်ရမည်အတွေး ဖြင့် မသမာသောနည်းလမ်းကိုကြို တင်သုံးထားခဲ့သည်။

ကွင်းထဲသို့ရောက်သောအခါ ခဏတာပဲ သူတို့အသာစီးရသလိုလို နှင့် နောက်ပိုင်း သူတို့ကသာအရည် အသွေးညံ့နေသလို ဖြစ်တော့သည်။ ဘောလုံးက လှလှပပကစားသည့် ကစားသမား၏ခြေတွင်သာရှိပြီး စိတ်လောသော သူ့ခြေထောက် အောက်သို့ ယောင်၍မျှပင် ရောက် မလာခဲ့ချေ။ ကြာလာသောအခါ သူ ရှုံးရှုံးရှဲ့ရှဲ့နှင့် ဒေါသဖြစ်လာသည်။

"အာကာ.....ဘာလုပ်နေတာ လဲ"

"ဟုတ်တယ်၊ ဒီကောင်ကွာ ပေးတဲ့ဘောလုံးတောင် ရအောင် မဖမ်းဘူး"

ဆူညံစွာ တစ်ယောက်တစ် ပေါက် အော်ဟစ်သံများကြောင့် သူ့ ကို အရှက်ရစေသည်။ သူ့ဦးခေါင်း ထဲတွင် ဘောလုံး၊ အတွေးထဲတွင် ဘောလုံး၊ သူ့မြင်ကွင်းရှေ့တွင် ဘောလုံး၊ ဘောလုံးပေါင်းများစွာက သူ့ဆီပြေးဝင်လာသည်။

"ဘောလုံးတွေအများကြီးပဲ၊ အောင်မယ်လေး.....ငါ့ကိုမှန်တော့ မယ်"

ဘောလုံးများစွာ သူ့ဆီလိမ့်ဝင် လာသဖြင့် သူကြောက်လန့်ကြီးစွာ ဘောလုံးနှင့်ဝေးရာသို့ ထွက်ပြေးမိ တော့သည်။ ဘောလုံးတွေက သူ့ ရဲ့နောက်သို့ လိုက်နေဆဲ။

လူတွေရဲ့တဒင်္ဂတိတ်ဆိတ်ငြိမ် သက်မှု။ နောက် လူတွေရဲ့အော်သံ၊ အံ့သြသံ၊ မယုံနိုင်စွာ အော်နေသံ များကိုသူကြားနေရသည်။ သို့သော် သူကတော့ ဘယ်သူ့ကိုမှ မမြင်ရ ချေ။ သူ့ဦးနှောက်ထဲတွင် ဘောလုံး ကိုကြောက်သည့်စိတ်သာရှိသည်။ ထို့ကြောင့် သူပြေးနေသည်။

"အာကာ ဘောလုံးကိုမဖမ်း ဘဲ ဘာအရူးထနေတာလဲ"

"ဘောလုံးတောင်မကန်ရဲဘဲ တိုင်းနဲ့ပြည်နယ်အဆင့် တက်လာ တယ်"

လူအများ၏ တစ်ယောက်တစ် ပေါက် ဝေဖန်အော်ဟစ်သံများ နောက် သူ့ဆီ လာရောက်ဆဲမှန် သော ရေသန့်ဘူးများ၊ ဖိနပ်များ၊ ခဲများကို သူမရှောင်နိုင်။ သူ့တစ်

www.burmeseclassic.com

ကိုယ်လုံး နာကျင်နေသည်။ နောက်ဆုံး သူကြောက်သောဘောလုံးက သူ့ခေါင်းကို အရှိန်ပြင်းစွာ လာမှန်ပြီးသည့်နောက်.....

+++

"စိတ်မကောင်းပါဘူး ဆရာ"

"ဗျာ.....ဒေါက်တာ"

အခန်းထောင့်သို့ခေါ်လာပြီး ထိုစကားကိုပြောသဖြင့် ဆရာဦးမြင့်မောင် နားမလည်စွာ 'ဗျာ'လိုက်သည်။

"ဒေါက်တာ ဘာကိုဆိုလိုတာလဲမသိဘူး"

"အာကာလွင်ဟာ စိတ်ကြွဆေးပြား သုံးစွဲထားတဲ့ လက္ခဏာကို တွေ့ရတယ်"

"ဗျာ...ဟုတ်လို့လား ဆရာ"

"ကျွန်တော် အပြောနဲ့သက်သေမပြချင်ပါဘူး၊ လက်တွေ့သက်သေပြမှာပါ၊ သူ့ရဲ့အင်္ကျီအိတ်ကပ်ထဲက စက္ကူနဲ့ထုပ်ထားတဲ့ ဟောဒီဆေးလုံးလေးတွေကို တွေ့ရပါတယ်"

ဆရာဝန်ရဲ့လက်ထဲက ပန်းရောင်ဆေးလုံးသေးသေးလေးများကို ထိတ်လန့်စွာကြည့်ရင်း ဆရာဦးမြင့်မောင် ကြက်သေသေသေလျက်။

"နောက် ဒီဆေးသုံးစွဲသူများမှာ အနံ့အသက်တစ်မျိုးရတတ်တယ်၊ ချောကလက်နံ့လိုလို မွှေးမွှေးအီအီအနံ့မျိုးပါ၊ ရုပ်သွင်ပြင်လက္ခဏာအနေနဲ့ဆိုရင် ဘာပဲလုပ်လုပ် တက်တက်ကြွကြွနဲ့ မမောနိုင်၊ မပန်းနိုင်ဘဲ၊ အဲဒီဆေးသုံးထားရင် မအိပ်ရလည်း ဘာမှမဖြစ်ဘူး၊ ဘာနိုင်းနိုင်း လုပ်ရဖို့ဝန်မလေးဘူး၊ သုံးနေကျထက် ပိုသုံးရင် အမှန်နဲ့အမှားတောင် မခွဲခြားမိတော့ဘူး၊ ဓားနဲ့ဆွဲခုတ်ချင်လည်း ခုတ်လိုက်တာပဲ၊ မလုပ်သင့်ဘူးမတွေးဘူး၊ အဲ...ဆေးပြယ်သွားပြီဆိုရင်တော့ ပိန်ကျသွားပြီး မျက်တွင်းဟောက်ပက်ဖြစ်သွားတယ်၊ ပါးရိုးတွေ ငေါထွက်လာတယ်၊ မအိပ်မနေ တက်ကြွခဲ့တဲ့ အကျိုးဆက်ပေါ့ဗျာ"

"ဒီကလေး ဒီလောက်ဆိုးမနေရဲ့နဲ့၊ တော်တော်မိုက်တယ်ဗျာ"

"ဆရာ.....ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ အခွင့်အရေး တစ်ခု ပေးပါ ဆရာရယ်"

"မဖြစ်နိုင်ဘူး အာကာလွင်၊ မင်းကိုယ်မင်း မပြုပြင်ဘဲနဲ့တော့ တို့ဘောလုံးလောကထဲ ခြေချဖို့ မကြိုးစားနဲ့"

BURMESE CLASSIC .com

"အဲဒီလို မရက်စက်ပါနဲ့ဆရာရယ်၊ ကျွန်တော် သူငယ်ချင်းတွေ မြှောက်ပေးလို့ သုံးခဲ့တာပါ၊ မကြာသေးပါဘူး၊ ကျွန်တော်ဖြတ်ရင်ပြတ်ပါတယ်၊ ဒီဘောလုံးလောက,ကနေတော့ ကျွန်တော့်ကို မပစ်ပယ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ နောက်ဒီလိုမဖြစ်စေရပါဘူး"

အာကာလွင်ရဲ့စကားကို ဆရာဦးမြင့်မောင်က သဘောကျစွာရယ်လိုက်သည်။ နောက် 'မင်းငယ်ပါသေးတယ်ကွယ်'ဆိုတဲ့အကြည့်နှင့် ကြည့်လိုက်ပြီး.....

"မင်းလို လွယ်လွယ်ကတိ လူတိုင်းပေးခဲ့ကြတာပဲ အာကာရဲ့၊ နောက်မဖြစ်စေရပါဘူး၊ နောက်မလုပ်တော့ပါဘူးနဲ့ အဲဒီလိုဆို ဘိန်းစား၊ ဆေးသမား ဒီလောကမှာ ဘယ်ရှိတော့မှာလဲ၊ မင်းတို့လို သုံးစွဲဖူးသူတွေက ပိုသိမှာပေါ့၊ အခုနေတော့ ပြတ်ပါပြီ၊ စိတ်နာပါပြီနဲ့ အနည်ထိုင်သွားတဲ့အခါ၊ အဲဒီဆေးတွေကို မြင်တဲ့အခါ မနေနိုင်တော့ဘူး၊ နောက်မလုပ်တော့ပါဘူးကတိပေးပြီး ရှေ့လုပ်နေတော့တာပဲ"

"ဆရာရယ် ကျွန်တော့်ကိုတောင် ယုံကြည်မှုမရှိတော့ဘူးလား၊ ကျွန်တော် အပေါင်းအသင်းတွေကြောင့် မှားသွားတာ ဝန်ခံပါတယ်၊ ဒါပေမဲ့....."

ဆရာဦးမြင့်မောင် လက်ကာပြလိုက်ပြီး.....

"တော်ပြီ၊ ထပ်မပြောနဲ့တော့၊ မင်းကို ဆေးဖြတ်ဖို့ ဆေးရုံပို့မယ် အာကာလွင်၊ တို့အသင်းအဖွဲ့အနေနဲ့ အလုပ်သင့်အလုပ်ထိုက်ဆုံးကို လုပ်ရမှာပဲ၊ မင်း လုံးဝ မူးယစ်ဆေးကို အို.....ကုန်ကုန်ပြောရရင် မင်းနှစ်သက်လှချည်ရဲ့ဆိုတဲ့ ဆေးလိပ်လည်း ဖြတ်ရမယ်၊ အားလုံးဖြတ်ပြီး စိတ်သစ်၊ လူသစ်၊ ဘဝသစ်နဲ့ တို့ဆီလာခဲ့၊ ကြိုနေမယ်"

နဂိုကတည်းက ပြတ်ပြတ်သားသား ပြောဆိုတတ်သော ဆရာဦးမြင့်မောင်။ ယခုတော့ပိုတောင်ပြတ်သားနေလေပြီ။ သူသည် နောင်တကြီးစွာရလိုက်သည်။ နိုင်ချင်စောအားကြီးသဖြင့် ဆေးများကို သုံးစွဲ

www.burmeseclassic.com

**မူးယစ်ဆေးအနွယ်ဝင် ဆေးလိပ်နဲ့ ပတ်သက်တဲ့ ဆိုးကျိုးအကြောင်းကိုလည်း အစ်ကိုပြောချင်သေးတယ်၊ အဲဒါက ဒီနစ်ရဲ့ ခန့်မှန်းချက်ပါ၊ ကမ္ဘာ့လူဦးရေ တစ်ဒသမသုံးဘီလီယံက ဆေးလိပ်စွဲနေကြတယ်တဲ့၊ အဲဒီဆေးလိပ်သောက်ခြင်းကြောင့် ခြောက်စက္ကန့်မှာ လူတစ်ဦးသေဆုံးရပြီး . . .**

နေကျထက် ပို၍သုံးစွဲခဲ့သည်။ မူးယစ်ဆေးက သူ့ကိုလုလုပပကြီး ကစားသွားခဲ့လေပြီ။

✦ ✦ ✦

သူသည် ဆရာဦးမြင့်မောင်၏ ကူညီလမ်းညွှန်မှုဖြင့် မူးယစ်ဆေးဝါးဖြတ်သည့်ဆေးရုံသို့ ရောက်ရှိသွားခဲ့သည်။ အခြေအနေဆိုးလွန်းသည့် သူများကိုလည်း တွေ့ခဲ့ရ၏။ အမေမသိ၊ အဖေမသိ၊ ဘာဆိုဘာမှမသိ အော်ဟစ်၍ မူးယစ်ဆေးရဖို့သာ တောင့်တနေသည့် လူငယ်များရဲ့ အဖြစ်က ရင်နာစရာကောင်းလှသည်။ လူငယ်လူရွယ်၊ ပျိုသန်းဖို့ အားယူနေသည့်ကာလ။ လူငယ်လူရွယ်လေးများရှိရမည့်နေရာမှာ ဤဆေးရုံမဟုတ်ချေ။ စာသင်ခန်းများ၊ လုပ်ငန်းအဖွဲ့အစည်းများတွင် ကိုယ့်ရဲ့အစွမ်းအစကို ထုတ်ပြရမည့် အချိန်ဖြစ်သည်။

ယခုတော့ သူတို့ကိုယ်သူတို့ မသိ။ သူတို့မိဘများကိုပင် မသိလောက်အောင် မူးယစ်ဆေးဝါးဆာလောင်နေသည်။ ရုပ်ပျက်ဆင်းပျက်သောင်းကျန်းနေသည်။ မျက်ရည်များ ယိုစီးနေသည်၊ နှာရည်များကျနေသည်။ လူငယ်များအတွက် ရင်ထုမနာဖြစ်ရင်း သူ့ကိုယ်သူလည်း မူးယစ်ဆေးဆိုသည့်အရာ နောက်ဆိုလျှင် ယောင်၍တောင် လှည့်မကြည့်တော့ဟု သန္နိဋ္ဌာန်ချထားလိုက်သည်။

နောက် ဆေးရုံကမူးယစ်ဆေးကြောင့် ဘဝပျက်သွားခဲ့ရသည့် လူငယ်လူရွယ်များအကြောင်း အခြေခံရိုက်ထားသည့် ဇာတ်လမ်း၊ ဗီဒီယိုများကိုပြသသည်။ ယင်းထလျှင် ဖြစ်တတ်သည့် သဘောသဘာဝကို သဏ္ဍာန်လုပ်၊ သရုပ်တူစွာ ပီပီပြင်ပြင် ဖော်ကျူးထားသည်များကို ကြည့်ရင်း နောင်တတရားကိုရစေသည်။

ဟိုကြည့်ဒီကြည့်နှင့် အချိန်ကုန်နေရင်း သူ့ခုတင်ဘေးကခုတင်တွင် မူးယစ်ဆေးဝါးဖြတ်နေသည့် လူငယ်တစ်ယောက်ရှိသည်။ ထိုလူငယ်သည် သူ့ထက် အနည်းငယ်ငယ်မည်ဖြစ်ပြီး ခပ်ချောချောဖြစ်သည်။ ထိုကောင်လေးဆီသို့ အသက် ၃၅ နှစ်အရွယ် ဥပမိရုပ်သန့်သန့်နှင့် လူတစ်ယောက် နေ့စဉ်နေ့တိုင်း ရောက်လာပြီး အားပေးစကားပြောသည်။ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုလည်းပြောသည်။ မနေ့က နားစွန်နားဖျားကြားလိုက်ရသည့်စကားကို သူစိတ်ဝင်စားနေမိသည်။ ထို့ကြောင့် ဒီနေ့ ထိုအစ်ကိုရောက်လာသောအခါ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ ထိုအစ်ကိုနှင့် မျက်မှန်းတန်းမိသဖြင့် ထိုတစ်ယောက်ကလည်း သူ့ကိုတွေ့တိုင်း ပြုံးပြသည်။

‘‘အစ်ကို့ကို ကျွန်တော်မေးစရာရှိလို့ပါ’’

‘‘ဘာများမေးချင်လို့လဲ ညီလေး၊ အစ်ကိုသိတာမှန်သမျှပြောပြမှာပေါ့’’

ထိုတစ်ယောက်က သူ့ရဲ့ခုတင်ဘေးက ထိုင်ခုံပေါ်တွင်ထိုင်ပြီးမေးလေသည်။

‘‘အစ်ကို မနေ့ကပြောနေတဲ့ မူးယစ်ဆေးဝါးစစ်ဆင်ရေးအကြောင်း ကျွန်တော် နားစွန်နားဖျားကြားလိုက်ရတယ်၊ အဲဒါ ကျွန်တော်သိချင်လို့၊ ကျွန်တော့်ကို ပြောပြလို့ရမလား’’

www.burmeseclassic.com



"သိပ်ရတာပေါ့ ညီလေးရာ၊ ဒီ လူသားမျိုးနွယ်တစ်ခုလုံးကို ဒုက္ခ ရောက်စေတဲ့ မူးယစ်ဆေးဝါးတိုက် ဖျက်မှုကို ၁၉၇၆ ခုနှစ်ကတည်းက မိုးဟိန်းစစ်ဆင်ရေး အဆင့် ၁ မှ အဆင့် ၁၂ ထိ၊ ငရဲပန်းစစ်ဆင် ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး စတာတွေနဲ့ အဆင့်ဆင့်ချေမှုန်းခဲ့ရာ မှာ အရာရှိစစ်သည်တို့ရဲ့ အသက်၊ သွေး၊ ချွေးနဲ့ ပေးဆပ်ခဲ့ရသလို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလမှ ၁၉၉၈ ခုနှစ်အကုန်အထိ မူးယစ် ဆေးဝါးနှိမ်နင်းရေး ဖြစ်စဉ်များမှာ



လည်း ဒဏ်ရာရသူရ၊ အသက်ပေး သူ ပေးခဲ့ရတယ်၊ ၁၉၉၇ ခုနှစ်၊ ဧပြီ လမှာ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းလားဒေသ(အထူးဒေသ ၄)ကို လုံးဝ ဘိန်းပပျောက်တဲ့ဒေသအဖြစ် ကမ္ဘာကသိအောင် ကြေညာနိုင်ခဲ့ တယ်"

"ဆက်ပြောပါဦး အစ်ကို၊ ကျွန်တော် စာအုပ်တွေဖတ်ပေမယ့် ဒီလောက်ထိ မသိဘူးဗျာ၊ ကျွန် တော် အရမ်းစိတ်ဝင်စားပါတယ်"

"နဝတခေတ်မှစပြီး ယခုပြည် ထောင်စုသမ္မတနိုင်ငံခေတ်ထိတောင် နယ်စပ်ဒေသမှာ ဘိန်းခင်းတွေဖျက် ဆီးတာ၊ ဘိန်းအစားထိုးသီးနှံစိုက် ပျိုးစေတာ၊ မူးယစ်ဆေးဝါး ကင်း လွတ်တဲ့နယ်မြေအဖြစ် သတ်မှတ် ကြေညာပေးနိုင်ခဲ့ပြီးတာတွေ၊ ဖမ်း ဆီးရမိတဲ့ ဒေါ်လာသန်းနဲ့ချီ တန်ဖိုး ရှိတဲ့ မူးယစ်ဆေးဝါးတွေကို ကုလ သမဂ္ဂအဖွဲ့ဝင်များ၊ နိုင်ငံခြားသံ တမန်များနဲ့ သတင်းစာဆရာကြီး များရှေ့မှာနှစ်စဉ်မီးရှို့ဖျက်ဆီးခဲ့တာ တော့ ညီလေးသိမှာပါ"

BURMESE CLASSIC .com

"လမ်းမှားပေါ်ရောက်နေတဲ့လူ ငယ်တွေကို လမ်းမှန်ကိုရောက် အောင် ဆွဲတင်ဖို့မကြိုးစား၊ မူးယစ် ဆေးဝါး လုံးဝပပျောက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ဖို့လည်း မစဉ်းစားကြဘဲ ဘေးထိုင်ဘုပြောဆို တဲ့စကားအတိုင်း နောက်ကလည်း မလိုက်၊ ဘေးက ကဖျက်ယဖျက် လုပ်နေတဲ့ ဘေးလွယ်အိတ်တွေ ကြောင့် မူးယစ်ဆေးဝါးက ပျောက် သင့်ရဲ့နဲ့ မပျောက်တာပေါ့ အစ်ကို ရာ"

"ဒါပေါ့ညီရာ၊ ဒါပေါ့"

ထိုအစ်ကိုက ခပ်ပြုံးပြုံးနှင့် ထောက်ခံရင်း.....

"ညီစိတ်ဝင်စားမယ်ဆိုရင် မူး ယစ်ဆေးအနွယ်ဝင် ဆေးလိပ်နဲ့ ပတ်သက်တဲ့ ဆိုးကျိုးအကြောင်းကို လည်း အစ်ကိုပြောချင်သေးတယ်၊ အဲဒါက ဒီနှစ်ရဲ့ ခန့်မှန်းချက်ပါ၊ ကမ္ဘာ့လူဦးရေ တစ်ဒသမသုံးဘီလီ ယံက ဆေးလိပ်စွဲနေကြတယ်တဲ့၊ အဲ ဒီဆေးလိပ်သောက်ခြင်းကြောင့် ခြောက်စက္ကန့်မှာ လူတစ်ဦးသေဆုံး ရပြီး ဒီအတိုင်း ရှေ့ဆက်သွားမယ် ဆိုရင် ၂၀၃၄ ခုနှစ်မှာ လေးစက္ကန့် လျှင် လူတစ်ဦးနှုန်း သေဆုံးလာနိုင် ကြောင်း WHO က ခန့်မှန်းထား တယ်တဲ့"

ဆေးလိပ်ကို ဆယ်နှစ်နီးပါးစွဲ သောက်လာခဲ့သောသူ ကြက်သီး များတောင်ထသွားသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို ရာ၊ ကျွန်တော်အဲဒီလောက်အလေး အနက်မထားခဲ့ဖူးဘူး၊ အမှုမဲ့အမှတ် မဲ့ နေခဲ့မိတယ်၊ ကျွန်တော် ဆေး လိပ်ဖြတ်တော့မှာ၊ ဒါနဲ့ အစ်ကို့ကို ကြည့်ရတာ မူးယစ်ဆေးဝါးနဲ့ပတ် သက်ပြီး တော်တော်သိတာပဲနော်"

သူ့ရဲ့မှတ်ချက်စကားကြောင့် ထိုအစ်ကိုကပြုံးကာ တစ်ဖက်ခုတင် ကကောင်လေးက အသံထွက်ရယ် ရင်း.....

"အစ်ကိုက ကျွန်တော့်လေး

www.burmeseclassic.com

www.burmeseclassic.com

မူးယစ်ဆေးဝါးကို
ရဲရဲရင့်ရင့်
ဆန့်ကျင်နိုင်ခဲ့သဖြင့်
အောင်ပွဲဆင်နိုင်ခဲ့ခြင်း
ဖြစ်သည်။ သူသာ
ဆေးလိပ်ကို အမြတ်တနိုး
သောက်နေဦးမည်ဆိုလျှင်
ဤဘောလုံးလောက
အတွင်းသို့
ဝင်လာခွင့်ရမည်မဟုတ်ချေ။
ယခုတော့ မူးယစ်ဆေးဝါးသည်
တန်ဖိုးရှိလှသော လူငယ်ဘဝကို
ဖျက်ဆီးတတ်ကြောင်း
သိခဲ့ရလေပြီ
...

လေးကို ဘယ်လိုထင်လို့တုံးဗျ၊ ကျွန်တော့်လေးလေးက မူးယစ်ရဲ့ အရာရှိလေ''တဲ့။

+++

ဆုပေးပွဲအစီအစဉ် ကြေညာမည့်အချိန်တွင် ချစ်ကြည်ရေးကိုယ်စားလှယ်အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ဆရာဦးမြင့်မောင်ကိုယ်တိုင် ချွေးများပြန်လာသဖြင့် မျက်မှန်ကိုချွတ်ကာ ပဝါဖြင့် မျက်နှာကိုထိပွတ်လေသည်။

သူတို့မြန်မာနိုင်ငံကို ဆုရနိုင်ငံတစ်နိုင်ငံအဖြစ် ကြေညာသောအခါတွင်တော့

''ဟေး.....''

''တို့မြန်မာဟေ့.....''

''မြန်မာ.....မြန်မာ....မြန်မာ''

ဝမ်းသာအားရ အော်ဟစ်သံများ၊ လက်ခုပ်တီးသံများ အပြိုင်အဆိုင် ထွက်ပေါ်လာသည်။ မြန်မာမြန်မာဟူသော အော်သံကလည်း မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ပေါ်လာ၏။ ရွှေတံဆိပ်ဆုကို နည်းပြဆရာ ဦးမြင့်မောင်နဲ့ ကိုးသမား အောင်အောင်တို့ သွားယူသောအခါ သူတို့အားလုံး လက်ဖဝါးများကွဲမတတ် လက်ခုပ်တီးကြသည်။ နောက် ဆရာဦးမြင့်မောင်က ကျေးဇူးတင်စကားပြောသည်။

သူကတော့ ဆရာဦးမြင့်မောင် စင်ပေါ်ကဆင်းလာသည့်အထိ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။ ဆရာ့အကြည့်က သူ့ဆီသို့ရောက်လာသောအခါ ဆရာက သူ့ကို လက်မထောင်ပြသည်။ သူ ဆရာ့ကို ဝမ်းသာအားရစွာ ပြုံးပြလိုက်သည်။

ဆရာ့ရဲ့ ယုံကြည်မှုကို သူရရှိခဲ့လေပြီ။ ဤသည်မှာ မူးယစ်ဆေးဝါးကို ရဲရဲရင့်ရင့် ဆန့်ကျင်နိုင်ခဲ့သဖြင့် အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။ သူသာ ဆေးလိပ်ကို အမြတ်တနိုး သောက်နေဦးမည်ဆိုလျှင် ဤဘောလုံးလောကအတွင်းသို့ ဝင်လာခွင့်ရမည်မဟုတ်ချေ။ ယခုတော့ မူးယစ်ဆေးဝါးသည် တန်ဖိုးရှိလှသော လူငယ်ဘဝကို ဖျက်ဆီးတတ်ကြောင်း သိခဲ့ရလေပြီ။

''ညီလေးကို ဘောလုံးကွင်းထဲမှာမြင်ရဖို့ အစ်ကိုမျှော်လင့်တယ်'' ဟူသောစကားကို နားထဲမှာအထပ်ထပ်အခါခါ ကြားယောင်နေမိသည်။ သြော်.....ဤကဲ့သို့ အောင်ပွဲဆင်နိုင်ဖို့ သူ့ကိုယ်သူ ပြုပြင်ခဲ့ရ၊ လေ့ကျင့်ခဲ့ရနှင့် အချိန်က ခြောက်နှစ်ထိသို့ပင် တာစူနေလေပြီ။

''၂၀၁၃ ဆီးဂိမ်းမှာ ငါတို့မြန်မာနိုင်ငံက အနိုင်ရရမယ်''

မြန်မာနိုင်ငံသို့ အပြန်လမ်းတစ်လျှောက်တွင် ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် ဆီးဂိမ်းအတွက် ဘောလုံးသမားအားလုံး တက်ကြွနေကြသည်။ သူကိုယ်တိုင်လည်း ဆီးဂိမ်းတွင် ပါဝင်ခွင့်ရသော ဘောလုံးသမားကောင်းဖြစ်ခွင့်ရရန် ဆန္ဒရှိလျက်ရှိလေသည်။

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပမည့် ဆီးဂိမ်းတွင် မြန်မာနိုင်ငံ အနိုင်ရပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။)

ရှင်လွန်းမယ်

www.burmeseclassic.com

www.burmeseclassic.com




# အောင်ကျော်ပြုံး

ဆပ်ရေးဖြင့်ဘယ်မကုန်

www.burmeseclassic.com

www.burmeseclassic.com

အဖေနဲ့ပတ်သက်ခဲ့ရင် အဖေ့အပေါ်မှာ သား ရိုင်းပျခဲ့ပါတယ် အဖေ။ ရိုင်းပျတယ်ဆိုတာထက် ယုတ်မာတယ်ဆိုတာက ပိုပြီးမှန်ပါလိမ့်မယ်။ အဲသည်လောက်ထိအောင် သားကလည်း ဆိုးသွမ်းခဲ့တာကိုး။

မာတာပိတုဂုဏောအနန္တောတဲ့။ မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားကြရတဲ့သူတွေပါ။ မိဘကိုပြစ်မှားတဲ့သူဟာ ဘုရားရှင်ကို ပြစ်မှားတာနဲ့ အတူတူပါပဲ။ မိဘဆိုတာကလည်း ခင်ပွန်းကြီးဆယ်ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တယ်လို့ ဆိုထားခဲ့တာမဟုတ်လား။ အဲသည်လို ဂုဏ်ရည်များစွာရှိတဲ့သူကိုမှ သားအနေနဲ့ သွားစော်ကားမိလေတော့ သားရဲ့ဘဝမှာ ကံကြီးထိုက်ခဲ့ပြီပဲ။

ကံကြီးထိုက်တဲ့သူမှန်သမျှ ကုသိုလ်အလုပ်တွေကို လုပ်ချင်ရင်တောင်မှာ မိမိမှာရှိတဲ့ ဘုန်းရှိန်၊ ကံရှိန်တွေနည်းသွားလို့ ဘာဆိုဘာမှ လုပ်လို့မရတော့ဘူးဆိုတာ သားသိပါတယ်။ အမှန်အတိုင်းပြောရရင် အသိခေါက်ခက် အဝင်နက်ခဲ့တာ သားပါ။

သားရဲ့လုပ်ရပ်တွေကို မိဘတစ်ယောက်အနေနဲ့ ခွင့်မလွှတ်ပါနဲ့အဖေ။ အဖေ့ကို ပြစ်မှားကျူးလွန်မိခဲ့လို့ အဲသည်ကနေ ပေးလာမယ့် ပြစ်ဒဏ်တွေကို သားအနေနဲ့ ကောင်းကောင်းကြီးခံယူပါရစေ။ သည်ပြစ်ဒဏ်တွေနဲ့အတူ အဖေ့ရဲ့အပေါ်မှာ တင်ရှိနေတဲ့ သားရဲ့ မိုက်ပြစ်၊ မိုက်ကြွေးတွေကို နှောင်းနှောင်တနဲ့အတူ ပြန်လည်ပြီးတော့ ကျေးဇူးဆပ်တယ်လို့ အောက်မေ့ပါ။

သားဘယ်လိုပဲပြောပေမယ့် အဖေကတော့ ကြားနိုင်စွမ်းမရှိတော့ပါဘူး။ ဒါပေမဲ့လို့ ရောက်ရာဘုံဘဝတစ်ခုခုကနေ အဖေများ ကြားနိုင်မလားလို့ ထင်မြင်ယူဆပြီး အဖေ့ကို လက်အုပ်ချီမိုးလို့ တောင်းပန်နေရခြင်းပါ အဖေရယ်။

သားကို ခုနေတဲ့ မြိုင်သာယာရွာကလေးမှာပဲ မွေးခဲ့တာပါ။ အဖေက အမေ့ကိုပြောပါတယ်။

"သမီးမိန်းကလေးတော့မမွေးနဲ့၊ သမီးတစ်ကောင်နွားတစ်ထောင်တဲ့၊ ငယ်တုန်းငယ်ခါက ကိစ္စမရှိပေမယ့်လို့ ကြီးလာခဲ့ရင် ငါလည်း မထိန်းနိုင်ဘူး၊ သားယောကျ်ားလေးကိုပဲမွေး၊ ငယ်စဉ်အခါ သား၊ ကြီးလာတော့ အားပေါ့"

အဖေ့ရဲ့ဆန္ဒတွေ ပြည့်ဝခဲ့ပါတယ်။ အမေမီးဖွားတော့ သားကိုပဲ မွေးခဲ့တာလေ။ အဖေဖြစ်စေချင်သလို ငယ်စဉ်အခါ သားဖြစ်ခဲ့ပေမယ့် ကြီးလာတဲ့အခါကျတော့ အဖေ့အတွက် အားတွေဖြစ်မလာခဲ့ပါဘူး။ အဖေသားကို ချစ်တယ်ဆိုတာ အကြွင်းမဲ့ သားယုံကြည်ပါတယ်။ ဘယ်အရာ၊ ဘယ်ကိစ္စမျိုးမဆို သားအလိုကျ အဖေက ဆောင်ရွက်ပေးခဲ့ပါတယ်။ အမေကတော့ သူ့ဝသီအတိုင်းပေါ့။

"ကိုရင်တော့ သားကို ကြပ်ကြပ်အလိုလိုက်ထားပါ၊ တစ်နေ့ကျရင်သာ အလိုလိုက် အမိုက်စော်ကားတဲ့ အဖြစ်မျိုးတွေ ရင်ခံစားရလိမ့်မယ်"တဲ့။

အဖေကတော့ အမေ့ကို စိတ်မဆိုးရက်ပါဘူး။ သူပြောချင်တာတွေ ဘယ်လောက်ပဲပြောနေပါစေ ကိုယ့် လိုအင်ဆန္ဒတွေက ပြည့်ဝဖို့ အရေးကြီးတယ်မဟုတ်လား။ အမေက သည်လိုပြောလာတော့လည်း..

"ဖြစ်ချင်တာတွေ ဖြစ်ပါစေကွာ၊ ငါ့သားနဲ့ငါ့ဖြစ်တာ၊ ဘယ်သူမှ မနာလိုစရာမရှိနဲ့၊ မင်းတောင်မှ မိန်းမမို့လို့ ကြည့်နေတာ၊ ဟုတ်ဘူးလား သား"

သားကိုပါ အဖေက သက်သေပြုလာတော့ သားလည်း ဘာမှန်းမသိ ခေါင်းညိတ်ပြလိုက်ရတယ် ခြော်.....အဖေရယ်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com


**မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်းထားကြရတဲ့သူတွေပါ။ မိဘကိုပြစ်မှားတဲ့သူဟာ ဘုရားရှင်ကိုပြစ်မှားတာနဲ့အတူတူပါပဲ။ မိဘဆိုတာကလည်း ခင်ပွန်းကြီးဆယ်ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တယ်လို့ ဆိုထားခဲ့တာမဟုတ်လား။ အဲသည်လို ဂုဏ်ရည်များစွာရှိတဲ့သူကိုမှ သားအနေနဲ့ သွားစော်ကားမိလေတော့ သားရဲ့ဘဝမှာ ကံကြီးထိုက်ခဲ့ပြီ ...**



မိဘတိုင်းဟာ ကိုယ့်ရင်မှဖြစ်လာတဲ့ သားသမီးတွေကို အတိုင်းအဆမရှိအောင် ချစ်တတ်ကြတယ်။ သည်အထဲမှာသားရဲ့အဖေကလည်း ထိပ်ဆုံးကနေ ပါခဲ့သပေါ့။ သားရဲ့အနာဂတ်၊ သားရဲ့ရှေ့ရေး၊ အဲဒါတွေကို တွေးတောလို့ အဖေကိုယ်တိုင်ပဲ ရွာဦးဘုန်းတော်ကြီးကျောင်းက စာသင်ကျောင်းမှာ သားကိုအပ်နှံပြီး စာသင်ပေးခဲ့တယ်။

ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ ဘာဝနာရှာတဲ့။ အဖေပြောနေတဲ့စကားတွေ။ သားကငယ်သေးတော့အဖေပြောတဲ့စကားတွေ။ သားက ငယ်သေးတော့ အဖေပြောတဲ့စကားတွေကို တစ်ခုမှနားမလည်ခဲ့ပါဘူး အဖေ။

အဖေပြောပြောနေတဲ့ ဇာတ်လမ်းလေးရှိပါတယ်။ အဇာတသတ်မင်းဆိုတာလေ။ ကိုယ့်ရဲ့ဖခင်အရင်းကို သတ်မိတဲ့လုပ်ရပ်ကြောင့် ပိတုဃာတကကံထိုက်ပြီးမဂ်ဖိုလ်တောင်မှ မရခဲ့ပါဘူး။ ဥပသကာမြောက်ရုံသာ သရဏဂုံမှာ တည်နိုင်ခဲ့တယ်။

သားရဲ့အပေါ်မှာ အဖေ့အနေနဲ့ ဘယ်လောက်မေတ္တာတရားတွေကြီးမားကြောင်းကို သားကိုယ်စားအသိဆုံးပါ။ အခုတော့ဖြင့် လွန်ကုန်ပြီပေါ့ အဖေ။ သားဆိုတဲ့အကောင်ကလည်း မွေးကတည်းကိုက ဗွေဆိုးပါခဲ့လို့လားတော့ဖြင့် မသိပါဘူး။ ဘယ်ဆရာနဲ့ကုကု မပျောက်နိုင်တာအခက်သားလား။

အဖေက ကျောင်းထားပေးလို့သာ နေရတယ်။ ကျောင်းမှာလည်း မပျော်ခဲ့ပါဘူး။ ကျောင်းနေမပျော်တော့ ဘယ်မှာလာလို့စာတော်တော့မှာလဲ။ ဒါကြောင့်မို့လည်း ဆရာလစ်ပြီဆိုရင် သားတို့နဲ့ စိတ်တူသဘောတူတဲ့ အပေါင်းအသင်းတွေကို စုစည်းလို့ ကျောင်းပြေးခဲ့တာ များပါတယ်။

ဆရာကသိသွားတော့ ရိုက်ပေါ့။ ဒါကိုလည်း သားက နာရကောင်းမှန်းမသိပါဘူး။ မနာတော့ ဘယ်ပြင်ပါ့မလဲ အဖေရယ်။

လောကကြီးဆိုတာက နာမှလည်း . သာတတ်တာလေ။ လေးတန်းရောက်တော့ မပြောမဆိုဘဲနဲ့ သားဘာသာသား ကျောင်းကနေထွက်ပစ်လိုက်တယ်။ အဖေကတော့ ချော့မော့ပြီး ကျောင်းပြန်တက်ဖို့ သားကို စည်းရုံးပါသေးတယ်။

ကျောင်းကိုမှ သားမတက်ချင်တဲ့ဥစ္စာ။ ကျောင်းစာကိုလည်း သားစိတ်မဝင်စားဘူး။ ကျောင်းပြန်တက်နိုင်းရင်လည်း သားကတော့ကျောင်းပြေးနေဦးမှာ။ ကျောင်းထက်သာတဲ့

အရာတွေ လောကကြီးထဲမှာ တစ်ပုံကြီးရှိပါတယ်။ ဘာညာကွိကွလုပ်ပြီး သားကပြောလိုက်တော့ အဖေလည်း နောက်ထပ်ဆိုမလာတော့ပါဘူး။

အဲသည်ကတည်းကိုက သားလည်း အမိုက်တိုက်ထဲကို ရောက်သွားခဲ့ရတာပါ။ အမှန်ကတော့ မိဘလောင်းရိပ်သင့်တာပေါ့။ အဖေတွေ၊ အမေတွေကို အားကိုးချင်တာလည်း ပါတယ်။

မိဘကို အားကိုးတဲ့ သားသမီးတိုင်းဟာ မိဘလောင်းရိပ်မိပြီး တစ်နေ့မှာတော့ ဒုက္ခတွေ့စမြဲပါ။

ခုတော့ဖြင့် ပေါင်းလိုက်တဲ့ အပေါင်းအသင်းတွေ ာလည်း တစ်ယောက်မှကောင်းတဲ့လူမရှိပါဘူး။ အလုပ်အကိုင်လည်း မည်မည်ရရမရှိ။ အချိန်တန်ခဲ့ရင် သောက်မယ်၊ မူးမယ်၊ ဟေးလားဝါးလားလုပ်မယ်၊ တစ်ဖက်သူကို အပြစ်မရှိ အပြစ်ရှာပြီး ရန်လုပ်မယ်ပေါ့။

ဒါက သားတို့ရဲ့ နိစ္စဓူဝ အလုပ်တွေပါ။

+++

သားသည်လို သောက်တာ၊ စားတာကို အဖေ့အနေနဲ့ ပြင်းပြင်းထန်ထန် မကန့်ကွက်ခဲ့ပါဘူး။ သားလိုပဲ အဖေလည်းသောက်နေတဲ့ ဥစ္စာ။ သားသောက်တာကို အဖေက နေ့စဉ်နေ့တိုင်း တွေ့နေလေတော့ သားရဲ့အပေါ်မှာ ချစ်တာလည်း ပါပါတယ်။

"သောက်တာလည်း သောက်ပေါ့ သားရယ်၊ အဖေသောက်တာက ထမင်းစားကောင်းရုံလေးပဲ သောက်တာ၊ မင်းတို့က စည်းလွတ်ဝါးလွတ်သောက်တာဆိုတော့ တစ်နေ့နေ့မှာ မင်း ဒုက္ခဖြစ်သွားနိုင်တယ် သား"

အဖေက ကောင်းစေချင်လို့ ပြောတဲ့စကားတွေကို သားဘာမှ နားမဝင်နိုင်ခဲ့ပါဘူး။ သောက်တတ်တဲ့သူအချင်းချင်း သည်လိုမျိုးပြောလာခဲ့ရင် သားမခံချင်ဘူး အဖေ။ သည်နေရာမှာ အဖေဖြစ်နေလို့သာပေါ့။ သည့်ပြင်လူသာဆိုခဲ့ရင် သားလက်ချက်နဲ့ ပွဲပြီးသွားနိုင်တယ်။

အရက်သောက်တဲ့နေရာမှာ ဘာစည်းကမ်းတွေမှ မထားချင်ပါဘူး။ ကြုံရင်ကြုံသလို အမူးကို သောက်ပစ်လိုက်တာ။ ဒါမှလည်း ကောင်းတယ်လို့ သားထင်တယ်လေ။ ပျော်ချင်လို့သောက်တာ။ စည်းကမ်းတွေကရော လိုဦးမှာတဲ့လား အဖေ။

အဖေကတော့ ဟုတ်တာပေါ့။ အဖေက လူကြီးကိုး။ သားက လူငယ်ပေပဲ။ လူငယ်စိတ်နဲ့လုပ်တာကို အပြစ်မမြင်ပါနဲ့ အဖေ။ အဖေလည်း တစ်ချိန်တုန်းက လူငယ်ဖြစ်ခဲ့ဖူးတာပဲ။ အဲသည်လိုမျိုး သားသောက်နေတာကို ပြောလာမှာ ှင့် သားမကြိုက်ဘူး အဖေ။

အဖေဘာကြောင့် အရက်ကို သောက်ရတယ်ဆိုတာ သားသိပါတယ်။ အဖေက တစ်နေ့လုံးလိုလို အိမ်မှာမွေးထားတဲ့ ညို၊ ငနီတို့နဲ့ အတူ လယ်ထဲဆင်းပြီး အလုပ်လုပ်ရတာမဟုတ်လား။ သည်တော့လည်း အဖေပင်ပန်းမှာပေါ့။

အဲသည်လို ပင်ပန်းမှုဒဏ်လေးကို ပျောက်လိုပျောက်ငြားအနေနဲ့ တစ်ခွက်တစ်ဖလားသောက်ခဲ့တာကို အမေကလည်း ကြည်ဖြူစွာနဲ့ ခွင့်လွှတ်ခဲ့ပါတယ်။

အိမ်မှာကလည်း အဖေမရှိခဲ့ရင် မဖြစ်ပါဘူး။ အိမ်ရဲ့ဖိုးသူတော်ဟာ အဖေပါ။ ဖိုးသူတော်တောင်ဝှေးလဲခဲ့ရင် ကိစ္စမရှိပေမယ့် ဖိုးသူတော်သာ လဲသွားခဲ့ရင်တော့တောင်ဝှေးလည်း ဘာမှမတတ်နိုင်တော့ပါဘူး။

ဒါတွေကြောင့်လည်း အမေက အဖေ့ရဲ့အပေါ်မှာ နားလည်မှုများစွာနဲ့ ခွင့်လွှတ်ထားတာထင်ပါတယ်။

အဖေရယ်အရက်သောက်တာဟာ နည်းသည်ပဲဖြစ်စေ၊ များသည်ပဲဖြစ်စေ ဘယ်လိုပဲသောက်သောက်ပေါ့။ အချိန်တန်ခဲ့ရင်တော့ လူကိုအန္တရာယ်ပေးတာများပါတယ်။ အဲသည်အချိန်မှာ အရှိန်တွေကလည်း လွန်ခဲ့ပြီကိုး။

ဖြစ်လာမှတော့ သူ့ကြောင့်၊ ငါ့ကြောင့်လို့ ဆင်ခြေတွေလည်း ပေးမနေပါနဲ့တော့။ ဖြစ်လာခဲ့ရင် ခံလိုက်ကြပေရော့။ သည်တစ်လမ်းပဲရှိတာ။ ဟုတ်တယ်။ ခံလိုက်ကြပေရော့။

+++

အဲသည်နေ့က မှတ်မှတ်ရရပါ

www.burmeseclassic.com

www.burmeseclassic.com


ပဲ။ သားကလည်း အပေါင်းအသင်းတွေနဲ့ ချိန်းထားလို့ သွားမယ်အလုပ်ချိန်းထားတာကလည်း သောက်ဖို့စားဖို့ကိုပြောတာပါ။ ကျန်တာတွေဘာဆိုဘာမှ မပါပါဘူး။

သည်အချိန်မှာ အဖေက အရက်သောက်နေတယ်။ နေကလည်း စောင်းလာတော့ လေကလည်း တောင်းလာပြီပေါ့လေ။ သားသွားမယ့်ခြေလှမ်းကို မြင်လိုက်လို့နဲ့တူပါတယ်။

''သား ဒီနေ့ ဘယ်ကိုမှမသွားပါနဲ့ကွာ၊ အဖေနဲ့လာပြီး အဖော်လုပ်ပေးစမ်းပါ၊ ဘာအန္တရာယ်မှမရှိပါဘူး၊ တို့သားအဖနှစ်ယောက်တည်းပဲရှိတာ၊ ပြီးတော့ မင်းကိုလည်း ပြောစရာလေးတွေရှိနေလို့''

သားကကြည့်လိုက်တော့ သားတို့သောက်မယ့်ဝိုင်းထက်တောင် အဖေ့ရဲ့ဝိုင်းက ပိုပြီးစိုပြည်နေတယ်။ အမြည်းတွေကလည်း သားကြိုက်တတ်တဲ့ ကြက်ဥမွှေကြော်၊ ခရမ်းချဉ်သီးသုပ်၊ ခွေးတောက်ရွက်ဟင်းချိုတောင်မှပါသေးတယ်။ ဒါတွေက အမေ့လက်ရာတွေပါ။ ကိုယ့်လင်သားအကြိုက်ကို မပြောဘဲနဲ့သိတဲ့ အမေပါ။

အဖေက ခေါ်လာတော့လည်း သားလည်း အဖေနဲ့ပဲ ဝိုင်းစလိုက်ရတာပေါ့။ အရက်မသောက်ခဲ့ရင်သာ အဖေက စကားလုံးဝနည်းပေမယ့် အရက်ကလေးတစ်စက် ဝင်သွားခဲ့ရင်တော့ တစ်ဖက်လူ ထပြေးချင်စိတ်ပေါက်အောင် ပြောအားကောင်းတဲ့သူဟာ အဖေပါပဲ။

သားက အရက်သောက်ခဲ့ရင် ငြိမ်ငြိမ်သက်သက်ကလေးနဲ့သောက်ချင်တာ။ သောက်တဲ့အရက်ကလည်းပူ၊ နားကလည်း ပူလာခဲ့ရင် သား ဘယ်လိုနည်းနဲ့မှ မခံစားတတ်ပါဘူး။

သောက်နေရင်းကနေ အဖေကလည်း အရှိန်လွန်သွားတယ်နဲ့တူပါတယ်။ ပြောလိုက်တဲ့စကားတွေမှ ဟုတ်တာရော၊ မဟုတ်တာရော ဘာ တွေမှန်းကို မသိနိုင်တော့ပါဘူး။ ဘယ်သိနိုင်ပါ့မလဲ။ သားကလည်း အရှိန်ရနေပြီလေ။

အဖေ့ကို စကားတွေသိပ်မပြောဖို့ သားက တားလိုက်ပါသေးတယ်။ သည်မှာတင်ပဲ အဖေ့ထက် သား တစ်လကြီးရပါမလားဆိုပြီး အဖေက သားကိုရန်စကားဆိုလာတယ်။ နောက်တော့ အဲသည် ဘာမဟုတ်တဲ့ ပြဿနာလေးကြောင့်ပဲ အဖေနဲ့ သား အကြီးအကျယ် စကားများလို့ သားလည်း မခံနိုင်တာနဲ့ အနားမှာ တွေ့တဲ့ ရေထမ်းတဲ့ထမ်းပိုးနဲ့ ရိုက်ပစ်လိုက်တာ။ နေရာတင်ပဲ အဖေ အသက်ပျောက်ခဲ့ရတယ်။

သာ ... ဘ။ တကယ့်ကို မိုက်ခဲ့တာပါ။ မိဘကိုစော်ကားတဲ့သူဟာ ခွေးနဲ့တူသတဲ့။ အခုတော့ဖြင့် ခွေးထက်ဆိုးတဲ့ဘဝကို သား ရောက်ရတော့မယ် အမေ။ ကျေးဇူးရှင်ကို ပြစ်မှားကျူးလွန်ခဲ့ရင် အပါယ်လားတတ်ပါတယ် အဖေရယ်။

အပါယ်မသွားခင်ကလေးမှာတော့ ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ သားမသွားချင်တဲ့နေရာမှာ သားသွားနေရဦးမှာပါ။ အဲဒါက အချုပ်ထောင်ပဲပေါ့။

သားအနေနဲ့ အဖေ့ရဲ့အပေါ်မှာ ဘယ်လောက်ပဲအပြစ်တွေကျူးလွန်ခဲ့ပါစေ အဖေကတော့ မေတ္တာတရားတွေနဲ့အတူ ခွင့်လွှတ်နေမယ်ဆိုတာ သားယုံကြည်ပါတယ်။


အဲဒါကိုက သားရဲ့ဘဝတစ်လျှောက်လုံး၊ ဆိုရရင် တစ်သံသရာလုံး ဆပ်မကုန်တဲ့ သားရဲ့မိုက်ပြစ်မိုက်ကြွေးတွေပါပဲ အဖေရယ်။

အောင်ကျော်ပြုံး



www.burmeseclassic.com

www.burmeseclassic.com





ဦးဝင်းမြိုင် (သရုပ်ဆောင်)

# ကြော့ပို့လိုသေးလား

လက်ရှိပစ္စုပ္ပန်အခြေအနေမှာ ကံကောင်းခြင်း၊ မကောင်
ခြင်းဆိုတာ ရှေးကပြုဖူးခဲ့တဲ့ ကံနဲ့လည်းဆိုင်သလို ယခုပြု
နေတဲ့ အလုပ်တွေရဲ့ အကျိုးသက်ရောက်မှုနဲ့လည်းဆို
တယ်။ ရှေးကံဘယ်လောက်ပဲကောင်းကောင်း ယခုလုပ်နေ
အလုပ်ကြောင့် စန်းပျက်၊ ကံပျက် ဖြစ်သွားနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com







ရှေးကံ ဘယ်လောက်ပဲ နဲ့ချာပါစေ ယခုလုပ်တဲ့ အလုပ်ကောင်းရင်၊ စေတနာကောင်းရင် စန်းတက်၊ ကံတက် ဖြစ်ရတတ်ပါတယ်။ စေတနာနဲ့ အလုပ်ကောင်းရင် အောင်မြင်ကျော်ကြားမှုတွေ၊ ကြီးပွားတိုးတက်မှုတွေ ကိုယ့်ဆီဆိုက်ရောက်လာမှာပါ။ စေတနာမကောင်း၊ ကံမကောင်းရင်တော့ ရှိရင်းစွဲ အောင်မြင်မှုတွေ၊ စီးပွားဥစ္စာတွေ ကိုယ့်ဆီကနေ စွန့်ခွာသွားကြမှာပါ။ ဒီလမိတ်ဆက်မယ့် ဇာတ်လမ်းလေးက ဒီအဖြစ်အပျက်နှစ်ခုရဲ့ ယှဉ်တွဲဖြစ်ပျက်မှုကို ဖော်ပြသွားမယ့်ဇာတ်လမ်းလေးဖြစ်ပါတယ်။

မိသားစုနှစ်စုလို့ ဆိုပါတော့။ ချမ်းသာပြီး အဆင်ပြေနေတဲ့ မိသားစုတစ်စုရယ်၊ စီးပွားတွေကျပြီး အဆင်မပြေဖြစ်နေတဲ့ မိသားစုတစ်စုရယ်ပါ။ အဆင်ပြေတဲ့ မိသားစုမှာ အဘွားက ဒေါ်စိန်ရွှေတဲ့။ မျိုးရိုးစဉ်ဆက်ချမ်းသာလာခဲ့တာ။ ဒေါ်စိန်ရွှေရဲ့သားက ကိုစိုးခန့်၊ ချွေးမက နွဲ့ကေခိုင်၊ မြေးနှစ်ယောက်က တည်ကြည်ခန့်နဲ့ တည်မြဲခန့်၊ သူဌေးမကြီး ဒေါ်စိန်ရွှေအဖြစ် ဒေါ်ခင်လေးဆွေ၊ ကိုစိုးခန့်နဲ့ မနွဲ့ကေခိုင်အဖြစ် မြင့်စိုင်းသားအောင်အောင်နဲ့ ဒေါ်ချိုပြုံး၊ တည်ကြည်ခန့်နဲ့ တည်မြဲခန့်အဖြစ် ရာဇာနေဝင်းနဲ့ မြင့်မြတ်တို့က သရုပ်ဆောင်ထားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





အဆင်မပြေဖြစ်နေတဲ့ မိသားစုကတော့ ကိုထင်ကျော်နဲ့ မယမင်းပျိုတဲ့။ သူတို့မှာ ပျိုခေတ်ဆိုတဲ့ သမီးလေးတစ်ယောက်ရှိတယ်။ ဟိုဘက်မိသားစုက တည်ကြည်ခန့်နဲ့ ဒီဘက်မိသားစုက ပျိုခေတ်တို့ဟာ ကလေးဘာသာဘာဝ သံယောဇဉ်ကြီးကြလို့ နှစ်ဖက်မိဘတွေက တစ်ချိန်မှာ လက်ဆက်ပေးဖို့ သဘောတူထားကြတယ်။ တည်ကြည်ခန့်က ညီမလေးလိုချင်တယ်၊ ရနေတာက ညီလေး တည်မြဲခန့်။ အဲဒီတော့ တည်မြဲခန့်ကို ညီမလေးအဖြစ် ဖန်ဆင်းတော့တာပေါ့။ တည်မြဲခန့်ကို မိန်းကလေးအဝတ်အစားတွေ ဝတ်ပေးတယ်၊ မိတ်ကပ်တွေ လိမ်းပေးတယ်။ အဖေနဲ့အမေကလည်း သားကြီးကို ချစ်ရလွန်းတော့ သားကြီးလုပ်သမျှကို အကောင်းသဘောထားပေးပြီး ဘာမှမဟန့်တားခဲ့ကြဘူး။ တစ်ဖက်မိသားစုက ပျိုခေတ်ကို ညီမလေးတစ်ယောက်အဖြစ် ရနေပေမယ့် တည်မြဲခန့်ကို မိန်းကလေးလိုဆင်ပေးနေတာတော့ ရပ်မသွားဘူး။ တည်မြဲခန့်ရဲ့ရှေ့ရေးက ရင်လေးစရာပါ။ ကိုထင်ကျော်နဲ့ မယမင်းပျိုအဖြစ် ဦးဝင်းမြိုင်နဲ့ ဒေါ်လှလှမိုး၊ သမီးလေးပျိုခေတ်အဖြစ် အိချောပိုတို့က သရုပ်ဆောင်ထားကြပါတယ်။



သမီးလေးပျိုခေတ်ကို အဘွား ဒေါ်စိန်ရွှေက အရမ်းချစ်တာ။



www.burmeseclassic.com

www.burmeseclassic.com







ပျိုခေတ်ရဲ့မိဘတွေ စီးပွားရေးက ယိုယွင်းကျဆင်းလာတာတွေ့တော့ ပျိုခေတ်ကို ချစ်တဲ့စိတ်နဲ့ ပျိုခေတ်မိဘတွေကို ငွေပင်ငွေရင်း စိုက်ထုတ်ပေးတယ်။ ကိုထင်ကျော်ကလည်း စီးပွားရေးလာဘ်မြင်သူဆိုတော့ ငွေအရင်းအနှီးရတာနဲ့ အမေရိကားကိုသွားပြီး စီးပွားရေးလုပ်တော့တာပေါ့။ အဆင်ပြေတာနဲ့ ဒေါ်စိန်ရွှေကို ငွေတွေပြန်ဆပ်ပြီး ဖနီးနဲ့သမီးကို အမေရိကားကိုခေါ်လိုက်တယ်။ စေတနာကောင်း၊ အလုပ်ကောင်းတော့ စီးပွားရေးတွေ ပြန်အဆင်ပြေပြီး ချမ်းသာသွားတာပေါ့။

ဒီလိုနဲ့ ကလေးတွေ အရွယ်ရောက်လာတော့ အဘွားဒေါ်စိန်ရွှေရဲ့ အလိုလိုက်မှုတွေကြောင့် သားကိုစိုးခန့်ကလည်း ဦးစိုးခန့်သာ ဖြစ်လာတယ်။ သုံးလိုက်၊ ဖြုန်းလိုက်၊ လေလိုက်၊ တေလိုက်နဲ့ အရက်သမားယစ်ထုပ်ကြီးလုံးလုံးဖြစ်သွားတယ်။ ဖအေတူသား တည်ကြည်ခန့်ကလည်း တေလိုက်၊ ပေလိုက်၊ သုံးလိုက်၊ ဖြုန်းလိုက်နဲ့ဆိုတော့ ဒေါ်စိန်ရွှေရဲ့ မိဘစဉ်ဆက် ချမ်းသာကြွယ်ဝမှုတွေလည်း တဖြည်းဖြည်းကုန်၊ စီးပွားပျက်ဖြစ်လာတာယ်။ ဒီစိတ်နဲ့ပဲ ဒေါ်စိန်ရွှေ ဆုံးပါးခဲ့ရတယ်။ ကို စိုးခန့်က ဘာစီးပွားရေးမှ မလုပ်တတ်တော့ ရှိတာတွေ တတိတိနဲ့ ကုန်တော့တာပေါ့။ နောက်ဆုံး အိမ်တွေ၊ ခြံတွေရောင်းပြီး ဆင်ခြေဖုံးရပ်ကွက်လေးမှာ ပြောင်းနေရတဲ့အထိ ဆိုးရွားသွားခဲ့တယ်။

တည်ကြည်ခန့်တို့ အရွယ်ရောက်လာတော့လည်း တည်ကြည်ခန့် ပုံသွင်းတာနဲ့ တည်မြဲခန့်ခမျာ မိန်းကလေးလို ဝတ်စားရင်း၊ ပြောဆိုရင်းနဲ့ အခြောက်ဘဝကို ရောက်ခဲ့ရတော့တာပေါ့။ အခြောက်ဖြစ်လာတော့ အခြောက်စီးပွားရေးက အလှပြင်ခန်းမပေါ့။ တည်မြဲခန့်က အလုပ်ကြိုးစားတယ်။ စေတနာထားပြီး အလုပ်လုပ်တတ်တော့ အလုပ်အပ်မယ့်လူ ပေါတာပေါ့။ ဝင်ငွေလေးကောင်းတာနဲ့အမျှ ဖခင်နဲ့အစ်ကိုတို့က တည်မြဲခန့်ကို ပြဿနာရှာကြ၊ ရစ်ကြနဲ့ ဘယ်အချိန်မှ ရစ်တာရပ်သလဲဆိုရင် သူတို့သုံးဖို့ ပိုက်ဆံထုတ်မပေးမချင်းပေါ့။ နားမပူချင်ရင် စောစောထုတ်ပေးလိုက်ပေတော့။

ဒီကြားထဲမှာ တည်ကြည်ခန့်က မိန်းမရတယ်။ ဘာ အလုပ်မှ မည်မည်ရရမရှိဘဲ မိန်းမယူတော့ မအေက စိတ်ပူပြီး မိန်းကလေးကို ကျိုးကြောင်းရှင်းပြပြီး ပြန်လွှတ်လိုက်ရတယ်။ တစ်လလောက်တော့ ပေါင်းလိုက် သေးတာပေါ့။ အစ်ကိုမိန်းမရလို့ သက်သာမလား အောက်မေ့တယ်။ အရစ်ခံရတာတော့ မပြောင်းပါဘူး။ ဖအေနဲ့သား အပြိုင်သုံးဖြုန်းနေကြတော့ ဒေါ်နွဲ့ကေခိုင်

www.burmeseclassic.com



ကလည်း စီးပွားမရှာတတ်တဲ့ လင်နဲ့ သားကို ဆူတော့ပူတော့တာပေါ့။ အဲဒီတော့ တည်ကြည်ခန့်က ဘာပြောလဲ သိလား။ ပျိုခေတ်တို့က အမေရိကားမှာ တအားချမ်းသာနေကြတာ။ သူတို့ပြန်လာလို့ ပျိုခေတ်နဲ့ယူတဲ့အချိန်ကျမှ သားရယ်.....သားရယ်ဆိုပြီး လာမလုပ်နဲ့တဲ့။ ကောင်းရော။ နင့်လိုတစ်ခုလပ်ကို ဟိုကယူပါလိမ့်မယ်တဲ့။ အဲဒီတော့ အမေတို့မပြောရင်ဘယ်သူသိမှာလဲ။ မပြောနဲ့ပေါ့တဲ့။ ဒီကိစ္စကို သိတဲ့လူက အများကြီး။ ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရမယ်၊ လူ့ပါးစပ်တစ်ပေါက် ပိတ်ဖို့မလွယ်ဘူးလို့ အမေကပြောလိုက်တယ်။

ဒီလိုနဲ့ ပျိုခေတ်တို့ မြန်မာပြည်ကို ပြန်ပြောင်းလာကြတယ်။ မြန်မာပြည်မှာ ကုမ္ပဏီထောင်ပြီး စီးပွားရေးတွေ တည်ထောင်ကြတယ်။ မိသားစုနှစ်စုကတော့ ပြန်မဆုံဖြစ်ကြသေးဘူး။ တည်ကြည်ခန့်ကတော့ ညီကို ပြဿနာရှာလိုက်၊ ပိုက်ဆံတောင်းသုံးလိုက်၊ ဖြုန်းလိုက်၊ အပေါင်းအသင်းတွေနဲ့ ကဲလိုက်နဲ့ပေါ့။ ဒါပေမဲ့ သုံးဖို့က မလောက်ဘူး။ တစ်နေ့တော့ အပေါင်းအသင်းတွေက အကြံပေးတယ်။ အဲဒါကတော့ ကားတိုက်ခံပြီး ငွေရှာဖို့ပေါ့။ ပိုက်ဆံလိုနေတဲ့ တည်ကြည်ခန့်ကလည်း သဘောတူတယ်။ ဒီလိုနဲ့ ကားအကောင်းစားတစ်စီးရှေ့မှာ ကားအတိုက်ခံလိုက်တယ်။ သူငယ်ချင်းတွေက ဝိုင်းပြီးခွင်ဖန်ကြတော့ ငါးသိန်းရလိုက်တယ်။ တည်ကြည်ခန့်က မေ့ချင်ဟန်ဆောင်နေတော့

www.burmeseclassic.com

www.burmeseclassic.com





ဘယ်သူ့ကားမှန်းမသိဘူး။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီကားက ပျိုခေတ်ရဲ့ကားဖြစ်နေတယ်။ ပျိုခေတ်က တည်ကြည်ခန့်ကို မှတ်မိတယ်။ ခွင်ရိုက်တာ ခံရတယ်ဆိုတာလည်းသိတော့ သူတို့လုပ်ရပ်ကို ရွံရှာသွားတယ်။

တည်မြဲခန့်က အလှပြင်ဆိုင်မှာလုပ်တော့ ပျိုခေတ် အလှသွားပြင်ရင်းနဲ့ တည်မြဲခန့်နဲ့ ပြန်ဆုံတယ်။ ဒါနဲ့ တည်မြဲခန့်ကို အိမ်ခေါ်သွားပြီး ဖခင်နဲ့တွေ့ပေးတယ်။ ဦးထင်ကျော်ကလည်း အမေရိကားမှာနေပေမယ့် ဒီက သတင်းတွေ အကုန်ကြားနေ၊ သိနေတာဆိုတော့ ဦးစိုးခန့်နဲ့ တည်ကြည်ခန့်တို့ရဲ့ လုပ်ရပ်တွေကို အပြစ်ပြောတော့ ပျိုခေတ်က အားနာ၊ မိန်းမလို ဝတ်စားထားတဲ့ တည်မြဲခန့်ကို ကြည့်ပြီးတော့လည်း အားမနာတမ်းပြောပြန်ရော။ ပျိုခေတ်က တည်မြဲခန့်ကို တောင်းပန်ရပြန်







www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ တစ်နေ့မှာ တည်ကြည်ခန့်အနိုင်ကျင့်ပြီး လက်သီးနဲ့ထိုးလို့ တည်မြဲခန့် နှုတ်ခမ်းကွဲသွားတယ်။ ဒါကို ပျိုခေတ်မြင်တော့ တည်မြဲခန့်ကို ယောကျ်ားပုံစံပြောင်းဖို့ သင်တန်းတွေတက်ဖို့ အတင်းအကျပ် စီစဉ်တော့တာပေါ့။

အချိန်တွေကြာလာတာနဲ့အမျှ တည်မြဲခန့်က ပျိုခေတ်ကို ရင်ခုန်ခံစားမိလာတယ်။ ငယ်ဘဝက တည်ကြည်ခန့်နဲ့ ပျိုခေတ်ကို သဘောတူထားတဲ့ အခြေအနေကို ပြန်သတိရမိတယ်။ ပျိုခေတ်က တည်ကြည်ခန့်နဲ့ ပြန်ဆုံခဲ့တဲ့အကြောင်းပြောတော့ တည်မြဲခန့် စိတ်လှုပ်ရှားသွားတယ်။ ဒါပေမဲ့ တည်ကြည်ခန့် ခွင်ရိုက်တဲ့ကိစ္စကြောင့် တည်ကြည်ခန့်ကို အထင်သေးကြောင်းပြောတော့မှ စိတ်အေးနိုင်တော့တယ်။

တည်ကြည်ခန့်က သတင်းစုံစမ်းပြီး ပျိုခေတ်ကို သွားတွေ့တော့ ပျိုခေတ်က ခွင်ရိုက်တဲ့ကိစ္စကိုပြောပြီး ကောတော့တာပေါ့။ မျက်နှာပြောင်ပြောင်နဲ့ပဲ ကားတိုက်ခံရတာ တကယ်ပါ။ သူငယ်ချင်းတွေက အခွင့်ကောင်းယူပြီး ခွင်ရိုက်ကြတာပါပေါ့။ ပြီးတော့ ငယ်ငယ်က သံယောဇဉ်တွေပြောပြီး ပျိုခေတ်ကို ပြန်ချဉ်းကပ်တယ်။ တည်ကြည်ခန့်ရဲ့ပုံစံက ဘယ်လိုမှ အားကိုးချင်စရာမကောင်း၊ ယုံကြည်ချင်စရာမကောင်း၊ စရိုက်ပုံပေါက်နေလို့ အိမ်ထောင်ဖက်အဖြစ် မစဉ်းစားနိုင်တာနဲ့ အပြတ်ကို ငြင်းပစ်လိုက်တယ်။ ဒီလောက်ချမ်းသာတဲ့ ပျိုခေတ်လို မိန်းကလေးကို တည်ကြည်ခန့်ကဘယ်အလွတ်ခံနိုင်ပါ့မလဲ။ တစ်နည်းမရရင် တစ်နည်းကြံစည်တော့မှာပေါ့။

တည်မြဲခန့်ကို ပျိုခေတ်က Shopping Centre ခေါ်သွားတယ်။ ယောကျ်ားအဝတ်အစားတွေ ဝယ်ပေးပြီး ဝတ်ခိုင်းတယ်။ ဒါပေမဲ့ ဆံပင်အရှည်ကြီးနဲ့ မိတ်ကပ်တွေ အဖွေးသားနဲ့ဆိုတော့ ဘယ်လိုမှ မဟပ်စပ်ပြန်ဘူး။ ဒါနဲ့ အလှပြင်ဆိုင်ခေါ်သွားပြီး ယောကျ်ားဆံပင်ပုံစံပြောင်း၊ မိတ်ကပ်တွေဖျက်လိုက်တော့ ယောကျ်ားပီသတဲ့ ရုပ်သွင်က ပေါ်လာတယ်။ ခက်တာက ငယ်ငယ်ကတည်းက မိန်းကလေးလို ပြောလာခဲ့တာဆိုတော့ စကားသံက အခြောက်သံထွက်နေသေးတယ်။ တည်မြဲခန့်က အချိန်ယူပြီး ကြိုးစားပြီး ပြင်ပါ့မယ်တဲ့။ ပျိုခေတ်

www.burmeseclassic.com

www.burmeseclassic.com




နားလည်ပေးလိုက်ပါတယ်။ ပြီးတော့ တည်မြဲခန့်ကို သူ့ ကုမ္ပဏီမှာ အလုပ်တစ်နေရာ ခန့်ပေးလိုက်တယ်။

တည်ကြည်ခန့်က ပျိုခေတ်ငြင်းလိုက်ပေမယ့် လက်မလျှော့ဘူး။ ဦးထင်ကျော်ဆီ ရောက်သွားပြီး မိဘတွေ သဘောတူထားတဲ့အတိုင်း သူနဲ့ပျိုခေတ်ကို ပေးစားဖို့ ပြောတော့ အားလုံးသိထားတဲ့ ဦးထင်ကျော်က စိတ်တိုသွားတာပေါ့။ အလုပ်မရှိ၊ အကိုင်မရှိ တစ်ခုလပ်နဲ့ သူ့ သမီး အပျိုလေးကို မပေးစားနိုင်ဘူးပေါ့။ ဒီတော့ သူ့ အဘွားရဲ့ ကျေးဇူးတရားတွေကိုပြောပြီး သူ့ကို ဒီလို နှိမ်တာ မကောင်းကြောင်းပြောတယ်။ သူလည်းအလုပ် လုပ်ချင်တယ်၊ တည်မြဲခန့်ကို အလုပ်ပေးသလို သူ့ကို လည်း အလုပ်ပေးဖို့ပြောတယ်။

ဒါပေမဲ့ ဘာမှ မည်မည်ရရမလုပ်တတ်ဘူး၊ ပညာလည်းမတတ်ဘူး။ ဒါနဲ့ Driver အလုပ်ကိုပေးတော့ ပျိုခေတ်နဲ့ နီးရင်ပြီးရောဆိုပြီး Driver အလုပ်ကို လက်ခံလိုက်တယ်။ ပြဿနာတစ်ခုက တည်ကြည်ခန့် အိမ်ထောင်ပြု ခဲ့ဖူးတဲ့ အမျိုးသမီးက ကလေးတစ်ယောက်ချီပြီး တည်ကြည်ခန့်နဲ့ရတဲ့ကလေးဖြစ်ကြောင်း တည်မြဲခန့်ကိုလာ ပြောတယ်။ အဲဒီအချိန်မှာ ပျိုခေတ်ကရှိနေတော့ ကျေးဇူးတရားတွေ ထောက်ထားပြီး အဲဒီမိန်းကလေးကို နေဖို့စားဖို့ စီစဉ်ပေးလိုက်တယ်။ ဒီကိစ္စကို တည်ကြည်ခန့် မသိဘူး။

တစ်နေ့မှာ ဦးထင်ကျော်က ပျိုခေတ်ကို ဘဏ်မှာ ငွေသွားထုတ်ခိုင်းတယ်။ ကားပေါ်ပိုက်ဆံထုပ်လည်း ရောက်ရော အပိုင်ကြံနေတဲ့ တည်ကြည်ခန့်က ငွေရော၊ ကားရော၊ လူရောမပြီး ပြေးပါလေရော။ တည်ကြည်ခန့်ရယ်၊ တည်မြဲခန့်ရယ်၊ ပျိုခေတ်ရယ် ဒီဇာတ်ကို ဘယ်လိုရှင်းကြမလဲ။





အဲဒီအရှုပ်ကို ဒါရိုက်တာဗန်းကြီးက ဘယ်လိုပညာပြ၊ ဇာတ်အိမ်တည်မလဲဆိုတာ ပရိသတ်ကြီး သိချင်ကြမှာပါ။ အောင်သီရိဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးက စီစဉ်ရိုက်ကူး ပြီးစီးသွားပါပြီ။ မကြာခင် ထုတ်လုပ်ဖြန့် ချိပါတော့မယ်ဆိုတာ သတင်းကောင်းပါးပါရစေ။

ဦးဝင်းမြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com

# ထက်ထက် | ဟာသများ

## ကြောက်စရာကြီး



မိခင်နှစ်ဦးသည် သားသမီးနှစ်ဦးအား နီးစပ်စေလိုသောဆန္ဒဖြင့် တစ်အိမ်နှင့် တစ်အိမ် ဝင်ထွက်သွားလာစေ၏။ အိမ်ချင်းကပ်လျက်ဖြစ်၍ သမက်လောင်း၏ အခြေအနေကို အမြဲမပြတ် အကဲခတ်နေတတ်သည်။

**သား၏မိခင်။** ။ သားရေ.....မင်းဘာလုပ်နေသလဲ။

**သား။** ။ အင်တာနက်နှိုက်နေတယ် အမေ။

ထိုအသံမျိုးသာ ညပိုင်းတွင် အမြဲလိုလို ကြားနေရသည့်အတွက် မိခင်ဖြစ်သူမှာ သမီးအတွက် စိုးရိမ်စိတ်ဖြင့်.....

**မိခင်ဖြစ်သူ။** ။ သမီးရေ ဟိုဘက်အိမ်ကို မသွားနဲ့တော့အေ၊ ဟိုကောင်လေးက အင်တာနက် နှိုက်နေတယ်တဲ့၊ တော်ကြာ ညည်းကိုပါလာနှိုက်နေဦး မယ်အေ။

www.burmeseclassic.com

www.burmeseclassic.com


# ကုသိုလ်နှစ်ခါ

အမျိုးသမီးတစ်ဦးသည် ဘုရားပွဲတွင် ပွဲကပ်လှူရန် ရောင်းသူထံ ဈေးမေး၍ မှာလိုက်၏။

ရောင်းသူ။ ။ ရခိုင်နဲ့ သုံးဖီးပွဲ သုံးထောင့်ငါးရာပါ။

ယ်သူ။ ။ ဩော်.....လှူတာပဲလေ၊ ဈေးကြီးလည်း ဝယ်ရတော့မှာပေါ့၊ အစ်မကို စနေထောင့်ဆီ လာပို့နော်၊ အဲဒီမှာစောင့်နေမယ်။

ပွဲရောင်းသူ အလျင်အမြန်ထွက်သွားမှ အမျိုးသမီး ‌စနေထောင့်သို့ လျှောက်သွားလိုက်၏။ စနေထောင့် င် ဘုရားကန်တော့ပြီး စောင့်နေလိုက်သည်။ ခဏ ကြာတွင်တော့ ပွဲရောင်းသူနှင့်အတူ အမျိုးသားနှစ် သာက်ပါ အတူရောက်လာကြ၏။ ပွဲခကို ထုတ်ပေးနေ ဉ်.....

မျိုးသား။ ။ အစ်မကြီးကို မေးစရာရှိလို့ပါဗျာ၊ ကျွန်တော်တို့က ဘုရားစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကပါ၊ ဒီပွဲကို ဘယ်လောက်နဲ့ရောင်းပါသလဲခင်ဗျာ။

အမျိုးသမီးလည်း ပြောမည်အပြုတွင် ပွဲရောင်းသူက.....

ပွဲရောင်းသူ။ ။ အစ်မကို ဈေးမပြောရသေးဘူးနော်၊ ဟုတ်တယ်နော်။

အမျိုးသား။ ။ ဒီပွဲကို နှစ်ထောင့်ရှစ်ရာနဲ့ ရောင်းခိုင်းတာပါ၊ အခု အစ်မကို ဘယ်လောက်ပြောရောင်းသလဲဟင်။

ပွဲရောင်းသူအမျိုးသား၏ မျက်နှာငယ်လေးကိုတွေ့ရသည်နှင့် အမျိုးသမီးလည်း ပင့်သက်မောကိုချကာ.....

ဝယ်သူ။ ။ ဟုတ်ပါတယ်၊ သူဈေးမပြောရသေးပါဘူးရှင်။

စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ပြန်ထွက်သွားမှ.....

ဝယ်သူ။ ။ ဘုရားမှာ သီလယူထားမှ နင်လုပ်လို့ သီလပျက်ပါပြီ၊ ကဲ...ရော့....ရော့ သုံးထောင်၊ ပြန်မအမ်းနဲ့တော့၊ နင့်အတွက် ကုသိုလ်နှစ်ခါယူလိုက်ပြီနော်။



www.burmeseclassic.com

www.burmeseclassic.com

# မနာလိုဖြစ်နေလား



အသက်ငါးဆယ်ကျော် အပျိုကြီးတစ်ဦးသည် အကြောင်းကြောင်းကြောင့် ယောကျ်ားမရသည်ကို ဝန်မခံရဲဘဲ ယောကျ်ားတိုင်းအား အပြစ်မြင်မျက်လုံးမျိုးနှင့် ကြည့်တတ်၏။ တစ်နေ့ တူမဖြစ်သူနှင့် ဈေးဝယ်ထွက်ရာ ငယ်ငယ်ရွယ်ရွယ်၊ လှလှပပနှင့် သူ့တူမအား ဆန့်ကျင်ဘက်လိင်များက ကြည့်ကြသည်။ တူမနှင့်ရွယ်တူ ကောင်လေးများကကြည့်သော်.....

အပျိုကြီး။ ။ သွားမကြည့်နဲ့နော်၊လက်ကြောတင်းတဲ့ပုံမပေါက်ဘူး။

တူမအောက်ငယ်ရွယ်သော ကောင်လေးများက ကြည့်လျှင်လည်း.....

အပျိုကြီး။ ။ ငါ့တူမကိုမှီပြီးတော့ခိုင်းစားမယ့်ရုပ်၊ ညည်း ကုန်သွားလိမ့်မယ်နော်။

တူမထက် အသက်ပိုကြီးသော အမျိုးသားကြီးတစ်ဦးက ကြည့်သောအခါ အပျိုကြီးက မခံမရပ်နိုင်ဖြစ်နေပြန်၏။

အပျိုကြီး။ ။ အောင်မယ်လေးဟဲ့...ကိုယ်နဲ့ရွယ်တူကိုမကြည့်ဘဲ ငါ့ကျော်ပြီး ငါ့တူမကို ကြည့်နေတယ်၊ ဟင်း.....သိပ်ဆိုးတဲ့ အဘိုးကြီး။

ထိုသို့ပြောလိုက်ရာ အမျိုးသားကြီးက ကြားသွားပြီး သူ့ဘေးမှ အဖော်အမျိုးသားကြီးအား.....

အမျိုးသားကြီး။ ။ ကိုယ်တို့အဘိုးကြီးတွေက မိန်းမငယ်လေးတွေနဲ့ အချိန်မရွေး တွဲပြီးသွားနိုင်တယ်နော်၊ လိပ်ခါး ဖားဖင်ပုံပန်းမလာရင် ဘယ်ကောင်လေးမှ Feel မလာတဲ့အပြင် တွဲသွားတွဲလာလုပ်ချင်မှာတောင်မဟုတ်ဘူးဗျ....ဟဲ.....ဟဲ.....ဟဲ။

အပျိုကြီးလည်း ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


# သိတတ်ဖို့ပဲလိုတယ်



စိတ်ငြိမ်ငြိမ်ဖြင့် အလုပ်လုပ်နေသူ တစ်ဦးမှာ အိမ်တွင်စကားလာပြောနေသော ဧည့်သည်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ၏။ ဇနီးဖြစ်သူ၏ အသံမကြားရပေ။ ဧည့်သည်နှစ်ဦးသာ စကားများ အဆက်မပြတ်လု ပြောရင်း ဆူညံနေကြတော့သည်။

ပြီးတော့ အလုအယက်ဖြင့်အပြိုင် ကြွားဝါနေပြန်၏။ သားသမီးများက တော်ကြောင်း၊ တတ်ကြောင်း၊ လစာ ကောင်းကြောင်း စသည်ဖြင့် ပြောဆိုနေကြ၏။

သည်တော့ အပျိုကြီးဆိုသူလည်း အားကျမခံပေ။ တူ၊ တူမများက ကွန်ပျူတာကျွမ်းကျင်ကြောင်း၊ အတော်ဆုံးဖြစ်ကြောင်း၊ ဆရာများက ချီးကျူးကြောင်း စသည်ဖြင့် အပြိုင် ပြောဆိုနေတော့၏။

နောက်ဆုံးတွင် အလုပ်လုပ်မရသည့်အဆုံး၌ အိမ်ရှင်ခင်ပွန်းလည်း စိတ်တိုတိုဖြင့် အော်ပြောလိုက်တော့သည်။

အိမ်ရှင်ခင်ပွန်း။ ။ ခင်ဗျားတို့ ကြွားနေတာထက် ခင်ဗျားတို့သိတတ်ဖို့ပဲ လိုတယ်ဟေ့။

အမျိုးသမီးနှစ်ဦးလည်း မျက်စိမျက်နှာပျက်ကာ ထပြန်သွားကြတော့သည်။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကိုကိုယု

ရှေ့နေကြီး ဦးနက်ကျော် နှင့်

ကိုပြည်စိုး



www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးဦးနက်ကျော်ရုံးခန်းသို့ ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို) နှင့် ဆကာအောင် (ဦးလှအောင်၊ အထက ဆကာကြီး)တို့ ရောက်လာကြ၏။

''ဘာသုံးဆောင်ကြမလဲ''

ဦးနက်ကျော် ညှော်ဝတ်စကားဆိုလိုက်သည်မှာ ရင်းရင်းနှီးနှီး။

''အအေးပဲလုပ်ပါ''

ဆကာအောင်က ဆန္ဒပြု၏။

''ဘာအအေးသုံးဆောင်မှာလဲ ဆကာအောင်''

''ကိုနက်ကျော်ကလည်း ပြောနေရသေးလား၊ ဘီယာအေးအေးလေးပေါ့''

ဆကာအောင်စကားကြောင့် ရွှေနေကြီး ဦးနက်ကျော် မျက်လုံးပြူးသွား၏။ ဦးနက်ကျော်ရုံးခန်းတွင် အရက်၊ ဘီယာဝိုင်းဖွဲ့လေ့မရှိ။ သောက်ချင်ပါက အပြင်မှာသာစိတ်လွတ်လက်လွတ်အပန်းဖြေကြသည်မဟုတ်လော။ သို့သော် တစ်ခါတစ်ရံမှရောက်လာသည့် စာရေးဆရာ ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို) နှင့် ဆကာအောင်တို့အကြိုက်ကိုတော့ ငြင်းပယ်၍မကောင်း။

သို့နှင့် ရွှေနေကြီးဦးနက်ကျော်သည် တပည့်ကျော် သံချောင်းအား လပြည့်ဝန်းစားသောက်ဆိုင်သို့လွှတ်လိုက်၏။

''မြန်မာဘီယာပုလင်းနှစ်လုံးနဲ့ အာလူးကြော်တစ်ထုပ်ဝယ်ခဲ့၊ ဆိုင်က ဖန်ခွက်နှစ်ခွက်လည်းယူခဲ့''

''ဟုတ်ကဲ့ပါ ဆရာ''

သံချောင်းသည် ဦးနက်ကျော်ပေးသော ငါးထောင်တန်တစ်ရွက်ကိုင်ပြီး အောက်ထပ်သို့ဆင်းသွားလေသည်။

''ကျွန်တော်တို့လာရတဲ့ အကြောင်းက တခြားမဟုတ်ဘူး၊ ဆကာကြီးမီးမျှောပွဲအတွက်လာတာ''

ဆကာအောင်က အဆီပြန်နေသော မျက်နှာကို လွယ်အိတ်ကြိုးဖြင့် ပွတ်သပ်ရင်း စကားစသည်။

''ပြီးခဲ့တဲ့နှစ်၊ ဒုတိယအကြိမ် ဆကာကြီးမီးမျှောခွေတော့ ကြည့်လိုက်ရတယ်၊ အတော်စည်တာပဲ''

ဦးနက်ကျော် ဆကာကြီးမီးမျှောပွဲကို ချီးကျူးပြောကြားလိုက်ရာ ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို)မှာ နှစ်ခြိုက်စွာပြုံးသည်။

''အဲဒါပဲ ဆရာရေ၊ ဒီနှစ် တန်ဆောင်မုန်းလပြည့်နေ့ည၊ တတိယအကြိမ် ဆကာကြီးနယ်လုံးဆိုင်ရာ မီးမျှောပွဲကို ပြီးခဲ့တဲ့နှစ်ထက် ပိုစည်အောင်လုပ်ချင်လို့ ရွှေနေကြီးနဲ့လာတွေ့တာ''

''ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ဘက်က ဘာများအကူအညီပေးရမလဲ''

ရွှေနေကြီးက အားတက်သရော ပြောလိုက်၏။

''ရွှေနေကြီးအနေနဲ့ ရန်ကုန်က မီဒီယာတွေကို ဖိတ်ပေးပါ၊ ပြီးတော့ ရုပ်/သံတစ်ခုခု ရအောင်ဖိတ်ပေးပါ''

''ရပါတယ် ဆရာ၊ မီဒီယာတွေကို ကျွန်တော်နဲ့ ဆရာနန္ဒာမိုးကြယ်တို့ တာဝန်ယူပြီး ဖိတ်ပေးပါ့မယ်၊ ရုပ်/သံကိစ္စကတော့ တော်ဝင်ပန်းဂျာနယ် အယ်ဒီတာချုပ် ဆရာရွှေမင်း (အင်းစိန်)ကို အကူအညီတောင်းရမှာပဲ''

''ပြီးတော့ ဆကာကြီးဒေသသူ၊ ဒေသသားတွေကို ဖိတ်ချင်တယ် ရွှေနေကြီး''

''ဘယ်လိုဖိတ်ချင်တာလဲ ။ ဆရာ''

''သတင်းစာမှာထည့်ပြီးဖိတ်ချင်တာ ရွှေနေကြီး''

**ဦးနက်ကျော်တို့ ရွှေနေလောကတွင် ကိုပြည်စိုးပြောသော စကားမှာ အမှတ်တရဖြစ်နေပြီး တွေးမိတိုင်း ပြုံးမိပါသည်။ ။ ။**

www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ...၊ ကျွန်တော် ဆောင် ရွက်ပေးပါ့မယ်"

ထိုအချိန်တွင် တပည့်ကျော်သံချောင်းသည် ပုလင်းတွေ၊ ခွက်တွေနှင့် ရုံးခန်းထဲဝင်လာ၏။

"ကဲ.....လွတ်လွတ်လပ်လပ်နဲ့ သုံးဆောင်ကြပေတော့"

"ကျေးဇူးတင်ပါတယ် ရှေ့နေကြီး"

ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို)က ကျေးဇူးစကားဆိုနေစဉ် ဆကာအောင်သည် ဘီယာပုလင်းအဖုံးကို သွားဖြင့်ကိုက်ပြီး ဖွင့်နေလေ၏။

"ဆရာ အဲဒီလိုမလုပ်နဲ့လေ၊ သွားပဲ့သွားမယ်၊ ဒီမှာ ဖောက်တံပါလာတယ်"

သံချောင်းက ခါးကြားမှဖောက်တံကို ဆွဲထုတ်ပြီးပြောသည်။

"ရှူး....."

ဆကာအောင်ပုလင်းမှာ ပွင့်သွားလေပြီ။

ဘီယာသောက်ရင်းစကားဝိုင်းဖွဲ့ကြသည်။ ဘီယာအရှိန်ကြောင့်လားမသိ။ စကားတွေက စောစောကနှင့်မတူ။ တဖြည်းဖြည်း ရှင်လန်းလာ၏။

"ဆကာအောင်ကိုတွေ့တော့ ကျွန်တော်တို့ဘော်ဒါကြီး လက်ဆွဲချောင်းရွာက ကိုပြည်စိုးကို သတိရတယ်ဗျာ"

ရှေ့နေကြီးဦးနက်ကျော်က လွမ်းဆွေ့ဝေသောစကားစလိုက်၏။

"ကိုပြည်စိုးဆုံးသွားတာ ငါးနှစ်လောက်ရှိမယ်ထင်တယ်၊ သူကျန်းမာရေးကောင်းတုန်းက ရှေ့နေကြီးကို ခဏခဏမေးတယ်"

ဆကာအောင်စကားကြောင့် ကိုပြည်စိုးပုံရိပ်မှာ ဦးနက်ကျော်မျက်စိထဲ၌ မြင်ယောင်လာ၏။ ဦးနက်ကျော်၏ ရှေ့နေလောကအတွေ့အကြုံများတွင် ကိုပြည်စိုးကိစ္စကို ချန်လှပ်၍ရမည်မဟုတ်ပါ။ ဦးနက်ကျော်တို့အဖွဲ့ ရယ်စရာတွေအလှည့်ကျပြောတိုင်း ကိုပြည်စိုးအကြောင်းပြောဖြစ်၏။

+++



ဦးနက်ကျော်တို့ ဆံကာကြီးနှင့် ကိုပြည်စိုးနေထိုင်သော လက်ဆွဲချောင်းကျေးရွာ (ဆရာနန္ဒာမိုးကြယ်ဇာတိ)တို့မှာ သုံးမိုင်ခန့်သာဝေးသည်။ ရှေ့နေကြီးဦးနက်ကျော်ငယ်စဉ်က ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲ (စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့)ပြုလုပ်သည့်အခါ လက်ဆွဲချောင်းသို့ အသွားအပြန် လမ်းလျှောက်သွားရ၏။ လက်ဆွဲချောင်းကျေးရွာမှ ကိုပြည်စိုး၏ဖခင် ဦးစံမြတ်၊ ကိုကျော်မိုးတို့ဖခင် ဦးမြို့၊ ဦးရွှေကြီးစသူတို့က ဦးဆောင်ပြီး ဆကာကြီး လူထုလမ်းလျှောက်ပွဲပါဝင်သူအားလုံးကို ကောက်ညှင်းပေါင်းဖြင့် ဧည့်ခံကြသည်။ ထိုအချိန်ကတည်းက ဦးနက်ကျော်နှင့် ကိုပြည်စိုး ရင်းနှီးခဲ့သည်။

ဦးနက်ကျော် ရှေ့နေဖြစ်သောအခါကိုပြည်စိုးသည်ဘာအကြောင်းမှမရှိသော်လည်း ဓနုဖြူရှေ့နေရုံးခန်းသို့ ဝင်လေ့ရှိ၏။ ညနေရုံးဆင်းသောအခါ ဦးနက်ကျော်နှင့် သူငယ်ချင်းရှေ့နေ ဦးမောင်မောင်ဆွေတို့က ကိုပြည်စိုးအား ဓနုဖြူမြို့၊ ရောဝတီသဘော်ဆိပ်ရှိ ကိုဝင်းသန်း+မကြည်ကြည်ဌေးတို့၏ 'ဝင်းသန့်'စားသောက်ဆိုင်၌ဧည့်ခံကျွေးမွေးသည်။

ရှေ့နေကြီးဦးနက်ကျော်ဆကာကြီးသို့ပြန်ရန် မော်တော်မမီသည့်အခါ ဓနုဖြူမှ ရွှေကညင်ပင်သို့ လှေဖြင့်ကူးရသည်။ ရွှေကညင်ပင်မှ လက်ဆွဲချောင်းသို့ လမ်းလျှောက်ရ၏။ လက်ဆွဲချောင်းရောက်သောအခါ ကိုပြည်စိုး၊ မရှုလွမ်းတို့၏ ကြက်သားကာလသားချက် ချက်ကျွေးပြီး လှည်းဖြင့်လိုက်ပို့သည်မှာ အခေါက်ပေါင်းမရေနိုင်။

www.burmeseclassic.com



သည်လိုနှင့် ဦးနက်ကျော်နှင့် ကိုပြည်စိုး ညီအစ်ကိုအရင်းသဖွယ် ဖြစ်လာသည်။ တစ်ယောက်နှင့်တစ်ယောက် ပြောမနာ၊ ဆိုမနာ။

တစ်နေ့တွင် ကိုပြည်စိုး ဦးဆောင်ပြီး ဦးနက်ကျော်ရုံးခန်းသို့ အမှုသည်များ ရောက်လာကြ၏။

"ဖိုးနက်ကျော်ရေ သူတို့က ငါတို့ရွာကပဲ၊ မင်းကိုအမှုအပ်ချင်လို့"

ကိုပြည်စိုးစကားက ရှေ့နေကြီးအတွက် မင်္ဂလာ။

"ရပါတယ် ကိုပြည်စိုးရာ၊ ကိုပြည်စိုးတစ်ယောက်လုံး ပါလာတာပဲ၊ ဒါနဲ့ အမှုက ဘာအမှုလဲ"

"သမီးရည်းစားချိန်းတွေ့တာကွာ၊ သူ့အဖေကြီးမိသွားတော့ အိမ်တက်မှုနဲ့ တရားစွဲတာ"

"ဟုတ်ပြီ၊ တရားခံက ဘယ်သူလဲ"

"ခင်မောင်အုန်း၊ ငါ့တူတော်တယ်၊ ဖိုးနက်ကျော် အစွမ်းကုန် ကြိုးစားပေးကွာ"

"စိတ်ချပါ ကိုပြည်စိုးရာ၊ အစွမ်းကုန် ကြိုးစားပေးပါ့မယ်၊ ကိုပြည်စိုး မျက်နှာမပျက်စေရပါဘူး"

ကိုပြည်စိုးသည် အမှုသည်များဘက်သို့ ဂုဏ်ယူဝင့်ကြွားစွာ ကြည့်လိုက်၏။ ဦးနက်ကျော်တို့ ရှေ့နေထုံးစံအရ အမှုအပ်လျှင် ဥာဏ်ပူဇော်ခ နှစ်ဖက်သို့ ညှိနှိုင်းသတ်မှတ်ပြီး စရန်ငွေပေးရလေ့ရှိပါသည်။ သို့သော် ဦးနက်ကျော်သည် ကိုပြည်စိုးမျက်နှာကြောင့် ဈေးစကား၊ ကြေးစကား မပြောဖြစ်။

ကိုပြည်စိုးကလည်း ဘာမှမပြော။ ဦးနက်ကျော်နှင့် အင်မတန်ရင်းနှီး၍ ဦးနက်ကျော်ကို သူပိုင်ကြောင်း အမှုသည်များသိအောင်ပြနေမှန်း သဘောပေါက်မိ၏။ သို့နှင့် ဦးနက်ကျော်နှင့် သူငယ်ချင်းရှေ့နေ ဦးမောင်မောင်ဆွေတို့နှစ်ယောက် ခင်မောင်အုန်းအမှုကို Power လက်မှတ်ထိုးလိုက်ကြသည်။ Lucky Money လည်း ထွက်မလာ။ ဦးနက်ကျော်နှင့် ဦးမောင်မောင်ဆွေတို့သည် ကိုပြည်စိုးမျက်နှာကြောင့် စရန်ငွေကင်းမဲ့စွာဖြင့် တရားရုံးတွင် Power တင်လိုက်ကြ၏။

+++

ထိုနေ့ညနေ ၄ နာရီထိုးသောအခါ.....

"ဟေ့.....ဖိုးနက်ကျော်နဲ့ ဖိုးမောင်ဆွေ သွားကြမယ်"

ကိုပြည်စိုးစကားကို ဦးနက်ကျော်တို့ သဘောပေါက်ပြီး အိတ်ကလေးတွေဆွဲကာ ကိုပြည်စိုးနောက်က လိုက်ကြရသည်။ "ဝင်းသန့်"စားသောက်ဆိုင်သို့ ချီတက်ကြသည်။ စားစရာသောက်စရာတွေမှာပြီး သောက်ကြစားကြသည်မှာ ပျော်ပျော်ပါးပါး။

ပိုင်းသိမ်းသောအခါ ကိုပြည်စိုးက ကုန်ကျစရိတ်များကို ထုတ်ရှင်းသည်။ သူ့အိတ်ထဲတွင် ပိုက်ဆံတစ်ပြားမှမကျန်တော့။ ဒယီးဒယိုင်ဖြစ်နေသော ခြေလှမ်းများက ကိုပြည်စိုးရေချိန်ကို ပြနေသည့်နှယ်။

"ကြည်ကြည်ဌေး"

"ဟုတ်ကဲ့ ကိုပြည်စိုး"

"ကျန်တဲ့ငွေခြောက်ရာကို နောက်တစ်ပတ်ရုံးချိန်းကျမှ ပေးမယ်၊ ရလား"

"ရပါတယ် ကိုပြည်စိုးရယ်၊ မသိတဲ့လူတွေမှ မဟုတ်တာ"

ကြည်ကြည်ဌေးကလည်း အကင်းပါးသည်။ ပြောပုံဆိုပုံက ညက်ညက်ညောညော၊ ပြေပြေပြစ်ပြစ်။



www.burmeseclassic.com



သည်လိုနှင့်.....

ရုံးချိန်းညနေတိုင်း ကိုပြည်စိုးက ရွှေနေကြီးဦးနက်ကျော်နှင့် ရွှေနေ ဦးမောင်မောင်ဆွေကို ဧည့်ခံတိုက်ကျွေးလာသည်မှာ အကြိမ်မနည်းတော့။ ခင်မောင်အုန်းအမှုအတွက် ရွှေနေခကတော့ လုံးဝမပေးသေးပေ။ ဦးနက်ကျော်ကလည်း လုံးဝမတောင်း။ သက်သေတွေကလည်း စစ်ဖို့ကျန်သေး၏။ နောက် နှစ်လကျော်ပင် အမှုကမပြတ်နိုင်။

တရားလိုပြသက်သေ ခြောက်ယောက်မြောက်ရုံးချိန်းသို့ ရောက်သွား၏။

ရုံးချိန်းညနေတွင် ထုံးစံအတိုင်း ''ဝင်းသန့်''စားသောက်ဆိုင်သို့ ဦးနက်ကျော်၊ ဦးမောင်မောင်ဆွေနှင့် ကိုပြည်စိုးတို့ ရောက်သွားကြ၏။ စထိုင်လိုက်သည်နှင့် ကိုပြည်စိုးက အရက်ကို ရေမရောဘဲ တစ်ခွက်ပြီးတစ်ခွက် မော့ပါလေတော့သည်။ ဦးနက်ကျော်နှင့် ဦးမောင်မောင်ဆွေတို့နှစ်ယောက် ကိုပြည်စိုးကိုကြည့်ပြီး နားမလည်။ အံ့အားသင့်သွားသည်။ ရွှေနေကြီးနှစ်ယောက်မှာ ဘီယာကို ငုံ့ထားရုံအဆင့်သာ။

''ကိုပြည်စိုး''

''ဘာလဲ ဖိုးနက်ကျော်''

''မိန်းမနဲ့ ရန်ဖြစ်လာလို့လား''

''မဟုတ်ပါဘူး ဖိုးနက်ကျော်ရာ''

ခါတိုင်းရုံးချိန်းများနှင့်မတူ။ ကိုပြည်စိုး မျက်နှာမကောင်း။ အရက်တစ်ခွက်ပြီးတစ်ခွက် သောက်နေပုံက ထူးခြားနေ၏။

''ကိုပြည်စိုး အရက်ကို အေးအေးဆေးဆေး ရေရောသောက်ပါဗျာ၊ ဟိုဘက်ကမ်းကို လှေနဲ့ကူးရမှာဆိုတော့.....''

''ရပါတယ် ဖိုးနက်ကျော်ရာ''

ပြောပြောဆိုဆို တစ်ခွက်မော့လိုက်ပြန်၏။ ကိုပြည်စိုးမျက်နှာတစ်ပြင်လုံး နီရဲလာသည်။ ခေါင်းကလည်း တဖြည်းဖြည်းငိုက်လာ၏။

''ဖိုးနက်ကျော်နဲ့ ဖိုးမောင်ဆွေကို ပြောစရာရှိတယ်၊ ထွီ.....''

''ကိုပြည်စိုးရယ် ခင်ဗျားနဲ့ ကျွန်တော်တို့ကြားမှာ ဘာမှပြောစရာ မရှိပါဘူး၊ လူရင်းတွေပဲဟာကို''

ကိုပြည်စိုးက ခေါင်းယမ်းလိုက်ပြီးနောက်.....

''မဟုတ်ဘူး ဖိုးမောင်ဆွေ၊ ပြောစရာရှိတယ်''

ကိုပြည်စိုးက လက်ဝါးထောင်ပြီးပြောလိုက်သည်မှာ ဗလုံးဗထွေး။

''ကိုပြည်စိုးကလည်း ဘာပြောစရာရှိလဲ၊ အချင်းချင်းတွေပဲ၊ အေးအေးဆေးဆေးပေါ့''

ဦးနက်ကျော်က လေအေးလေးဖြင့် ပြောလိုက်ရာ ကိုပြည်စိုးသည် ငိုက်စိုက်ကျနေသော ခေါင်းကြီးကို တွင်တွင်ခါပြလေသည်။ ရွှေနေကြီး ဦးနက်ကျော်နှင့် ဦးမောင်မောင်ဆွေတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘာပြော၍ ဘာဆိုရမှန်းမသိဖြစ်နေ၏။

''မင်းတို့ ပြတ်ပြတ်ပြောကြကွာ''

''ကိုပြည်စိုးကလည်း ဘာကိုပြတ်ပြတ်ပြောရမှာလဲ၊ လူရင်းတွေပဲဟာ''

ဦးနက်ကျော်က လေအေးလေးဖြင့် ထပ်ပြောသော်လည်း ကိုပြည်စိုး ခေါင်းယမ်းပြန်သည်။

''ပြတ်ပြတ်ပြောကြကွာ''

ကိုပြည်စိုးမူးမူးနှင့် အပ်ကြောင်းထပ်ပြောနေသည်ကို တစ်ဆိုင်လုံးက အာရုံစိုက်နေကြ၏။

''ဘာကိုပြတ်ပြတ်ပြောရမှာလဲ ကိုပြည်စိုး''

ရွှေနေကြီးဦးနက်ကျော် မနေနိုင်၍ မေးလိုက်မိ၏။ ဦးနက်ကျော်မေးခွန်းအပေါ် ကိုပြည်စိုး ပြန်ပြောလိုက်သောစကားကြောင့် 'ဝင်းသန့်' စားသောက်ဆိုင်ရှိ လူအားလုံး ရယ်မောကြလေသည်။ ဦးနက်ကျော်တို့ ရွှေနေလောကတွင် ကိုပြည်စိုးပြောသောစကားမှာ အမှတ်တရဖြစ်နေပြီး တွေးမိတိုင်း ပြုံးမိပါသည်။

ထိုနေ့ညနေက ကိုပြည်စိုး ရင်ထဲရှိသည့်အတိုင်း ပြောလိုက်သည့်စကားကတော့

''မင်းတို့ရွှေနေခကို ဘယ်လောက်ပေးရမလဲ၊ ပြတ်ပြတ်ပြောကွာ၊ ငါမခံနိုင်တော့ဘူး''တဲ့။ ။

ချစ်ကိုကိုယု

www.burmeseclassic.com

www.burmeseclassic.com




# မောင်သာမန် (ဗိုးကုန်း)

## အဖြူရောင်တစ်ခု၏ ရာဇဝင်

ကျုပ်ညီလေးက တနင်္လာသား

နေထန်းတစ်ဖျားအရောက်မှာမွေးတာ။

အဖေတို့လူကြီးတွေကတော့

အမေမီးထွက်တာနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

**ကျုပ်ဘဝက**
**အဲဒီအချိန်ကတည်းက**
**ကုသိုလ်တစ်ပဲ၊**
**ငရဲတစ်ပိဿာဆိုတာလို**
**အကုသိုလ်**
**အတုံးလိုက်အတစ်လိုက်**
**ယူနေရတာပါ။**
**ဆရာတော်ဟောကြားခဲ့တဲ့**
**တရားသဘောတွေကိုလည်း**
**ကျုပ် အသက်**
**ငယ်သေးတာမို့**
**အလွယ်တကူ**
**မစဉ်းစားမိတာ**
**သဘာဝတော့ကျုပါတယ်**
**...**

လူမှန်းသိတတ်ခါစအရွယ်ကတည်းကစပြီး ကျုပ်ဘဝက သိပ်ကောင်းလှတာမဟုတ်ပါဘူးဗျာ။ ကျုပ်မိဘတွေက လယ်ပိုင်ယာပိုင်မဟုတ်ကြလေတော့ လက်လုပ်လက်စားဘဝနဲ့ ကျပ်ကျပ်တည်းတည်း နေခဲ့ကြရတာ။ ခပ်ရှင်းရှင်းပြောရရင်တော့ဗျာ ကျုပ်တို့မိသားစုဟာ သူများတကာတွေထက် အောက်ကျနောက်ကျနိုင်တယ်လို့ ပြောရမှာပေါ့။ အဖေဆိုရင် သူများလယ်မှာ သူရင်းငှားတစ်ယောက်။ အမေဆိုရင်လည်း မိုးတွင်းဆိုကောက်စိုက်၊ ဆောင်းတွင်းဆိုအဖေနဲ့အတူ ကောက်ရိတ်။ နွေရောက်တော့ ကောက်သင်းကောက်၊ မတ်ပဲစိုက်၊ သယ်နဲ့ အလုပ်ကြမ်းမှန်သမျှ ကျုပ်တို့မိဘတွေ ကန်ထရိုက်ဆွဲထားသလား အောက်မေ့ရတယ်။

ကျုပ်ကတော့ကလေးသာသာဆိုတော့လည်း မိဘတွေလုပ်တဲ့ လုပ်ငန်းတွေကို လိုက်မလုပ်နိုင်သေးတော့ ရွာဦးဘုန်းကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ ကျောင်းရဲ့ဝေယျာဝစ္စတွေ လုပ်ကိုင်ပေးရင်းစာပေသင်ကြားမှုပြုရတယ်။

ကျုပ် ရှစ်နှစ်ကျော်၊ ကိုးနှစ်အတွင်းမှာ ကျောင်းထိုင်ဘုန်းတော်ကြီး ဦးနန္ဒမာလာရဲ့ ဖေးမမှုကြောင့် ရှင်သာမဏေဝတ်ခဲ့ရတယ်။ ကိုရင်ဘဝနဲ့ တစ်လမပြည့်တပြည့်မှာပဲ ဘုန်းတော်ကြီးကို ခွင့်ပန်ပြီး လူထွက်ခဲ့ပါတယ်။ ကျုပ်ရဲ့ဆင်ခြေကတော့ဗျာ မိဘတွေရဲ့အလုပ်တွေကို ကူညီလုပ်ကိုင်ပေးဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ထွက်ခဲ့တာလေ။ အဲဒီကစပြီး ကျုပ်ရဲ့ဘဝက ကြမ်းတမ်းခက်ထန်မှုတွေနဲ့ စတင်လာခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုရမှာပေါ့ဗျာ။ အဖေနဲ့အတူ လယ်ထဲကိုလိုက်သွားပြီး အဖေ့ အလုပ်တွေကို ကူညီလုပ်ကိုင်ပေး သလို ကျုပ်မသိတာ၊ မတတ်တာ တွေကိုလည်း အဖေ့ရဲ့သင်ကြား ပြသမှုတွေကို ခံယူရင်း လက်တွေ့ နယ်ပယ်ထဲမှာ ထဲထဲဝင်ဝင်ဖြစ် အောင် ကြိုးစားခဲ့ရပါတယ်။ ကျန် တဲ့အချိန်တွေမှာတော့ ငှက်ထောင်၊ ယုန်ထောင်၊ ကိုင်းထောက်၊ ငါးမျှား စတဲ့ အကုသိုလ်အလုပ်များကိုလုပ် ကိုင်ရင်း ရွာကျောင်းဆရာတော်ကြီး ရဲ့ ဩဝါဒမိန့်ကြားချက်များကို မေ့ လျော့နေရတော့တာပါပဲ။

+++

ဒါကြောင့်လည်း ကျုပ်ဘဝက အဲဒီအချိန်ကတည်းက ကုသိုလ် တစ်ပဲ၊ ငရဲတစ်ပိဿာဆိုတာလို အကုသိုလ်အတုံးလိုက်အတစ်လိုက် ယူနေရတာပါ။ ဆရာတော်ဟော ကြားခဲ့တဲ့ တရားသဘောတွေကို လည်း ကျုပ်အသက်ငယ်သေးတာ မို့ အလွယ်တကူမစဉ်းစားမိတာ သဘာဝတော့ကျပါတယ်ဗျာ။

ဩော်.....ဒါနဲ့ ပြောရဦးမယ်။ ကျုပ်ဆယ်နှစ်သားစွန်းစွန်းမှာ ကျုပ် ရဲ့အမေ ဒေါ်တင်လှတစ်ယောက် မီးဖွားခဲ့ပါတယ်။ မွေးလာတဲ့ကလေး က ကျုပ်ထက် အသက်ဆယ်နှစ် လောက်ငယ်တဲ့သားယောက်ျားလေး ကို အမေက မွေးပေးခဲ့တာလေ။

ကျုပ်ရဲ့အမေ မီးဖွားတော့ ကျုပ်က အိမ်မှာရှိမနေဘူးဗျ။ တောထဲမှာ ငှက်ထောင်နေတာ။ အဲဒီ အချိန်မှာ တောစပ်ကိုလာပြီး ဟင်း သီးဟင်းရွက်ခူးဖို့ ရောက်လာကြတဲ့ အမေကျောင်နဲ့ သူ့ရဲ့သား တင်အောင် က ကျုပ်ကိုလှမ်းမြင်ပြီး တင်အောင် က လှမ်းအော်ပြီး အသိပေးခဲ့တယ်။

"ဟေ့ကောင်....ကျော့မောင် မင်းအမေ မီးဖွားနေပြီတဲ့၊ မင်းကို တွေ့ရင် အိမ်ကိုခပ်သုတ်သုတ်ပြန် လာခဲ့ဖို့ မင်းအဖေက ဆက်ဆက် မှာလိုက်တယ်၊ သွားလိုက်ဦး"

ဖိုးထော်ရဲ့ လှမ်းအော်သတိ ပေးမှုကြောင့် ကျုပ် အံ့သြဝမ်းသာ သွားရတယ်။ ကျုပ်ရဲ့စိတ်ထဲမှာ လည်း ပျော်ရွှင်သလို ခံစားနေရ တယ်။ ကျုပ်လေ သည်အတိုင်းဆို ရင် တစ်ကောင်ကြွက်မဟုတ်တာ သေချာသွားပြီပေါ့။ ကျုပ်အတွက် အမေ က ညီလေးလား၊ ညီမလေးလား တစ် ယောက်ယောက်ကို မွေးပေးမှာဆိုတော့ ကျုပ်လေ ပျော် လိုက်ရတာဗျာ။ သည်လောက မှာ အပျော်ဆုံး လူဟာ ကျုပ် လောက်ပျော်နိုင် ပါ့မလားလို့ ထင် ယောင်ထင်မှား ဖြစ်ခဲ့သေးတယ်။ ထောင်ထားတဲ့ ငှက်ထောင် ချောက်ကိုတောင် မကြည့်နိုင်တော့ပါဘူးဗျာ။ အိမ်ကိုရောက်တဲ့အထိ တန်းပြေး လာခဲ့ရတယ်။ တောစပ်နဲ့ရွာက မိုင် ဝက်လောက်ဝေးကွာပေမယ့် လမ်း မှာတစ်ထောက်မှမနားခဲ့ပါဘူး။ အိမ် ရောက်တော့ အမေ့ မီးနေခန်းထဲက ထွက်လာတဲ့ လက်သည် ဒေါ်ဖွား မြိုင်က ကျုပ်ကို.....

"ဟဲ့...ကျော့မောင်၊ နင်ဘယ် သွားနေတာတုံး၊ အိမ်လေးဘာလေး လည်း ကပ်ပါဦးတော့လား၊ နင့် အမေနားမှာ ကူဖော်လောင်ဖက်ရ အောင် အိမ်မှာနေပါဦးဟယ်၊ ဒီမှာ ကြည့်၊ နင့်ရဲ့ညီလေး"

ဒေါ်ဖွားမြိုင်က အနီးနဲ့ပတ် ထားတဲ့ မွေးကင်းစကလေးငယ်အား ကျုပ်ကိုပြပါတယ်။

ကျုပ်က မယုံ သင်္ကာဖြင့်.....



www.burmeseclassic.com

www.burmeseclassic.com

"အဘွား.....ဒါ ကျုပ်ညီ"

ဟုမေးလိုက်ရာ ထင်းပေါက်နေသောအဖေက ရယ်မောလျက်...

"ဟုတ်ပါတယ် လူလေးရာ၊ မင်းညီမှ မင်းညီအစစ်ပါကွ"

အဖေ့စကားကြောင့် ကျုပ်ရင်ထဲမှာ တုန်နေအောင် ဝမ်းသာလိုက်တာ။ ကျုပ်ညီလေးလေ။ ပြောလို့သာပြောရတာ တစ်တုံးတစ်ခဲကြီးပါဗျာ။ ပါးစုန့်ကြီးတွေထွက်ပြီး ဖြူဖြူတုတ်တုတ်ကြီး။ ကျုပ်ရင်ထဲမှာ ဘယ်လိုပြောရမှန်းမသိအောင် ပျော်လိုက်တာဗျာ။ ထင်းပေါက်နေတဲ့အဖေက ကျုပ်ကို.....

"လူလေး....လာစမ်း၊ ပေါက်ပြီးသား ဒီမန်ကျည်းသားတွေကို မင်းအမေမီးနေတဲ့အခန်းဘေးမှာပုံထားလိုက်ကွာ"

အဖေခိုင်းလို့သာ ကျုပ် ထင်းတွေသယ်နေရတာ။ ညီလေးအနားက တစ်ဖဝါးမှမခွာချင်ပါဘူး။ ပြောရရင်ဗျာ ကျုပ်ညီလေးက ကျုပ်လို မည်းမည်းတူးတူးမဟုတ်ဘူး။ ဖြူဖြူဖွေးဖွေးကြီးနဲ့ သိပ်ချစ်ဖို့ကောင်းတာဗျာ။

ကျုပ်ညီလေးက တနင်္လာသား နေထန်းတစ်ဖျားအရောက်မှာမွေးတာ။ အဖေတို့လူကြီးတွေကတော့ အမေမီးထွက်တာနဲ့ ညီလေးကိုကင်ပွန်းတပ်တယ်ခေါ်မလားမသိဘူး။ နာမည်ပေးကြတယ်။ နေ့နံနဲ့လည်း ကိုက်ပြီး အဖေ့နာမည် ဘမောင်လည်းပါ၊ ကျုပ်ရဲ့နာမည် ကျော့မောင်နဲ့လည်း ဆင်တူအောင် ချောမောင်လို့ ကင်ပွန်းတပ်ကြတယ်။

ကျုပ်ညီလေးက လူချောတစ်ယောက်ဆိုတော့ နာမည်နဲ့ ပန်းတင့်တယ်လို့ဆိုရမှာပေါ့။ ကျုပ်သဘောကျပါတယ်။ အဓိက,ကတော့ ကျုပ်ချောစရာမလိုပါဘူး။ ကျုပ်ညီလေး ချောမောင် ချောတယ်၊ လှတယ်ဆိုရင်ပဲ ကျုပ် ကျေနပ်ပါတယ်။

အဖေနဲ့အမေကတော့ ကျုပ်ရဲ့ ဘဝကြမ်းထဲကိုရောက်လာတဲ့ ညီလေးကို သေသေချာချာကြည့်ပြီး ပီတိဖြစ်နေကြတယ်။ အဖေကဆိုရင်.....

"ငါတို့သားငယ် ချောမောင်ကတော့ လူကလည်း လူချော၊ နဖူးရေ၊ ဒူးရေနဲ့ ပြည့်စုံမယ့်သူတစ်ယောက်ပဲကွ၊ သားကြီးကျော့မောင်ကတော့ ငါတို့နဲ့ မရှိအတူ ရှိအတူမို့ ခြွင်းချက်ထားပြီး သားငယ်ကို ပညာတတ်တစ်ယောက်ဖြစ်ဖို့ မြေတောင်မြှောက်ပေးချင်စမ်းသပကွာ"

ညီလေးဘဝတိုးတက်ဖို့ ကျုပ်ကလိုလားတာမို့ အဖေနဲ့အမေ့ကို ကျုပ်က.....

"ညီလေးချောမောင် ကြီးပွားတိုးတက်ဖို့အတွက် သားကိုယ်တိုင် ကြိုးစားပြီး အလုပ်လုပ်မယ်"

ညီလေးတစ်ယောက် ပညာတတ်ကြီးဖြစ်ဖို့ ညီလေးအတွက် ကျုပ်ကိုယ်တိုင် တုံးလုပ်မယ်။ ကျုပ်ကိုတုံးခုပြီး ဘဝအောင်မြင်ရေးအလံကို ညီလေးကိုယ်တိုင်အလွယ်တကူ ဆွတ်ခူးဖို့အရေးကျုပ်လုံ့လစိုက်မယ်လို့ ဆုံးဖြတ်ချက်ပိုင်ပိုင်ချလိုက်နိုင်ခဲ့တယ်။ လောလောဆယ်မှာတော့ ညီလေးက လူမမည်အရွယ်။ ကျုပ်က ဆယ်ကျော်သက် ...။ ဒါပြင် လောကဓံတရားကို ရင်ဆိုင်ကာစ။ ကာလကြာရှည်စွာ ကျုပ်ညီလေးအတွက် ကြိုးစားရမှာက ကျုပ်ရဲ့ တာဝန်ပဲလေ။

ညီလေးရဲ့ ချစ်စရာမျက်နှာလေးကိုမြင်တိုင်း ကျုပ်လေ ခွန်အားတွေပြည့်လာတယ်လို့ ကျုပ်ထင်မိပါရဲ့။ ညီလေးအတွက် ကျုပ်ရဲ့ဖျတ်လတ်တက်ကြွမှုတွေကို အံ့အားသင့်စွာကြည့်ပြီး ရင်သပ်ရှုမောနေကြသူနှစ်ဦးကတော့ တခြားသူဟုတ်ပါဦးလား။ ကျုပ်ရဲ့အဖေနဲ့အမေလေ။

+++

**အမေကတော့ အဖေ့အတွက်ယူကျုံးမရခြင်းကြီးစွာနဲ့ တက်ခမန်း ချက်ခမန်း ငိုကြွေးနေလေရဲ့။ ကျုပ်ကတော့ ညီလေးကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးနေတာကို ညီလေးက ကျုပ်ကိုမော့ကြည့်ပြီး...**

www.burmeseclassic.com

www.burmeseclassic.com




ငှက်ကလေးတွေ စိုးစီစိုးစီနဲ့ တစ်မိုးသောက်လာပြီဆိုမှဖြင့် အိမ်အတွက် သောက်ရေ၊ သုံးရေဖြည့်တဲ့အပြင် တခြားအိမ်တွေကိုလည်း ကျုပ် ရေထမ်းရောင်းပါသေးတယ်။ ရွာမှာက တောသူတောင်သားတွေဆိုတော့ သူတို့ကိုယ်တိုင် ရေခပ်ကြပါတယ်။ ဒါပေမဲ့ တချို့လက်နည်းတဲ့အိမ်များကျတော့ အလုပ်တွေသီနေကြတာနဲ့ ကျုပ်ကိုရေထမ်းပေးဖို့ ခေါ်ကြတယ်။ အဖိုးအခပေးတော့လည်း ကျုပ်က ရေထမ်းပေးရတာပေ့ါ။ ရေထမ်းလို့ရတဲ့ပိုက်ဆံလေးတွေ၊ ထောင်လို့ရတဲ့ ငှက်တွေနဲ့ ပိုက်ဆွဲလို့ရတဲ့ ငါးတွေကို အိမ်မှာစားသင့်တာစားပြီး ရောင်းလို့ရတဲ့အကောင်တွေကိုရောင်း၊ ရတဲ့ပိုက်ဆံတွေကိုစုပြီး အဖေ့ခွင့်ပြုချက်နဲ့ ကြက်မကြီးနှစ်ကောင်ကို ဝယ်လိုက်တယ်။ နောက်ပိုင်း ကျုပ်မွေးထားတဲ့ ကြက်မနှစ်ကောင်ကနေ ကြက်တွေပွားလာလိုက်တာဗျာ ကျုပ်တောင် အံ့သြယူရတယ်။ ပွားလာတဲ့ကြက်တွေရောင်းပြီးတဲ့နောက် အမေ့လက်ထဲအပ်ပြီး အမေ့ကိုလည်း.....

"အမေ.....ညီလေးချောမောင်ကြီးလာရင် ပညာသင်ဖို့ သားရှာထားတဲ့ပိုက်ဆံတွေ၊ အမေစုထားပေးပါနော်၊ အမေလိုအပ်တဲ့အခါရှိရင်လည်း ယူသုံးပေ့ါ အမေ"

ကျုပ်ညီလေးကို ကျုပ်ဘယ်လောက်ချစ်တယ်ဆိုတာ အဖေရော အမေပါ သိကြပါတယ်။ အမေကတော့ ကျုပ်အပ်တဲ့ပိုက်ဆံတွေကို ကြည့်လိုက်၊ ကျုပ်ကိုကြည့်လိုက်နဲ့ အမေတစ်ယောက် ပီတိမျက်ရည်ဝဲနေလေရဲ့။

ကျုပ်လေ.....လူတွေဟာ လောကကြီးမှာရှိနေသရွေ့ လူမှုဒုက္ခဆင်းရဲတွေနဲ့ မလွဲမသွေ တွေ့ကြုံခံစားရမြဲဆိုတာ ရွာထိပ်က ဘကြီးဦးဟန်ခင် ပြောတာကို ကျုပ်သတိရပါတယ်။ ဟုတ်ပါတယ်ဗျာ။ ကျုပ်တို့မှာက ဘကြီးဦးဟန်ခင်ပြောသလို လူမှုဒုက္ခဆင်းရဲတွေ ခံစားရတာတင်မကပါဘူး။ မမျှော်လင့်ဘဲ အကုသိုလ်တွေကလည်း မဖိတ်မခေါ်ဘဲ ဝင်လာတတ်ကြတယ်ဆိုတာ ကျုပ်သိလိုက်ရပါပြီ။ ညီလေးချောမောင် အခါလည်ကျော်ကျော်လေးမှာ ကျုပ်အဖေလေ ကောက်ရိတ်နေရင်း ပိုးထိလို့ ဆုံးပါးသွားတာ။ ဆေးရုံမပြောပါနဲ့ အိမ်ကိုတောင် အသက်ပါမလာပါဘူးဗျာ။ ပိုးမထိခင် အဲဒီနေ့က အဖေက အမေ့ကို ပြောပါသေးတယ်။

"ငါ ဒီနေ့ ကောက်ရိတ်သွားရမှာ စိတ်ထဲတစ်မျိုးကြီးပဲဟာ၊ စိတ်ထဲမှာ လေးတေးတေးကြီးဖြစ်နေတယ်"

အမေကလည်း အဖေ့ကို.....

"ဒါဆိုလည်းတော် ဒီနေ့တစ်နေ့လောက် အိမ်မှာပဲနားနေလိုက်ပါလား၊ လယ်ရှင်က လာပြောရင်တော် နေမကောင်းဘူးလို့ ပြောလိုက်မယ်၊ နောက်တစ်နေ့ကျမှပဲ ကောက်ရိတ်ဆင်းလိုက်ပေါ့တော်၊

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတာက ကိုယ့်ရဲ့ကျန်းမာရေးပဲမဟုတ်လား''

အမေ့ရဲ့ နွေးထွေးပြီး ကြင်နာတဲ့စကားကြောင့်လားမသိ။ အဖေ့ရဲ့စိတ်တွေ ရှင်သန်နိုးကြားလာသလိုဖြစ်လာတယ်နဲ့တူပါတယ်။

''မထူးပါဘူးကွာ၊ တစ်ရက်ဆိုတစ်ရက် ကောက်ရိတ်ကြွေးတွေပြန်ဆပ်ဖို့ ရက်ကြာနေဦးမယ်၊ ကြွေးကိုမြန်မြန်ရိတ်ပြီး ကောက်ရိတ်ခလက်ငင်းရနိုင်မယ့် လယ်တွေဆီကိုသွားရိတ်ရဦးမယ်၊ မြန်မြန်ဖြတ်တာပဲကောင်းတယ်၊ အချိန်ဆွဲနေလို့မဖြစ်ဘူး''

ပြောပြောဆိုဆိုနဲ့ အဖေဟာအမေချကျွေးတဲ့ ထမင်းကြမ်းကြော်နဲ့ ရေနွေးကြမ်းကို ခပ်သုတ်သုတ်စားသောက်ပြီး ကောက်ရိတ်တံစဉ်ကို ပခုံးပေါ်မှာချိတ်ပြီး လယ်ထဲကိုကသုတ်ကရက် ဆင်းသွားလိုက်တာ။ ကျုပ်ကလည်း ဘိုးလေးမောင်အုန်းလယ်ထဲမှာ ကောက်လှိုင်းအရိတ်၊ အသယ်လုပ်နေတော့အဖေ့နောက်လိုက်ပြီး ကူမရိတ်မိဘူး။ အဖေက ယူထားတဲ့အကြွေးတွေကို ရိတ်ပေးနေရသလို ကျုပ်ကလည်း အိမ်အတွက် နေ့စဉ်ဝင်ငွေရဖို့ တစ်ဖက်တစ်လမ်းကကောက်လှိုင်းရိတ်၊ သယ် လုပ်နေရတာ။ မိုးနှောင်းလွန်မြောက်ပြီးတဲ့အချိန် ကောက်စောစပါးတွေ ရိတ်သိမ်းချိန် လှည်းလမ်းမပေါက်သေးတော့ ရိတ်ပြီးကောက်လှိုင်းတွေကိုသယ်ကြရတာ။

အဲဒီနေ့မှာပဲ ကျုပ်ရဲ့မျက်စိထဲဖုန်ဝင်သွားသလိုပါပဲ။ လုံးဝကိုမမျှော်လင့်ခဲ့ပါဘူး။ ကျုပ်တို့သားအမိသုံးယောက်ကို ထားခဲ့ပြီး အဖေရယ်လေ ကျောခိုင်းစွန့်ခွာ ထွက်သွားရက်လိုက်တာ။ အဲဒီတုန်းက

**လောကမှာ**
**အားကိုးရာမဲ့ခဲ့ပြီမို့**
**ကျုပ်တို့ညီအစ်ကိုတွေ**
**ငိုလို့မဆုံးနိုင်တော့ပါဘူး။**
**လောကအလယ်မှာ**
**မိဘမဲ့တွေ**
**ဖြစ်ကြရတဲ့**
**ကျုပ်တို့**
**ညီအစ်ကိုမှာ**
**ခိုကိုးရာမဲ့သလို**
**ခံစားခဲ့ရတယ်**
**. . .**

လေ ကျုပ်နဲ့ညီလေးအဖို့ သည်တစ်သက် ဖတဆိုးဘဝနဲ့ နေရတော့မှာပါလားဆိုတဲ့ ဆို့နင့်ဖွယ်ရာအတွေးတွေနဲ့ ကျုပ်ငိုခဲ့ရပါတယ်။

အမေကတော့ အဖေ့အတွက် ယူကျုံးမရခြင်းကြီးစွာနဲ့ တက်ခမန်းချက်ခမန်း ငိုကြွေးနေလေရဲ့။ ကျုပ်ကတော့ ညီလေးကိုဖက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးနေတာကို ညီလေးက ကျုပ်ကိုမော့ကြည့်ပြီး ငိုမဲ့ငိုမဲ့ဖြစ်နေခဲ့ပါတယ်။ အဖေ့အတွက် ဝမ်းနည်းကြေကွဲနေတော့ ကျုပ်လေ.....

''ညီလေးရေ ခုချိန်ကစပြီး တို့ညီအစ်ကိုတွေရဲ့ဘဝမှာ ဒီတစ်သက် အဖေဆိုတာ မရှိတော့ပါဘူးကွာ''

ညီလေးကိုဖက်ထားရင်း ကျုပ်ရဲ့ရင်ထဲမှာ မွန်းကျပ်လိုက်တာဗျာ။ အခုဆိုရင် ကျုပ်တို့ဘဝမှာ အဖေဆိုတဲ့ မဏ္ဍိုင်ကြီး ပြိုလဲပျက်စီးခဲ့ရပါပြီ။ ပင်ပန်းစွာငိုကြွေးနေတဲ့အမေ့ကို သားတစ်ယောက်အနေနဲ့ ကျုပ်နှစ်သိမ့်အားပေးခဲ့ပါတယ်။

''အမေရယ် အဖေမရှိတော့ပေမယ့် သားရှိပါတယ်ဗျာ၊ အမေဘာမှအားမငယ်ပါနဲ့နော်၊ သားလေကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အမေနဲ့ညီလေးကို လုပ်ကိုင်ကျွေးမွေးပါ့မယ် အမေရယ်''

အမေကတော့ မျက်ရည်လည်ရွဲနဲ့ ကျုပ်ကို ဘာမှမပြောပါဘူး။ အမေရယ်လေ ကျုပ်နဲ့ညီလေးကိုဖက်ပြီး အဖေ့ကိုတမ်းတရင်း ငိုခဲ့ပါတယ်။ အမေငိုတော့လည်း ကျုပ်

www.burmeseclassic.com


ကိုင်၊ ကျုပ်ရော၊ အမေရော ငိုနေမှတော့ ညီလေးချောမောင်ကလည်း လန့်ဖျပ်ပြီး ငိုလို့မဆုံးတော့ပါဘူး။

+ + +

အဖေ့ရက်လည်ဆွမ်းသွတ်ပြီးလို့ နောက်တစ်နေ့မှာပဲ အဖေ့ရဲ့ ကောက်ရိတ်လက်စလယ်ကွက်ကို ကျုပ်ကိုယ်တိုင် အကြွေးပြတ်အောင် ရိတ်သိမ်းပေးခဲ့တယ်။ အမေ့ကိုလည်း အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားမယ်လို့ ကျုပ်ဆုံးဖြတ်ထားခဲ့တယ်။ သည့်နောက်ပိုင်းမှာတော့ အမေမငိုတော့ပါ။ အမေတစ်ယောက် လောကဓံတရားရဲ့ အနိသင်ကို သိသွားလို့လားမပြောတတ်။ အိမ်မှာပဲ ညီလေးကိုပြုစုစောင့်ရှောက်ရင်း လုပ်လက်စ အိမ်တွင်းလုပ်ငန်းတွေကို ဆက်ပြီးလုပ်ကိုင်နေပါတော့တယ်။ ကျုပ်ကလည်း အားတဲ့အချိန်တွေမှာ ညီလေးကို ပြုစုစောင့်ရှောက်ပေးသလို အမေကလည်း တစ်ဖက်တစ်လမ်းဝင်ငွေရအောင် သက်ငယ်ပျစ်ခြင်း၊ ဟင်းရွက်ခူးရောင်းခြင်းများကိုလုပ်ဆောင်ခဲ့ပါတယ်။

ဒီအတောအတွင်း အမေတစ်ယောက် တရှောင်ရှောင်နဲ့ ကျန်းမာရေးမကောင်းကြောင်း ကျုပ်ကို ပြောပြပါတယ်။

"လူလေးရေ ရွာလယ်ကဆေးခန်းဆရာမ ဒေါ်ခင်မြေးကို သွားခေါ်ပေးပါကွယ်၊ ခုတလော အမေသိပ်နေမကောင်းဘူးကွယ်၊ ညီလေးကိုခေါ်သွား"

ညီလေးကိုကုန်းပိုးပြီး ဆရာမကို သွားခေါ်ခဲ့ပါတယ်။ ညီလေးက စကားပြောတတ်ကာစဆိုတော့ တီတီတာတာပြောတတ်တဲ့ ညီလေးကို ကျုပ်သိပ်ချစ်တယ်ဗျာ။ ဆေးခန်းဆရာမကြီးပြောစကားအရဆိုရင် အမေဟာ တီဘီအဆုတ်နာရောဂါဖြစ်နေတယ်တဲ့။ အရပ်စကားအရဆိုရင် ပန်းနာရင်ကျပ်ရောဂါလို့ဆိုကြတယ်။ အမေလည်း အင်္ဂလိပ်ဆေးသောက်လိုက်၊ ဆေးမြီးတိုနဲ့ ကုလိုက်နဲ့ နောက်ဆုံးမှာတော့ ညီလေး သုံးနှစ်သားအရွယ်မှာပဲ ကျုပ်တို့ရဲ့မွေးအမေဟာ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ပါတယ်။

ကျုပ်နဲ့ညီလေး လောကမှာ အားကိုးရာမဲ့ခဲ့ပြီမို့ ကျုပ်တို့ညီအစ်ကိုတွေ ငိုလို့မဆုံးနိုင်တော့ပါဘူး။ လောကအလယ်မှာ မိဘမဲ့တွေဖြစ်ကြရတဲ့ ကျုပ်တို့ညီအစ်ကိုမှာ ခိုကိုးရာမဲ့သလို ခံစားခဲ့ရတယ်။ သွေးရင်းသားရင်းဆိုလို့ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်တည်းရယ်ပါဗျာ။ အမေမသေခင် ပြောခဲ့တဲ့ အမေ့ရဲ့ စကားတွေက ကျုပ်အဖို့တော့ ရင်နှင့်အမျှ ခံစားခဲ့ရတယ်။

"သားကြီးကျော့မောင်ကတော့ အမေမရှိတော့ရင် ညီလေးအတွက် သားဟာ အဖေလည်းဟုတ်သလို အမေဆိုလည်း ဟုတ်ပါတယ်ကွယ်၊ ညီလေးကို သားကြီးဘယ်လောက်ချစ်တယ်ဆိုတာကို သွားလေသူ မင်းအဖေနဲ့ အမေတို့က သိထားပါတယ်၊ ဒါကြောင့် ညီလေးရဲ့ရှေ့အနာဂတ်အတွက် သားကြီးဟာ အခရာဖြစ်နေပြီဆိုတာ သားကြီးသဘောပေါက်မှာပါ၊ ညီလေးကို ထူးခြားတဲ့ ပညာတတ်ကြီးဖြစ်အောင် လုပ်ပေးချင်တယ်ဆိုတာ သားကြီးပြောခဲ့ဖူးပါတယ်၊ ဒါကြောင့် ညီလေးကို ပညာတတ်ဖြစ်အောင် သားကြီးကပဲ မြေတောင်မြှောက်ပေးပါလို့ အမေမှာခဲ့ပါရစေတော့ သားကြီးရယ်"

အမေတစ်ယောက် ရောဂါဝေဒနာခံစားရင်း တမလွန်ဘဝကို ပြောင်းရွှေ့သွားပြီးတဲ့နောက် ကျုပ်နဲ့ ကျုပ်ညီလေး ချောမောင်တို့နှစ်ဦးဟာ အဖေနဲ့အမေလဲလျောင်းရာ သုသာန်ကမြေပုံတွေဆီကို နေ့စဉ်ရက်ဆက် ကန်တော့ဖို့ ရောက်ခဲ့ကြပါတယ်။ ကျုပ်နဲ့ညီလေးတို့အတွက် မိဘနှစ်ပါးစလုံးမရှိတော့တဲ့အတွက် ကျုပ်မှာ အားလည်းငယ်၊ စိတ်ဓာတ်လည်းကျခဲ့ရပါတယ်။

နောက်ပိုင်းကာလများမှာ မိဘနှစ်ပါးရှိရာသုသာန်ကို မသွားတော့ဘဲ ညီလေးချောမောင်ရဲ့ အနာဂတ်လမ်း ဖြောင့်ဖြူးရေးအတွက် အားသွန်ခွန်စိုက်လုပ်ခဲ့ပါတယ်။ ကွယ်လွန်ရှာပြီဖြစ်တဲ့ မိဘနှစ်ပါးကိုလည်း ကျုပ်ရဲ့ရင်ထဲ၊ ဦးနှောက်ထဲမှာသာမက ကျုပ်ရဲ့နှလုံးသားထဲမှာ အစဉ်ကိန်းအောင်းနေပြီး ထာဝရ ကန်တော့နေမယ်လို့ ကျုပ်လေ စိတ်ပိုင်းဖြတ်မိပါတယ်ဗျာ။

အမေမှာကြားခဲ့သလို ကျုပ်ရဲ့ အသိစိတ်ထဲမှာ ဆုံးဖြတ်ထားပါတယ်။ ညီလေး ချောမောင်တစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက် ပညာသင်ကြားရရေးနဲ့ ပညာသင်စရိတ်ရှာပေးရမှာဆိုတော့ ငေးနေတွေးနေရင်းနဲ့ အချိန်ကုန်ခံလို့ မရပါဘူး။ အလုပ်ဟူသမျှဂုဏ်ရှိစွဆိုတဲ့ ဆောင်ပုဒ်အတိုင်း အလုပ်ကို မနားမနေ ရှာဖွေလုပ်ကိုင်ခဲ့ပါတယ်။ ချောမောင်ကို ကျုပ်တို့ရွာမှာရှိတဲ့ မူလတန်းကျောင်းမှာစတင်ကျောင်းထားခဲ့ပြီးနောက် လေးတန်းအောင်တော့ မြို့ကျောင်းမှာဆက်လက်ပညာသင်ယူစေခဲ့ပါတယ်။

ကျုပ်ညီချောမောင်က ပညာတော်ပြီး ထူးချွန်သူတစ်ယောက်ပါဗျာ။ ပညာတော်တဲ့ ကျုပ်ညီအတွက် ဂုဏ်ယူရတာက အတိုင်းထက်အလွန်ပါပဲဗျာ။

နောက်ပိုင်း ချောမောင်တစ်ယောက် ဆယ်တန်းရောက်တဲ့အခါမှာ ညီလေးကို ကျူရှင်၊ ဒါမှမဟုတ် ဘော်ဒါဆောင်ထားနိုင်ရေးအတွက် ကျုပ် ကြိုးစားပြီး ငွေကြေးရှာဖွေခဲ့ပါတယ်။ ခေတ်စနစ်တစ်ခုကြောင့်လားမသိပါဘူး။ ကျုပ်ငွေရှာရတာဗျာ တော်တော်ခက်ခဲလာပါတယ်။ ရှာလို့ကိုမလောက်နိုင်ဘူးလို့ ပြောရမလားပဲ။ ကျုပ်ညီ ဆယ်တန်းအောင်ဖို့ကိစ္စမှာ ငွေကြေး ရှာရဖွေရ မလွယ်ကူခြင်းကြောင့် ညီလေးစာမေးပွဲအောင်လို့ တက္ကသိုလ်မှာတက်မယ်ဆိုရင် ကျုပ် ငွေရှာလို့မှရနိုင်ပါ့မလားဆိုပြီး တွေးပူနေခဲ့ပါတယ်။

ညီလေးကတော့.....

"အစ်ကိုကြီးရာ စိတ်ညစ်မနေပါနဲ့တော့၊ ညီလေး ဆယ်တန်း



**ကျုပ်ရဲ့အဓိက**
**လိုအပ်ချက်က**
**ကျုပ်ညီလေးရဲ့**
**ရှေ့ဆက်ရမယ့်**
**ပညာရေးကိစ္စပါပဲ။**
**ကျုပ် ဘာလုပ်ရမလဲ။**
**ကျုပ် စဉ်းစားလို့မရဘူးဗျာ။**
**ဖြစ်ချင်ရာဖြစ်၊**
**ပေါက်တဲ့နဖူး မထူးဘူး။**
**ကျုပ် တစ်ခုခု**
**ဆုံးဖြတ်ရတော့မှာပဲ**
**...**

www.burmeseclassic.com

...အောင်ရင်ပဲ ကျေနပ်ပါပြီ၊ ညီလေး ...ယ်တန်းအောင်ရင် အလုပ်လုပ်ပြီး ...ဝေးသင်ကိုပဲတက်တော့မယ်၊ ...စ် ကိုကြီးလည်း ညီလေးကြောင့် ...င် ပန်းလှပါပြီ''

ညီလေးချောမောင်ရဲ့အကြင်နာ ...ကားတွေကြောင့် ညီလေးအတွက် ...ျုပ်ငွေရှာဖို့အားပေးနေသလို စိတ် ...ခံစားလာရတယ်။ ဒါကြောင့် ...ယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ညီလေးပညာသင်ကြားနိုင်ရေး အတွက် ကျုပ် ငွေရှာဖို့ ဆုံးဖြတ် ချက်ချလိုက်မိပါတယ်။

''ညီလေး.....ညီလေးသင်ယူ နေရတဲ့ ပညာရေးအတွက် စိတ် စနောင့်စနင်းမဖြစ်ပါစေနဲ့ကွာ၊ စာ ကိုသာ ကြိုးစားပါ၊ ဘာပဲဖြစ်ဖြစ် ညီလေးရဲ့ ပညာသင်စရိတ်ကို အစ် ကိုကြီး ကြိုးစားပြီးရှာမှာပါ''

ညီလေးရဲ့ ကရုဏာအကြည့်၊ သံယောဇဉ်အကြည့်၊ အထင်ကြီးတဲ့ အကြည့်၊ သနားကြင်နာတဲ့အကြည့် တွေဟာ ကျုပ်ရဲ့ရင်ထဲသို့တိုင် စီး ဝင်သည့်နှယ် အေးမြတယ်လို့ ကျုပ် ခံစားလိုက်ရပါတယ်။

+++

တစ်နေ့မှာပေါ့။ ကျုပ် ညီလေး စားဖို့ ချောင်းထဲမှာ ငါးထောင်နေ စဉ်မှာပဲ ရွာထိပ်ထန်းတောမှာနေတဲ့ ကြွက်နီဆိုတဲ့ကောင် ကျုပ်ဆီကို ရောက်လာပါတယ်။

''ဟေ့ကောင်....ကျော့မောင်၊ မင်းကိုရှာလိုက်ရတာကွာ၊ မင်းက ဒီမှာလာပြီး ငါးထောင်နေတာကိုး''

အဆက်အစပ်မရှိ ကျုပ်ဆီကို ရောက်လာတဲ့ ကြွက်နီကို အမှန် တော့ ကျုပ် စကားမပြောချင်ပါဘူး။ ဒီကောင်က အရက်သမား၊ လစ်ရင် လစ်သလို ခိုးတတ်တဲ့အကျင့်ရှိလို့ ဒီကောင်နဲ့မပေါင်းဘဲ ခပ်ခွာခွာနေ လာခဲ့တာ ဟိုးဘုန်းကြီးကျောင်းသား ဘဝကတည်းကပေါ့။

''ဘာလဲဟေ့ ကြွက်နီ၊ မင်းနဲ့ ငါ တွေ့စရာအကြောင်းမရှိပါဘူး၊ ဘာကိစ္စရှိလို့လဲကွ''

ကြွက်နီက.....

''ကိစ္စရှိမှ တွေ့ရမှာလားကွာ၊ ကိစ္စမရှိရင်ရော တွေ့လို့မရဘူးလား၊ အဟဲ.....''

ကျုပ်က သူ့ကိုမကြည့်ဘဲ ဖမ်း လို့ရတဲ့ငါးတွေကို ပလိုင်းထဲထည့် နေရာက.....

''ပြောမှာသာပြောစမ်းကွာ၊ တော်တော်ကြာ ငါ့ညီလေး မြို့ ကျောင်းက ပြန်လာတော့မှာကွ''

ကြွက်နီက.....

''မင်းကိုငါက တွေ့ချင်တာ မဟုတ်ဘူး ကျော့မောင်၊ မင်း သွေး ကြီးမနေစမ်းပါနဲ့ကွ၊ မင်းကိုတွေ့ချင် လို့ဆိုပြီး ငါတို့ထန်းတဲမှာ ရေတမာ တန်းရွာက လူနှစ်ယောက် ရောက် နေတယ်၊ မင်းကိုသိတယ်တဲ့၊ သူ တို့က မင်းကိုတွေ့ချင်လို့ အပါခေါ် ခဲ့ဖို့ပြောလို့ လာပြောတာ''

ကျုပ်...စဉ်းစားကြည့်လိုက် တော့ ရေတမာတန်းက ဝင်းအောင် နဲ့လှကြီးကို ပြေးသတိရလိုက်တယ်။ သည့်ကောင်တွေက လောင်း ကစားသမား၊ ဖဲသမားတွေ။ နယ် လှည့်ပြီး ဖဲရိုက်နေတဲ့ကောင်တွေ။ ကျုပ်နဲ့သူတို့နဲ့ သိတယ်ဆိုတာက တောထဲမှာ ငှက်ထောင်ရင်း၊ အမဲ လိုက်ရင်းသိကျွမ်းခဲ့တာ၊ ကြာတော့ ကြာပါပြီ။ ခင်မင်ရင်းနှီးလို့ တွေ့ ရအောင်လာခဲ့တာထင်ပြီး ကြွက်နီ ကို ကျုပ်က.....

''ခဏနေရင် ငါလာခဲ့မယ်လို့ ပြောထားကွာ၊ ကိစ္စပြီးရင် ငါနောက် ကလိုက်ခဲ့မယ်''

ကြွက်နီထွက်သွားတော့ ကျုပ် စဉ်းစားမိသေးတယ်။ ''ငါ့ကိုတွေ့ ချင်ရင် ငါ့အိမ်ကိုလာရမှာကို ဘယ့် နှယ်ကြောင့် ကြွက်နီတို့တဲမှာ ခေါ် တွေ့တာလဲ''လို့ပေါ့။ တွေးမရဘူး။ ဘာကြောင့်ကျုပ်ကိုတွေ့ချင်တာလဲ ဆိုတာ သိချင်စိတ်နဲ့ ထန်းတောထဲ ကို ကျုပ်လိုက်သွားမိတယ်။ ထန်း တဲကိုရောက်တယ်ဆိုတာနဲ့ ဝင်း အောင်နဲ့ လှကြီးတို့က ကျုပ်ကိုတွေ့ တာနဲ့ဝမ်းသာအယ်လဲပါပဲဗျာ။ တစ် ယောက်နဲ့တစ်ယောက် မာကြောင်း၊ သာကြောင်း အာလာပသလ္လာပ ပြောဆိုကြရင်း ဝင်းအောင်က ထူး ဆန်းတဲ့အကြောင်းတွေ ပြောလာ တယ်။

''ဒီလိုကွာ ကျော့မောင်ရာ၊ ငါ တို့နှစ်ယောက်မှာ တခြားသူကိုပေး စရာ အကြွေးရှိနေတယ်ကွ၊ ရှာဖွေ ပေးမယ်ဆိုပြန်တော့လည်း ဆပ်ရ မယ့်ငွေက များနေတော့ ဘယ်လို မှ ရအောင်မရှာနိုင်ခဲ့ဘူးဖြစ်နေ တယ်၊ ငါတို့ကို တစ်ခုကူညီရလိမ့် မယ်၊ ဘာလဲဆိုတော့ ငါတို့လည်း

www.burmeseclassic.com

www.burmeseclassic.com

အသက်ရှူချောင်၊ မင်းလည်း လို နေတာရအောင် နည်းလမ်းကိုရှာကြည့်တဲ့အခါ အဖြေတစ်ခုတွေ့တယ်၊ ဒီလိုကွ''

ဝင်းအောင်၏စကားအဆုံး မသတ်ခင် ကျုပ်က ပျာပျာသလဲနဲ့.....

''မင်းတို့က ပေးစရာကြွေး ပေါ်လာမှ ရောက်လာတာပဲကွ၊ ငါ တောင် ငါ့ညီလေးကျောင်းဆက်ထားဖို့ကိစ္စ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတာ''

ကျုပ်ရဲ့ အခက်အခဲစကားကို နင်းပြီး လှကြီးက.....

''အေး...အဲဒါကိုပြောမလို့ကွ၊ ငါတို့လည်းကြွေးဂျေ၊ မင်းညီ အတွက်လည်း အဆင်ပြေဖို့အလုပ် အကြောင်း ပြောမလို့လာတာကွ''

ပဟေဠိဆန်တဲ့ စကားတွေကြောင့် သူတို့နှစ်ယောက်ရဲ့ မျက်နှာတွေကိုကြည့်လိုက်တော့ ကျုပ်စိတ်ထဲမှာ အတော်ထူးဆန်းနေပါတယ်။ ဒါကြောင့် ကျုပ်ကပဲစကား ဦးသန်းရတော့တယ်။

''ဒါဆိုလည်း ပြောမှာသာ ပြောကွာ''

ဝင်းအောင်က ကျုပ်နားကပ် လာပြီး လေသံနဲ့.....

သူ့စကားကြောင့် ကျုပ် အတော်လေး ထိတ်လန့်သွားပါတယ်။ ကျုပ်ကလည်း မျက်ကလူး ဆန်ပျာနဲ့ ငြင်းဆိုလိုက်ပါတယ်။

''ဒီကိစ္စကို ငါလက်မခံနိုင်ဘူး ကိုယ့်လူတို့၊ မင်းတို့စိတ်ကူးသလို ငါ လည်း ဘယ်တော့မှ စိတ်မကူးခဲ့ဘူး၊ နောက်ပြီး မင်းတို့လုပ်မယ်ဆိုတာကလည်း ငါတို့ရွာမှာ ဘယ်လို မှမဖြစ်ပါဘူးကွာ''

ကျုပ်ရဲ့ငြင်းဆန်မှုကြောင့် ဝင်းအောင်နဲ့လှကြီးမှာ မျက်စိမျက်နှာပျက်သွားရပြီး ကျုပ်ကိုထပ်ပြီးစည်းရုံးပြန်တယ်။ ဒါပေမဲ့ ကျုပ်လည်း အတန်တန် ငြင်းဆိုခဲ့ပါသေးတယ်။

''ဒီကိစ္စမှာ မင်းကိုယ်တိုင်ပါစရာမလိုပါဘူးကွာ၊ မင်းလုပ်ပေးရမယ့်ကိစ္စက ရွာအဝင်အထွက်လမ်းတွေနဲ့ ငါတို့အလုပ်လုပ်မယ့်အိမ်ကိုပဲ ပြပေးရမှာပါ၊ ပစ်ပစ်ခါခါကြီး မငြင်းလိုက်ပါနဲ့ ကျော့မောင်ရာ၊ မင်းကို ခင်မင်ရင်းနှီးလို့ ဖွင့်ပြောလိုက်ရတာက မင်းကိုယုံကြည်လို့ပါ၊ ဒီကိစ္စ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ပေါက်ကြားသွားခဲ့ရင်တော့ ငါတို့အဆိုး မဆိုနဲ့နော် ကျော့မောင်၊ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာကို လာမယ့်တစ်ပတ်တနင်္ဂနွေမှာ သိချင်တယ်၊ ကဲ... ငါတို့သွားတော့မယ်၊ မင်း အေးအေးဆေးဆေး စဉ်းစားပေါ့ကွာ''

ဝင်းအောင်နဲ့လှကြီးတို့ ကျုပ်နားကထပြီး ပြန်သွားကြပေမယ့် ကျုပ်ကတော့ ဒွေးဒွေးငေးငေး ဖြစ်နေခဲ့ရတယ်။ စဉ်းစားနေရတာနဲ့ အချိန်ဘယ်လောက်ကုန်သွားတာကို မသိတော့ဘူး။ ကြွက်နီတစ်ယောက် ပခုံးလာပုတ်မှ ကျုပ်ရဲ့စဉ်းစားခန်းကိုဖြတ်ပြီး အိမ်ကိုပြန်လာခဲ့တယ်။

တကယ်တော့လည်း ကျုပ်တို့ညီအစ်ကိုနှစ်ယောက်မှာက ခိုင်ခိုင်လုံလုံ ပစ္စည်းဆိုလို့ ဘာတစ်ခုမှမရှိပါဘူး။ ဆွေမျိုးဆို၍လည်း သွေးနီး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဆွေမျိုး တစ်ယောက်မှမရှိ။ ရွာထဲမှာချမ်းသာကြွယ်ဝတဲ့ လယ်ပိုင်ရှင်၊ ယာပိုင်ရှင်များရှိပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်မှ ထောက်ပံ့ပေးကမ်းမှု မရှိခဲ့ကြပါဘူး။ ကိုယ်လုပ်မှ ကိုယ်ရတာချည်းပါပဲ။ မလုပ်ဘဲနဲ့တော့ ဘယ်သူမှ အလကား လာပေးမှာမဟုတ်ပါဘူး။

ကျုပ်ရဲ့အဓိကလိုအပ်ချက်က ကျုပ်ညီလေးရဲ့ ရှေ့ဆက်ရမယ့် ပညာရေးကိစ္စပါပဲ။ ကျုပ် ဘာလုပ်ရမလဲ။ ကျုပ် စဉ်းစားလို့မရဘူးဗျာ။ ဖြစ်ချင်ရာဖြစ်၊ ပေါက်တဲ့နဖူး မထူးဘူး။ ကျုပ် တစ်ခုခုဆုံးဖြတ်ရတော့မှာပဲ။ မတတ်နိုင်ပါဘူး။ ညီလေးရဲ့ ဘဝ ဖြောင့်ဖြူးဖို့သာ အဓိက မဟုတ်လား။

+++

တစ်ခုသောညအခါမှာ ကျုပ်မျှော်လင့်တဲ့အတိုင်း ရွာထဲက ဦးလှမြင့်အိမ်ကို ဓားပြတိုက်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပါတယ်။ မနက် ၂ နာရီအချိန် ရွာလယ်လမ်းမှာ သေနတ်ဖောက်ပြီး ဓားပြတိုက်ကြတယ်။ ဒါပေမဲ့ ကျေးရွာလူငယ်အဖွဲ့၊ ရဲတပ်ဖွဲ့နဲ့ ရွာသူရွာသားများက ဓားပြတိုက်တဲ့အိမ်ကို ဝန်းရံထားလိုက်ကြပြီး အိမ်ထဲမှာရောက်ရှိနေတဲ့ ဓားပြအဖွဲ့ကို အိမ်ပြင်ထွက်ပြီး အဖမ်းခံဖို့ အော်ဟစ်သတိပေးကြတယ်။ နာရီဝက်လောက်ကြာတော့ တရားခံတွေက လက်မြှောက်ထွက်လာကြပြီး ဓားပြတွေကိုင်ဆောင်တဲ့ လုပ်သေနတ်တစ်လက်၊ ငှက်ကြီးတောင်ဓားတစ်လက်၊ ကိုင်းခုတ်ဓားနဲ့အတူ ရဲတပ်ဖွဲ့ဝင်တွေကို လက်နက်ချ အဖမ်းခံခဲ့ကြတယ်။ သည်အချိန်မှာ ကျုပ် ရင်တွေခုန်နေပါပြီ။ ကျုပ် အနေနဲ့က ဓားပြတိုက်တဲ့အိမ်အနားကိုမသွားခဲ့။ ခပ်လှမ်းလှမ်းကနေပြီး ကျုပ် စောင့်ကြည့်နေခဲ့တယ်။

ရဲတပ်ဖွဲ့ဝင်တွေက ဓားပြတွေကို လက်ထိတ်ခတ်လိုက်ကြပြီးတဲ့နောက် ဓာတ်မီးများနဲ့ ထိုးကြည့်လိုက်တဲ့အခါ ဓားပြအဖွဲ့ထဲမှာ ကြွက်နီကိုတွေ့လိုက်ရတော့ ရွာသားများဟာ အံ့သြသွားကြတယ်။

ရွာသားတွေက ကြွက်နီကို ဒေါသတကြီးနဲ့ ထိုးမယ်ရိုက်မယ် တကဲကဲဖြစ်နေတဲ့အသံကို ကျုပ်ကြားလိုက်ရပါတယ်။ ထိုအခိုက်မှာပဲ ကြွက်နီရဲ့ ကျယ်ကျယ်လောင်လောင် အော်ပြောတဲ့အသံက တစ်ရွာလုံးကြားရမလားပဲ။

"ကျုပ်ကိုရိုက်လို့ ဘာအကျိုးထူးကြမှာလဲဗျ၊ ကျုပ်တစ်ယောက်တည်း ဒီအဖွဲ့ထဲမှာပါခဲ့တာမဟုတ်ဘူး၊ ရွာထိပ်က ကျော့မောင်လည်းပါတယ်၊ ကျော့မောင်က လက်ထောက်ချတာဗျ"

"ဟင်....."

"ဟာ....."

"ဟယ်....."

ရွာသူရွာသားတွေရဲ့ ဒေါသ

ကျုပ်လုပ်လိုက်တဲ့ကိစ္စက အဓိက,ကတော့
ကျုပ်ရဲ့ ညီလေးအတွက် အနာဂတ်စိတ်အေးရဖို့ပါပဲ။
ကျုပ်ရဲ့ရိုးသားခြင်းလုပ်ရပ်တွေက ကျုပ်ရဲ့ညီလေးအပေါ်မှာ
အကျိုးသက်ရောက်မှုရှိစေခဲ့တယ်လို့ ဆိုရမှာပါ။
ကျုပ်အတွက် နောက်ဆုံးရလဒ်ကတော့...

www.burmeseclassic.com

www.burmeseclassic.com



ဟာ အာမေဋိတ်သံများနဲ့အတူ ပွက်လောရိုက်လာပြန်တယ်။ ကြွက်နီရဲ့ ထမင်းရည်ပူလျှာလွှဲတဲ့ ကိစ္စမှာ ကျုပ်က လက်ထောက်ချဖြစ်နေရတယ်။ သည့်နောက်မှာတော့ ကျုပ်ရဲ့နာမည်ကိုခေါ်ရင်း ရွာသူရွာသားများက ကျုပ်ကိုသတ်မယ်ဖြတ်မယ် ဖြစ်လာကြပြန်တယ်။

''ဘယ်မှာလဲ ကျော့မောင်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတဲ့ ကျော့မောင်၊ ဆန်ကောလောက်မှ ဇောက်မနက်တဲ့ကောင်၊ ကျော့မောင်ကို မရအရရှာ၊ တွေ့ကြသေးတာပေါ့ကွာ''

ရွာသူရွာသားများ ဆူညံအော်ဟစ်နေကြသည်ကို ရဲစခန်းမှူး ရဲအုပ် ခင်မောင်ထွန်းက တားမြစ်လိုက်ရင်း.....

''နေကြစမ်းပါဦးဗျ၊ ကျုပ်တို့ရဲတပ်ဖွဲ့ကို ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး ဒီည ဒီရွာ ဓားပြတိုက်နိုင်တဲ့ အခြေအနေရှိနေတယ်၊ ရဲတပ်ဖွဲ့ကို ရွာနားမှာ ကင်းပုန်းဝပ်ဖို့ လာပြီးသတိပေးတာ ဘယ်သူထင်လဲဗျ''

ရွာသူရွာသားတွေက ဟိုကြည့်ဒီကြည့်နဲ့ မပြောတတ်တော့ပါဘူး။ ကျေးရွာလူကြီးလည်းမဟုတ်ဘူး၊ ငါတို့လည်းမဟုတ်ဘူးဆိုတော့ ဘယ်သူများပါလိမ့်ဆိုတဲ့ ပဟေဠိဆန်ဆန် စဉ်းစားစရာဖြစ်လာရတယ်။ ဘယ်သူ့ထံကမှ အဖြေမထွက်တာကြောင့် ရဲစခန်းမှူးကိုယ်တိုင် ရှင်းပြခဲ့တယ်။

''ကျုပ်တို့ရဲစခန်းကို သတင်းလာပို့တဲ့သူက တခြားဟုတ်ရိုးလားဗျာ၊ ခင်ဗျားတို့ကိုယ်တိုင် ဓားပြကို လက်ထောက်ချတယ်လို့ထင်နေတဲ့ ရွာထိပ်နားက ကျော့မောင်ဆိုတဲ့လူပဲဗျ''

သည်တစ်ခါတော့ ရွာသားတွေ ပိုပြီးအံ့ဩသွားကြတယ်။ သည့်နောက်မှာတော့ ကျေးရွာလူကြီးနဲ့အဖွဲ့ဝင် ရွာသူရွာသားများကို စခန်းမှူးက ခေါ်ယူရှင်းပြလိုက်တာကြောင့် ကျုပ်အပေါ် သံသယရှင်းသွားခဲ့ကြပါတယ်။ အခုတော့လည်း ကျုပ်ကို ရွာသားတွေက အပြစ်တော်မမြင် အချစ်တော်ဝင်ခဲ့ပြီလို့ ဆိုရတော့မှာပါဗျာ။

ကျုပ်လုပ်လိုက်တဲ့ကိစ္စက အဓိက,ကတော့ ကျုပ်ရဲ့ညီလေးအတွက် အနာဂတ်စိတ်အေးရဖို့ပါပဲ။ ကျုပ်ရဲ့ရိုးသားခြင်းလုပ်ရပ်တွေက ကျုပ်ရဲ့ညီလေးအပေါ်မှာအကျိုးသက်ရောက်မှုရှိစေခဲ့တယ်လို့ ဆိုရမှာပါ။ ကျုပ်အတွက် နောက်ဆုံးရလဒ်ကတော့ ကျေးရွာလူကြီး၊ ရွာမိရွာဖများနဲ့ ရွာသူရွာသားတွေက ကျုပ်ညီလေး ချောမောင် ဘွဲ့ရပြီး နိုင်ငံအကျိုး၊ ရွာအကျိုး သယ်ပိုးနိုင်ဖို့ဆိုပြီး ညီလေးချောမောင် ဘွဲ့ရတဲ့အထိ ပညာရေးစရိတ်စကတွေကို ထောက်ပံ့မယ်ဆိုတဲ့ မင်္ဂလာသတင်းပါပဲဗျာ။

မောင်သာမန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com


**ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)**

**(လက္ခဏာ၊ ဗေဒင် + ယတြာအစီအရင်)**

**(အမျိုးသမီးသီးသန့်တောခန်း၊)**

- ♠ ခင်ပွန်းရှာဖွေသမျှငွေကြေး တခြားသူကိုမအပ်ဘဲ မိမိကိုသာ ပြန်အပ်စေဖို့။
- ♠ ခင်ပွန်းဖြစ်သူ အရက်သေစာ စွဲလမ်းခြင်းမှ အမြန်ပြတ်စေဖို့။
- ♠ အိမ်မှာမနေချင်၊ အပေါင်းအသင်း၊ အပျော်အပါးမက်နေသူ ခြေငြိမ်၊ အိမ်မြဲလာစေဖို့။
- ♠ လူကြီးမိဘပြောစကား နားမထောင်ဘဲ ထင်ရာစိုင်းနေသော သား၊ သမီး လိမ္မာယဉ်ကျေးလာစေဖို့။
- ♠ မိမိတို့အိမ်ထောင်ရေး သာယာပျော်ရွှင် ခိုင်မြဲစေဖို့။
- ♠ လူကြီးမိဘသဘောကျသူနှင့် အမြန်ဆုံးသဘောတူ စေ့စပ်လက်ထပ်ကိစ္စ လက်ခံလာစေဖို့။
- ♠ မိမိအိမ်ထောင်ဖက်နဲ့ ရှုပ်ထွေးငြိစွန်းနေသူတို့ တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် အမြန်ဆုံးမုန်းတီး၊ အဆက်အသွယ်ပြတ်သွားစေဖို့။

**လိပ်စာ– အမှတ် (၈၄၃)၊ (၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊**

**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။**

**ဖုန်း– ၀၉ ၅၀၆၂၈၄၃၊ ၀၉ ၄၉၃၃၉၈၅၄။**



# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၀၀၆၅၄၅

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


ကိုဆန်းမောင်အဖြစ်က ရယ်စရာလည်းကောင်း၊ သနားစရာလည်းကောင်းနေ၏။ လှဝတ်ရည်ဒုက္ခကို ကယ်တင်လိုခြင်းနှင့်အတူ ကိုဆန်းမောင်ကိုယ်တိုင်လည်း လှဝတ်ရည်အား ချစ်မြတ်နိုးနေသည်။ ရပ်ကွက်ထဲတွင် အချောအလှစာရင်းဝင် လှဝတ်ရည်အပေါ် ကာလသားများက မျက်စိကျနေကြ၏။ တကယ်တော့ လှဝတ်ရည်တွင် ချစ်ဦးသူရှိခဲ့ပြီးဖြစ်ရာ လက်မထပ်သေးခင်ကာလတစ်လျှောက်တွင် ကာလသားများက မျှော်လင့်ချက်ဖြင့် ချဉ်းကပ်ချင်ကြသည်။

ကိုဆန်းမောင်နှင့် လှဝတ်ရည်တို့အိမ်မှာ ဘေးချင်းကပ်ရှိနေပြီး လှဝတ်ရည်၏အဒေါ် ဒေါ်သောင်းအေး၏အိမ်အား ထက်ခြမ်းခွဲ၍ ကိုဆန်းမောင်ကငှားနေရသည်။ဒေါ်သောင်းအေးက မုဆိုးမတစ်ယောက်ဖြစ်ပြီး တူမဖြစ်သူ လှဝတ်ရည်နှင့် အိမ်ရှေ့တွင် မုန့်ဟင်းခါးဆိုင်လေးဖွင့်ရောင်း၏။ ဆိုင်တွင် ဒေါ်သောင်းအေးထက် လှဝတ်ရည်ထိုင်လျှင် ပို၍ရောင်းကောင်းရာ အိမ်ရှေ့တွင်ကာလသားများ တရုန်းရုန်းဖြစ်နေကြသည်။

"ဒေါ်လေး ကြည့်လည်းလုပ်ဦးနော်၊ တော်ကြာ ဒေါ်လေးတူမ ပါသွားဦးမယ်"

"မြန်မြန်ပါသွားတော့ ဝဋ်ကျွတ်တာပေါ့ကွယ်၊ လှဝတ်ရည်လည်း အရွယ်ရောက်နေပြီပဲမောင်ဆန်းမောင်ရယ်၊ လင်ယူဆိုတော့လည်း အခုထိ မယူသေးဘူး၊ သူ့အကောင်ကိုလည်း ဒေါ်လေး သဘောမကျပါဘူးကွယ်၊ ဒီကောင်နဲ့မယူရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့ ဒေါ်လေးက သဘောမကျရတာလဲဗျာ"

"အလုပ်မရှိ၊ အကိုင်မရှိနဲ့ ဟိုပွဲစားလုပ်လိုက်၊ ဒီပွဲစားလုပ်လိုက်နဲ့၊ ပြီးတော့ ထောင့်မကျိုးဘူး၊ ကြည့်မရပါဘူးတော်"

"နာမည်က ဘယ်သူတဲ့လဲ ဒေါ်လေး"

"ကြိုင်ဝင်းတဲ့၊ နာမည်ကမွှေးသလောက် လူက စိတ်ဓာတ်ပုပ်သိုးတဲ့ကောင်၊ လူနဲ့နာမည်နဲ့မလိုက်ဘူး"

ကိုဆန်းမောင်က သည်တော့မှ ကြိုင်ဝင်းအမည်ကို သိရတော့၏။ ဒါကြောင့်လည်း လှဝတ်ရည်က တစ်ခါတစ်ခါတွင် အပြင်သို့ တစ်ယောက်တည်းထွက်သွားတတ်၏။ စိတ်မချဖြစ်နေသူက ကိုဆန်းမောင်ပါ။ ညနေရောက်သည်နှင့် လှဝတ်ရည် ပြန်အလာကို မျှော်နေတတ်၏။ ပြန်လာသံကြားမှပင် အိမ်ထဲသို့ ပြန်ဝင်နိုင်တော့၏။ တကယ်တော့ သူ့အဖြစ်က တစ်ဖက်သတ်အချစ်သမားတစ်ယောက်ဖြစ်နေသည်။

"လှဝတ်ရည်အတွက် ဆံညှပ်လေးဝယ်လာတယ်"

"ဟယ်.....လှသားပဲ၊ ကျေးဇူးပဲနော် ကိုဆန်းမောင်"

"နင်နဲ့ငါက ပြောစရာလူတွေ မဟုတ်ပါဘူးဟာ၊ နင်ကြိုက်ရင်ပဲ ငါ ကျေနပ်ပါပြီ"

လှဝတ်ရည်ခေါင်းပေါ်တွင် သူဝယ်ပေးသည့် ဆံညှပ်လေးတွေ့ရလျှင် ဝမ်းသာအားရနှင့် ပီတိဖြစ်နေ၏။ ကိုဆန်းမောင်အဖြစ်က နေမြင့်လေ အရူးရင့်လေဆိုသလိုပါ။ တိတ်တခိုးနှင့် ကျိတ်ပိုးရင်း ရင်မောနေတော့သည်။

§ § §

တစ်နေ့တော့ တစ်ဖက်ခန်းမှ ဆူညံပွက်ညံ တိုးတိုးတိတ်တိတ်အသံများကြောင့် ကိုဆန်းမောင်က နံရံနားသို့ အသာကပ်၍နားထောင်လိုက်ရာ.....

"ကျုပ် စိတ်ညစ်တယ်လှဝတ်ရည်၊ ပတ်ဝန်းကျင်က ဘယ်လိုပြောကြမလဲဟင်၊ ညည်း မိုက်လှချည်လားအေ"

ဒေါ်သောင်းအေးအသံကခပ်အုပ်အုပ်ပေါ်ထွက်လာ၏။ လှဝတ်ရည်အသံကိုတော့ မကြားရပေ။

"ဒီကိစ္စကို ညည်းအကောင်ကို မပြောပြဘူးလား၊ သူကဘာတဲ့လဲ"

"ဟင့်.....ဟင့်၊ သူ့မှာအိမ်ထောင်ရှိတယ်တဲ့ ဒေါ်လေးရဲ့"

"ဟင်.....ဒါဆို ဒီကောင်မိုက်ရိုင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ....ကျွန်မ ဘာလုပ်ရမလဲဟင်"

"အခုအချိန်မှ ဘာလုပ်လို့ရတော့မှာလဲ၊ ညည်းဥစ္စာက သုံးလကျော်နေပြီဆို၊ တော်ကြာ အသက်နဲ့လဲနေရလိမ့်မယ်"

လှဝတ်ရည်က ကြိုင်ဝင်း၏ ဆန္ဒကိုလည်း သိချင်နေမိသည်။ အချစ်ကို အလိုလိုက်မိခြင်း၏ ဆိုးကျိုးအား လှဝတ်ရည် နားလည်သွား၏။ ကိုဆန်းမောင်ကဖြင့်ကျိတ်ဆွေးရင်း စိတ်မကောင်းဖြစ်သွားရတော့သည်။

"ငါတော့ သေသာသေလိုက်ချင်တယ်အေ၊ ရပ်ကွက်ထဲမှာဘယ်လိုမျက်နှာနဲ့ ပြရမှာလဲ၊ ညည်းရော ဘယ်လိုမျက်နှာနဲ့ ရပ်ကွက်ထဲမှာ နေမှာလဲ၊ တစ်ခုခုတော့ လုပ်မှဖြစ်မယ်အေ၊ ဒီကလေးကို မွေးဖို့မကြိုးစားနဲ့"

"ဟင်.....ဒါဆို ကျွန်မက ကလေးကို ဖျက်ချပစ်ရမှာလား"

"ဒါပဲရှိတာပေါ့အေ၊ ကိုယ့်အပြစ် ကိုယ်ခံပေါ့"

လှဝတ်ရည်က မည်သို့ပြုမူရမည်မသိတော့ပေ။ ကလေးကိုလည်း ဖျက်မချပစ်ရက်သည့်အပြင် သူမလည်း ဒုက္ခဖြစ်မည်ကိုကြောက်၏။

"အဲဒါပဲအေ၊ မိန်းကလေးဆိုတာ အညှာလွယ်ရင် ဘဝပျက်ရောပဲ၊ ညည်းက ဒီကောင့်ကို တော်တော်ချစ်နေနော်၊ သူ့မှာအိမ်ထောင်ရှိမှန်း အစက ညည်းမသိဘူးလား"

"လှဝတ်ရည်ကို ဘာမှမမေးပါနဲ့တော့ ဒေါ်လေးရယ်၊ သူကလည်း တာဝန်ယူချင်ပါတယ်၊ ခက်တာက သူ့မှာမယားကြီးရှိနေတော့ စိတ်မကောင်းဖြစ်နေတာပါ"

"သွားစမ်းပါအေ၊ ညည်းက တစ်တိုးစားလို့မှ ချေးမှန်းမသိသေးဘူးလား၊ အကြောင်းပြချက်နဲ့ရှောင်ထွက်မှာပေါ့၊ ညည်းပဲယုံနေ၊ ဟင်း.....မပြောလိုက်ချင်ဘူး"

လှဝတ်ရည်က တကယ်လည်း ကြိုင်ဝင်းအပေါ်တွင် ယုံကြည်မှု ပိုကဲနေသေးသည်။ အခုလည်းကြည့်လေ။ ကိုယ်ဝန်အတွက် ငွေတစ်သိန်းပေးလိုက်၏။ လှဝတ်ရည်ဘဝတွင် ငွေတစ်သိန်းဟူသည် ကိုင်နိုင်ခြင်းမရှိခဲ့ပေ။ ထိုငွေဖြင့် လှဝတ်ရည်ဘာသာ ဆုံးဖြတ်ပါဟုဆို၏။ ထိုငွေအား ဒေါ်သောင်းအေးကို မပြပေ။ အဒေါ်အကြောင်းလည်း သိနေသဖြင့် ငွေကိုဝှက်ထားခဲ့သည်။ တော်ကြာ သူ့မုန့်ဟင်းခါးဆိုင်ထဲဝင်သွားမှ ပြန်မထွက်နိုင်ဘဲ ဖြစ်နေပေမည်။ အကြွေးများသော အဒေါ်ကြောင့် မုန့်ဟင်းခါးရောင်းရင်း အကြွေးတင်နေ၏။

"လက်သည်ဒေါ်မိဆီ သွားကြည့်ဦးမယ်အေ၊ ရှိရင်ဖြစ်နိုင်လားမေးကြည့်ရမယ်၊ ရရင် ဖျက်လိုက်တော့"

လှဝတ်ရည် ထိတ်လန့်သွားသည်။ ကလေးကိုလည်း မဖျက်ရက်ပေ။ မဖျက်ချင်သည့်အကြောင်းရင်းကလည်း သူမတွင်ရှိနေ၏။ ထိုကိစ္စက မည်သူမျှမသိကြသည့်ကိစ္စပဲဖြစ်သည်။

"ဒီကလေးကို ရှင်အောင်သာမွေးရမယ်၊ ဒါမှ ကလေးကို အကြောင်းပြပြီး သူ့ဆီကအထောက်အပံ့ရမှာပေါ့၊ ငါ့ဘဝလည်း လုပ်ကိုင်မစားရတော့ဘူး"

လှဝတ်ရည်က မျှော်လင့်ချက်ဖြင့် အချောင်ရလိုစိတ်နှင့် တွေးမိပြန်၏။ မိန်းမသားမာန မရှိသူပါ။ ကြိုင်ဝင်းမှာ အလုပ်အကိုင်မရှိသော်လည်း ပွဲစားအလုပ်နှင့် ငွေရှင်တတ်၏။ သူနှင့်တွေ့ချိန်တွင် ငွေပေးတတ်ရာ လှဝတ်ရည်က စုဆောင်း၍ ငွေတိုးပွားအောင် စိတ်ချရသူအား တိုးတိုးတိတ်တိတ် ချေးထားခဲ့သည်။ ဤသည်ကို ဒေါ်သောင်းအေးလည်း မသိပေ။ ဒေါ်သောင်းအေးထွက်သွားမှ လှဝတ်ရည်က စဉ်းစားမိ၏။

"ကိုကြိုင်ဝင်းက ဒေါ်လေးပြောသလိုများ ဖြစ်နေမလား၊ အင်း..... ယောကျ်ားတွေစကားက ယုံရခက်ခက်ပဲ၊ ငါ့ကိုကော ယုံကြည်အောင်ပြောသွားတာများလား"

အတွေးများက ကိုဆန်းမောင်ကြောင့် ရပ်သွား၏။ ကိုဆန်းမောင်ကိုမြင်တော့ ရင်ထိတ်သွားရပြန်သည်။

"ဘာကိစ္စရှိလို့လဲဟင် ကိုဆန်းမောင်"

"ထိုင်မယ်နော် လှဝတ်ရည်"

ခွင့်တောင်းပြီးနောက် လှဝတ်ရည်နံဘေးတွင် ဝင်ထိုင်လိုက်ရာ လှဝတ်ရည်လည်း ထူးဆန်းသွား၏။ လူပျိုကြီးကိုဆန်းမောင်က ဤသို့ တစ်ခါမျှ မထိုင်ဘူးပေ။ ပြီးနောက် သူ့အကြည့်က ထူးခြားနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



''လုဝတ်ရည်ကို ကိုဆန်းမောင် လက်ထပ်ချင်တယ်ကွယ်''

''ရှင်.....''

လုဝတ်ရည်မှာ အံ့သြသွားရ၏။ လူပျိုကြီးအား သည်လောက်ရဲတင်းလိမ့်မည်ဟု မထင်မိပေ။ ပြောမည် ပြောတော့လည်း ဘွင်းဘွင်း ကြီးဖြစ်နေ၏။

''ဟုတ်တယ် လုဝတ်ရည်၊ မင်းအခက်အခဲကို အစ်ကိုကြားပြီးပါပြီကွာ၊ ဒီတော့ ကူညီတဲ့အနေနဲ့ မင်းကိုလက်ထပ်ပါရစေနော်''

''လုဝတ်ရည်ဘဝက အစ်ကိုနဲ့မတန်တော့ပါဘူးရှင်''

**ငါ့ကို ယုတ္တိရှိရှိ လိမ်သွားတာပဲ၊ ငါ့ဘဝနဲ့ရင်းပြီး လုပ်စားရင်တောင် တစ်သိန်းမက ရဦးမယ် ...**



''အိုကွာ....ဒီစကားတွေပြောမနေပါနဲ့တော့၊ မတန်တာက ဟိုကောင်ပဲ၊ မင်းကို စွန့်ပစ်သွားတာမဟုတ်လား''

''ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ လုဝတ်ရည် စဉ်းစားပါရစေဦး ကိုဆန်းမောင်၊ ဒေါ်လေးနဲ့တိုင်ပင်ပါရစေဦးလား''

နောက်ဆုံးတော့ကိုဆန်းမောင်က လုဝတ်ရည်အား စဉ်းစားခွင့်ပေးရန် ခေါင်းညိတ်လိုက်ရတော့သည်။ သည့်နောက် ဒေါ်သောင်းအေးပါ အသိပေးလိုက်ရာ ကိုဆန်းမောင်နှင့် လုသိရှင်ကြား လက်ထပ်လိုက်ကြတော့သည်။ သို့ပေမယ့်.....

''လုဝတ်ရည်ကို ဒီကလေးမွေးပြီးတဲ့အထိပဲ ကူညီပါ ကိုဆန်းမောင်''

''လုဝတ်ရည်သဘောပါဗျာ၊ ကျုပ်ကတော့ လုဝတ်ရည်ကိုလက်ထပ်ရတာပဲ ကျေနပ်လှပါပြီ''

ကိုဆန်းမောင်အဖြစ်က အငှားယောကျ်ားတစ်ယောက်ဖြစ်နေ၏။ ရပ်ကွက်ထဲတွင် လုဝတ်ရည်အား ပိုင်ဆိုင်နိုင်သူအဖြစ် မော်ကြွားနိုင်ခဲ့သည်။ ကာလသားများ၏ ဂုဏ်ယူခြင်းကို ခံစားနေရ၏။

※ ※ ※

လုဝတ်ရည်အဖြစ်က မရနိုင်သူကိုမှ တမ်းတနေ၏။ ကိုယ်ဝန်ပြဿနာအတွက် ဖြေရှင်းနိုင်ခဲ့သော်လည်း သူ့နှလုံးသားပြဿနာအား မည်သို့မျှဖြေရှင်းနိုင်မည်မဟုတ်ပေ။

www.burmeseclassic.com

''သြော်.....ကိုကြိုင်ဝင်းတစ်ယောက် ငါ့သတင်းကိုကြားပြီးပျော်နေမလား၊ ဒါမှမဟုတ်ရင်လွမ်းဆွေးနေမလား သိချင်လိုက်တာနော်''

ကိုယ်ဝန်ခြောက်လကျော်တွင် ကြိုင်ဝင်းအကြောင်းကို ကြားရတော့၏။ ကြိုင်ဝင်းက နောက်ထပ်ကောင်မလေးတစ်ယောက်နှင့် တွဲနေသည်ဟုဆိုလာ၏။ ကြိုင်ဝင်းနှင့်အဆက်အသွယ်ရှိသော မြင့်ဝင်းက လှဝတ်ရည်ကို ပြောပြသည်။ မခံမရပ်နိုင်ဖြစ်နေသူက လှဝတ်ရည်ပါ။

''ဒီလိုလုပ်လို့ ဘယ်ရမလဲ ကြိုင်ဝင်းရယ်၊ ငါကတော့ သူ့ဂုဏ်သိက္ခာကိုငဲ့ပြီး မချစ်မနှစ်သက်သူကိုလက်ထပ်လိုက်ရတယ်၊ ဟန်ဆောင်လက်ထပ်ရပေမယ့် ကိုဆန်းမောင်က ငါ့အပေါ် ဇနီးတစ်ယောက်လိုသဘောထားခဲ့တယ်၊ သူ့ကိုယ်သူလည်း ခင်ပွန်းကောင်းတစ်ယောက်လို တာဝန်ယူခဲ့တယ်၊ကိုဆန်းမောင်ကို သနားလိုက်တာ''

လှဝတ်ရည် ရေချိုးရာတွင်လည်း အနားတွင်ရှိနေတတ်သည်။ သူကိုယ်တိုင် ရေတုံကင်ကိုနှိပ်၍ဆပ်ပြာကိုယ်တိုင်တိုက်ပေး၏။ သနပ်ခါးလိမ်းရာတွင်လည်း သွေးပေးသည်မှာ လက်မညောင်းပေ။ တားယူရသည်အထိ သူ့အပေါ်တွင် ဂရုတစိုက်ရှိတတ်သည်။

''သြော်.....ကိုဆန်းမောင်ကိုသာ ငါချစ်ခဲ့မိရင် သိပ်ကောင်းမှာပါလား၊ တကယ်တော့ ကိုဆန်းမောင်ဟာ ကြင်နာတတ်တဲ့ယောကျ်ားတစ်ယောက်ပဲ၊ အချစ်က ငါ့အနားမှာရှိနေတာ ငါဘာကြောင့်များ မသိခဲ့ပါလိမ့်နော်''

တစ်နေ့တော့ မြင့်ဝင်းရောက်လာသည်။ ကြိုင်ဝင်းနှင့်ကောင်မလေးတစ်ယောက်တို့ လက်ထပ်မည့်သတင်းအား သယ်ဆောင်လာ၏။ မြင့်ဝင်းက ပွဲစားတန်းမှ ကြားခဲ့ရခြင်းဖြစ်သည်။

''ငါ့ကိုပြောတော့ သူ့မှာမယားကြီးရှိတယ်ဆို''

''ဟဲ...ဟဲ၊ နင်လည်း သူလိမ်တာခံခဲ့ရပြီပဲကိုး၊ အဲဒီအချိန်က ငါ့ကို ငွေနဲ့နှုတ်ပိတ်ထားလို့ မသိဘူးလို့ ပြောခဲ့တာပါ၊ ကောင်မလေးကို တစ်အိုးတစ်အိမ်နဲ့ထားမှာဟ၊ ခန်းဝင်ပစ္စည်းတွေတောင် ဝယ်နေပြီ''

လှဝတ်ရည်ရင်မှာ လှိုင်းထနေ၏။ ဒေါသကြောင့် အသားတဆတ်ဆတ်တုန်လာ၏။ သူ့အား ငွေလေးတစ်သိန်းဖြင့် နှစ်သိမ့်လိုက်ခြင်းအတွက် ခံပြင်းနေသည်။ တကယ်ဆိုလျှင် သူ့မဘဝအား ငွေတစ်သိန်းဖြင့် တန်ဖိုးဖြတ်လိုက်ခြင်းပင်။ ရင်နာစရာကောင်းလိုက်သည့်ဖြစ်ခြင်းပါ။

''တောက်.....ငါ့ကို ယုတ္တိရှိရှိ လိမ်သွားတာပဲ မြင့်ဝင်း၊ ငါ့ဘဝနဲ့ရင်းပြီး လုပ်စားရင်တောင် တစ်သိန်းမက ရှိဦးမယ်၊ လူယုတ်မာကြီး''

မျက်ရည်ဖြိုင်ဖြိုင်ကျပြီး နှုတ်ခမ်းအား ပြတ်လုမတတ် ဖိကိုက်မိ၏။ မြင့်ဝင်းလည်း အခြေအနေမကောင်းမှန်းသိ၍ နှုတ်ဆက်ပြီးပြန်သွားသည်။ ဒေါ်သောင်းအေးက မြင့်ဝင်းနှင့် လှဝတ်ရည်တို့စကားအား ကြားသွားသည့်အတွက်.....

''မိလှဝတ်ရည်နော် နောက်ထပ် ကိုယ့်ကိုယ့်ကိုယ် စိတ်ဆင်းရဲအောင် မလုပ်နဲ့တော့၊ ပြီးခဲ့တာတွေအတိတ်မှာပဲထားလိုက်၊ ပြန်တွေးမနေနဲ့၊ ကိုယ်နဲ့မတန်လို့ သူတစ်ပါးဆီရောက်တာ ဝမ်းနည်းစရာမလိုပါဘူးအေ''

''ခံပြင်းမိတာပါ ဒေါ်လေးရာ၊ ကျွန်မအချစ်ရေးကံမကောင်းဘူးနော်''

''အိမ်ထောင်ရေးကံကောင်းတာညည်းအမြင်ပဲလေ၊ မောင်ဆန်းမောင်က ညည်းကို ဖူးဖူးမှုတ်ထားတာပဲမဟုတ်လား၊ ကလေးသာမွေးရင် ပိုချစ်မှာပဲ လှဝတ်ရည်၊ မောင်ဆန်းမောင်အတွက် နောက်ကလေးထပ်မွေးပေးလိုက်၊ ဒါမှ အဖော်ရမှာပေါ့''

သူတို့နှစ်ဦး၏ သဘောတူညီချက်ကို ဒေါ်သောင်းအေးက မသိပေ။ လှဝတ်ရည်ကိုယ်ဝန်ရင့်မှ ဒေါ်သောင်းအေးလည်းမုန့်ဟင်းခါးထွက်မရောင်းတော့ဘဲ ဖိမ်ကျနေ၏။ ကိုဆန်းမောင်လည်း ဒေါ်သောင်းအေးအပေါ် မိခင်တစ်ယောက်လိုသဘောထားရှာသည်။ ခြားထားသော အိမ်အကာကိုလည်း ဖြုတ်လိုက်သည်။ နှစ်ခြမ်းတစ်အိမ်ဖြစ်သွား၏။

''မွေးပါတော့ ကလေးရယ်၊ မင်းလေးမွေးမှ မင်းအမေက ငါ့ကိုချစ်လာမှာကွ''

''ဟင်းနော်....ကိုဆန်းမောင်ကြီး၊ ရှင်ဘာတွေပြောနေတာလဲ''

''မင်းကိုမပြောပါဘူးကွ၊ ဒီဗိုက်ထဲက ကလေးလေးကိုပါ''

''ဟင်း.....''

www.burmeseclassic.com

ညတိုင်း ကိုဆန်းမောင်ကပြောနေကျပင်။ လုဝတ်ရည်လည်းစကားပြောင်းလဲပေ။ ကိုဆန်းမောင်၏အဖြစ်က ဒီတစ်သက် လုဝတ်ရည်အား မျှော်လင့်ချက်ကင်းမဲ့နေ၏။ သို့ပေမယ့် ယောကျ်ားတို့ဇွဲ သေကာမှလျှော့ပေမည်။ ကလေးမွေးလာလျှင် လုဝတ်ရည် စိတ်ထားပြောင်းလဲသွားမည်ဆိုသော မျှော်လင့်ချက်ဖြင့် မြန်မြန်မွေးလိုခြင်းဖြစ်သည်။


* * *

"ဒေါ်လေးအပြင်ထွက်သွားတုန်း ကိုကြိုင်ဝင်းဆီ ဖုန်းဆက်ရမယ်"

လုဝတ်ရည်သည် ကြိုင်ဝင်း၏ဟန်းဖုန်းကို ခေါ်လိုက်သော်လည်း ဖုန်းမကိုင်ပေ။ ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်နေသည်ဟုသာ အကြောင်းပြန်၏။

"ဟုတ်ပြီ၊ သူရှိတဲ့နေရာကို လိုက်သွားမှပဲ၊ သူက ငါ့ကိုမျှော်လင့်နေတဲ့သူမဟုတ်တော့ ငါရောက်လာရင် အံ့သြသွားမှာပဲ"

လုဝတ်ရည်လည်း အဝတ်အစား မြန်မြန်လဲပြီးနောက် ဒေါ်သောင်းအေးပြန်မလာခင် ပိုက်ဆံအိတ်လေး ချိုင်းကြားညှပ်ပြီးထွက်လာခဲ့သည်။ ကိုဆန်းမောင်ပြန်မလာခင် အမြီပြန်လာမှဖြစ်ပေမည်။ လမ်းထိပ်ထွက်လျှောက်ပြီး လိုင်းကားစီးပြီး ထွက်လာခဲ့၏။ ကြိုင်ဝင်းရှိမည့်နေရာကို မှန်းဆ၍ ရောက်လာသည်။



"ကိုကြိုင်ဝင်း ဘယ်မှာရှိနိုင်သလဲရှင်"

"ဪ...ကြိုင်ဝင်းလား၊ ဟိုလက်ဖက်ရည်ဆိုင်ထဲမှာရှိတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးပဲရှင်"

ကြိုင်ဝင်းရှိသောနေရာသို့ ဝမ်းသာအားရ သွားရှာလိုက်သည့်နောက် လက်ဖက်ရည်ဆိုင်ထဲတွင် ကြိုင်ဝင်းကိုတွေ့ရ၏။ လုဝတ်ရည်ကိုမြင်သည်နှင့် မျက်နှာချက်ချင်းပျက်သွားသည်။ သူ့ဘေးမှ ဧည့်သည်များကို ထားခဲ့ပြီး ကြိုင်ဝင်းက လုဝတ်ရည်အား အပြင်သို့ခေါ်ထုတ်လာသည်။ လူရှင်းသည့်နေရာသို့ရောက်မှ.....

"ကဲ.....မင်းဘာပြောချင်သေးလို့လဲ၊ မင်းကို မလာပါနဲ့လို့ ပြောထားတယ်လေ"

ကြိုင်ဝင်း၏အသံက မာမာထန်ထန်နှင့် မျက်နှာထားမှာလည်း ခက်ထန်နေပြန်သည်။ လုဝတ်ရည်က ချက်ချင်းသဘောပေါက်သွား၏။

"ရှင်နဲ့ စာရင်းရှင်းချင်လို့"

"ငါနဲ့.....ဟာဟ.....မင်းမှာ တရားဝင်လင်ရှိနေပြီနော်၊ ငါနဲ့ပတ်သက်စရာ မလိုတော့ဘူး"

"ဒါပေမဲ့ ရှင်က မယားကြီးရှိတယ်လို့ လိမ်ညာပြောခဲ့တယ်လေ၊ ရှင်က ကောင်မလေးတစ်ယောက်နဲ့ ယူဖို့တောင် စီစဉ်ပြီးကြပြီမဟုတ်လား"

ကြိုင်ဝင်း အံ့သြသွား၏။ လုဝတ်ရည်သိနေခြင်းမှာ သူ့အတွက် အနှောင့်အယှက်တစ်ခု ဖြစ်နေပေမည်။ လုဝတ်ရည်မှာလည်း သူ့စကားအား ယုံကြည်ပြီး နားလည်ပေးခဲ့၏။ ခွင့်လွှတ်သည့်သဘောနှင့် အမည်ခံယောကျ်ားကို ကောက်ယူလိုက်ရသည်။

"မင်း အဲဒီကိစ္စကို ဘယ်လိုသိခဲ့တာလဲ"

"ဟင်း.....ဟင်း၊ ရှင်က လုဝတ်ရည်ကို အနံ့အအလို့များ ထင်နေသလား၊ ကျွန်မမှာ နား၊ မျက်စိတွေရှိတယ်ရှင့်"

"ငါ့ကိုတော့ ဒုက္ခမပေးချင်ပါနဲ့ကွာ၊ ကဲ...မင်းမှာ ငွေလိုသလား၊ ရော့.....တစ်သိန်း"

ကြိုင်ဝင်းက အခုမှအလုပ်ပြီးလာပုံရသော ပွဲခငွေထဲမှ ငွေတစ်

www.burmeseclassic.com

www.burmeseclassic.com

သိန်းကို ထုတ်ပေး၏။

“ကျွန်မမှာလိုအပ်တာ ငွေမဟုတ်တော့ဘူး၊ ရှင်ပေးတဲ့ငွေက ကျွန်မအတွက် အဆိပ်ငွေ့တွေပဲ ကိုကြိုင်ဝင်း”

“ဒါဆို မင်းက ဘာလိုအပ်တာလဲ”

“ဟင်း...ဟင်း၊ ကျွန်မကို ရှင့်မယားကြီးအဖြစ်ပေါင်းမှ ကျေနပ်နိုင်မယ်၊ ကျွန်မကိုပါ ရှင်ယူရမယ်”

“လှဝတ်ရည် မင်းရူးနေလား ဟင်”

“ရှင် ထင်ချင်သလိုသာထင်တော့ ကိုကြိုင်ဝင်း၊ ဒီဗိုက်က ရှင်နဲ့ရတာနော်၊ ရှင့်ကို ကာမလိမ်လည်မှုနဲ့ တရားစွဲလိုက်မယ်”

ကြိုင်ဝင်းအတွက် မျက်ဖြူဆိုက်ရလေပြီ။ လှဝတ်ရည်ကသတ္တိရှိရှိနှင့် ရဲစခန်းသွားတိုင်လိုက်လျှင် သူဒုက္ခရောက်ရပေတော့မည်။ လှဝတ်ရည်ကို ကြည့်ရသည်မှာ အရင်လို သူပြောသမျှ ငြိမ်ခံနေမည့်ပုံမဟုတ်တော့ပေ။ သူ့လိမ်ညာမှုကို သိသွား၍ မခံမရပ်နိုင်ဖြစ်နေပုံရ၏။

“ဒီမယ် လှဝတ်ရည်၊ မင်းလိုမုန့်ဟင်းခါးဆိုင်မှာ ယောကျ်ားတွေ တရုန်းရုန်းနဲ့ မိန်းမတစ်ယောက်က ဒီဗိုက်ဟာ ငါနဲ့ရတဲ့ဗိုက်လို့ပြောတိုင်း ယုံကြည်ရမှာလား”

“ရှင်.....ဘာပြောတယ်၊ လှဝတ်ရည်ရဲ့ အကျင့်သိက္ခာကို ဒီလို မစော်ကားနဲ့နော်၊ ပိုဆိုးသွားလိမ့်မယ်၊ ရှင်နဲ့သွားလာနေထိုင်ခဲ့တာ ရှင်အသိဆုံးပါ ကိုကြိုင်ဝင်း”

“အေး..ငါစဉ်းစားဦးမယ်ကွာ”

“မနက်ဖြန် ကျွန်မ ထပ်လာခဲ့မယ်၊ ရှင် စဉ်းစားထားပေါ့”

လှဝတ်ရည်က ထိုစကားဖြင့် ပြောပြီး ပြန်မည်အပြုတွင် ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

“ကိုကြိုင်ဝင်းကဉာဏ်နီဉာဏ်နက်များတယ်၊ ငါ့ကိုလှည့်ပတ်ပြီး တစ်ခုခုဒုက္ခပေးသွားရင်အခက်၊ ဒီတော့ ခုပဲ ဒီကိစ္စကို ရှင်းမှဖြစ်မယ်”

ကြိုင်ဝင်းနောက်သို့ပြေးလိုက်သွားပြီး အပြီးဆုံးဖြတ်ခိုင်းလိုက်သည်။ ကြိုင်ဝင်းလည်း ဒေါသမျက်နှာဖြင့်.....

“ကဲ ဒီလောက်တောင်ဖြစ်လှတာ၊ လာ...တရားရုံးသွားကြမယ်”

“လက်ထပ်ဖို့လား”

“ဟင်း...ဟင်း၊ ရောက်တော့ မင်းသိလိမ့်မယ်”

ကြိုင်ဝင်းသည် ကားတစ်စီးကို ဆွဲမောင်းလာပြီး လှဝတ်ရည်ကိုတင်ဆောင်သွားတော့၏။

* * *

“မင်းကို လူကြားထဲမှာမို့အချိုသတ်ပြီးခေါ်လာတာပဲ၊ မင်းဟာ ငါ့အတွက်ဆူးညှောင့်ခလုတ်ကန်သင်းပဲ လှဝတ်ရည်”

“သိနေတယ်လေ၊ ဒါကြောင့်လည်း ရှင်နဲ့စာရင်းရှင်းချင်လို့ လာတာပဲ၊ ကျွန်မကို လက်ထပ်ရမယ်”

“လုံးဝပဲ လှဝတ်ရည်၊ ငါ့စိတ်ကူးထဲမှာတောင် မင်းမရှိဘူးကွ၊ ကဲ.....မင်းသေစမ်းကွာ”

ကြိုင်ဝင်းက ကားစက်ကို သတ်လိုက်စဉ် လှဝတ်ရည်လည်း ကြောက်လန့်တကြား ထွက်ပြေး တော့၏။ ကိုယ်ဝန်နှင့်ဖြစ်၍ ချေ လဲမည်ထက် သေရေးရှင်ရေးက အရေးကြီးနေ၏။ သူမ ထွက်ပြေး မိသည်က လူသူကင်းမဲ့နေသော လယ်ကွင်းထဲဖြစ်နေသည်။ ပြေးမိ ပြေးရာ စွတ်ပြေးရင်း ကြိုင်ဝင်းက အနောက်မှလိုက်လာသည့်အတွက် ကြောက်လန့်သွား၏။

“လာစမ်း.....ကောင်မ”

ကြိုင်ဝင်းသည် မီးတောက်လု မတတ် မျက်လုံးများဖြင့် လက်ထဲ တွင် နှစ်တစ်လက်မ သစ်သားတုတ် ချောင်းကို ကိုင်လာသည်။ ရန်သူကို သူမ လျှော့တွက်မိသည်က အမှား ပါ။ ကြိုင်ဝင်းက ဘီလူးသရဲလို မျက် လုံးများနှင့် ပြေးလိုက်လာ၏။

“နင်.....ရပ်စမ်း၊ ဒီနေ့ နင် သေရမယ်”

လှဝတ်ရည်၏မျက်နှာပေါ်တွင် ဇောချွေးများပြန်လာ၏။ သေမင်းကို အန်တုရင်း သွေးရူးသွေးတန်းဖြင့် တရစပ် ထွက်ပြေးနေမိသည်။ သို့ ပေမယ့် အားချင်းမမျှသည့်အတွက် နောက်ဆုံး၌ ကြိုင်ဝင်း၏ဒေါသ အောက်တွင် ငရဲကျသွားရ၏။

“ကဲ...ဒီလောက်ဒုက္ခပေးတဲ့ ဗိုက်၊ သေစမ်း”

ဗိုက်ဆီသို့ တုတ်ဖြင့်ရိုက်ချ ိုက်ရာ လူမဆန်သော ယောကျ်ား တစ်ယောက်၏ ရက်စက်မှုက ဖွားခါနီးရင်သွေးကို ထွက်ကျ သည်အထိ ရက်စက်ခွန်းအားကြီး နေပေပြီ။

"ဟင်...နင်...နင်၊ ငါ့ကလေး ...ပါပြီ အမယ်လေး.....ရက်စက် ...ချည်လား"

"အေး.....နင်ပါသေဖို့လိုက် ...စမ်း ကောင်မ"

ပြောပြောဆိုဆိုနှင့်လှဝတ်ရည် ...အား ခေါင်းကို တုတ်ဖြင့်နှစ်ချက် ...က်ချလိုက်ရာ လှဝတ်ရည်မှာ ...သွေးများဖြာကျလာပြီးနောက် ...အသက်ပျောက်သွားတော့သည်။ လှ ...တ်ရည်ကို သေချာစေရန် အနား ...ကပ်ကြည့်လိုက်ရာ အသက်လုံးဝ ...ရှူတော့ပေ။ သည်တော့မှ သေ ...သွားမှန်းသေချာသည်နှင့် တုတ် ...အား မြောင်းထဲသို့ပစ်ချ၍ ကြိုင် ...ဝင်းလည်း ထွက်ပြေးလာခဲ့၏။



သူကားနားရောက်မှပင် မိုးက သဲသဲမဲမဲ ရွာချလိုက်သည့်အတွက် ကြိုင်ဝင်းတစ်ယောက် ကားထဲသို့ ပြေးဝင်လိုက်ရသည်။ ကားထွက်ခါနီးမှ လှဝတ်ရည်ရှိမည့်နေရာအား လှမ်းမျှော်ကြည့်လိုက်မိသေး၏။

"နေရစ်ခဲ့ပေတော့ လှဝတ်ရည်ရေ့၊ နင့်ကြောင့် ငါနဲ့ကောင်မလေး ကံကောင်းလို့ ဝေးရတော့မလို့ပေါ့၊ ဟဲ....ဟဲ၊ နင့်ကိုငါသတ်မှန်း ဘယ်သူမှ မသိကြပါဘူး၊ တမလွန်မှာ နင့်ကလေးနဲ့ ပျော်ပျော်သာနေပေတော့"

ကြိုင်ဝင်းက ကားကို မိတ်ဆွေအိမ်သို့ ပြန်သွားပို့လိုက်၏။ မိတ်ဆွေပွဲစားက.....

"ဘယ်သွားတာလဲဗျ"

"အရေးတကြီးကိစ္စကြောင့်ပါဗျာ"

"ကားထဲမှာ မိန်းမတစ်ယောက် ပါသွားတယ်မဟုတ်လား၊ ဘယ်သူလဲကွ၊ မင်းကောင်မလေးတော့ မဟုတ်ပါဘူး"

ကြိုင်ဝင်း လန့်ဖျပ်သွား၏။ ထိုသတင်းက ကောင်မလေးနားထဲ ရောက်သွားလျှင် မလွယ်ပေ။ လက်ထပ်ခါနီးမှ ဝေးရပေရော့မည်။

"ကျွန်တော့် အစ်မပါဗျာ၊ သဘော်အိမ် ပြန်လိုက်ပို့ရလို့ပါ၊ သူက မောင်ကိုတွေ့ချင်လို့ ရောက်လာတာလေ"

"အရင်းလား၊ ဒါဆို မင်္ဂလာဆောင်ကိုလာတာပဲဖြစ်ရမယ်၊ မင်းတို့ကလည်း ရက်သတ်မှတ်တော့လေ"

"နည်းနည်းစောနေသေးလို့ပါဗျာ၊ ကောင်မလေးက ကျောင်းတက်နေရတာလေ၊ ပြီးတော့ အစ်မဝမ်းကွဲဆိုတော့ မပြောလိုက်ပါဘူးဗျာ၊ ဆွေမျိုးများရင် နားပူလွန်းလို့ပါ"

ကြိုင်ဝင်းလည်း မြန်မြန်ကားအပ်ပြီးသည်နှင့်ပြန်လာတော့သည်။ မိတ်ဆွေကို နှုတ်ဆက်ပြီး ထွက်လိုက်သည်နှင့်.....

"ဟေ့ကောင်.....မင်းခြေထောက်မှာ ရွှံ့တွေပေနေပါလား၊ ဘယ်သွားလို့လဲကွ"

လှဝတ်ရည်နှင့် ရုန်းရင်းဆန်ခတ်ဖြစ်ချိန်တွင် ရွှံ့ဗွက်ထဲသို့ ခြေထောက်ကျသွားခဲ့၏။ သည်တော့ ရွှံ့ပေနေသော ခြေထောက်ကို ရေဆေးရန် အချိန်မရခဲ့ပေ။ ကြိုင်ဝင်းလည်း မကြားချင်ယောင်ဆောင်ကာ ထွက်လာခဲ့သည်။

"ဒေါ်လေး...ကျွန်တော့်မိန်းမလည်း မတွေ့ပါလား"

ဒေါ်သောင်းအေးမှာ မျက်နှာမကောင်းပေ။ညနေစောင်းကတည်းက လိုက်ရှာနေခဲ့သေးသည်။ မတွေ့သည့်အဆုံးတွင် ပြန်အလာကို စောင့်နေသည်မှာ ကိုဆန်းမောင်ပြန်လာသည်အထိပင်။ သူမလည်း မှောင်လာ၍ မရှာဖွေနိုင်တော့ပေ။ လှဝတ်ရည်ပြန်မလာသည့်အကြောင်းအား ကိုဆန်းမောင်ကို ရှင်းပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရဲစခန်းတိုင်မှဖြစ်မှာပေါ့ ဒေါ်လေး၊ တစ်နေရာရာသွားရင်းနဲ့ အန္တရာယ်တစ်ခုခုဖြစ်လို့များလား"

"ဒေါ်လေးလည်း ရှာမတွေ့တော့ ငိုချင်တာပဲသိတယ်ကွယ်၊ ဒီကောင်မလေး မပြောမဆိုနဲ့ ထွက်သွားတယ်"

"ဖုန်းယူသွားသေးလား"

ကိုဆန်းမောင်က သူ့ဖုန်းဖြင့်ခေါ်ရန် မေးလိုက်ခြင်းဖြစ်၏။

"မယူသွားဘူးကွယ်၊ ဗီရိုပေါ်မှာရှိနေတယ်"

ကိုဆန်းမောင်လည်း ဗီရိုပေါ်မှဖုန်းကိုယူ၍ နောက်ဆုံးခေါ်သည့် ဖုန်းနံပါတ်ကို ကြည့်လိုက်၏။

"ဒေါ်လေး ၀၉၃၁----ဆိုတဲ့ဖုန်းက ဘယ်သူ့ဖုန်းလဲ"

"သင်ပုန်းမှာရေးထားတာကို ကြည့်လေကွယ်"

ကိုဆန်းမောင်က အလျင်အမြန် ရှာကြည့်လိုက်ရာမတွေ့ပေ။ သည်တော့ ဖုန်းကိုခေါ်လိုက်၏။ တစ်ဖက်မှ မကိုင်ပေ။ သည်တော့ ထိုဖုန်းနံပါတ်ကို ကျောက်သင်ပုန်းပေါ်တွင် ရေးမှတ်လိုက်ရင်း.....

"တောက်.....ဖုန်းမကိုင်တာ ဘာသဘောလဲ၊ ဒေါ်လေး ဒီမှာရေးထားတဲ့ ဖုန်းနံပါတ်ကိုမဖျက်နဲ့နော်"

"အေးပါကွယ်"

ကိုဆန်းမောင်လည်း အိတ်ကိုချပြီးသည်နှင့် လှဝတ်ရည်ကိုရှာရန် ထွက်ရတော့သည်။ သွားလာတတ်သည့်နေရာများတွင်လည်း မတွေ့ပေ။ အပြင်တွင် တဖြည်းဖြည်းနှင့် မှောင်လာ၏။ သည်တော့ စိုးရိမ်စိတ်နှင့်အတူ ရဲစခန်းသို့ အမြန်ဆုံးသွားတိုင်ရတော့သည်။

"ကျွန်တော့်မိန်းမက ကိုယ်ဝန်ကြီးနဲ့ပါ ဆရာတို့ရာ၊ တစ်ခုခုများဖြစ်နေမလား၊ စုံစမ်းပေးကြပါဗျာ"

"စိတ်ချပါကိုဆန်းမောင်၊ မလှဝတ်ရည်ရဲ့ ဓာတ်ပုံကို မြို့နယ်ရဲစခန်းတွေမှာ ဖြန့်ဝေထားလိုက်ရင် မကြာပါဘူးဗျာ၊ တစ်နေရာရာမှာ ပြန်တွေ့ရမှာပါ"

"ဟုတ်ကဲ့၊ အားကိုးပါတယ် ဆရာတို့ရယ်၊ ဩော်.....မေ့နေလိုက်တာ၊ ကျွန်တော့်မိန်းမ နောက်ဆုံးဆက်ခဲ့တဲ့ ဖုန်းနံပါတ်ကို ဆရာတို့ကို ပေးရဦးမယ်"

ကိုဆန်းမောင်သည်သူ့ဖုန်းထဲမှ မှတ်ထားသောနံပါတ်အား စခန်းမှူးကိုပေးလိုက်၏။ စခန်းမှူးလည်း ချက်ချင်းဖုန်းဆက်လိုက်ရာ ဖုန်းမကိုင်ပေ။ သည်တော့ ဆက်သွယ်ရေးနှင့် လှမ်းဆက်သွယ်ရတော့သည်။ မကြာမီတွင် ဖုန်းပိုင်ရှင်နှင့် လိပ်စာကို သိရ၏။

"ကိုကြိုင်ဝင်းတဲ့၊ ---မှာနေတယ်၊ ခင်ဗျားသိလား"

"ဟင်.....အဲဒါဆို ကျွန်တော့်မိန်းမရဲ့ ရည်းစားဟောင်းပဲ၊ ဒီကောင်က မိန်းမနဲ့ ဘာကြောင့်များ လာပတ်သက်နေရတာလဲ"

"Call Log ကိုကြည့်လေ၊ ဘယ်သူစပြီးခေါ်တာလဲဆိုတာ သိနိုင်တာပေါ့"

ကိုဆန်းမောင်က ယူလာသောဖုန်းကို ဖွင့်ကြည့်ရာမှ လှဝတ်ရည်က စခေါ်ထားမှန်း သိလိုက်ရသည်။ စခန်းမှူးက ကြိုင်ဝင်းအကြောင်းကို ကိုဆန်းမောင်အား မေးပြီးသည်နှင့် နှစ်သိမ့်စကားပြောလိုက်သည်။

"ကဲ.....ဆင်ကောင်ကြီးတွေ့မှ ဆင်ခြေရာကို လိုက်ရှာနေစရာ မလိုတော့ပါဘူးဗျာ၊ ခင်ဗျား အေး အေးဆေးဆေးသာပြန်ပါ၊ ကျွန် တော်တို့ တွေ့တာနဲ့ အကြောင်းကြားလိုက်ပါ့မယ်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးတင်ပါတယ်"

ဂ ဂ ဂ

"ကိုကြိုင်ဝင်းဆိုတာ ခင်ဗျားလား"

"ဟုတ်ပါတယ်၊ ဘာကိစ္စလဲ ကားဝယ်ချင်လို့လား၊ ပါမစ်ရောင်းချင်လို့လား"

အမျိုးသားနှစ်ဦးက ဟန်ပါပြုံးပြီးနောက်.....

"ကားကိစ္စမဟုတ်ပါဘူး၊ လှဝတ်ရည်ကိစ္စပါ"

"ဗျာ.....ကျွန်တော်နဲ့ မဆိုင်ဘူးနော်၊ သူနဲ့ ဘာမှလည်းမပတ်သက်တော့ဘူး"

"ကျွန်တော်တို့က ဘာမှမပြောသေးလို့ ခင်ဗျားက ငြင်းဆန်နေတာလဲ၊ လှဝတ်ရည် အသတ်ခံရတဲ့ကိစ္စကို လာပြောပြတာပါဗျာ"

"ဟင်.....ဟုတ်လား"

ကြိုင်ဝင်းမှာ အလွှန်အံ့ဩဟန်မပြပေ။ ကြိုင်ဝင်းအခြေအနေကိုကြည့်၍ ဆက်မေးလိုက်၏။

"ခင်ဗျားနဲ့ လှဝတ်ရည်က တစ်ချိန်က ပတ်သက်ခဲ့ဖူးကြတယ်နော်"

ကြိုင်ဝင်းက ပါးစပ်မှမဖြေဘဲ ခေါင်းကိုသာညိတ်ပြ၏။

"လှဝတ်ရည်မဆုံးခင်က ခင်ဗျားနဲ့ အဆက်အသွယ်လုပ်ခဲ့သေးတယ်မဟုတ်လား"

"ဟင့်အင်း...မလုပ်ပါဘူးဗျာ"

"ဒီမှာ ကိုကြိုင်ဝင်း၊ ၀၉၃၁----က ခင်ဗျားရဲ့ဖုန်းနံပါတ်မဟုတ်လား"

ကြိုင်ဝင်း မျက်လုံးပြူးသွား၏။ ထို့ကြောင့်လည်း သူ့ဖုန်းအား အဆက်မပြတ် ခေါ်နေကြခြင်းဖြစ်မည်။ ကြိုင်ဝင်းမှာ ဖုန်းမကိုင်ရဲပေ။ စိတ်မလုံသည့်အတွက် သူ့လိပ်ပြာသူလန့်နေ၏။ သူ့အားလာမေးသူများက ရဲတပ်ဖွဲ့ဝင်များသာဖြစ်ပေမည်။ ရဲစခန်းသို့ သူလိုက်လာခဲ့ရသည်။



"ခင်ဗျားက ကိုလူမော့်ကားကို ယူသွားသေးတယ်နော်၊ ကားထဲမှာ လှဝတ်ရည် ပါသွားတယ်လေ"

"ဗျာ..ဆရာတို့ ဘယ်လိုလုပ်သိတာလဲ"

"ဟုတ်၊ မဟုတ်သာ ပြောပါဗျာ၊ လှဝတ်ရည်ကိုခေါ်သွားပြီး သတ်လိုက်တာမဟုတ်လား"

စခန်းမှူးကလည်း ဝင်မေး၏။

"မှန်မှန်ဖြေပါ ကိုကြိုင်ဝင်း၊ အချက်အလက်အားလုံးကို ရထားပြီးပါပြီ၊ ခင်ဗျားဘက်က ဝန်ခံဖို့ပဲ လိုတော့တယ်"

ကြိုင်ဝင်းကငြင်းဆန်နေတုန်းပင်၊ နောက်ဆုံးတော့ ခိုင်လုံသော သက်သေများကြောင့် ကြိုင်ဝင်းတစ်ယောက် ဝန်ခံရတော့၏။

"ခင်ဗျားဗျာ ...အချစ်ကြောင့် ကိုယ့်ချစ်သူအပေါ်တောင် ရက်စက်နိုင်တဲ့သူပါလား၊ ခင်ဗျားသတ်လိုက်တာနှစ်သတ်ဗျ၊ ကလေးက ယောကျ်ားလေး၊ ဘယ်လောက်နှမြောစရာကောင်းလိုက်သလဲ၊ ခင်ဗျားလိုယောကျ်ားမျိုးကို ချစ်သူထားမိတဲ့ မိန်းကလေးတွေ ရင်နာစရာပဲဗျာ"

"သူက ကျွန်တော့်ကိုယူခိုင်းလို့ပါဗျာ၊ ကျွန်တော့်မှာလည်း လက်

ငါ့ရဲ့အိပ်မက်လေးတွေ
ပျောက်ကွယ်ခဲ့ရပါလား၊
မဖြစ်နိုင်သူကို
ရယူလိုခြင်းဟာ
စိတ်ဆင်းရဲခြင်း
ဒုက္ခတစ်ခုပဲကွဲ့၊
ဒါကို မင်းကမသိဘဲ
မကြင်နာသူကိုမှ
မျှော်လင့်နေပါလားကွာ၊
ငါရင်နာတယ်
လှဝတ်ရည်
...

www.burmeseclassic.com

ထပ်ဖို့ကောင်မလေးက ရှိနေပြီဆို တော့.....''

''အဲဒါပဲဗျာ၊ ခင်ဗျားသာသစ္စာ ရှိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ ရင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး၊ ဘယ်လောက်သနားဖို့ကောင်းသလဲ၊ ခင်ဗျားဟာ ကြီးလေးတဲ့ပြစ်မှုကြီးကို ကျူးလွန်ခဲ့တဲ့သူပဲဗျာ''

ကြိုင်ဝင်းလည်း ပြစ်ဒဏ်ကျ ခံရတော့မည်ဖြစ်၍ လူသတ်မှုအား ပြန်လည်ပြောပြဖို့ကိုက်တော့သည်။ ရဲတပ်ဖွဲ့ဝင်များသည်လည်း သူတို့ ၏ရဲလုပ်ငန်း ကုန်ဆုံးသည်အထိ စစ်ဆေးမေးမြန်းကြပြီးနောက် တရားခံ ကြိုင်ဝင်းအား အချုပ်ထဲ ထည့်ထားလိုက်ကြ၏။

''ဆရာ လူသတ်သမားကိုမိ ပြီဆို၊ ဒီကောင်ဘယ်မှာလဲ၊ ပြော ပါဗျာ''

''ထိုင်ပါဦး ကိုဆန်းမောင်၊ ဖြည်းဖြည်းပေါ့ဗျာ''

ကိုဆန်းမောင်သည် လှဝတ် ရည်နာရေးကိစ္စအတွက် လုံးပန်းနေ ရာမှ အကြောင်းကြားလိုက်၍ ပြေး လာပုံရ၏။ ပြီးတော့ လှဝတ်ရည် အတွက် ခံပြင်းစိတ်ဖြင့် လူသတ် သမားကို တွေ့ချင်နေသည်။

''ခင်ဗျားထင်တဲ့လူပါပဲဗျာ၊ ဥပဒေက သူ့ကိုအပြစ်ပေးပါလိမ့် မယ်၊ သူ့မိုက်ပြစ်အတွက် သူ့ကို ဥပဒေနဲ့ ဆုံးမသွားမှာပါ''

''မမြင်လိုက်ရတဲ့ ကလေးလေး ကို သနားတယ်ဗျာ၊ ကျွန်တော်က ဖခင်အမည်ခံရသူဖြစ်ပေမယ့် ဖခင် အရင်းထက် မေတ္တာထားတယ်၊ သံယောဇဉ်ပိုကြီးပါတယ်''

''သိပါတယ် ကိုဆန်းမောင်၊ ခင်ဗျားရဲ့စေတနာကို လူတိုင်းနား လည်ကြပါတယ်၊ ခင်ဗျားဟာမမြင် ရသေးတဲ့ သံယောဇဉ်ကြိုးတစ် ချောင်းကို နှောင်တွယ်မိတဲ့သူပါ၊ အဲ ဒီသံယောဇဉ်ကြောင့်လည်း လှဝတ် ရည်ဒုက္ခကို ကယ်တင်ဖို့ ဆုံးဖြတ် လိုက်တာပဲမဟုတ်လား''

ကိုဆန်းမောင်က ညှိုးငယ် သော မျက်ဝန်းတစ်စုံဖြင့် ခေါင်း ညိတ်ပြရှာ၏။ လှဝတ်ရည်အပေါ် ထားသော သူ့မေတ္တာအရင်းခံ ကြောင့်ဆိုသည်ကို မရှင်းပြချင်တော့ ပေ။ နှလုံးသားထဲမှ မျှော်လင့်ချက် လင်းရောင်နီက အချစ်နှင့်အတူ ပျောက်ကွယ်သွားရတော့သည်။

''ကိုဆန်းမောင်ကို တရားခံ ကြိုင်ဝင်းဆီခေါ်သွားပေးလိုက်ကွာ''

ကိုဆန်းမောင်သည် လိုက်မည့် ဟန်ပြုပြီး ပြန်ထိုင်လိုက်၏။

''ကျွန်တော် သွားမတွေ့ချင် တော့ပါဘူးဗျာ၊ နေပါစေတော့''

''ဘာဖြစ်လို့လဲဗျ၊ သူ့ကိုမြင် ရင် ဆွဲထိုးမိမှာစိုးလို့လား''

''မဟုတ်ပါဘူးဗျာ၊ သူ့တရား သူစီရင်ပါလိမ့်မယ်၊ လူမိုက်တစ် ယောက်ကြောင့် လူပေါင်းများစွာ အဆုံးရှုံးမခံပါရစေနဲ့တော့၊ ကိုယ့် ဒေါသကို မျိုသိပ်လိုက်တာသာ အကောင်းဆုံးပါပဲဗျာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါတော့ခင်ဗျာ''

''ကောင်းပါပြီဗျာ၊ ခင်ဗျားကို ချီးကျူးပါတယ်''

ကိုဆန်းမောင်တစ်ယောက် ရဲ့ စခန်းထဲမှ နေးကွေးသောခြေလှမ်း များဖြင့် လျှောက်လှမ်းထွက်လာခဲ့ တော့သည်။ သူ့ရင်ထဲမှ သောက အပူများအား အပြီးတိုင် ငြိမ်းသတ် နိုင်ခဲ့ပေပြီ။

§ § §


''လှဝတ်ရည်၊ မင်းအချစ်တွေ ကို မျှော်လင့်နေတဲ့ ငါ့ကို စာနာ ကြည့်ပါတော့ကွယ်၊ ငါ့ရဲ့အိပ်မက် လေးတွေ ပျောက်ကွယ်ခဲ့ရပါလား၊ မဖြစ်နိုင်သူကို ရယူလိုခြင်းဟာ စိတ် ဆင်းရဲခြင်း ဒုက္ခတစ်ခုပဲကွဲ့၊ ဒါကို မင်းကမသိဘဲ မကြင်နာသူကိုမှမျှော် လင့်နေပါလားကွာ၊ ငါရင်နာတယ် လှဝတ်ရည်၊ ရင်နာတယ်ကွာ''

ကိုဆန်းမောင်၏မျက်ဝန်းထဲ တွင် မျက်ရည်များက စီးစွတ်လာပြီး ချက်ချင်းဆိုသလိုပင် ဝဲတက်လာ တော့သည်။ သူ့ဘက်က လင်သား တာဝန်ကျေပွန်အောင်ထားခဲ့၏။ တမ်းတသော အချစ်တစ်ခုအား မျှော်လင့်နေသော်လည်း မပိုင်ဆိုင် သော နှလုံးသားပိုင်ရှင်၏အချစ်က တခြားသို့ရောက်နေသည်။ ထိုအဖြစ် ကို သူ စိတ်မကောင်းဖြစ်ရ၏။

''ငါ့ဘက်ကတာဝန်ပျက်ကွက် တာ ဘာရှိခဲ့သလဲ လှဝတ်ရည်၊ မင်း လိုချင်တာမှန်သမျှ ငါဖြည့်ဆည်း ပေးခဲ့တယ်၊ မင်းကို အများနဲ့တန်း တူထားခဲ့တယ်၊ မင်းဘဝမှာ မင်းကြီးပျောက်ကွယ်ခဲ့ရင် ငါဆိုတဲ့ လမင်းကြီးရှိနေတာ မင်းမှမသိဘဲ ကိုး၊ ငါလိုချင်တာ မင်းရဲ့နှလုံးသား

www.burmeseclassic.com


မင်း လိုချင်တာမှန်သမျှ ငါဖြည့်ဆည်းပေးခဲ့တယ်၊
မင်းကို အမျှားနဲ့တန်းတူထားခဲ့တယ်၊
မင်းဘဝမှာ နေမင်းကြီးပျောက်ကွယ်ခဲ့ရင်
ငါဆိုတဲ့ လမင်းကြီးရှိနေတာ မင်းမှမသိဘဲကိုး . . .



မဟုတ်ဘူးကွ၊ ငါ့ရဲ့မြင့်မြတ်စိတ်ကို မင်းအသိအမှတ်ပြုပြီး နှလုံးသားထဲ ထည့်ဖို့ပဲ လုဝတ်ရည်''

လုဝတ်ရည်၏အလောင်းကို တွေ့ရစဉ်က ကိုဆန်းမောင်တစ်ယောက် ထိထိခိုက်ခိုက် ခံစားသွားရ၏။ ကလေးငယ်လေးမှာ အမိဝမ်းထဲမှ အပြင်သို့ အချိန်မစေ့သေးဘဲ ပစ်စလက်ခတ် ရောက်လာခဲ့သည်။ မြင်ရတွေ့ရသည်မှာ ရင်နာစရာဖြစ်နေသည်။ မလိမ္မာသောမိခင်ကြောင့် ကလေးငယ် အသက်ပျောက်ခဲ့ရသည်။

သနားစရာ မြေစာပင်ကလေးငယ်ကိုသာ ကိုဆန်းမောင် သနားမိ၏။ လူ့လောကထဲသို့ အသက်ပျောက်၍ ရောက်လာခြင်းအတွက် သူ့ကံတရားမှာ မကောင်းခဲ့ရှာပေ။

''ကလေးလေးရယ် မင်းကို ဦးလေးက မျှော်လင့်ခဲ့တာပါ၊ ဒါပေမဲ့ မင်းနဲ့ဦးလေးတို့က ရေစက်မပါခဲ့တော့ မင်းဘဝလေးကို မြေတောင်မြှောက်ပေးဖို့ မဖြစ်နိုင်တော့ပါဘူးကွယ်''

ကိုဆန်းမောင်က ကလေးငယ်လေးအပေါ် မမြင်တွေ့ရသေးသည့်တိုင် သံယောဇဉ်ရှိနေမိသည်။ ကံအဆိုးဆုံးက ကလေးငယ်လေးသာဖြစ်နေသည်။ သူ့မှာ ညတိုင်း ကလေးငယ်လေးနှင့် စကားပြောနေခဲ့၏။ မမြင်တွေ့ရသေးသည့် နှောင်ကြိုးတစ်ခုဖြင့် သူ့နှလုံးသားအားရစ်ပတ်နှောင်ဖွဲ့ထားမိသည်။ အခုတော့ သူ့တွင် ရစ်ပတ်စရာအနှောင်အဖွဲ့ မရှိတော့ချေပြီ။

လုဝတ်ရည်နှင့်ပတ်သက်၍ သူ့တွင် တွယ်တာစရာမရှိတော့ပေ။ သည်တော့လည်း အထီးကျန်ဘဝကို လျှောက်လှမ်းရင်း ဘဝဟောင်းကိုသာပြန်ရောက်သွားရတော့သည်။

နွေအလွန်

www.burmeseclassic.com

www.burmeseclassic.com



# တိုးမြင့်

## တို့ဆေးအမည်ခံ မျက်လှည့်နည်း



www.burmeseclassic.com

မင်္ဂလာတောင်ညွန့်ရဲစခန်းနယ် မြေမှာ ကျယ်ဝန်းလှသည်တော့ မဟုတ်ပါ။ ဒါပေမဲ့ အမှုများ မျိုးစုံ အောင်တက်သည်။ အမှုစစ်များ၏ လက်ကျန်အမှုမှာ တစ်ပွေ့တစ်ပိုက် ပင်ဖြစ်သည်။ ကျွန်တော် အလုပ် လုပ်သည်မှာ နည်းနည်းနှေး၍ သူ များထက်ပိုပြီး လက်ကျန်အမှု များနေသည်။

တစ်နှစ်မှာ ပထမသတင်းပေး တိုင်ချက် (ပ)အမှတ် ၂၀၀၀ ကျော် တက်ပါသည်။ နောက်ပိုင်းနှစ်တွေ မှာ တဖြည်းဖြည်း တိုးလာသည်။ ၁၉၈၅ ခုနှစ်ဝက်လောက်တွင် ၁၅၀၀ ကျော်နေပါပြီ။ အလုပ်သင် အရာရှိများ မင်္ဂလာတောင်ညွန့်တွင် တစ်နှစ်နေပြီးလျှင် ဘယ်စခန်းသွား သွား မှုစရာမလိုတော့ပါ။ အမှုက စုံတာကိုး။ နည်းတဲ့အတွေ့အကြုံ လား။

''ဆရာတိုး အမှုရပါတယ်၊ စခန်းမှူးလည်းခေါ်ပါတယ်''

ဂါတ်စာရေး ဆရာချစ်ရွှေလာ ပြော၍ ကျွန်တော် မှတ်စုစာအုပ် ကိုင်ပြီး သွားခဲ့သည်။ စခန်းမှူး ရဲ အုပ် ကျော်မြတ်သူအခန်းထဲသို့ အရို အသေပေးပြီး ဝင်လိုက်သည်။ ဧည့် သည်လင်မယားရောက်နေတာတွေ့ ရ၏။

''ဗိုလ်တိုး လာ၊ တို့ဆေးနဲ့ အတို့ခံရလို့ ရွှေဆွဲကြိုးပါသွားတယ် လို့ တရားလို ဒေါ်နုနုက အမှုလာ ဖွင့်တယ်၊ တစ်ခါတည်း စစ်ချက်ယူ ထားလိုက်တော့၊ မေးစရာရှိတာ ရှင်း အောင်မေးပေါ့''

စခန်းမှူးက ညွှန်ကြားသည်။ ကျွန်တော် တစ်ခါတည်း စစ်ချက် ရေးယူလိုက်သည်။ တရားလိုမှာ အငြိမ်းစားအရာရှိနှင့် ဇနီး ဒေါ်နုနု တို့ဖြစ်ကြသည်။ နေရပ်လိပ်စာက ကန်တော်ကလေး၊ မန္တလေးလမ်း ဖြစ်သည်။ သိမ်ဖြူ (ဘီလူးမ)ဈေးသို့ ဒေါ်နုနုဈေးဝယ်သွားစဉ် တို့ဆေးနှင့် အတို့ခံရသည်တဲ့။ လူနှစ်ယောက် ခေါ်သည့်နောက်သို့ လိုက်သွားမိ သည်၊ တော်တော်ဝေးဝေးရောက် တော့ ရွှေဆွဲကြိုးချွတ်ပေးလိုက်မိ တာပါဟု ဒေါ်နုနုက ထွက်ဆိုချက် ပေးသည်။

ဆန်းတော့ခပ်ဆန်းဆန်းဖြစ် သည်။ အပြင်တွင် တို့ဆေးဆိုတာ လူပြောများနေသည်။ တို့ဆေးတို့မိ လျှင် အကုန်ချွတ်ပေးလိုက်သည်ဟု ကြားဖူးထားသည်။ ယခု ထိုတို့ဆေး အမှုကို ကျွန်တော် ပက်ပင်းစစ်နေ ရပြီဖြစ်သည်။

ဒေါ်နုနုသည် အစစ်ခံပြောဆို နေစဉ်အချိန်အထိ ကြောက်လန့်နေ ဆဲဖြစ်သည်။ အသံများတုန်နေဆဲ ဖြစ်သည်ကို ကြားရသည်။ ဒေါ်နုနု ၏ခင်ပွန်းကလည်း စိတ်ထိခိုက်နေ ပုံရသည်။ ကျွန်တော် ဆရာဝန်တစ် ယောက်ကဲ့သို့ ဒေါ်နုနု၏စိတ်ဓာတ် တက်လာအောင်လုပ်သည်။ ကျွန် တော်က စပ်မိစပ်ရာစကားတွေ များများပြော၊ မေးခွန်းများများ မေး နေခဲ့သည်။

ဒေါ်နုနု ပုံမှန်ဖြစ်လာအောင် စောင့်ရသည်။ ထို့နောက်ကျမှ အမှု နှင့်ပတ်သက်သည်ကို စတင်၍စစ် မေးရသည်။

''အဒေါ် အဲဒီလူနှစ်ယောက်ကို ဘယ်နားမှာတွေ့တာလဲ''

''ဟင်းရွက်ကုန်စိမ်းတန်းထဲ ဝယ်နေတုန်း တွေ့ရတာ''

''ဘယ်လိုလူတွေလဲ၊ အရင်က သိလို့လား၊ မှတ်ကောမှတ်မိရဲ့ လား''

''သူတို့က အရင်က သိသလို နဲ့ လိုက်ပြီးစကားပြောတယ်၊ အဒေါ် က သူတို့ကို မသိပါဘူး၊ တစ် ယောက်က အသားညိုညို လူငယ်၊ ကျန်တစ်ယောက်က နည်းနည်းကြီး တယ်၊ သူက အသားမည်းမည်း၊ အိန္ဒိယလူမျိုးလားမသိဘူး၊ အကြီး လူက စကားဝဲတာလွန်ရော၊ ဘာ ပြောမှန်းကိုမသိဘူး''

''စကားလိုက်ပြောတယ်ဟုတ် လား အဒေါ်''

''ဖယောင်းပုဆိုးရမယ်တဲ့ အကြီးလူပြောတာ နားမလည်လို့ အငယ်ကောင်က ထပ်ရှင်းပြတယ်''

www.burmeseclassic.com

www.burmeseclassic.com

"ဖယောင်းပုဆိုးက ဘယ်လို ရမှာတဲ့လဲ"

"ဆိုင်မှာလိုက်ပြီး ထုတ်ယူရုံပဲ တဲ့၊ မျက်နှာပြရင် ဈေးသက်သက် သာသာနဲ့ ရမှာတဲ့၊ အဒေါ်လည်း သူတို့သွားရာကို နောက်ကလိုက် သွားတယ်၊ တော်တော်လေးသွားရ တယ်၊ ကိုယ်ရောက်ဖူးတဲ့နေရာဆို တော့ မျက်စိမလည်ဘူး၊ ဘူတာကြီး သွားတဲ့နေရာပဲ၊ အောင်ဆန်းကွင်း ထောင့်နားရောက်တော့ စောင့်နေလို့ ပြောတယ်၊ သူတို့ ဖယောင်းပုဆိုး သွားယူပေးမယ်ပြောတယ်၊ အဒေါ် ဆွဲကြိုးချွတ်ပြီး ကိုယ်လက်နဲ့ကိုယ် ကိုင်ထားပါတဲ့၊ သူတို့ပြောတဲ့အတိုင်း ကိုင်ထားတယ်၊ သူတို့ကို စောင့်နေ တယ်၊ ဘယ်လောက်ကြာသွားမှန်း မသိဘူး၊ အဒေါ့်သား လိုင်းကား မောင်းရာက အောင်ဆန်းကွင်းနား ရောက်လာပြီး ဘာလုပ်နေတာလဲ အမေလို့ အော်ပြောလိုက်တော့မှ သတိလည်ခဲ့တာ"

ဒေါ်နုနုချွတ်ကိုင်ထားသည့် ဆွဲကြိုးအထုပ်ကို သားဖြစ်သူက ဖြေကြည့်ရာကျောက်စရစ်ခဲထုပ်ဖြစ်နေသည်ဟု ဒေါ်နုနု၏ခင်ပွန်းကပြောသည်။ သားနှင့်တွေ့၍သာ သတိရလာခြင်းဖြစ်သည်။ ဒါမှမဟုတ်လျှင် ဘယ်အချိန်အထိ သတိလစ်နေမည် မသိဘူးဟုလည်းပြောသည်။

ဈေးဝယ်နေစဉ် လိုက်စကားပြောရင်း တို့ဆေးနှင့်အတို့ခံရတာ ဖြစ်နိုင်သည်တဲ့၊ တို့ဆေးထိသွားလို့သာ ပကတိစိတ်ပြောင်းပြီး သူစိမ်းခေါ်ရာလိုက်သွားတာ၊ ရွှေဆွဲကြိုးချွတ်ပေးတာလည်း တို့ဆေးကြောင့်ပဲပေါ့ဟုဆို၏။ ရဲအနေနှင့် အမှုသည်ပြောချင်သည့်စကားကို စိတ်ရှည်ရှည်နှင့် နားထောင်ရပါသည်။ အမှုစစ်တစ်ယောက်အနေနှင့်လည်း အမှုသည်ပြောသည်ကို ယုံကြည်မှု အပြည့်နှင့် မှတ်သားရသည်ပင်။

အမှုသည်၏ လိုအင်ဆန္ဒကွက်လပ်လေးတစ်ခုကို ဖြည့်ဆည်းနိုင်ရန်သာ အရေးကြီးသည်ဟု ကျွန်တော်ဆိုချင်ပါသည်။ ဒီအမှုမှာလည်းတို့ဆေးဆိုသည်ကို ကျွန်တော် အယုံအကြည်မရှိပါ။ ဒေါ်နုနု ရွှေဆွဲကြိုး တစ်ကျပ်ခွဲသား မြန်မြန်ပြန်ရရန်၊ တို့ဆေးသမားများပေါ်အောင် လိုက်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

+++

"ဆရာအောင်စံထွန်း၊ ဆရာသိန်းဟန်တို့ရေ ကျွန်တော်တို့မြို့နယ်ထဲမှာ တို့ဆေးသမား ရောက်နေပြီနော်၊ အမှုစစ်တွေအားလုံးပဲ တွေ့ရင် ဖမ်းပေးကြဦး"

အမှုစစ်အခန်းထဲတွင် ကျွန်တော်က လုပ်ဖော်ကိုင်ဖက်များကို သတင်းပေးထားသည်။ အမှုစစ်တွဲဖက် ရဲတပ်ကြပ်ကြီး ကြည်သိန်းကို ကျွန်တော်က တို့ဆေးအမှုကို ရှင်းပြသည်။ တို့ဆေးသမားများရှာရန် မည်သည့်နေရာက စရမည်မသိပါ။ ဒေါ်နုနု၏သား ကိုဆန်းလင်းကိုသွားတွေ့ပြီး မေးစရာရှိသည်များကိုမေးဖြစ်သည်။ သက်သေအဖြစ်လည်း အသုံးချရမည်ဖြစ်သည်။

"ကိုကြည်သိန်း အချင်းဖြစ်နေရာ သွားကြည့်မယ်"

သိမ်ဖြူ (ဘီလူးမ)ဈေးသို့ ရောက်ခဲ့သည်။ ကုန်စိမ်းတန်း၊ ကုန်ခြောက်တန်းအနှံ့ သွားခဲ့သည်။ ဒေါ်နုနုပြောသည့် ဦးအုန်းခိုင်လမ်းအတိုင်း ခြေကျင်လျှောက်ကြသည်။ အောင်ဆန်းကွင်းအရှေ့တောင်ထောင့်၊ ဓာတ်ဆီဆိုင်ကြားနေရာတွင် လမ်းသွားလမ်းလာများ ရှင်းနေသည်ကို တွေ့ရသည်။ ထိုနေရာတွင် ဒေါ်နုနု၏ရွှေဆွဲကြိုး ပါသွားခြင်းဖြစ်၏။

"လက်ထဲမှာကိုင်ထားတဲ့ ရွှေဆွဲကြိုးအထုပ်က ကျောက်ခဲထုပ်ဖြစ်သွားတယ်ဆို၊ ဟုတ်လား ဆရာတိုး"

ကိုကြည်သိန်းကမေးရာ ထိုသို့တရားလိုက ထွက်ဆိုထားကြောင်း ရှင်းပြရသည်။ ကိုကြည်သိန်းက တို့ဆေးသမားများစွမ်းကြောင်း ပြောနေသေး၏။

"တို့ဆေးနဲ့တို့ပြီး ခေါ်သွားနိုင်တာကလည်း အဆန်းပဲဗျ"

ကိုကြည်သိန်း အံ့သြမဆုံးဖြစ်နေသည်။ ဒီလိုမျိုးအမှုမှာ သိပ္ပံလား၊ စိတ်ညှို့လား၊ ပဉ္စလက်လား ကျွန်တော့်အတွက် စဉ်းစားစရာဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် တရားခံကိုမိအောင်ဖမ်းရမည်ဖြစ်သည်။ တရားခံမိလျှင် အားလုံးကောင်းပြီး အားလုံးလည်းရှင်းသွားမည်ဖြစ်သည်။

ရဲဟောင်းကြီးများကို တမ်းတမိသည်။ သူတို့ခေတ်တုန်းက ခိ

www.burmeseclassic.com

ပိုက်နိုက်၊ ဖောက်ထွင်း၊ ဘာဂိုဏ်း၊ ညာဂိုဏ်း အားလုံးသိကြ၏။ ဖော်နိုင်ကြသည်။ ကျွန်တော်တို့ခေတ်ကျမှ အစကို မည်သို့ရှာရမည်မှန်းမသိတော့ပါ။

ကျွန်တော်တို့ အမှုစစ်နှစ်ဦးသည် (၄၇)လမ်းရှိ ရန်ကုန်တိုင်းအသေကြီးရဲတပ်ဖွဲ့မှူးရုံးသို့ သွားကြသည်။ ဒုစရိုက်နှိမ်နင်းရေးဌာနသို့ မေးပြီးဝင်သည်။ ဒုရဲအုပ် (စခန်းမှူး) ဝင်းမောင်သန်းနှင့်တွေ့ပြီး ကျွန်တော့်အမှုကို တင်ပြသည်။ အလားတူ ပြစ်မှုကျူးလွန်ခဲ့ဖူးသည့် လူဆိုးစာရင်းသိလိုကြောင်း သတင်းပို့လိုက်သည်။

လာရတာ အကျိုးရှိပါသည်။ ဌာနစိတ်တာဝန်ခံ ရဲအုပ် ကြည်စိုးသိန်း (ရဲမှူး/ငြိမ်း)နှင့် ဝင်တွေ့ခွင့်ရသည်။ ရွှေလိမ်ဂိုဏ်းက ပြစ်မှုကျူးလွန်ထားတာတွေ အများကြီးဟု ပြောပြသည်။ မှတ်တမ်းမှတ်ရာများ ကြည့်ရသည်။ အကောင်းဆုံးမှာ ပြစ်ချက်ဟောင်းရှိသူများ၏ ဓာတ်ပုံများကို လေ့လာရ၍ဖြစ်သည်။

ကျွန်တော့်တို့ဆေးအမှုပေါ်ဖို့ နီးစပ်လာပြီဆိုသည်ကို ကျွန်တော် ယုံကြည်လာပြီဖြစ်သည်။

ရွှေလိမ်မှုကျူးလွန်ခဲ့ကြသည့် တရားခံများ၏ ဓာတ်ပုံများကိုမှတ်သားကြသည်။ ကိုယ်ရေးရာဇဝင်များလည်း ပူးတွဲရေးထားသည်။ အသားမည်းမည်းတစ်ယောက်နှင့် လူမျိုးခြားတစ်ယောက်ကို ဒေါ်နုနု ပြောပြခဲ့၍ ဂရုစိုက်ပြီး ရှာမိသေးသည်။ နီးစပ်ရာတရားခံ၏ အချက်အလက်များကို အမှုစစ်ဒိုင်ယာရီတွင် မှတ်သားပါသည်။

''တို့ဆေးတရားခံကို မေးကြည့်ပါလား ဆရာတိုး''

ကိုကြည်သိန်းက လေသံနှင့် ပြောနေ၍ ဒူးချင်းတိုက်ပြီး အသာနေရန်အချက်ပြလိုက်ရသည်။ ကျွန်တော်တို့ ပြန်ခွင့်တောင်းပြီး ရုံး၏ အောက်ထပ်သို့ ဆင်းလာသည်။ အပေါ်အင်္ကျီချွတ်ပြီး စပို့ရှပ်ဝတ်လိုက်ကြသည်။ ဗိုလ်ချုပ်လမ်းဘက်မှ ပြန်လာပြီး ပုဇွန်တောင်ပန်းခြံအနီးရှိ ရွှေမောင်းစားသောက်ဆိုင်သို့ ဝင်ကြသည်။

ကျွန်တော်တို့အတွဲမှာ သူများအမှုစစ်များထက် ခြေလှမ်းသွက်သည်။ အလုပ်လုပ်ရာတွင် သူမသာ ကိုယ်မသာဖြစ်သော်လည်း အစားအစာတွင် သာသည်၊ ကျောသည်ကတော့အမှန်။ ဆိုင်အနံ့ရောက်၏။ နားသည့်ရက်မှာ ဂျူတီကျသည့်ရက်လောက်သာ ဖြစ်လိမ့်မည်။ ကျွန်တော်တို့ သွားလိုက်လာလိုက်နှင့် အမှုစစ်အလုပ်များ လုပ်နေရသည်ကို ပျော်နေမိကြသည်။

ကိုကြည်သိန်းက ရယ်ရသည်။ ပူပူစပ်စပ်စားလျှင် နဖူးက အကြောထောင်လာတတ်သည်ကို တွေ့ရ၏။ သူ့အတွေ့အကြုံ၊ သူ့ဘဝဇာတ်ကြောင်းများကို ပြောပြတတ်သည်။ သီချင်းဓာတ်ပြားသွင်းရန် မြန်မာ့အသံတွင် အသံစစ်ခဲ့ပုံကိုပြောပြီး ကျွန်တော့်အား သီချင်းဆိုပြနေလေ့ရှိသည်။ မိမိနယ်မြေထဲတွင် ပျော်စရာ မည်သည့်နေရာတွင်ရှိသည်ဆိုတာ သူအကုန်သိနေသည်။

ကိုယ့်အမှုစစ်တွဲဖက်လည်းဖြစ်၊ သက်တူရွယ်တူ၊ ဝါသနာချင်းလည်းတူ၍ ကိုကြည်သိန်းကို ကျွန်တော်ချစ်ခင်ပါသည်။

''ဥပဓိရုပ်ကောင်းတဲ့သူဟာ လူတိုင်းရဲ့ယုံကြည်မှုရတယ်ဗျ၊ ဘာလုပ်လုပ် လုပ်လို့ရတယ်''

ကိုကြည်သိန်းမြှောက်ပြောနေသည်ကို ကျွန်တော် ကျေနပ်နေခဲ့မိသည်။ ရွှေမောင်းတွင်စားသောက်ပြီးနောက် လမ်းလျှောက်ပြန်ကြသည်။ အေးတံတားထိပ်မှ လမ်းဘေးဈေးဆိုင်တွင် ဝင်နေကျဖြစ်သည်။

''ဒေါ်နုနုကိုခေါ်ပြီး ဒ/နမှာ ဓာတ်ပုံပြဖို့ လုပ်ရမယ်''

ကိုကြည်သိန်းက ကောက်ကာငင်ကာ သတိပေးခဲ့သည်။ မှန်ပါသည်။ ထိုအချက်မှာ အမှုပေါ်ရန်သော့ချက်ဖြစ်သည်။ ရဲအုပ် ကြည်စိုးသိန်းကလည်း ထိုအချက်ကို ထောက်ပြလိုက်သည်။ အမှုပေါ်ရန် ခရေစေ့တွင်းကျလုပ်ရမည်။ ထောင့်စေ့အောင် လုပ်ရမည်။ စိတ်ရှည်ရမည်၊ ဉာဏ်သုံးရမည်။ အမှုစစ်တိုင်းမှာ အမှုများကို ကိုယ့်ကိစ္စလိုမျိုး သဘောထားရမည်။

မင်္ဂလာတောင်ညွန့်တွင် အမှုဘယ်လောက်များများ ဦးစားပေးသင့်သည့်အမှုကို ရွေးထုတ်ရမည်။ ကျွန်တော် သွားရင်းလာရင်း ကိုယ့်အမှုဖြစ်သည့် တို့ဆေးအမှုကို ပိုပြီး စဉ်းစားတွေးတောလာခဲ့မိသည်။ ထူးခြားဖြစ်စဉ်အမှုကို လူကြီးများစိတ်

www.burmeseclassic.com

www.burmeseclassic.com

ဝင်စားကြသည်။ ဘာမှဖြစ်မလာလျှင် အမှုကိုင်တဲ့သူ နာမည်ပျက်မည်။ ရှက်ဖို့ကောင်းလှသည်။

ကိုကြည်သိန်းနှင့်ကျွန်တော် လမ်းခွဲ၍ ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြသည်။ ကျွန်တော်တို့ ဘယ်လောက်ခရီးလွန်လွန် ကိုယ့်အိမ်ရောက်မှ ညစာစားသည့်အကျင့်ကို အမြဲလိုက်နာလေ့ရှိပါ၏။ စည်းကမ်းလေးတစ်ခုပေါ့လေ။

+++

ပြစ်မှုပုဒ်မ ၄၂၀ ရေးဖွင့်ထားသည့် တို့ဆေးအမှုနှင့်ပတ်သက်၍ ကျွန်တော်တို့ စစ်ဆေးဆောင်ရွက်ချက်ကို စခန်းမှူးအား တင်ပြသည်။ ရေးထားသည့် စီဒီများ လက်မှတ်ထိုးသည်။

"တို့ဆေးအမှုကို ဗိုလ်တိုးအား နည်းနည်းထည့်ပါ၊ ကိုယ့်အသိတစ်ယောက်က ဖုန်းဆက်ထားတယ်၊ ဒ/နနဲ့ ပူးပေါင်းလုပ်ပါ၊ ကိုယ့်နယ်ထိန်းကိုလည်း ချပေးထား၊ တွဲလုပ်၊ ဟုတ်ပြီလား"

စခန်းမှူးက အလေးထားပြီး ညွှန်ကြားပါသည်။ ကျွန်တော်နာခံမှတ်သားရသည်။ အမှုစစ်အခန်းကျယ်ထဲတွင် အမှုစစ်များ ကိုယ့်စားပွဲနှင့်ကိုယ် အလုပ်လုပ်နေကြပြီဖြစ်သည်။ ကျွန်တော်လည်း လက်နှိပ်စက်တစ်လုံးနှင့်အမှုနေ့စဉ်မှတ်တမ်း စီဒီများ ရိုက်နေသည်။ ရေးစရာချွတ်စရာ၊ သက်သေခံပစ္စည်း ထုပ်ပိုးစရာရှိသည်များကို အမှုစစ်အကူကလည်း လုပ်ပေးတတ်သည်။ သို့သော် အရေးကြီးလျှင်ကြီးသလို ကိုယ်တိုင်ထလုပ်ရသည်။

အမှုစစ်မှာ ဗာဟီရများလှ၏။ စီဒီကို တစ်ချိန်သတ်သတ်ရေးမှဖြစ်သည်။ လိုမှရေးသည်ဆိုလျှင် မမီနိုင်၊ မပြီးနိုင်ပေ။ တရားစွဲသည့်နေ့မှ စီဒီရေး၍ မမီမကမ်း ပြဿနာဖြစ်ပေါင်း များခဲ့ပြီဖြစ်သည်။ စီဒီက မရေး၍လည်း မဖြစ်ပြန်ပေ။ မရေးလျှင် ကိုယ်လုပ်ခဲ့တာ ကိုယ်မေ့သွားတတ်သည်။ သက်သေခံသည့်အခါ တိတိကျကျထွက်ဆိုရသည်။

ဆရာဝန်တို့၊ တရားသူကြီးတို့မှာ သူတို့၏လူနာများ၊ အမှုသည်များကို တွေ့တုန်းခဏသာ ခေါင်းထဲမှာထားကြသည်။ ပြီးရင်ပြီးတာပဲဖြစ်သည်။ ကျွန်တော်တို့ အမှုစစ်တွေကျတော့ ကိုယ်ဖမ်းတဲ့တရားခံကို အားလုံးလိုလို မှတ်မိနေသည်။ မှတ်ထားတာမဟုတ်ဘဲ မေ့ပျောက်မသွားပေ။


တရားခံများကို လူချင်းပြန်မတွေ့သော်လည်း အမှုစစ်များ၏ မှတ်ဉာဏ်ပုံရိပ်ထဲတွင် ထင်ကျန်နေတတ်သည်။ သူတို့ပြစ်မှုကျူးလွန်ခဲ့ပုံကို ရုပ်ရှင်ပြသလို မြင်ယောင်နေတတ်သည်။ အမှုစစ်များသည် တရားခံများအပေါ် သံယောဇဉ်ဖြစ်သွားလေသလား။ စဉ်းစားစရာပင်ဖြစ်သည်။

မင်္ဂလာတောင်ညွှန့်ရဲစခန်းတွင် အမှုစစ်များ အများအပြား ဖွဲ့စည်းပေးထားသည်။ အရာရှိများသာမက အကြပ်များကိုပါ တာဝန်ပေးထားသည်။ အမှုစစ်အဖွဲ့အနေဖြင့်လည်း အမြဲညီညွတ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မည်သည့်အခါမှ မနှောင့်ယှက်ပေ။ နားလည်မှုရှိကြသည်။

"သွားကြမယ်လေ၊ ကျွန်တော် ဂျီဒီပြလိုက်ရမလား"

တပည့်ကျော်ကြီး ကိုကြည်သိန်း အိမ်ပေါ်မှဆင်းလာပြီး ခေါ်တော့မှ အမှုစစ်အိတ်ထဲ အမှုတွဲထည့်လိုက်သည်။ ကိုကြည်သိန်းကို မေးငေါ့ပြ၍ သဘောတူလိုက်သည်။

အရပ်ဝတ်များဖြင့် ထွက်လာကြသည်။ ကန်တော်လေး တောင်ပိုင်းရပ်ကွက်သို့လာခဲ့ကြသည်။ ကန်တော်လေးသည် နေ့ရောညပါ စည်ကားနေသည့် နေရာဖြစ်သည်။ တရုတ်အစားအစာဆိုင်များ၊ ဒံပေါက်ဆိုင်များ၊ အိန္ဒိယဆိုင်များ မြန်မာစားသောက်ဆိုင်များ ပေါများ



www.burmeseclassic.com

www.burmeseclassic.com


လာသည်။ ပိုက်ဆံရှိဖို့သာလိုသည်။

တရားလို ဒေါ်နုနုကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ခေါ်သွားရန် ကြိုးစားကြည့်သည်။ မိသားစုက ကိုယ့်အစီအစဉ်နှင့်ကိုယ်သွားကြရန် ညှိနှိုင်းကြသည်။

ကျွန်တော်တို့လည်း တိုင်းဒေသကြီးရုံးသို့ သွားရဦးမည်ဖြစ်သည်။ ယနေ့ ရန်ကုန်ဘူတာကြီးနားသို့သွားသည်၊ ကန်တော်ကြီးဟိုတယ်နားလည်းရောက်သည်။ တိရစ္ဆာန်ရုံ မြောက်ဘက်အဝအထိ လမ်းလျှောက်သည်။

သည်နေရာများက ရွှေအတုချခြင်း၊ ရွှေလိမ်ခြင်းများ ရှိခဲ့ဖူးသည်လေ။ မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ရောက်လာသည့်အမှုများ မနည်းတော့ပါ။ တောသားလိုလို၊ လူအလိုလိုပုံစံနှင့် ရွှေတုချ၏။ အတုတွေ့သူဆိုပြီး ရွှေအစစ်နှင့် လဲယူတတ်ကြသည်။ ကျွန်တော် ထိုအမှုကို စစ်ဆေးခဲ့ဖူးသည်။ တရားခံများကို မှတ်တမ်းတင်ထားသည်။ ရွှေလိမ်ဂိုဏ်းနှင့် တို့ဆေးသမား ဆက်စပ်မှုမရှိဘူးဟု မည်သူပြောနိုင်မည်နည်း။

ပုံစံအမျိုးမျိုးနှင့် ရအောင်လိမ်၊ ရအောင်ယူနေကြသည်ချည်းဖြစ်သည်။ တောကလာသည့်သူများ၊ မသိနားမလည်သည့်သူများ အများဆုံးခံရသည်။ မြို့ကလူများလည်း အလိမ်ခံရသည်ပဲဖြစ်သည်။ရန်ကုန်တွင် အလိမ်မခံရဖို့ရယ်၊ အတုနှင့်မတိုးဖို့ရယ် သတိထားရသည်။ စုတ်စုတ်ပြတ်ပြတ်လူကလည်း လိမ်သည်၊ ရှိုးနှင့်မိုးနှင့်လူကလည်း လိမ်သည်။ မယုံရသည့်သူကများသည်။

ကျွန်တော့်အမှုစစ်အတွေ့အကြုံများအရ ကန်ထရိုက်တိုက်ဆောက်၍လိမ်ခြင်း၊ ကုမ္ပဏီဖွင့်၍လိမ်ခြင်းများ တွေ့ဖူးသည်။ စိန်ရွှေလိမ်သည်က အသေးဆုံးဖြစ်နေသည်။ ယခု တို့ဆေးနှင့်လိမ်ပြီ။

ကိုယ့်နယ်မြေတွင် ဖြစ်သည့်အမှုဆိုတော့ ကိုယ့်ကိုစိန်ခေါ်တာပဲဖြစ်သည်။ လတ်တလောတော့ ကျွန်တော်တို့အမှုစစ်များ ရှုံးနေပြီ၊ ခံနေရပြီဖြစ်သည်။ ကျွန်တော်တို့ ရအောင်လိုက်ရမည်ဖြစ်သည်။ သူစိန်ခေါ်လျှင် တိမ်ပေါ်အထိ လိုက်ရမည်ဖြစ်သည်။

''ဆရာတိုး တို့ဆေးသမားကို ထောင်ဖမ်းရအောင်''

ကိုကြည်သိန်း ဘယ်လိုစိတ်ကူးရသည်မသိ။ ကောက်ကာငင်ကာ ပြောခဲ့သည်။ ငါးပြတိုက်ရှေ့ အအေးဆိုင်တွင်ထိုင်နေရင်း စကားပြောနေကြခြင်းဖြစ်သည်။

''ဆိုစမ်းပါဦး''

''မအုန်းမြင့်ကို ရွှေဝတ်ခိုင်းပြီး ဈေးတန်းလျှောက်ခိုင်းမယ်၊ ကျွန်တော်တို့ ကြည့်နေမယ်''

ကိုကြည်သိန်းက သူ့ဇနီးနှင့် ထောင်ဖမ်းရန် အကြံပေးနေသည်။ ကျွန်တော်ပြုံးနေမိရာ ကိုကြည်သိန်းက ကျွန်တော်ဘာပြောမလဲဆိုသည်ကို စောင့်နေသည်။

''နယ်ထိန်းမောင်ကြည် သူ့ဒိုး ထောင်ဖမ်းတာ ထောင်ထားတဲ့စက်ဘီးပါသွားတယ် ကြားလိုက်တယ် မဟုတ်လား''

''မဖြစ်ဘူး၊ မအုန်းမြင့်ပါသွားရင် လိုက်မရှာဖြစ်ဘဲ နေမိဦးမယ်''

နှစ်ယောက်သား ရယ်မောလိုက်ကြသည်။

+++

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစိတ်သို့ ကျွန်တော်နှင့် နယ်ထိန်းတပ်ကြပ်ကြီး သိန်းလွင်တို့ သွားရောက်ခဲ့သည်။ ဒုရဲအုပ် (စခန်းမှူး) ဝင်းမောင်သန်းက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ပေးသည်။

စကားဝဲဝဲ ရွှေလိမ်သူအတွဲတစ်တွဲမှာ အောင်သာကျော်နှင့် သန်းထွန်းဟုဆိုသည်။ တရားခံလိပ်စာကို အရာရှိက ပေးလိုက်သည်။ ဒ/နမှလည်း ပစ်မှတ်ကို လိုက်ပေးမည်ဟု ပြောသည်။ ကျွန်တော်တို့ကိုလည်း တစ်ချိန်တည်းလှုပ်ရှားရန် ညွှန်ကြားလိုက်သည်။

ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ပြန်လာသည်။ စခန်းမှူးကို သတင်းပို့သည်။ ဒ/နနှင့်ပူးပေါင်းဆောင်ရွက်ရမည့် တို့ဆေးတရားခံ ဖမ်းဆီးရေးအစီအစဉ်ကို ရှင်းလင်းတင်ပြလိုက်သည်။

စခန်းမှူးက **အမှုစစ်**၊ နယ်ထိန်းတို့ ပေါင်းပြီးလိုက်ရန်နှင့် အချိန်ဆွဲမနေဘဲ မြန်မြန်ဆန်ဆန်ထွက်ရန် ညွှန်ကြားခဲ့သည်။ ကျွန်တော်က ကိုကြည်သိန်း၊ ဆရာသိန်း

www.burmeseclassic.com

www.burmeseclassic.com



လွှင်တို့ကိုခေါ်ကာ ထွက်လာခဲ့၏။ အရပ်ဝတ်များ လဲလာခဲ့ကြသည်။

တာမွေရဲစခန်းသို့ ရောက်ခဲ့သည်။ တာဝန်မှူး ဒုရဲအုပ် ဟန်ညွှန့်က အပိုင်နယ်ထိန်းထည့်ပေးခဲ့သည်။ တာမွေ၊ ၁၅၅ လမ်းသို့ သွားရောက်ခဲ့သည်။ တရားခံနှစ်ယောက်အနက်မည်သူနေထိုင်သည့် အိမ်ဆိုသည်ကို မသိရသေးပေ။

လူရိပ်လူယောင် မတွေ့ရပေ။ ဤသို့သော တရားခံများကို ပေါ်တင်ဝင်ဖမ်းရန်ဆိုသည်မှာ မဖြစ်နိုင်ဘူးဆိုသည်ကို ကျွန်တော် စဉ်းစားမိပြီးသားဖြစ်သည်။ ထို့ကြောင့်အစီအစဉ်တစ်ခုလုပ်ခဲ့သည်။ ၈၂မ်းထိပ်မှ ကျွန်တော်တို့ လူခွဲပြီး စောင့်ကြည့်သည့်အလုပ် လုပ်ခဲ့သည်။

တို့ဆေးတရားခံဆိုကတည်းက လူလည်များဖြစ်ကြလိမ့်မည်။ ကျွန်တော်တို့ကသာ သူတို့ကို လေ့လာနေရတာဖြစ်သည်။ သူတို့က ကျွန်တော်တို့ကို သိနေကြမည်ဖြစ်၏။ ကျွန်တော်တို့လှုပ်ရှားသမျှကိုလည်း မြင်နေကြမည်ပင်။

အချိန်ကုန် မိုးချုပ်သည်အထိ စောင့်ကြသည်။ တာမွေအဝိုင်းထိပ်တွင် ထမင်းပေါင်းကို အလှည့်ကျသွားစားရသည်။ နေအိမ်တွင် မိန်းမများတွေ့ရသည်။ ယောကျ်ားလေး အဝင်အထွက် လုံးဝမတွေ့ရပါ။

ကျွန်တော် ရပ်ကွက်ထဲတွင် မေးမြန်းခြင်းမပြုပါ။ ကိုယ့်အတွက်ထက် တရားခံအတွက်သာ အကျိုးပြုနိုင်၍ဖြစ်သည်။ လူခြေတိတ်၊ အသွားအလာမရှိတော့မှ အိမ်ပြန်ခဲ့ကြသည်။



ညအိပ်စောင့်ရန်မလိုအပ်ဘူး ထင်၍ မလုပ်ခဲ့ပေ။ အိမ်ရောက်သည်နှင့် တန်းအိပ်သည်။ တစ်နေ့လုံးပင်ပန်းထား၍ အိပ်၍ကောင်းသည်။ သို့သော် နံနက်စောစောထသည်။ ဆရာသိန်းလွှင်၊ ကိုကြည်သိန်းတို့နှင့် စခန်းရှေ့မှ လက်ဖက်ရည်ဆိုင်တွင် ချိန်းထား၍ဖြစ်သည်။ တာမွေကို စောစောသွားရမည်ဖြစ်သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ဆရာသိန်းလွှင်တို့ ရောက်နေကြပြီဖြစ်သည်။ ထိုဆိုင်တွင် ကော်ပြန့်စိမ်း အစောကြီးရသည်။ ကျွန်တော့်အကြိုက်မို့ ဗိုက်ပြည့်အောင် ဖြည့်ထားလိုက်သည်။ ကိုကြည်သိန်းကတော့ ဒီဆိုင်မှလက်ဖက်ရည် ချိုကျကို စွဲနေပြီဖြစ်သည်။ အထွက်တစ်ခွက်သောက်တတ်ပြီး တာဝန်က ဘယ်အချိန်ပြန်လာလာ အဝင်တစ်ခွက်သောက်လေ့ရှိသည်။ ကိုကြည်သိန်းက နည်းနည်းဆန်းသည်။ ပင်ပန်းလာလျှင်ဖြစ်ဖြစ်၊ မူးလာလျှင်ဖြစ်ဖြစ် လက်ဖက်ရည်တစ်ခွက်နှင့် ဖြေလေ့ရှိသည်။

''ဆရာဦးတိုးမြင့်၊ တိုင်းဒေသကြီးရုံးက ဖုန်းလာတယ်''

တာဝန်မှူးဟောင်း ဒုရဲအုပ် (စခန်းမှူး) အောင်ကြည်က ရဲစခန်းထဲမှလှမ်းအော်ခေါ်သည်။ လက်ဖက်ရည်ဖိုးကျသင့်ငွေကို ကျွန်တော်ရှင်းမည်ပြောပြီး စခန်းထဲသို့ ပြေးသွားသည်။

''အမှုစစ် ဒုရဲအုပ် တိုးမြင့်ပါ။ အမိန့်ရှိပါခင်ဗျာ''

''တရားခံမိပြီ ဆရာတိုးမြင့်၊ သက်သေခံပစ္စည်းသိမ်းရအောင် တိုင်းရုံးလာခဲ့ပါ''

''ကျေးဇူးတင်လိုက်တာဆရာ၊ ဆရာတို့ ဘယ်တုန်းက ဖမ်းလိုက်လဲ''

''ဆရာတိုးမြင့်တို့ စောင့်နေတဲ့နေရာမှာ မနေ့ကကျွန်တော်တို့အဖွဲ့လည်းရှိနေတယ်၊ ဆရာတို့ပြန်သွားတာနဲ့တရားခံရောက်လာတယ်၊ သူ

www.burmeseclassic.com


အိမ်ထဲမဝင်ခင် ဖမ်းလိုက်တာပါ၊ လာခဲ့ပါလေ၊ ဒီကျမှ သိချင်တာ ပြောကြတာပေါ့''

ကျွန်တော် ဝမ်းသာစိတ်၊ ရှက်စိတ် တစ်ပြိုင်တည်းလိုလို ခံစားလိုက်ရသည်။ ကျွန်တော်တို့ထက် တရားခံကတော်သည်။ တရားခံထက် ဒ/နကတော်သည်။ ဆရာသိန်းလွင်နှင့် ကိုကြည်သိန်းကို ကျွန်တော် ရှင်းပြလိုက်သည်။ ရယ်တော့ မရယ်နိုင်ပေ။

စခန်းမှူးကို သတင်းပို့ပြီးသည်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အပေါ်ထပ်သို့ ရောက်အောင်သွားကြသည်။ ဖမ်းမိသည့် တရားခံ သန်းထွန်းဆိုသူကို တွေ့ရသည်။ ဒ/နအဖွဲ့မှ စစ်ဆေးပြီးဖြစ်သည်။ ကျွန်တော့်ကိုလည်း စစ်ခိုင်းသည်။ သက်သေခံပစ္စည်းသိမ်းရန်၊ ရမန်ယူရန် ကျွန်တော်ဆက်လုပ်ရမည်ဖြစ်သည်။

သန်းထွန်းက အောင်သာကျော်နှင့်အတူ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံသည်။ အောင်သာကျော်နေသည့်လိပ်စာကို တကယ်မသိ၊ အောင်သာကျော်ကိုယ်တိုင် လျှို့ဝှက်ထား၍ မပြောနိုင်ခြင်းဟုဆိုသည်။

သက်သေခံပစ္စည်း ရွှေဆွဲကြိုးကို အောင်သာကျော်ယူသွားသည့်အကြောင်း၊ ဝေစု သုံးပုံတစ်ပုံခန့်ပင် မရခဲ့ပါကြောင်း၊ ကျန်ငွေကို ပြည့်အောင်ဖြည့်စွက်၍ သန်းထွန်းက အပ်မည်ဖြစ်ကြောင်း၊ အိမ်သို့ သွားလိုက သွားနိုင်ကြောင်း၊ မသွားလိုက သူလည်း အရပ်ထဲတွင် သိက္ခာမကျတော့ကြောင်း၊ အပ်ရမည့်ငွေကို ဇနီးဖြစ်သူအား လာသွင်းခိုင်းလျှင်ဖြစ်နိုင်ကြောင်း ထွက်ဆိုခဲ့သည်။

ဒ/နမှ အရာရှိ၏ကြီးကြပ်မှုနှင့် တရားခံ သန်းထွန်းက သက်သေခံငွေကျပ် ၄၀၀၀၀ အား ပေးအပ်သည်ကို ကျွန်တော်ကိုယ်တိုင် ရှာဖွေပုံစံရေးသွင်းသည်။

''ဆရာတိုးမြင့်၊ တရားခံကို မင်္ဂလာတောင်ညွန့်စခန်း ခေါ်သွားနိုင်ပြီ၊ ပူးတွဲတရားခံဖမ်းဖို့၊ ကျန်ရှိတဲ့ရဲလုပ်ငန်းတွေလုပ်ဖို့ ဆက်လုပ်ပါ၊ ပြစ်ချက်ဟောင်းတွဲနိုင်တဲ့တရားခံတွေဖြစ်လို့ ဒါလည်း ဆရာတိုးမြင့် လုပ်ရမှာ''

ညွှန်ကြားမှုနာခံပြီး ကျွန်တော်တို့တရားခံသန်းထွန်းကို လက်ထိတ်ပြောင်းခတ်ကာ ခေါ်လာခဲ့သည်။ စခန်းမှူးက တရားခံဖမ်းမိကြောင်း တရားလိုထံ တယ်လီဖုန်းဆက်နေသည်ကို တွေ့ရသည်။ တရားလိုက အမှုစစ်ထက်ပိုပြီး ဝမ်းသာပါလိမ့်မည်။

ပြစ်မှုပုဒ်မ ၄၂၀ အမှုကို အာမခံပေးနိုင်ကြောင်း ကျင့်ထုံးဥပဒေက သတ်မှတ်ထားသော်လည်း စစ်ဆေးရန်များ ကျန်ရှိနေသည်ကတစ်ကြောင်း၊ တရားခံသန်းထွန်းကို ခိုင်လုံသော အာမခံလိုက်သူမရှိဘဲ ဖြစ်နေသည်က တစ်ကြောင်းကြောင့် ရမန်ရေးသားတောင်းဆိုခဲ့သည်။

တစ်ချိန်တည်းမှာပင် အဓိက တရားခံကို မည်သို့ဖမ်းဆီးရမည်ဆိုသည်ကို စဉ်းစားနေမိတော့သည်။ ရမန်ယူရသည်မှာ တစ်နေကုန်သွားသည်။ ညနေ မှောင်တော့မှ သန်းထွန်းကို စစ်ဆေးသည်။

တို့ဆေးတို့ပြီး ရွှေဆွဲကြိုးချွတ်ယူသည့် တရားခံဖြစ်၍ အမှုစစ်အဖွဲ့နှင့် အရာရှိများကပါ စိတ်ဝင်စားကြသည်။

ယနေ့ည အမှုစစ်အခန်းတွင် လူတော်တော်စုံနေသည်ကို သတိပြုမိသည်။ ကျွန်တော်ကိုယ်တိုင် တို့ဆေးဆိုသည်ကို ပြစ်မှုကျူးလွန်ရာနေရာတွင် မည်သို့သုံးသနည်းဟု သိချင်နေသည်မှာ အမှန်ဖြစ်သည်။

အမှုစစ်တွဲဖက် ကိုကြည်သိန်းကလည်း တို့ဆေးတို့ပြီး ခေါ်သွား၍ ရကြောင်းကို မကြာခဏ စိတ်ဝင်တစား ပြောနေခဲ့သည်။ ယခုအမှုစစ်တော့မည်ဆိုတော့ ဝီရိယအရှိဆုံးမှာ ကိုကြည်သိန်းပင်ဖြစ်သည်။ သူ့တွင် မည်သည့်အကြံရှိနေသလဲ မပြောတတ်ပေ။

တရားခံက ဘာမျှထိမ်ချန်ခြင်းမရှိဘဲ အစစ်ခံသည်။ တရားခံနှစ်ယောက် ရွှေဆွဲကြိုးနှင့်ကျောက်ခဲ မည်သို့လဲယူသည်ကို အောက်ပါအတိုင်း ဇာတ်ကြောင်းကုန်စင် ပြောပြခဲ့သည်-

+++

တာမွေ၊ ၁၅၆ လမ်း၊ လမ်းထိပ်အနီး နေအိမ်တစ်အိမ်တွင် နာရေးဖြစ်သည်။ သုံးရက်ထား၍ ရေ

www.burmeseclassic.com



ဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း ကျောက်သင်ပုန်းတွင် မြေဖြူနှင့်ရေးထား၏။

သန်းထွန်းဖတ်မိသောအချိန်မှာ ဒုတိယနေ့ဖြစ်သည်။ ထိုအိမ်တွင် ယောကျ်ားလေးများတွေ့ရသည်။ သန်းထွန်း ညစာစားပြီး လမ်းလျှောက်ရင်း တစ်ခေါက်လာကြည့်သည်။

အပျင်းပြေဖဲဝိုင်းလုပ်နေသည်ကို တွေ့ရသည်။ သန်းထွန်း ဖဲဝိုင်းနားဝင်ထိုင်သည်။ ပိုကာကစားနေခြင်းဖြစ်သည်။ အိမ်ရှင်တစ်ယောက်ထွက်ပေးသည်။ သန်းထွန်း ပိုကာဝင်ကစားသည်။

ငါးအိမ်ကစားကြရာ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းကြသူများမဟုတ်ပေ။ လမ်းထဲမှလူများဖြစ်နိုင်သည်။ နှစ်ရာပတ်လည်၊ တစ်ခါဒေါင်း နှစ်ရာ၊ တစ်လုံး ငါးဆယ်ဖြစ်သည်။ ဝိုင်းသေးသော်လည်း မဒေါင်းလျှင် ထိနိုင်သည်။ နောက်ပိုင်းတွင် သန်းထွန်းအများဆုံးဒေါင်းပါသည်။

သန်းထွန်းအိမ်တွင် ဂျိုကာနှစ်ကောင်ပါပါလာတတ်၏။ ရှုံးသူအချို့ထွက်သွားရာ အသစ်ဝင်ချင်သူများဝင်ရိုက်ကြသည်။ ရခိုင်လူမျိုးတစ်ဦးနောက်ထပ်ဝင်လာသည်။ စကားပြောဝဲသဖြင့် သိရှိရခြင်းဖြစ်သည်။

သန်းထွန်းနှင့် စကားတစ်ခွန်းနှစ်ခွန်း ပြောဆိုရာမှ မျက်မှန်းတန်းမိသွားသည်။ တမင်မိတ်ဆက်ခြင်းမျိုးမဟုတ်။ ဘုရားတွင် အခါခါဆုံသော်လည်း မိတ်ဆွေမဖြစ်ကြ။ ဖဲဝိုင်းမှာဆိုလျှင် တစ်ခါဆုံသည်နှင့် ရင်းနှီးကျွမ်းဝင်တတ်ကြသည်ကား ဓမ္မတာပင်။ နံနက် ၁ နာရီခန့်တွင် သန်းထွန်းထံ တစ်ဝိုင်းလုံးမှပိုက်ဆံရောက်သွားသည်။

ပိုကာဝိုင်းပျက်သွားသည်။ သန်းထွန်းသည် အိမ်အတွက်တစ်ခုခုဝယ်ရန်နှင့် တစ်ခုခုစားရန် တာမွေအဝိုင်းဘက် လျှောက်သွားသည်။ ထမင်းပေါင်းဆိုင်က မိုးအလင်းရောင်းဟန်တူသည်။ သန်းထွန်းက မန္တလေးရမ်တစ်ခွက်ကို အသားကင်နှင့်မြည်းနေသည်။

စားပွဲချင်းကပ်လျက်တွင် ဖဲဝိုင်း၌သိခဲ့သော ရခိုင်ကြီးရောက်နေသည်ကိုတွေ့ရသည်။ တစ်ယောက်နှင့်တစ်ယောက် ပြုံး၍နှုတ်ဆက်လိုက်ကြသည်။

သန်းထွန်းသည် အခြားအလုပ်အကိုင်လုပ်သော်လည်း ကြာရှည်မခံချေ။ ကြုံသည့်နေရာတွင် ဖဲဝင်ရိုက်ပြီး စားဝတ်နေရေးကို ဖြေရှင်းနေရသည်။ သန်းထွန်းအတွက် ဖဲဝိုင်းသာရှိရန်လိုသည်။ စောစောကပိုကာဝိုင်းတွင် သန်းထွန်းသည် ပညာနှင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပိုကာဝိုင်းတွင် ကျားအဆင့်မလို၊ ကြောင်အဆင့်နှင့်ပင် ဂျိုကာများ ကိုယ့်အိမ်ရောက်အောင်လုပ်၍ရ၏။ 'တပ်စ်ကဒ်'ပါလျှင် ငွေရသည့်နည်းလမ်း ပိုမြန်ဆန်သည်။ သန်းထွန်း ပညာနှင့်နိုင်သည်ကို မည်သူမျှ မရိပ်မိကြပါ။ သန်းထွန်းမျက်နှာကလည်း ကလိမ်ကကျစ်ရုပ်မဟုတ်။ မြင်သည့်သူ ယုံကြည်နိုင်သောမျက်နှာဖြစ်သည်။ သန်းထွန်းကိုယ်တိုင်ကလည်း ဖော်ဖော်ရွေရွေနေတတ်၊ ပြောတတ်သည်။ ရယ်ရွှင်ဖွယ်ဟာသနှောလေ့ရှိ၏။

သန်းထွန်းအိမ်အတွက် ခေါက်ဆွဲကြော်ပါဆယ်ရရှိသောအခါ စားသောက်ပြီးဖြစ်သဖြင့် ကျသင့်ငွေကို ရှင်းလိုက်သည်။ ကိုယ်က ဖဲနိုင်ထားသူဖြစ်၍ ရခိုင်ကြီး၏ဝိုင်းအတွက်ပါ ရှင်းပေးလိုက်သည်။ ရခိုင်ကြီးက ကျေးဇူးတင်ကြောင်းပြောသည်။ နှုတ် ဆက်ပြီး အိမ်ပြန်ခဲ့သည်။

နောက်နှစ်ရက်အကြာ နာရေး အိမ်တွင် ရှိုးဝိုင်းကောင်းကောင်း[illegible] နေသည်။ သန်းထွန်းလည်းရောက် နေသည်။ တစ်အိမ်ဝင်ထားသည် ငွေထွက်နိုင်မည့်ဝိုင်းဖြစ်သည်။ လ[illegible]

**ပိုကာဝိုင်းတွင် ကျားအဆင့်မလို၊ ကြောင်အဆင့်နှင့်ပင်**
**ဂျိုကာများ ကိုယ့်အိမ်ရောက်အောင်လုပ်၍ရ၏။**
**"တပ်စ်ကဒ်"ပါလျှင် ငွေရသည့်နည်းလမ်း ပိုမြန်ဆန်သည်။**
**သန်းထွန်း ပညာနှင့်နိုင်သည်ကို မည်သူမျှမရိပ်မိကြ...**

www.burmeseclassic.com

www.burmeseclassic.com


ထဲမှချမ်းသာသူများ သောင်းဂဏန်း ပြ၍ ကစားကြခြင်းဖြစ်၏။

သန်းထွန်းလည်း ဟိုနေ့ကနိုင်ထားသောကြောင့် ငွေပြကစားနိုင်ခြင်းဖြစ်သည်။ ပထမဆက်ရှင်တွင် သန်းထွန်း အရှုံးအနိုင်မရှိပါ။ ဖဲထုပ်အသစ်တွင် သန်းထွန်းက မာကင်မှတ်လိုက်သည်။ ကွမ်းတံတွေးနှင့်တို့သောခေတ်က ကုန်သွားပြီဖြစ်သည်။ ချွန်ထက်သော လက်သည်းရှည်ကို အသုံးပြုရသည်။

ဒုတိယဆက်ရှင်တွင် သန်းထွန်း အနိုင်ပေါ်လသည်။ ရခိုင်ကြီးလည်း ရောက်ရှိလာပြီး ဝင်ရောက်ကစားသည်။ တစ်ချပ်မှောက်ဝိုင်းတွင် မည်သူ့ထံတွင် မည်သည့်ဖဲရှိသည်ဆိုသည်ကို သန်းထွန်းသိနေသည်။

သူများအောက်ဖဲ မကောင်းမှန်းသိလျှင် ကိုယ်ဖောင်းကာ စားလို့ရသည်။ လမ်းထဲမှသူဌေးများ အိမ်သို့ငွေမှာခြင်း၊ ငွေပြန်ယူခြင်းများကို သန်းထွန်းကြားသိရသည်။ ယခုကဲ့သို့ ဝိုင်းကောင်းမျိုး သန်းထွန်းတွေ့ရခဲသည်။ ရခိုင်ကြီးလည်း ငွေထုတ်နိုင်သူဖြစ်သည်။

"ဒီနေ့ အစ်ကိုကြီး ဒကာခံဖို့အလှည့်နော်၊ နိုင်အောင်ကစားထား"

သန်းထွန်းက ရခိုင်ကြီးကို ပြောလိုက်သည်။

"ဝိုင်းပြီးမှ စကားပြန်မယ် ညီလေး"

ရခိုင်ကြီးက ပြန်ပြောသော်လည်း မော့မကြည့်ဘဲ ဖဲကိုငုံ့ပွတ်နေသည်။ သန်းထွန်း ဖဲဝေရသောအလှည့်တွင် ဘယ်လက်ဖြင့်ကိုင်ထားသော ဖဲထုပ်ကို အောက်ဆုံးဖဲအပြောင်းအလဲလုပ်ရသည့်အခါရှိသည်။ သန်းထွန်း ဘယ်ဘက်ဒူးထိပ်နားတွင် စတီးလ်မီးခြစ်လေးချထားသည်။

ဘယ်လက်နှင့်ကိုင်ထားသောအောက်ဖဲကို ကောင်းကောင်းမြင်နိုင်သည်။ ကိုယ်နှင့်အသုံးတည့်မည့်ဖဲမြင်ရလျှင် လက်သူကြွယ်နှင့်ထိန်းထားပြီး ကိုယ့်အိမ်ရောက်မှ ချပေးရသည်။ အောက်ဝေသာရသည်။ အပေါ်ဝေလျှင် ထိုသို့လုပ်မရပေ။

ဖဲဝိုင်းမှာ နံနက် ၁ နာရီတွင် ပြီးသွားသည်။ အိမ်မစုံတော့၍ သန်းထွန်းက သိမ်းရန်ပြောသည်။ သန်းထွန်း အဆမတန်နိုင်ပြီဖြစ်သဖြင့် အကြောင်းရှာဝိုင်းသိမ်းရမည်ပင်ဖြစ်သည်။

"အစ်ကိုကြီးရခိုင် သွားမယ်၊ ကျွန်တော်ဖဲကျွေးပါ့မယ်၊ အစ်ကိုကြီးရခိုင် မရှုံးပါဘူး၊ ကျွန်တော်သိပါတယ်"

သန်းထွန်းနှင့်ရခိုင်ကြီးတို့သည် တာမွေအဝိုင်း၊ ထမင်းပေါင်းဆိုင်သို့ လျှောက်သွားကြသည်။ တစ်နေ့က ရခိုင်ကြီးထိုင်သောစားပွဲ၌ အာမီရမ်တစ်လုံးနှင့် အောင်ပွဲခံကြသည်။

"အစ်ကိုကြီးရခိုင် ဘယ်မှာနေတာလဲ၊ အိမ်လိပ်စာလေးဘာလေး ပေးထားဦး"

သန်းထွန်း မေးကြည့်သည်။ ဘာရယ်မဟုတ်သောက်ရင်းစားရင်း စပ်မိစပ်ရာ ပြောဆိုခြင်းဖြစ်သည်။ သန်းထွန်းသည် ဖဲနိုင်လာတိုင်း ကောင်းကောင်းစားသောက်နေရသည့်မှာ အရသာရှိလှပေသည်။

"ငါ့လိပ်စာ စာရွက်နဲ့ရေးထားပေးမယ်၊ မင်းနာမည် သန်းထွန်းဟုတ်တယ်နော်၊ ငါ့နာမည် အောင်သာကျော်၊ မှတ်ထားဦး"

"အစ်ကိုကြီးရခိုင်က ကျွန်တော့်နာမည် ဘယ်လိုလုပ်သိလဲ"

"မင်းလက်ဖျံမှာ အမေ့သား သန်းထွန်းလို့ ရေးထားတာမဟုတ်လား"

ဤသို့ဖြင့် သန်းထွန်းနှင့် အောင်သာကျော် ခင်မင်ရင်းနှီးသွားသည်။ သို့ရာတွင် လိပ်စာကို အောင်သာကျော် လုံးဝမပေးဖြစ်ပါ။ သန်းထွန်းအိမ်ဖြစ်သော ၁၅၅ လမ်း၊ အမှတ်(---)ကို အောင်သာကျော် သိရှိပုံရသည်။

+++

ရုံဖန်ရံခါ သန်းထွန်းရှိရာဖဲဝိုင်းသို့ အောင်သာကျော် ရောက်လာတတ်သည်။ ဖဲဝင်ရိုက်ရာ အမြဲရှုံးသည်။ တစ်ခါ သန်းထွန်းတို့ ကျိတ်ဝိုင်းအိမ်သို့ စွတ်ဝင်လာသည်။

"ဟော.....အစ်ကိုကြီးရခိုင်၊ ဘယ်လိုလုပ်ရောက်လာလဲ၊ ဘယ်လိုသိသွားသလဲ"

သန်းထွန်းက ပျာပျာသလဲမေးလိုက်သည်။

"မအံ့သြပါနဲ့၊ မင်းဒီအိမ်ထဲ ဝင်သွားတာ မြင်လိုက်လို့ပါကွာ သန်း ထွန်း"

www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ပိုင်းအိမ်တွင် အောင်သာကျော် ဝင်ကစားခြင်းမရှိပါ။ ဆက်ရှင်နည်းသည်ဖြစ်၍ အောင်သာကျော် သန်းထွန်းကို ထိုင်စောင့်၏။ ဝိုင်းပြီးမှ နှစ်ယောက် တာမွေအဝိုင်းအနီး စားနေကျထမင်းပေါင်းဆိုင်သို့ လာခဲ့သည်။

"ဒီတစ်ခါ ငါကကျွေးအလှည့် ပေါ့ကွာ"

အောင်သာကျော်ကပြောသည်။

"အစ်ကိုကြီးရခိုင် ထောလာတယ်မဟုတ်လား၊ အိတ်ထဲမှာတင်းလို့ အလုပ်ကောင်းရင် ခေါ်ဦး၊ ကျွန်တော် အလုပ်မရှိတာ အတော်ကြာနေပြီဆရာ"

သန်းထွန်းစကားကို အောင်သာကျော်ဘာမျှအဖြေမပေးပါ။ အာမီရမ်တစ်လုံးနှင့် ကုန်းဘောင်ကြီးကြော်၊ စွန်တန်ဟင်းရည်သောက်များ မှာယူစားသောက်ကြသည်။ အတန်ကြာတော့မှ အောင်သာကျော်က သန်းထွန်းကိုကြည့်ပြီးပြောလိုက်သည်။

"မင်း ငါ့အလုပ်နဲ့ မဖြစ်ပါဘူး"

"ဘာအလုပ်လဲ၊ ကျွန်တော် ဖဲသမားပါ၊ ပိုက်ဆံရရင် အကုန်လုပ်တယ်"

နှစ်ယောက်သား အရက်ဆက်သောက်ကြသည်။ အမြည်းများစားကြသည်။ ပြောလက်စစကားပြတ်သွားသည်။

"သန်းထွန်း မင်းကဖဲမှာတော့ ဆရာကြီးပဲ၊ အမြဲနိုင်တယ်နော်"

"အစ်ကိုကြီးရခိုင်ရယ် ကံထလာရင် ဉာဏ်သမား ဘာမှမတတ်နိုင်ဘူး၊ ကျွန်တော် ရှုံးတဲ့အခါလည်းရှိတယ်၊ အချို့ဝိုင်းတွေကျ နိုင်တော့နိုင်တယ်၊ ပိုက်ဆံမရပါဘူး၊ ဖဲသမားဟာ နဲ့သမားလို ပိန်လိုက်ဖောင်းလိုက်ဆိုတာ အမှန်ပဲ အစ်ကိုကြီးရခိုင်"

ညနေစောင်းထိ သောက်စားကြသည်။ အထုပ်ကိုယ်စီကိုင်၍ လမ်းခွဲခဲ့ကြသည်။ လနှင့်ချီပြီး တစ်ယောက်ကိုတစ်ယောက် မတွေ့ဖြစ်ပါ။ သန်းထွန်းလည်း ဖဲဝိုင်းများနည်းလာ၏။ နာရေးအိမ်အချို့တွင် သန်းထွန်းရောက်သော်လည်း အောင်သာကျော် ရောက်ရှိလာခြင်းမရှိပါ။

ဘာအလုပ်မှမရှိသဖြင့် သန်းထွန်းသည် တာမွေအဝိုင်းအနောက်ဘက်ထိပ်ရှိ အေဝမ်းလက်ဖက်ရည်ဆိုင်တွင် သွားထိုင်နေသည်။ ဟိုရောက်သည်ရောက် စဉ်းစားနေသည်။ မည်သည့်အချိန်ကရောက်နေသည်မသိ။ သန်းထွန်းနှင့်ကျောချင်းကပ်စားပွဲ၌ မိတ်ဆွေကြီး အောင်သာကျော်ကို တွေ့ရသည်။

"သန်းထွန်း မင်းကိုလာခေါ်တာ၊ အလုပ်ရှိတယ်၊ မြန်မြန်လေးသောက်၊ သွားကြစို့"

သန်းထွန်းသည် အောင်သာကျော်နှင့်အတူ ၃၉ လိုင်းကားစီးလာခဲ့သည်။ သိမ်ဖြူဈေးမှတ်တိုင်တွင်ဆင်းသည်။ သိမ်ဖြူဈေးထဲဝင်သည်။ အောင်သာကျော်သည် ဈေးဝယ်လာသူများကို တစ်ယောက်ချင်းလိုက် ကြည့်နေသည်။

"မင်းက ဖော်လိုလိုက်နော်"

အောင်သာကျော် လေသံဖြင့်ပြောသည်။ သန်းထွန်းသည် ဘာလုပ်ရမည်မှန်းမသိသော်လည်း အုံ့ဝေးသူမဟုတ်ရကား အောင်သာကျော်ဘာလုပ်လုပ် မီးစင်ကြည့်ကရုံသာရှိတော့သည်။ သိမ်ဖြူဈေးအနောက်ဘက်တန်းထဲတွင် အသီးအနှံနှင့် ခေါင်းရွက်ဗျပ်ထိုးသည်များပေါ်များသည်။

ဈေးရုံထဲတွင် အမဲသားဆိုင်များ၊ ဆိတ်သားဆိုင်များ၊ ငါးဆိုင်များရှိသည်။ ဝက်သားဆိုင်၊ ကြက်သားဆိုင် တစ်ဆိုင်နှစ်ဆိုင်သာရှိ၏။ ဟင်းသီးဟင်းရွက်တန်းတွင်လျှောက်နေစဉ် အောင်သာကျော်သည် ဈေးဝယ်နေသည့် အသက် (၅၀)ခန့်အရွယ် မိန်းမကြီးတစ်ယောက်ကို နှုတ်ဆက်နေသည်။

"အစ်မ နေကောင်းတယ်နော်၊ ဖယောင်းပုဆိုးယူချင်ရင် ဈေးချိုချိုနဲ့ရမယ်၊ မျက်နှာလိုက်ပြရုံပြ၊ အလကားလိုရတယ်"

မိန်းမကြီးက အောင်သာကျော်၏မျက်နှာကို မော့ကြည့်နေသည်။ နားလည်ပုံမရပါ။

အောင်သာကျော် တရားလွန်စကားဝဲသည်ကို သန်းထွန်း ယခုမှသတိပြုမိ၏။

"ဖယောင်းပုဆိုးရမယ်၊ အဒေါ်ယူမလားလို့ ပြောနေတာ"

သန်းထွန်းက ဝင်ရှင်းပြသည်။ အောင်သာကျော်က မိန်းမကြီး၏လက်မောင်းကို ကိုင်လိုက်သည်ကို သန်းထွန်းမြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com




''မျက်နှာပြရုံနဲ့ရမှာ''

''အိမ်မှာ ဖယောင်းပုဆိုးရှိတယ်ကွဲ့''

''ရှိရှိပေါ့၊ အခုအဆင် အရမ်းကောင်းတယ်၊ စုံတယ်၊ ကြိုက်တာရွေးယူလို့ရတယ်''

အောင်သာကျော်နှင့် သန်းထွန်းတို့သည် ဈေးဝယ်ပြီးသည့် မိန်းမကြီးအား စကားတပြောပြောနှင့် ခေါ်ထုတ်လာခဲ့သည်။ ဘီလူးမဈေး (ခေါ်)သိမ်ဖြူဈေးမှ ဦးအုန်းခိုင်လမ်းဘက် ထွက်လာသည်။ အောင်ဆန်းအားကစားကွင်းဘက် ရှေးရှုကြသည်။



အောင်သာကျော်နှင့် သန်းထွန်းတို့သည် မိန်းမကြီးနှင့် အတူတူလာသည့်ပုံလည်းမပေါက်အောင်၊ တကွဲတပြားလည်းမဟုတ်အောင် လာခဲ့သည်။ မိန်းမကြီး၏ ဈေးမှ အိမ်သို့ အပြန်လမ်းဖြစ်သည်ကို အောင်သာကျော် သိထားပုံပေါ်သည်။

မန္တလေးလမ်းထိပ်အရောက် မိန်းမကြီး လမ်းထဲသို့ ချိုးဝင်မည်အပြု အောင်သာကျော်က အောင်ဆန်းကွင်းဘက် လက်ညှိုးထိုးပြကာ ''ဒီနားလေးတင်''ဟု ပြောလိုက်သည်။ မိန်းမကြီး ဆက်လိုက်လာခဲ့သည်။

''အပြာကွက်ဆန်းလေးရှိလား''

မိန်းမကြီးကမေးသည်ကို အောင်သာကျော် နားမလည်ချေ။ သန်းထွန်းက ဝင်ပြောလိုက်ရသည်။

''ရတယ်၊ အဆင်တွေစုံတယ်၊ အပြာကွက်ဆန်းက ဖယောင်းပုဆိုးမှာ အကောင်းဆုံး အဒေါ်၊ အဒေါ်မနိုင်ရင် အိမ်အထိ ကျွန်တော်ထမ်းပို့ပေးမယ်''

ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်သို့ရောက်ခဲ့သည်။အောင်ဆန်းကွင်းထောင့်၊ အထက်ပန်းဆိုးတန်းလမ်းဖြစ်သည်။

''ဖယောင်းပုဆိုး သွားယူလိုက်မယ်၊ အစ်မကြီး ဒီနားကစောင့်နေနော်''

''အင်း.....''

''အစ်မကြီး ဆွဲကြိုးကိုချွတ်ပြီး ကိုယ့်လက်နဲ့ကိုယ်ကိုင်ထားပါနော်''

''အင်း.....''

မိန်းမကြီးဝတ်ထားသော ရွှေဆွဲကြိုးချွတ်လိုက်သည်။ အောင်သာကျော်က စာအိတ်လေးနှင့်ထုတ်ပေးပြီး မိန်းမကြီးလက်ထဲ ထည့်ပေးလိုက်သည်။ ထိုအချိန်တွင် လက်ထဲတွင်အသင့်ကိုင်ထားသော ကျောက်စရစ်အထုပ်နှင့် အောင်သာကျော်လဲ ယူလိုက်ခြင်းဖြစ်သည်။

''မင်း မနက်ကဆိုင်ကစောင့်''

အောင်သာကျော် ဘူတာကြီးဘက်သို့ ခပ်သုတ်သုတ်သွားရင်း လေသံဖြင့်ပြောသွားသည်။ သန်းထွန်းက လာရာလမ်းအတိုင်း ပြန်လာခဲ့သည်။

သန်းထွန်းသည် အေဝမ်းလက်ဖက်ရည်ဆိုင်မှ တစ်နေကုန်အောင်စောင့်နေသည်။ အောင်သာကျော် ပေါ်မလာပါ။ လိမ်သွားသည်တော့ သန်းထွန်းမထင်ပါ။ ပစ္စည်းထုခွဲနေသည်ဟု တွေးမိသည်။

ညနေစောင်းဖြစ်လာသည်။ သန်းထွန်းက ထမင်းပေါင်းဆိုင်သို့ နေရာပြောင်းလာသည်။ ထမင်းပေါင်းဆိုင်မရောက်မီ နောက်မှ အောင်သာကျော် ရောက်လာသည်။

''သန်းထွန်း''

နှုတ်ဆက်ပြီး ဆိုင်ထဲသို့ဝင်လိုက်ကြသည်။ ခါတိုင်းလို အာမီရမ်တစ်လုံးနှင့် အောင်ပွဲခံကြသည်။ ငါးရှဉ့်ခြောက်စပ်၊ ကြက်သားလုံးချိချဉ်စသည်ဖြင့် အမြည်းပိုစုံအောင် မှာစားကြ၏။

အောင်သာကျော်သည် သန်းထွန်းအား နေရပ်လိပ်စာပြောသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း သူလုပ်ခဲ့သည့် အောင်မြင်သောဇာတ်လမ်းများကို ပြောပြခဲ့သည်။ ညဉ့်နက်မှ ပိုင်းသိမ်းခဲ့သည်။ ကျသင့်ငွေများ အောင်သာကျော်ရှင်းသည်။ အိမ်အတွက် စားစရာများ မှာပေးသည်။

မနက်က အလုပ်ဖြစ်သဖြင့် သန်းထွန်းအတွက် ဝေစုအဖြစ် ကျပ် ၄၀၀၀ အောင်သာကျော်က ခွဲပေးသည်။ သန်းထွန်းသည် အောင်သာကျော်ထံမှ သိမ်မွေ့သောပညာတစ်ခု ရရှိသည်ဖြစ်၍ နာရေးအိမ်များတွင် ဖဲလိုက်ရိုက်သောအလုပ်ကို စွန့်ပစ်လိုက်မည်ဟု စဉ်းစားပြီး အိမ်ပြန်လာခဲ့သည်။

+++

"တို့ဆေးကို အဒေါ်ကြီးလက်မောင်း အောင်သာကျော်ကိုင်လိုက်တဲ့အချိန် အသုံးပြုလိုက်တာလား"

ကိုကြည်သိန်းက တရားခံ သန်းထွန်းကိုဝင်ပြီး မေးခွန်းထုတ်သည်။

"ဆရာ တို့ဆေးမပါပါဘူး၊ ကျွန်တော်တို့လူတစ်ယောက်ရဲ့အာရုံကို ဖမ်းစားပြီး လိမ်တာပါ"

ကျွန်တော်ကလည်းသန်းထွန်းကို တစ်ခုမေးကြည့်သည်။

"အဖမ်းခံရတဲ့နေ့ကမင်းဘယ်ကိုသွားနေတာလဲ"

"ထမင်းပေါင်းဆိုင်ထဲမှာ ကျွန်တော်နဲ့အောင်သာကျော် တစ်နေ့ကုန်ရှိတယ်၊ ဆရာတို့ လမ်းထိပ်မှာ ခြေရှုပ်နေလို့၊ အရက်ကို အချိန်ဆွဲသောက်နေရတယ်၊ ဆရာတို့လာစားတဲ့ထမင်းပေါင်းဆိုင်လေ၊ ဆရာကြည်သိန်းတောင် ကျွန်တော့်ဆီ လှမ်းကြည့်သွားသေး"

သန်းထွန်းက ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းဖြစ်သည်။ ကိုကြည်သိန်း ခေါင်းထောင်လာသည်။

"မင်းက ငါ့နာမည်သိနေပါလား"

"အခုမှ ဗိုလ်လေးခေါ်သံကြားလို့ပါ ဆရာ၊ ဟိုတုန်းက မသိပါဘူး၊ လူကိုမှတ်မိရုံပါ"

"သေလိုက်ကွာ"

ကိုကြည်သိန်း ရေရွတ်လိုက်ခြင်းဖြစ်သည်။

တရားခံစစ်ဆေး၍ပြီးနောက် အနားခိုင်းလိုက်သည်။ အချုပ်ခန်းထဲပြန်မဝင်ခင် လက်ဖက်ရည်နှင့် မုန့်ကျွေးထားသည်။ အာမခံယူမလားဟု မေးကြည့်သည်။ ထောင်ကျမည့်အတူတူ ချုပ်ရက်ယူထားမည်ဟုပြောသည်။ ပြီးသည်နှင့် ပြန်ချုပ်ထားလိုက်သည်။ မိုးလင်းသည်နှင့် သန်းထွန်းဇနီးလည်း မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ရောက်လာတတ်သည်။

သန်းထွန်းအား ရမန်ကုန်သည့်နေ့တွင် တရားစွဲရမည်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အောင်သာကျော်ကိုမိအောင်ဖမ်းပြီး တစ်ပေါင်းတည်း တရားစွဲလိုသည်။ သို့သော် သန်းထွန်းက အောင်သာကျော်ရှိရာကို မညွှန်ပြနိုင်ပေ။

အမှုအား ဆုံးခန်းတိုင်အောင် ကျွန်တော်တို့အမှုစစ်များအနေဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ တာဝန်လည်းရှိသည်။ အောင်သာကျော်အား ဖမ်းဆီးရမိမှ တရားလို ဆုံးရှုံးသွားသော တစ်ကျပ်ခွဲသား ရွှေဆွဲကြိုးအား ပြန်သိမ်းရမည်ဖြစ်၏။

သန်းထွန်းတစ်ယောက်တည်းအား တရားစွဲပြီးလျှင် ပြီးရောဆိုသည့်မျိုး ကျွန်တော်မလုပ်နိုင်ပါ။ အမှုပေါ်ရုံမျှနှင့် မတင်းတိမ်နိုင်ပါ။

နံနက်မိုးလင်းလျှင် ကျွန်တော်နှင့် ကိုကြည်သိန်းတို့ တရားခံပြေး အောင်သာကျော်နောက်ကို လိုက်ရဦးမည်။ တာမွေအပိုင်းအနီးအနားမှ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ နံနက်ခင်းစည်ကားသောဈေးများ၊ ညအချိန် နာရေးဖြစ်သောအိမ်များသို့ လျှို့ဝှက်သောနည်းဖြင့် ရှာဖွေရဦးမည်ဖြစ်သည်။

ကိုယ့်အစွမ်းအစ ပြရဦးမည်ပင်ဖြစ်သည်။

တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရုပ္ပအေးအောင်

TMR. 011758(1215)

# ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦး (ပုတီးကုန်း)

# တိမ်ဖုံးလို့ လမသာ



www.burmeseclassic.com

www.burmeseclassic.com


ချစ်ဦးစံနှင့် နီနီထွေးတို့ သူငယ်ချင်းနှစ်ဦးမှာ မူလတန်းကတည်းက တစ်တန်းတည်း အတူနေလာရာ တက္ကသိုလ်ဝင်တန်းအထိ တစ်တန်းတည်းနေရသော သူငယ်ချင်းများ ဖြစ်ကြသည်။ ငယ်သူငယ်ချင်းများမို့ ပွင့်ပွင့်လင်းလင်း ရင်းနှီးဆက်ဆံလာသော အမှုအရာလေးများတွင် ရှိုးတိုးရှန့်တန့် အမူအရာလေးများ၊ မဝံ့မရဲအမူအရာလေးများသို့အသွင်ပြောင်းလာကြသည်။

"ဟဲ့....ထွေး၊ ဒီမှတ်စုစာအုပ်ကို ချစ်ဦးစံဆီ သွားပေးစမ်းပါဟာ"

သူငယ်ချင်း စန်းစန်းရီက ချစ်ဦးစံ၏စာအုပ်ကို လက်ဆင့်ကမ်းခိုင်းသည်။

"ဟင့်အင်း၊ နင့်ဘာသာနင် သွားပေးပါလား"

"အမယ်.....နင်ဘာဖြစ်နေတာလဲ၊ ခါတိုင်းဆို ချစ်ဦးစံဆီပဲ သွားနေပြီးတော့"

"မအားလို့ပါဟယ်"

လိုးလွှဲပြောလိုက်ရသော်လည်း ရင်ထဲတွင် ချစ်ဦးစံဆိုသောအမည်လေးကြားရရုံဖြင့် ဒိန်းခနဲဖြစ်နေတတ်သည်။ နုနယ်သော ဖြူစင်လှသည့် နှလုံးသားထဲသို့ ပန်းနုရောင်မေတ္တာရည်သွေးများ စိမ့်ဝင်သည်နှင့် သူ့မျက်နှာကို ရဲရဲမကြည့်ရဲ၊ မျက်လုံးချင်းရင်ဆိုင်ရန် ရှက်မိသလိုလို ခံစားရသည်။ သို့သော် ဦးနှောက်ထဲ၊ နှလုံးသားထဲ၊ အသွေးအသားထဲ၌ ချစ်ဦးစံမှာ အမြဲကိန်းအောင်းနေသည်။

"ထွေး.....နီနီထွေး"

"အင်....."

ကျောင်းလှေကားအဆင်း တစ်ဦးတည်းဆင်းလာသော နီနီထွေးနောက်သို့ ချစ်ဦးစံက ခေါ်ရင်းပြေးဆင်းလာသည်။ နီနီထွေးနားသို့ အရောက်တွင် ချစ်ဦးစံက နီနီထွေး၏လက်ကို ဆွဲလိုက်သည်။

"နေဦးဆို၊ နေပါဦးဟ"

"အို.....နင်ကလည်းဟယ်"

"ငါ ဝမ်းသာစရာစကားတစ်ခု ပြောမလို့ဟ"

"ပြော"

ရင်ထဲက နှလုံးခုန်သံကိုထိန်းရင်း ဟန်ဆောင်သော အသံကြမ်းကြမ်းလေးဖြင့် ပြောပစ်လိုက်သည်။

"ငါလေ ဘက်စုံထူးချွန်ဆု ရတယ်ဟ"

"ဟင်.....ဟုတ်လား"

"နင်ရော ငါရတာ ဝမ်းမသာဘူးလား"

"နင်ရရင် ငါရသလိုပဲပေါ့"

ခပ်တိုတိုဖြေရင်း ပြေးဆင်းလာခဲ့သည်။ နောက်တစ်နေ့တွင် နံနက်စောစော ကျောင်းသို့လာ၍ ချစ်ဦးစံ၏လွယ်အိတ်အတွင်းသို့ ဒိုင်ယာရီစာအုပ်အသစ်ကလေးတစ်အုပ်အား သူမ၏ လက်မှတ်လေးထိုး၍ ထိုးသွင်းထားလိုက်သည်။

**ထွေးရေ.....**

**"ငါ့အချစ်ဆုံးသူငယ်ချင်းမို့ ငါ့ကို ထာဝရသတိရနေနော်။ မြောက်ဘက်အရပ်က စွပ်ကြယ်ကြီး တောင်ဘက်မှာထွန်းလင်းလာမှ ငါ့ကိုမေ့နော်။"**

ဒိုင်ယာရီစာအုပ်၏ ပထမဆုံးစာမျက်နှာ၌ လက်ရေးလှလှလေးဖြင့် ရေးထားသည်ကို နီနီထွေးအား ချစ်ဦးစံက ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်...စာရွက်ကမွှေးလိုက်တာ၊ ဒီစာတန်းလေးကို ပထမစာမျက်နှာမှာ စာအုပ်ပိုင်ရှင်က ရေးပြီးရင် ငါက နင့်ရဲ့စာအုပ် နောက်ဆုံးစာမျက်နှာမှာ ငါရေးချင်တာ ရေးခွင့်ပေးနော်"

"အေး၊ ရေးပါ"

**ချစ်ဦးစံရေ.....**

**"နင်က ရှံ့ကြယ်ကြီးဖြစ်ရင်လေ ငါက ဖိုးလမင်းကြီးအဖြစ် အမြဲထွန်းလင်းနေမှာပေါ့။"**

တစ်ဦးနှင့်တစ်ဦး သံယောဇဉ်လေးများ ပိုမိုခိုင်မြဲလာပြီး အချစ်ဆိုသော နယ်ပယ်သစ်ဆီသို့ ခြေလှမ်းများ စတင်ခဲ့ကြသည်။

"ထွေး....."

"ရှင်....."

"ကိုယ်တော့ လွမ်းရဦးတော့မှာပဲနော်"

"အလွမ်းတွေကို အချိန်နဲ့ကုစားရင်း ရည်မှန်းချက်ကိုရောက်အောင် သွားရမှာပေါ့ ချစ်ဦးစံရယ်"

စီးပွားရေးတက္ကသိုလ်သို့တက်ရန်အသွား နီနီထွေးက ချစ်ဦးစံကို အားပေးရင်း နှုတ်ဆက်ခွဲခွာခဲ့သည်။

နီနီထွေးမှာ ဆင်းရဲသောမိခင်ကိုညှာ၍ အဝေးသင်သာ တက်ဖြစ်ခဲ့သည်။ တစ်နေကုန် ဈေးထွက်ရောင်းရသော မိခင်ကြီးအား ကူညီပံ့ပိုးသည့်အနေဖြင့် နီနီထွေးက စက်ချုပ်သည်။ မိမိဝင်ငွေကို ကြိုးကြိုးစားစားရှာဖွေ၍ ကျောင်းစရိတ်ရှာသည်။ မိခင်ကိုကူညီသည်။ ပထွေးဖြစ်သူမှာ အရက်သမားကြီးဖြစ်၍ သားအမိနှစ်ဦးက မိသားစုအိမ်စရိတ်ကို ခက်ခက်ခဲခဲရှာရင်း ပညာသင်နေရသူဖြစ်သည်။

"ချစ်ဦးစံရေ.....ငါ့ဘဝက ခရောင်းလမ်းကိုလျှောက်နေရသူပါ၊ ငါအားငယ်မိတဲ့အချိန်တိုင်း နင့်ကို ပိုပြီးသတိရတယ်လေ"



သမီးဖြစ်သူမှာ ရှင်းပြရန်အချိန် မပေးလိုက်ပါ။ သံသယစိတ်က မိခင်ကြီးကို အမှောင်အတွင်းသို့ ဆွဲသွင်းလိုက်သည်။ ကြမ်းပေါ်ရှိ ထင်းခုတ်ဓားကြီးဖြင့် ပထွေးဖြစ်သူအား

ooo

www.burmeseclassic.com

www.burmeseclassic.com


တစ်ညတွင် ပြတင်းတံခါးမှ လမင်းကြီးကို မော့ကြည့်ရင်း စူဝံကြယ်ကြီးကို ရှာလိုက်သည်။

''ဪ.....စူဝံကြယ်ကြီးဘေးမှာ မိတ်တုတ်မိတ်တုတ်နဲ့ ကြယ်လေးတစ်ပွင့် နီးနီးကပ်ကပ် ရှိနေပါလား''

နီနီထွေးက ထိုကြယ်ပွင့်လေးကိုကျိန်ဆဲမိလိုက်သည်။ သူ့ဘေးမှာ ဘာကြောင့်ထွန်းလင်းနေတာလဲ။

လသာသောညတိုင်း မအိပ်နိုင်သူမှာ နီနီထွေးပင်။ ထွေရာလေးပါး စဉ်းစားရင်း စိတ်ကူးယဉ်အိပ်မက်လေးများ မက်နေမိသည်။

တိမ်တွေအကြား ချစ်ဦးစံနှင့် ပြေးလွှားဆော့ကစားနေမိသည်။

''ဟဲ့.....နီနီထွေး၊ လာစမ်း''

ပထွေးဖြစ်သူက အာကြမ်းလျှာကြမ်းဖြင့်ခေါ်ငင်ကာ မူးပြီးရစ်ပါတော့သည်။

''နင့်စက်ချုပ်ခငွေကိုပေးစမ်း''

''မရှိပါဘူး ဦးလေးရယ်၊ ဒီလကုန် ကျောင်းမှာငွေသွင်းရဦးမှာပါ''

''နင်ပညာတတ်တော့ရော ငါတို့စားရမှာမို့လား၊ ငါ့အရက်ဖိုးလေးနည်းနည်းတောင်းတာတောင် နင်က မပေးချင်ဘူး''

''မဟုတ်ပါဘူး ဦးလေး၊ တကယ်မရှိလို့ပါ''

''မလိုချင်ဘူး၊ နင်သေချင်လို့လား၊ ပေးစမ်းဆို.....ခုပေး''

တုတ်ဆွဲ၊ ဓားဆွဲလုပ်လာရာ နီနီထွေးမှာ ကြောက်လွန်း၍ စုဘူးလေးကို ဝှက်ထားရာနေရာမှပြေးဖွင့်ပြီး ငွေကျပ် ၁၅၀၀ ကို ပေးလိုက်ရသည်။

''ဒါအကုန်ပဲလား''

''အကုန်ပါပဲ၊ မရှိတော့ဘူး''

အရက်သမား ပထွေးဖြစ်သူမှာ နီနီထွေး ပင်ပင်ပန်းပန်းရှာထားသော စက်ချုပ်ခလေးအား ခါးပိုက်ထောင်အတွင်းထည့်၍ အရက်ဆိုင်ဘက်သို့ လှမ်းခဲ့လေတော့သည်။

+++

''သမီးရေ.....သမီး''

''ရှင်.....အမေ''

ဈေးတောင်းခွဲလေးကို လေ့ကားရင်း၌ ပစ်ချရင်း အိမ်ပေါ်သို့ တစာစာခေါ်နေသည့် အမေ့အသံမှာ တုန်ယင်လို့က်မောနေသည်။

''သမီး စက်ချုပ်နေလို့ပါ၊ လာပါပြီ အမေ''

အကျီစကို စက်ပေါ်တင်ပြီး အမေ့ဆီသို့ ပြေးဆင်းလာခဲ့သည်။

''သမီးရယ် ချက်ချင်းမထူးတော့ အမေက စိတ်ပူသွားလို့ပါ''

''ဪ.....သမီးက အရွယ်ရောက်နေပြီပဲ၊ ဘာမှစိတ်ပူစရာမရှိပါဘူး''

''သမီးလေးရယ် အပျိုလေးကို ပထွေးအရက်သမားနဲ့ အိမ်မှာထားခဲ့ရတဲ့ အမေ့မှာ စက္ကန့်နဲ့အမျှ စိုးရိမ်နေရပါတယ် သမီးရယ်''

''ဪ.....ဦးလေးက မဆိုးလှပါဘူး၊ အရက်ဖိုးတောင်းရင်သာ ကြောက်ဖို့ကောင်းတာပါ''

''အင်း.....လူ့စိတ်ဆိုတာ အရက်ဝင်သွားရင် ခွေးစိတ်ပဲရှိတာ၊ ဖအေလိုဘယ်မေတ္တာထားနိုင်မှာလဲ သမီးရယ်၊ သတိဝီရိယနဲ့ နေပါနော်၊ အမေက ပိုက်ဆံရှာနေရတဲ့သူ၊ စိတ်မချဘူး သမီးရယ်''

''အမေရယ် ကိုယ့်ကိုယ်ကိုယ်တော့ အတတ်နိုင်ဆုံး ထိန်းနေပါ့မယ်၊ အမေသာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မဖြစ်ပါနဲ့၊ အေးအေးချမ်းချမ်းနေပါ''

မိခင်ကို စိတ်ချမ်းသာစေရန် ပြောသော်လည်းအရက်မူးလာသော ပထွေးကိုမြင်လျှင် နီနီထွေးတစ်ယောက်မှာ ကြောက်ဒူးတုန်နေရှာသည်။ သူမ၏ဘဝ၌ အားငယ်ခြင်း၊ စိုးရိမ်ကြောက်လန့်ခြင်း၊ ပူပန်ခြင်းများနှင့် လောကဓံ၏နှိပ်စက်မှုကို ငယ်ငယ်ရွယ်ရွယ်လေးနှင့် ခါးသီးစွာခံစားနေရရှာသည်။

သို့ဖြင့် နံနက်လင်းသည်နှင့် ဈေးရောင်းထွက်သူက အမေ၊ သမီးဖြစ်သူက ထမင်းချက်၊ စက်ချုပ်ရသည်။ ပထွေးကား အရက်ဆိုင်မှာထိုင်၊ ထမင်းပြန်စား၊ တစ်နေ့လုံးအိပ်၊ ညနေစောင်း အရက်ဆိုင်ပြန်သွားဖြင့်သာ အချိန်ဖြုန်းနေသည်။

+++

''ဝေါ့.....ဝေါ့.....ဝေါ့''

''ဟင်.....သမီး''

အပြင်ထွက်အန်နေသောသမီးအား ဈေးရောင်းရာမှပြန်လာသူ မိခင်က ပြေး၍ ကျောကိုဖိပေးသည်။

''သမီးလေးသက်သာရဲ့လား''

''အင်း...သက်သာပါတယ်

www.burmeseclassic.com

www.burmeseclassic.com



အမေ''

''ညည်း လစဉ် သွေးသားမှန်ရဲ့လား''

''အင်း...မမှန်တာနှစ်လရှိပြီ အမေ''

''ဟင်.....ဘုရား....ဘုရား''

မိခင်ကြီးက သမီး၏ပခုံးအား ကြမ်းကြမ်းတမ်းတမ်းဆွဲ၍ လှုပ်ခါပစ်လိုက်သည်။

မိမိထက်အသက်ငယ်သော လင်သားအား ပထွေးတော်ထားရသူဖြစ်၍ သမီးလေးအတွက် အမြဲမပြတ် စိုးရိမ်စိတ်ကရှိနေသည်။ မိမိသမီး အော့အန်မှု၊ သွေးသားမညီညွတ်မှုကို ကြားမြင်တွေ့ကြုံလိုက်ရသည့်အခါ မိုးမီးလောင်သွားသည်။

''နင်.....နင့်ကို သူစော်ကားလိုက်သလား''

''ဟင့်အင်း.....''

''ဒါ.....ဒါဆို နင် ဘယ်သူနဲ့ဖြစ်သလဲ''

''အို မဟုတ်တာတွေ အမေရယ်''

''ဒါဆို နင်တို့ ငါမရှိတုန်း ကြည်ဖြူနေကြတာလား''

''အမယ်လေး.....မပြောပါနဲ့ အမေရယ်၊ ရှက်လွန်းလို့ပါ''

''ဟဲ့.....နင်လား ရှက်တာ၊ အရှက်မရှိလို့ အခုလို ဖြစ်လာရတာပေါ့''

''အို...အမေ သမီးဘာမှမဖြစ်ပါဘူး။ မအော်ပါနဲ့၊ သူများတွေကြားရင် တကယ်ထင်နေပါ့မယ်''

မိခင်ဖြစ်သူမှာ မေးမရ၍ သမီးဖြစ်သူအား တဖြန်းဖြန်းနှင့် ပါးကို လိုမ့်ရိုက်ပစ်သည်။ ကျောကိုထုသည်။ ငါးဖယ်လိုထုထောင်းပြီးမှ ငို ကြီးချက်မနှင့်ပြောပြန်သည်။

''ငါ့နှလုံးသားတွေကြေကွဲကုန်ပြီ၊ ငါ့ဘဝတစ်လျှောက်လုံး နင့်ကိုစောင့်ရှောက်ခဲ့တာ၊ အခုမှ နင့်ဘဝကြီး ပျက်ရတယ်၊ ငါသေမှအေးမယ်ဟဲ့''

''အမေ...အမေရယ် သမီးကိုသတ်လိုက်ပါ၊ အမေကျေနပ်အောင်လုပ်ပါ၊ သမီး ဘယ်သူနဲ့မှ မဖောက်ပြန်ဘူး၊ ဘာမှလည်းမဖြစ်ပါဘူး အမေ''

''ဟဲ့.....ဘာမှသာမဖြစ်တယ်၊ သွေးသားမပေါ်တာ၊ အော့အန်တာတွေက အကောင်အထည်ပြတော့မယ်ဟဲ့''

''အို....တိုးတိုးပြောပါ အမေရယ်၊ သမီးရှက်လွန်းလို့ပါ''

သားအမိနှစ်ဦး အိမ်တွင်းရေးတိုက်ပွဲဖြစ်နေစဉ် ပထွေးဖြစ်သူမှာ ဒယီးဒယိုင်ဖြင့် ဝင်လာသည်။

''ဟော့.....ဆူလှချည်လား၊ အရက်ကလေးသောက်ပြီး ဆက်ရက်မင်းစည်းစိမ်ခံမလို့ဟာ''

''ဩော်.....ရှင်က စည်းစိမ်တွေ ရစ်ပြီးရင်းရစ်ချင်နေတာပေါ့၊ ရှင့်လိုလူကို လင်လုပ်မိတာ မှားတာပဲ''

ပထွေးဖြစ်သူမှာ မိခင်ကြီး၏ စကားကြောင့် အမူးပြေသွားပုံပေါ်သည်။

''နင်..နင်က ဘာလို့ ငါ့ကို ဒီလို ပြောရတာလဲ''

''ဩော်.....ရှင်က အခုမှ သူတော်ကောင်းယောင်ဆောင်နေတာပေါ့လေ''

''မင်း.....မင်း ဘာတွေပြောနေတာလဲ''

''အမေ ...အမေ ဦးလေးကို ...''

သမီးဖြစ်သူမှာ ရှင်းပြရန်အချိန် မမီလိုက်ပါ။ သံသယစိတ်က ဒေါ်ရွှေမှုင် (ခ) မိခင်ကြီးကို အမှောင်အတွင်းသို့ ဆွဲသွင်းလိုက်သည်။ ကြမ်းပေါ်ရှိ ထင်းခုတ်ဓားကြီးဖြင့် ပထွေးဖြစ်သူအား ဆတ်ခနဲ ခေါင်းပေါ်သို့ ခုတ်ချလိုက်သည်။

''အား.....''

''အမယ်လေး.....မလုပ်ပါနဲ့ အမေရဲ့''

ပထွေးဖြစ်သူမှာ မျက်လုံးကြီးပြူးကာ လန်ကျသွားသည်။ ဓားတန်းလန်းနှင့် ဦးခေါင်းမှသွေးများယိုစိမ့်ကျလာသည်။ ကြမ်းပြင်မှတစ်ဆင့် ကြမ်းကြား၊ ယင်းမှ မြေပြင်ပေါ်သို့ တစက်စက်ကျနေတော့သည်။

''အမေ.....အမေ''

''ဟင်.....''

''အမေမှားပြီ၊ ဦးလေးက ဘာမှမလုပ်ပါဘူး၊ သူက အရက်ပဲသောက်တာပါ''

''ညည်း.....ညည်း ဘာတွေလုပ်ခဲ့လဲ''

''ဘာမှမလုပ်ဘူး''

''ဟင်...နင့်...နင့်ကိုမယုံဘူး''

မိခင်က စိတ်မချမ်းမြေ့သူကဲ့သို့ တဆတ်ဆတ်တုန်၍ ခုန်ရင်းအော်နေရာ မကြာကလွန်း၍ နီနီ



ဒီကလေးမက ကိုယ်ဝန်ရှိတယ်လို့ပြောတယ်၊
ကျွန်တော် တောင်အံ့အားသင့်တယ်၊
ဒီကလေးမက အပျိုရည်တောင်မပျက်သေးဘူးဗျ၊
သွေးသားမမှန်တာ စိတ်ကြောင့်ဖြစ်နိုင်တယ်၊
သူ့စိတ်မှာ စိုးရိမ်ပူပန်မှုတွေများပြီး
သဘာဝအတိုင်း . . .

ထွေးမှာ ရွာထဲသို့ပြေးထွက်ခဲ့လေတော့သည်။

+++

''ဟဲ့.....ရွာထဲက ဒေါ်ရွှေမျှင်က သူ့ယောက်ျားကို ဓားနဲ့ခုတ်လို့သေပြီတဲ့''

''ဟယ်.....ဘာလို့ခုတ်တာလဲ''

''သူ့သမီးကို စော်ကားလို့တဲ့''

''အရက်သမားနဲ့ နှစ်ယောက်တည်းထားခဲ့တာကိုး''

နီနီထွေးမှာ ရွာထဲမှ သတင်းစကားများကြောင့် မိမိနားကိုပိတ်၍ ငိုသာငိုနေတော့သည်။ သူမအိမ်သို့မပြန်ရဲ၊ မိခင်ကြီးကို ရဲများဖမ်းသွားကြောင်း၊ ပထွေးကို ရဲဆေးစာဖြင့် ဆေးရုံပို့၍ ဆေးရုံမှ သင်္ဂြိုဟ်လိုက်ကြကြောင်းသာသိပြီး သူမ၏အဒေါ်အိမ်၌ခိုအောင်းနေရှာသည်။ ထမင်းမစား၊ ရေမချိုး ငို၍သာနေရှာသည်။ အဒေါ်ဖြစ်သူက ချော့ချော့မော့မော့ ဖျောင်းဖျတတ်၍ အနည်းငယ်စကားပြောလာသည်။

''ထွေးရယ် ထမင်းလေးထစားပါဦး''

''ကြောက်တယ် ဒေါ်လေး''

''ဘာကိုကြောက်စရာရှိလဲ၊ ဒေါ်လေး အနားမှာရှိနေတာပဲ''

''အမေ့ကိုလည်းကြောက်တယ်၊ အမေက စိတ်ဆိုးနေမှာ''

''ဩော်.....စိတ်မဆိုးပါဘူး၊ ထွေးကိုအရမ်းချစ်ပါတယ် သမီးရယ်''

''အမေရောဟင်''

နီနီထွေးမှာ စိတ်ကစဉ့်ကလျားဖြစ်နေ၍ မိခင်ကြီးအား ဖမ်းသွားသည်ကို မပြောရက်ပေ။

''သူ့အမှားကြောင့် ဥပုသ်ရက်ရှည်စောင့်နေတာ သမီးရဲ့''

နီနီထွေးမှာ အမှန်တရားကို စဉ်းစားတွေးတောတတ်ဟန်မရှိဘဲ မျက်လုံးလေးပြူးကြောင်ကြောင်နှင့်သာ အားငယ်စိုးရွံ့နေရှာသည်။ အဒေါ်ဖြစ်သူမှာ ငွေကြေးအနည်းငယ်ပြည့်စုံ၍ နီနီထွေးအား စိတ်ရောဂါကိုယ်ပါ ကျန်းမာစေရန် မြို့သို့ တက်၍ ဆေးခန်းပြပေးရှာသည်။

''ဒေါက်တာကြီးရယ် သမီးကကလေးရှိနေတာ နှစ်လနီးပါးမို့ အားပြတ်နေတယ်ထင်တယ်၊ အမြဲလည်းကြောက်ရွံ့ထိတ်လန့်နေတယ်ဆရာ''

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က နီနီထွေးအား အသေအချာ စမ်းသပ်သည်။ ယင်းနောက် လူနာရှင်များအား အပြင်ထွက်ခိုင်း၍ နာ့စ်မတစ်ဦးအား အသေအချာစမ်းသပ်ခိုင်းသည်။

''လူနာရှင်တွေလာပါ''

''ဒေါက်တာ သူ့အခြေအနေက ဘယ်လိုလဲဟင်''

''အင်း.....ခင်ဗျားတို့ပြောတော့ ဒီကလေးမက ကိုယ်ဝန်ရှိတယ်လို့ပြောတယ်၊ ကျွန်တော်တောင်အံ့အားသင့်တယ်၊ ဒီကလေးမက အပျိုရည်တောင် မပျက်သေးဘူးဗျ၊ သွေးသားမမှန်တာ စိတ်ကြောင့်ဖြစ်နိုင်တယ်၊ သူ့စိတ်မှာစိုးရိမ်ပူပန်မှုတွေများပြီး သဘာဝအတိုင်း သွေးသားမမှန်တာ သဘာဝပါပဲ၊ ဖြစ်တတ်ပါတယ်''

''အန်တာရော ဆရာ''

''အန်တာက ရှင်းရှင်းလေးပါ၊ အစာမကြေလို့ပါ၊ ရာသီအေးတဲ့အချိန် ဝက်သား၊ ချဉ်ပေါင်၊ မျှစ်စသဖြင့် အစာမကျေညက်နိုင်တာတွေ စားမိရင် အန်တာ သဘာဝပါပဲ၊ သူက စိတ်ကြောင့်ဖြစ်ရတာပါ၊ အားဆေးပုံမှန်သောက်၊ သံဓာတ်ပါတဲ့ ဟင်းနုနွယ်၊ ဘူးရွက်တို့ကျွေး၊ ဥနဲ့ နို့၊ အသားတွေလည်း စားချင်တာစားပါစေ၊ အာဟာရလည်းပြတ်နေရှာတယ်''

''ဟင်.....ဒါ...ဒါဆို တကယ်ကိုယ်ဝန်ရှိတာမဟုတ်ဘူးပေါ့နော်''

''တကယ်ပါဗျာ၊ အန်တိုင်း၊ ရာသီမှန်တိုင်းကိုယ်ဝန်မရှိပါဘူး၊ ဒီကလေးမမှာရည်းစားတောင်ရှိရဲ့လား''

လူတို့အမြင်၊
လူတို့အတွေး၊
လူတို့၏
သံသယတို့မှာ
အမှန်တရားဘက်သို့မရှိ။
နီနီထွေး၏
ဖြူဖြူစင်စင်
ဘဝလေးအား
အရောင်ဆိုးခဲ့လေပြီ
...



www.burmeseclassic.com

www.burmeseclassic.com


နီနီထွေးမှာ ရှက်သွေးဖြာရပါတော့သည်။ သမီးမှာ ရည်းစားရှိတယ်၊ အဝေးမှာဟု ပြောလိုက်ချင်သည်။ သို့သော်.....

+++

နီနီထွေးတို့တူအရီးနှစ်ဦး ရွာသို့ပြန်လာကြသည်။ ဒေါ်လေးဖြစ်သူ၏မျက်နှာမှာ ကြည်လင်ဝင်းပနေသည်။ မိုးသားတိမ်ရိပ်များ မည်းမှောင်ဖုံးလွှမ်းနေခဲ့သော နီနီထွေး၏မျက်နှာလေးမှာ ပြန်လည်လန်းဆန်းလာသည်။ သို့သော် လူတို့အမြင်၊ လူတို့အတွေး၊ လူတို့၏သံသယတို့မှာ အမှန်တရားဘက်သို့မရှိ။ နီနီထွေး၏ ဖြူဖြူစင်စင်ဘဝလေးအား အရောင်ဆိုးခဲ့လေပြီ။ ကံတရားကိုပင် အပြစ်တင်ရပေမည်။ အရောင်ဆိုးပြီးသား ပိတ်စလေးကား နဂိုအတိုင်း ဖြစ်မလာတော့ပေ။

''ဟေ့.....ထွေးရေ....ထွေး''

သူငယ်ချင်းမလေး မြို့မှပြန်လာပြီး ချစ်ဦးစံတို့ ကျောင်းပြီးသွားပြီး မကြာမီပြန်လာတော့မည့်အကြောင်း လာ၍ပြောရှာသည်။

''ကြောက်တယ် စိမ့်စိမ့်ရယ်''

''ဘာကြောက်ပြန်တာလဲ ..ထွေး ရဲ့''

''ငါ့ဘဝကိုသူယုံမှာလားဟင်''

''ဟာ...သူကတကယ်ချစ်ရင် ယုံရမှာပေါ့''

နီနီထွေးမှာ ချုံးပွဲချ၍ ငိုပြန်သည်။ မိခင်ကြီးမှာ ထောင်ကျနေသည်။ ပထွေးမှာ မိခင်သတ်၍သေ



ဘဝတစ်သက်လုံး
ကြောက်ရွံ့အားငယ်စိတ်၊
စိုးရွံ့စိတ်များဖြင့်
စိတ်မကျန်းမာခြင်းမှ
နလုံးထိခိုက်ပြီး
စိတ်အဆင်းရဲဆုံးအချိန်
ဖြစ်နေစဉ်တွင်
ချစ်သူပေါ်လာသောကြောင့်
လမင်းကြီးအလင်းကို
ရမည့်အချိန်
နီနီထွေးကား
ဘဝအမှောင်ထဲသို့
...

www.burmeseclassic.com



သည်။ သူမမှာ မှဲ့စွန်းခဲ့လေပြီ ဟူသော အမြင်များကြားမှ လူသားတစ်ဦး။ သူမဘဝကြီး၏ အကျည်းတန်မှုသည် ချစ်ဦးစံလို ပညာတတ်လုလင်ပျိုနှင့် မလိုက်ဖက်ကြောင်း နီနီထွေး သိရှိနားလည်လာသည်။ ထိုအသိက နေ့စဉ် နှိပ်စက်လေတော့သည်။

+++

စိမ့်စိမ့်မှာ မြို့သို့ပြန်သွားပြီး ချစ်ဦးစံနှင့် သွားရောက်တွေ့ဆုံသည်။

''ချစ်ဦးစံ''

''ဟင်.....''

''နင်တွေးနေတာ ငါရိပ်မိပါတယ်၊ နင် စဉ်းစားနေပြီမဟုတ်လား''

ချစ်ဦးစံက မြေကြီးကို တုတ်တစ်ချောင်းနှင့် အဓိပ္ပာယ်မဲ့ ခြစ်နေသည်။

''ငါ သူ့ကို တကယ်ချစ်ခဲ့တာပါ''

''ငါယုံပါတယ်၊ နင်ချစ်သလို သူလည်း နင့်ကို လွမ်းလွမ်းဆွေးဆွေး ချစ်နေရှာတာ''

''ငါ.....ငါ မပြောတတ်ဘူး၊ ရင်ထဲမှာ အရမ်းခံစားရတယ်၊ နာနာကျင်ကျင်ခံစားရတာ၊ ငါ့မိဘတွေဘက်ကတွေးရင်လည်း မချိမဆံ့ခံစားနေရတယ်''

''အေးပေါ့လေ၊ နင်နဲ့သူ့ဘဝကံအကြောင်းက ဆုံစည်းနိုင်ဖို့ အတော်ခက်ခဲတာပဲကိုး''

''ဘယ်မိဘက ဒီလိုမိန်းကလေးဘဝနဲ့ ပေါင်းစပ်ခိုင်းမှာလဲ စိမ့်စိမ့်ရယ်၊ ငါရင်နာတာ အဲဒါပဲ''

''နင်သူ့ကို တစ်ခါလောက်တော့ သွားတွေ့ပြီး အားပေးလိုက်စေချင်တယ်''

ယောကျ်ားတန်မဲ့မျက်ရည်များ ခိုးသုတ်နေသော ချစ်ဦးစံကို နားလည်သောအသိဖြင့် ကြည့်ရင်းသက် ပြင်းချမိသည်။

+++



လေသည် လေပြည်လေးသွဲ့ကာ တိုက်နေသည့် ဥနှဲပင်ကြီး၏ စိမ်းညို့ညို့အရိပ်က စမ်းချောင်းလေးတစ်ဝိုက်၌ အေးမြနေသည်။ သစ်ငုတ်ကြီးပေါ်၌ မှီတွဲထိုင်နေသူ နီနီထွေးမှာ စမ်းရေပြင်ကိုငေးကြည့်နေရှာသည်။ စမ်းရေထဲသို့ ကျောက်ခဲလေးပစ်ထည့်လိုက်သည်။

''ပလုံ.....''

အသံလေးမြည်ကာ လှိုင်းဂယက်လေးများဝိုင်းကာ ဝေ့ဝဲသွားသည်။ စမ်းရေပြင်ကား အနည်းငယ် နောက်သွားသည်။

''ဟင်း...ဟင်း....ဟင်း''

နီနီထွေးမှာ အသံသဲ့သဲ့ဖြင့် ရယ်လိုက်သည်။

''သြော်.....ငါ့ဘဝဟာ တည်ငြိမ်နေပါလျက်နဲ့ နှောက်တဲ့လူက နှောက်တယ်၊ လှိုင်းထလာတယ်၊ လူတွေက အရောင်ဆိုးတယ်၊ ငါ့ဘဝကြီး မည်းမှောင်လို့ အားလုံးက ရှောင်ဖယ်ကုန်တယ်၊ အဖေမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝဟာ
တည်ငြိမ်နေပါလျက်နဲ့
နောက်တဲ့လူက
နောက်တယ်၊
လှိုင်းထလာတယ်၊
လူတွေက
အရောင်ဆိုးတယ်၊
ငါ့ဘဝကြီးမည်းမှောင်လို့
အားလုံးက
ရှောင်ဖယ်ကုန်တယ်၊
အဖေမရှိ၊ အမေမရှိ၊
ဝန်းကျင်ရဲ့အပယ်ခံဘဝ၊
ငါဘာလုပ်မလဲ . . .

အမေမရှိ ဝန်းကျင်ရဲ့အပယ်ခံဘဝ၊ ငါဘာလုပ်မလဲ၊ ဒီလောကကြီးက ငါ့ကိုလက်မခံတော့ဘူး၊ ငါ့ချစ်သူကရော လက်ခံနိုင်ပါ့မလား၊ ငါကရော ပေးဆပ်ဝံ့ပါ့မလား၊ ငါဘာလုပ်ရမလဲ''

နီနီထွေးမှာ စဉ်းစားရင်း ငိုသည်။ ရှိုက်၍ရှိုက်၍ငိုသည်။ စမ်းချောင်းလေးကား တငြိမ့်ငြိမ့်စီးဆင်းနေသည်။ ကျေးငှက်တို့ တွန်ကျူးနေသည်။ တောပန်းလေးများကား သင်းပျံ့ကြိုင်လှိုင်စွာ ဖူးပွင့်နေသည်။ သည်ပတ်ဝန်းကျင်လှသလောက် နီနီထွေး၏ဘဝကား အရုပ်ဆိုးလှသည်။ နီနီထွေးမှာဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာချလိုက်ပြီး ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ အံကိုတင်းတင်းကြိတ်သည်။ အမေနှင့်အဖေ့ကို စိတ်ထဲမှမှန်း၍ ဦးချသည်။ ယင်းနောက် စမ်းချောင်းအတွင်းသို့ခုန်ချရန် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းချိန်.....

''ဟေ့.....ထွေး.....ထွေးရေ''

''ဟင်.....ချစ်ဦးစံ''

ပြေးလာသော ချစ်ဦးစံ၏ရင်ခွင်ထဲသို့ ဦးတည်ကာ ပြေးဝင်လိုက်သည်။ ယင်းနောက် ကလေးငယ်လေးပမာ ချုံးပွဲချငိုကြွေးလိုက်သည်။

''ထွေး.....ထွေးရယ်၊ သနားလိုက်တာကွာ''

ချစ်ဦးစံမှာ အားငယ်ညှိုးလျှနေသော နီနီထွေး၏မျက်နှာလေးအား ယုယကြင်နာစွာ ကြည့်လိုက်သည်။

''ဖိုးလမင်းကြီးကို တိမ်ဖုံးလို့ မည်းမှောင်နေပေမယ့် ဘေးက ဓူဝံကြယ်ကြီးက အလင်းပေးနေမှာပါ ထွေးရယ်''

နီနီထွေးကား မဖြေပါ။ ခေါင်းလေးသာ ချစ်ဦးစံ၏ရင်ခွင်ထဲ၌ နိုဝှက်ကာ ငြိမ်နေသည်။ ချစ်ဦးစံ၏အင်္ကျီ၌ နီနီထွေး၏မျက်ရည်များ စွန်းထင်နေ၍ စိုစွတ်လျက်ရှိသည်။

''ထွေး....ထွေး မော့ကြည့်ပါဦး ထွေးရဲ့၊ ထွေးအားကိုးဖို့ ကိုယ်လာပြီလေ၊ အရာရာစွန့်လွှတ်စွန့်စားဖို့ ဆုံးဖြတ်ပြီးလာခဲ့တာပါ၊ ကိုယ့်ရဲ့ဘဝဟာ ထွေးပါ၊ မော့ပါဦး ထွေးရယ်''

နီနီထွေးထံမှ မည်သည့်အသံမှ မကြားရပေ။

''ဟင်.....ထွေး.....ထွေး''

နီနီထွေးမှာ ဇက်ကျိုးကျနေပြီဖြစ်သည်။ ချစ်ဦးစံ၏စကားများကို အားလုံးကြားခဲ့လေသည်လား၊ မကြားခဲ့ဘူးလား မည်သူမျှမသိနိုင်ပါချေ။ ဘဝတစ်သက်လုံး ကြောက်ရွံ့အားငယ်စိတ်၊ စိုးရွံ့စိတ်များဖြင့် စိတ်မကျန်းမာခြင်းမှ နှလုံးထိခိုက်ပြီး စိတ်အဆင်းရဲဆုံးအချိန်ဖြစ်နေစဉ်တွင် ချစ်သူပေါ်လာသောကြောင့် လမင်းကြီးအလင်းကို ရမည့်အချိန် နီနီထွေးကား ဘဝအမှောင်ထဲသို့ လုံးဝကျရောက်ခဲ့ပြီဖြစ်ပါတော့၏။

ခင်ဦး (ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# သန်းမြင့်ဦး

## ကံဆိုးမသွားလေရာ

www.burmeseclassic.com

www.burmeseclassic.com



""မောင်""

""ပြော""

""မိ ဒီည ပြန်မလာတော့ဘူး နော်၊ ဒီမှာ မိရဲ့သူငယ်ချင်းတွေက အိမ်မပြန်ရတော့ဘူးဆိုပြီး မိကို အတင်းဆွဲခေါ်ထားကြတယ် မောင် ရဲ့၊ အဲဒါ မိ ဒီညအတွက် မောင့် ကိုလှမ်းပြီး အကြောင်းကြားတာ""

မောင်မောင် သက်ပြင်းတစ် ချက်ကိုသာ အသာချလိုက်မိသည်။ တစ်နေကုန်တစ်နေခန်း ကားပွဲစား အလုပ်နှင့် ဂျင်ခြေလည်နေပြီး အိမ် ပြန်ရောက်လျှင်အေးအေးဆေးဆေး အနားယူမည်ဆိုသည့် အကြံတို့မှာ တစ်ခါတည်း ပျက်ပြယ်သွားရပါ တော့သည်။

သည်လိုပါပဲ။ မိမိလှိုင်သည် မကြာခဏဆိုသလိုပင် အကြောင်း ပြချက်အမျိုးမျိုးပြပြီး အိမ်ကနေလစ် ထွက်သွားတတ်သည့် အကြိမ်ပေါင်း က မနည်းပါလေတော့။ အမှန်စင် စစ် မိမိလှိုင်သည် သူ့အပေါင်း အသင်းတွေ၏ အိမ်တကာလည်၍ ဖဲလျှောက်ရိုက်နေခြင်းသာဖြစ်သည်။ မိဘချင်းသဘောတူ၍ မိမိလှိုင်နှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့ရခြင်း ဖြစ်သည်။ အစတုန်းက မိမိလှိုင် သည် ရိုးရိုးအေးအေးသာဖြစ်သည်။ သို့သော် အပေါင်းအသင်းကောင်း မှုကြောင့် လောင်းကစားဘက်သို့ စိတ်ပါသွားတော့၏။

ကြာတော့လည်း မောင်မောင် သည် မိမိလှိုင်အပေါ်တွင် စိတ်ပျက် ချင်လာမိသည်။ သို့သော် နှုတ်မှဘာ တစ်ခွန်းမှ အပြစ်မတင်ဘဲ သည် နေ့၊ သည်အချိန်အထိ သည်းခံ စိတ်ကို မွေးထားလိုက်မိသည်။ တစ် နည်းအားဖြင့် မိမိလှိုင် နောင်တရ ပြီး ခြေငြိမ်ကျသွားမည့် အချိန် ကာလကို စိတ်ရှည်လက်ရှည်ဖြင့် စောင့်ဆိုင်းနေလိုက်ခြင်းဟုဆိုက မှားမည်မဟုတ်ပါ။

""ဟုတ်ပြီနော် မောင်၊ ဒီနေ့ အတွက်တော့ မောင် ဆိုင်မှာပဲ ဝယ်စားလိုက်တော့နော်""

သည့်နောက်တော့ မိမိလှိုင် သည် မောင်မောင့်ဆီက စကားပြန် အပြောကိုပင် မစောင့်နိုင်တော့ဘဲ ဖုန်းကိုချသွားပါ၏။ မောင်မောင် သည် ဖုန်းကိုကိုင်ပြီး အခိုက်အတန့် မျှ ငိုင်တွေနေမိသေးသည်။ နောက် တော့မှ ပင့်သက်တစ်ချက်ရှိုက်ပြီး ဖုန်းကိုပြန်ချထားလိုက်သည်။

သည်ပုံစံအတိုင်းဆိုလျှင် သည် ညလည်း သူ့အဖို့ အထီးကျန်ဇာတ် လမ်းကို ဆက်ရပေဦးမည်။ စိတ် ပျက်စရာကောင်းလိုက်ပါဘိတော့။ အမှတ်တမဲ့ နာရီကိုကြည့်မိသည်။ ညနေ ၄ နာရီကျော်ကျော်ပဲရှိသေး သည်။ သို့ဆိုပါမူ ၆ နာရီခွဲပွဲ ရုပ် ရှင်မီနိုင်သေးသည်။ ရုပ်ရှင်ရုံတွင် ပြသနေသည့် ဂိမ်းစ်ဘွန်းကားသစ် ကို သူမကြည့်ရသေးပါ။ ဘာပဲဖြစ် ဖြစ် ရုပ်ရှင်ရုံထဲဝင်ပြီး အချိန်ဖြုန်း

**နွယ်နီက ပြောရင်း မောင်မောင့်လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လာသည်။ နွယ်နီသည် အရင်တုန်းကစိတ်ဓာတ်မျိုးနှင့် ဆက်ဆံချင်နေပုံရသည်။ သို့သော် မဖြစ်နိုင်ပါ။ သူ့မှာက မိမိလှိုင်ဆိုသည့် အနှောင်အဖွဲ့က ရှိနေသည်ပဲလေ. . .**

www.burmeseclassic.com

www.burmeseclassic.com



ဖို့ စိတ်ကူးရလိုက်မိသည်မို့ ကားသော့ကိုယူပြီး အခန်းအပြင်သို့ ထွက်ခဲ့သည်။ အခန်းတံခါးသော့ကိုလည်း ပိတ်ခဲ့သည်။

+++

ရုပ်ရှင်ပြီး၍ ရုပ်ရှင်ရုံမှအထွက် မှာပင် နွယ်နီနှင့် ဆုံတွေ့ဖြစ်ခြင်းဖြစ်သည်။

''ဟင်.....နင် မောင်မောင်မဟုတ်လား၊ မောင်မောင်မဟုတ်လား''

တအံ့တသြရှိသည့်အသံဖြင့် အမောတကောမေးလာသည့် အသံပိုင်ရှင် အမျိုးသမီးဘက်သို့ လှည့်ကြည့်လိုက်မိသည်။ ပါးပါးလျားလျား မိတ်ကပ်နှင့် နှုတ်ခမ်းနီ မရဲတရဲဆိုးထားပြီး အစိမ်းရောင် ပြောင်ထဘီနှင့်အင်္ကျီဆင်တူဝတ်ဆင်ထားသည့် အမျိုးသမီးငယ်ကို တွေ့မြင်လိုက်ရသည်နှင့်.....

''ဟင်.....နွယ်နီ''

''ဟုတ်တယ်၊ ငါ နွယ်နီလေ၊ နင်က ငါ့ကို မှတ်မိသားပဲ၊ ငါက နှုတ်သာဆက်လိုက်ရတာ၊ နင်မှငါ့ကို မှတ်မှမှတ်မိပါ့မလားလို့၊ နင်နဲ့ ငါ ကွဲသွားတဲ့နှစ်တွေကလည်း မနည်းတော့ဘူးမဟုတ်လား''

အမှန်ပင်။ သူတို့နှစ်ယောက် ကွဲကွာသွားသည့် အချိန်ကာလ မနည်းတော့ပြီ။ အနည်းဆုံးခြောက်နှစ်လောက်ရှိမည်။ ပြောမည်ဆိုလျှင် မောင်မောင်နှင့် မိမိလှိုင်တို့ လက်ထပ်ပြီးကတည်းကဖြစ်သည်။



**နွယ်နီရယ်**
**ကံဆိုးမ**
**သွားလေရာ**
**မိုးလိုက်လို့ ရွာ**
**ဆိုသလို**
**မင်းရဲ့အဖြစ်ကလည်း**
**ဆိုးလှချည်လား**
**...**

မင်္ဂလာဆောင်တုန်းကတော့ ရောက်လာဖြစ်သေးသည်။ သည့်နောက်မှာတော့ နွယ်နီသည် မောင်မောင့်ဘဝထဲကနေ ထွက်ခွာသွားသည်မှာ သည်ကနေ့ သည်အချိန်အထိဖြစ်သည်။ တစ်ချိန်တုန်းကတော့ နွယ်နီသည် မောင်မောင်၏ ချစ်ဦးသူဖြစ်ခဲ့သည်ဆိုက မှားမည်မဟုတ်။

''ရုပ်ရှင်ရုံထဲမှာကတည်းက နင့်ကိုကြည့်နေတာ၊ ဒါပေမဲ့ ဟုတ်မှဟုတ်ပါ့မလားလို့ပေါ့''

နွယ်နီက ပြောရင်း မောင့်လက်မောင်းတစ်ဖက်ကိုဆုပ်ကိုင်လာသည်။ နွယ်နီသည် အရင်တုန်းကစိတ်ဓာတ်မျိုးနှင့် ဆင်ဆင်ချင်နေပုံရသည်။ သို့သော် မဖြစ်နိုင်ပါ။ သူ့မှာက မိမိလှိုင်ဆိုသည့် အနှောင်အဖွဲ့က ရှိနေသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



“နင် ဘယ်သူနဲ့ ရုပ်ရှင်လာကြည့်တာလဲ နွယ်နီ”

“ဟင့်အင်း၊ ဘယ်သူနဲ့မှ မဟုတ်ဘူး။ ငါတစ်ယောက်တည်းပဲ”

“ဟ.....ရဲလှချည်လား၊ ထားပါတော့၊ အခုအချိန်အထိ နင့်မှာ ဘာအတွဲမှမရှိသေးဘူးလား”

တဲ့တိုးကြီး မေးချလိုက်သည့် သူ့အမေးကြောင့် နွယ်နီသည် သူ့လက်မောင်းကို ဆုပ်ကိုင်ထားသည့် လက်ကို ပြန်၍ရုပ်သိမ်းသွားလျက် ပြန်ဖြေခဲ့သည်။

“သိပ်ရှိတာပေါ့ မောင်မောင်ရယ်၊ ဒါပေမဲ့ လောလောဆယ် ငါ့ကိုစိတ်ကောက်ပြီး အိမ်ကနေဆင်းသွားလို့၊ ငါလည်း ပျင်းပျင်းရှိတာနဲ့ ရုပ်ရှင်လာကြည့်ပြီး အချိန်ဖြုန်းနေတာလေ၊ ကဲ.....ဒါကိုအသာထားပါ၊ နင်ငါ့ကို အိမ်အလည်လေး ဘာလေး မဖိတ်တော့ဘူးလား”

“အိမ်မှာ ဘယ်သူမှမရှိဘူး၊ မိမိလှိုင်က သူ့အမျိုးတွေဆီသွားနေတယ်၊ အိမ်မှာငါတစ်ယောက်တည်း”

“ဟ.....ဒါဆို ပိုပြီးအဆင်ပြေတာပေါ့၊ နင်လည်း တစ်ယောက်တည်း၊ ငါလည်းတစ်ယောက်တည်း၊ နှစ်ယောက်စလုံး အထီးကျန်ဖြစ်နေကြတာချင်းအတူတူ ဒီတစ်ညလုံး အေးအေးဆေးဆေးထိုင်ပြီး အာလာပသလ္လာပစကားတွေပြောရင်း အချိန်ဖြုန်းလိုက်ကြတာပေါ့၊ ဘယ့်နှယ်လဲ၊ ငါ့အကြံအစည်မကောင်းဘူးလား”

စိတ်ထဲကတော့ သိပ်ပြီးတော့ သဘောမကျချင်ပါ။ အကယ်၍ မိမိလှိုင် အိမ်သို့ စောစောစီးစီးပေါက်ချလာလျှင် ကမ္ဘာပျက်ကိန်းဆိုက်မှာ စိုးရိမ်သည်။

“ဘာလဲ၊ နင့်မိန်းမ အိမ်ပြန်လာလို့ ငါတို့ကိုတွေ့ပြီး ပြဿနာရှာမှာစိုးလို့လား၊ ဒီအတွက် မပူစမ်းပါနဲ့ဟာ၊ ဖြစ်လာမယ့် ပြဿနာအားလုံးကို ငါကိုယ်တိုင် ရှေ့ကနေကူပြီး ရှင်းပေးမယ်၊ ဟုတ်ပြီလား၊ ကဲပါ..လာပါဟာ၊ ဒီတစ်ညတည်းပါ၊ ငါပျင်းလွန်းအားကြီးလို့ပါ၊ မနက်မိုးမလင်းခင် ငါထွက်သွားမှာပါ”

နွယ်နီက ဖွတ်အတင်းပြောနေသည့်နောက် မောင်မောင့်အဖို့ ငြင်းပယ်ရခက်သွားပါ၏။ သို့မို့ကြောင့်လည်း သက်ပြင်းတစ်ချက်ကိုသာချရင်း ကားရပ်ထားရာဆီသို့ လျှောက်လှမ်းခဲ့မိတော့သည်။

+++

ဦးခေါင်းတစ်ခုလုံး ခဲဆွဲထားခြင်းခံရသကဲ့သို့ လေးလံကိုက်ခဲနေပါ၏။ နားထင်ကြောတွေ တင်းထောင်ပြီး နားထဲကနေ လေတွေ တဟူးဟူးထွက်နေသည်။ မျက်လုံးအစုံကို ဖွတ်အတင်းဖွင့်ကြည့်သည်။ အသိတရားကို နိုးနိုးကြားကြားလုပ်သည်။ တစ်ဆက်တည်း မနေ့ညက အဖြစ်အပျက်တို့ကို ပြန်ပြောင်းစဉ်းစားကြည့်သည်။

ရုပ်ရှင်ရုံရှေ့မှာ နွယ်နီနှင့်တွေ့သည်။ နွယ်နီ သူ့အိမ်သို့ ပါလာသည်။ လမ်းကနေ ဝယ်ယူလာသည့် ထမင်းကြော်ကို အတူစားရင်း စကားတွေပြောဖြစ်ကြသည်။ ထို့နောက် နွယ်နီဖျော်တိုက်သည့် ကော်ဖီကို သောက်ပြီး နောက်ပိုင်း အဖြစ်အပျက်တွေကို သူမသိပါလေတော့။ ဒါကလည်း အခြားကြောင့်မဟုတ်။ နွယ်နီဖျော်တိုက်သည့် ကော်ဖီကိုသောက်ပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံးနှင့် အဆက်ပြတ်သွားသောကြောင့် ဖြစ်သည်။

မောင်မောင်သည် အသိတရားကို နိုးနိုးကြားကြားလုပ်ပြီး ထထိုင်ခိုင်းဖို့ ကြိုးစားသည်။ ရသည်။ တစ်ခန်းလုံးလှည့်ပတ်၍ နွယ်နီ့ကိုရှာကြည့်သည်။ နွယ်နီ့အရိပ်အယောင်ကိုပင် မတွေ့ရပါ။ နွယ်နီ့အစား သူ့ ခေါင်းအုံးဘေးမှာ ရှိနေသည့် လေးထောင့်ကျကျ စာရွက်ခေါက်ဖြူဖြူလေးကိုသာ တွေ့လိုက်ရပါ၏။ ထူးခြားသည့်အထင်ဖြင့် ထိုစာရွက်ခေါက်ဖြူလေးကို ဖြန့်၍ဖတ်ကြည့်လိုက်မိ၏။ သည်တော့လည်း တက်သုတ်ရိုက်၍ အသေ့နှင့်ရေးထားပုံရသည့် စာကြောင်းတွေကိုတွေ့လိုက်ရသည်။

မောင်မောင်

“နင့်ကိုတော့ ငါအားနာပါတယ်၊ ဗီရိုထဲက လက်စွပ်လေးတစ်ကွင်းတွေလို့ ငါယူသွားတယ်၊ မနက်ဖြန် ငါ့ယောကျ်ားအတွက် ထောင်ဝင်စာ သွားပြီး ပို့ပေးရဦးမယ်လေ၊ ငါ ငွေအခက်အခဲဖြစ်နေပြီ၊ ရုပ်ရှင်ရုံရှေ့မှာ ယောင်လည်လည်ဖြစ်နေတုန်း နင်နဲ့တွေ့လိုက်တာပါ။ ငါ့ယောကျ်ားက ခိုးပိုက်နှိုက်မှုနဲ့ ထောင်ကျနေတာလေ၊ ဘာပဲဖြစ်ဖြစ် နင့်ကို ငါအရမ်းကျေးဇူးတင်တာပါ၊ ငါ့အခက်အခဲကိုပြေလည်စေအောင် အတူ

www.burmeseclassic.com

အညီပေးလိုက်တဲ့ နှင့်ကျေးဇူးကို ငါ ဒီတစ်သက် မမေ့ပါဘူးဟာ။

**နွယ်နီ**

စာအဆုံးမှာတော့ မောင်မောင်သည် တောက်တစ်ချက်ကိုသာ ပြင်းထန်စွာ ခေါက်ပစ်လိုက်မိတော့၏။ စိတ်ထဲက ဒေါသထွက်လိုက်သည်မှာလည်းဆိုဖွယ်ရာမရှိတော့ပေ။

+++

"ဒီလိုဆို ဗီရိုထဲကလက်စွပ်ကို နွယ်နီဆိုတဲ့မိန်းမ ယူသွားတာပေါ့လေ၊ ဟုတ်လား"

မိမိလှိုင်ရောက်လာသည့်နောက် မောင်မောင်က အဖြစ်အပျက် အစုံအလင်ကို တစ်လုံးမကျန် ပြန်ပြောပြလိုက်ပါ၏။

"ဟုတ်တယ်၊ ငါသောက်မယ့် ကော်ဖီထဲ အိပ်ဆေးခတ်ပြီး လက်စွပ်ကို ထုတ်ယူသွားတာပဲ၊ ငါ့အနေနဲ့ ရဲကိုတိုင်ပြီး အမှုဖွင့်လိုက်ချင်တယ်၊ အဲဒါ မင်းလာတဲ့အထိ စောင့်နေတာပဲ"



ညကပါသွားသည့် လက်စွပ်အတွက် နှမြောတသစိတ်ဖြစ်နေသလောက် မိမိလှိုင်ကတော့ ဘာမှမဖြစ်သလို အေးအေးဆေးဆေးပါပဲ။

"မောင်ရယ် ဖြစ်ပြီးတာတွေလည်း ထားလိုက်ပါတော့၊ ထပ်ပြီးတော့ အရစ်မရှည်ချင်ပါနဲ့တော့"

"မဟုတ်ဘူးလေကွာ၊ လက်စွပ်က တစ်သိန်းလောက်တန်တဲ့ ဥစ္စာပဲ"

"ဒီမှာ မောင်၊ မိ အမှန်အတိုင်းပြောမယ်၊ သူ့ဆီကိုပါသွားတဲ့လက်စွပ်က အတုကြီး"

"ဘာကွ....."

"ဖြည်းဖြည်းအော်ပါ မောင်ရယ်၊ ဟုတ်တယ် မောင်၊ သူ့ဆီကိုပါသွားတဲ့ လက်စွပ်က အတုကြီး၊ အဲဒီလက်စွပ်ကို သွားရောင်းရင်လည်း သူအဖမ်းခံရမှာပဲ"

"ဒါဖြင့် လက်စွပ်အစစ်က ဘယ်မှာလဲ"

"ဟိုတစ်ပတ်က ဖဲရှုံးလို့ ဒေါ်ခင်မမဆီမှာ ပေါင်ထားတယ် မောင်၊ အဲဒါ မောင်မသိအောင် ဆိုပြီး အတုလုပ်ပြီး ဟန်ပြလုပ်ထားတာ"

မောင်မောင်သည် ဟားခနဲနေအောင်ပင် လေပူတွေကို မှုတ်ထုတ်ပြီး ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိပါတော့၏။ တစ်ဆက်တည်းဆိုသလို လက်စွပ်အတုကြီးကြောင့် ပြဿနာသောင်းခြောက်ထောင်နှင့် ရင်ဆိုင်ကြုံတွေ့နေရမည့် နွယ်နီ၏ အဖြစ်သနစ်ကို မျက်စိထဲမှာ ပေါ်၍မြင်ယောင်လိုက်မိပါ၏။

ဩော်.....နွယ်နီရယ် ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသလို မင်းရဲ့အဖြစ်ကလည်း ဆိုးလှချည်လား။

**သန်းမြင့်ဦး**

www.burmeseclassic.com

www.burmeseclassic.com

# ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

# Welcome to Kyaw Thein




(၁) အမှတ် (၂၀၄/၂၀၈) (၂) အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃) အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၆[illegible]

www.burmeseclassic.com

www.burmeseclassic.com


ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျိုးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငုပ်-လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

**အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။**

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်-၁၅၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘာတာကားမှတ်တိုင်ဆင်း၍ ဝင်းသုဇာအရောင်းဆိုင်ဘေးက လမ်းမှ ဝင်ခဲ့ပါ)။
ဖုန်း ၅၃၀၁၀၃၄၄


www.burmeseclassic.com

www.burmeseclassic.com


# နိုင်ငံတကာသတင်း

## သမီး (၁၂)ယောက်ရဲ့ အပျိုစင်ဘဝကို စျေးပေါပေါနဲ့ရောင်းခဲ့တဲ့မိခင်အား ရဲကသိရှိဖမ်းဆီးအရေးယူခဲ့မှု



ကိုလံဘီယာနိုင်ငံတွင် သားသမီး (၁၄)ဦး၏ မိခင်ဖြစ်သူက ငွေကြေးအခက်အခဲကြောင့် သမီးများ၏ အပျိုစင်ဘဝကို ဒေါ်လာအနည်းငယ်ဖြင့် ရောင်းချခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များကပြောကြားခဲ့သည်။

အသက်၄၅နှစ်အရွယ်ရှိ မာဂါရီတာကို သူမ၏သမီးတစ်ဦးအား ဝယ်ယူသွားသူ ကန်ထရိုက်တာတစ်ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ သမီး(၁၂)ဦး၏ အပျိုစင်ဘဝကို ၎င်းတို့ထက် အသက်များစွာကြီးသည့် လူများထံရောင်းချခဲ့ရာတွင် တစ်ဦးလျှင် ဒေါ်လာ၁၆၀ မှဒေါ်လာ ၂၁၂ ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။

ရဲများက အသက်(၁၄)နှစ်အရွယ် မိန်းကလေးနှင့် ရင်သွေးရခဲ့သည့် အသက် ၅၂ နှစ် အရွယ်ရှိ ဖခင်ဖြစ်သူကိုလည်းဖမ်းဆီးထားပြီး တရားစွဲဆိုသွားမည်ဟု သိရသည်။


Ref: International News

www.burmeseclassic.com

www.burmeseclassic.com



# သေနတ်နဲ့အချိန်ခံရလို့ စိုးရိမ်စိတ်နဲ့ အထင်မှားပစ်ခတ်ပြီးမှ ကစားစရာသေနတ်ဖြစ်နေကြောင်းသိရ




အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် အသက်(၁၃)နှစ်အရွယ် ကလေးတစ်ဦးက ကစားစရာပလတ်စတစ်ရိုင်ဖယ်သေနတ်ကိုင်ထားသည်ကို ရဲဝန်ထမ်းတစ်ဦးက တကယ့်သေနတ်ဟုထင်မှတ်ကာ ပစ်ခတ်ဖမ်းဆီးခဲ့သဖြင့် ကလေးငယ်မှာ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ကလေးငယ်သည် သူ၏သူငယ်ချင်းထံသို့ အလည်သွားရောက်စဉ် ပလတ်စတစ်သေနတ်ကိုကိုင်၍ လမ်းလျှောက်နေသည်ကို ရဲကတားဆီးပြီး သေနတ်ချရန် အမိန့်ပေးခဲ့၏။ ကလေးငယ်က ရဲကိုသေနတ်ဖြင့်ပြန်ချိန်လိုက်သည့်အတွက် ရဲက သေနတ်ဖြင့် ပစ်ခတ်မည်ဟုယူဆကာ ပစ်ခတ်ပြီး သွားရောက်စစ်ဆေးသောအခါ ကစားစရာသေနတ်ဖြစ်နေကြောင်း တွေ့ရသည်။


ယခုရက်ပိုင်းအတွင်း အမေရိကန်ပြည်ထောင်စု၊ နဗာဒါးပြည်နယ်တွင် အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦးက အလယ်တန်းကျောင်းတွင် သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကျောင်းဆရာတစ်ဦးသေဆုံးခဲ့သည့် အမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုကိစ္စဖြစ်ပွားပြီး တစ်ရက်အကြာ လမ်း၌ သေနတ်ကိုင်ဆောင်ထားသော ကလေးတစ်ဦးကို တွေ့ရသည့်အတွက် ရဲက စိုးရိမ်စိတ်ဖြင့် အထင်မှားပြီး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: International News

www.burmeseclassic.com



## လူနာကိုးဦးကို စီပိုးကူးစက်အောင် ဆေးထိုးအပ် ထပ်တလဲလဲသုံးခဲ့သူ ဆရာဝန်ကို တရားရုံးက ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်




အမေရိကန်ပြည်ထောင်စု၊ နဗားဒါပြည်နယ်၊ လက်ဗီးဂတ်စ်မြို့တွင် လူနာကိုးဦးအား အသည်းရောင်စီပိုး ကူးစက်စေခဲ့သည့် ဆေးခန်းတစ်ခုမှ ဆေးရုံအုပ်ဖြစ်သူအား ဒုတိယအဆင့် လူသတ်မှုအဖြစ် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၆၄ နှစ်အရွယ်ဒီပက် ခိဒီဆာအီသည် လက်ဗီးဂတ်စ်မြို့၌ ဖွင့်လှစ်ထားသော ၎င်း၏ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား တစ်ခါသုံးအပ်ကို အသုံးမပြုဘဲ သုံးပြီးသားဆေးထိုးပြွန်များကိုသာ ထပ်ခါထပ်ခါ အသုံးပြုခြင်းကြောင့် လူနာများတွင် စီပိုးကူးစက်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် စီပိုးကူးစက်ခံရမှုကြောင့် လူနာတစ်ဦး အသက်ဆုံးရှုံးခဲ့ရကြောင်းလည်း သိရသည်။

Ref: International News

## နှာခေါင်းခွဲစိတ်ပေးတဲ့ဆရာဝန်ကို ရလဒ်မကျေနပ်လို့ ဆေးကုသမှုခံယူသူက ဓားနဲ့ထိုးခဲ့မှု



တရုတ်နိုင်ငံတွင် အသက် (၃၃)နှစ်အရွယ် လျန်အမည်ရှိ အမျိုးသားတစ်ဦးက ၎င်း၏နှာခေါင်း ခွဲစိတ်ကုသမှုအား မကျေနပ်၍ ဆရာဝန်တစ်ဦးအား ဓားဖြင့်ထိုးသတ်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ကျဲကျန်းပြည်နယ်၊ ဝန်လင်းမြို့ရှိ ဆေးရုံတစ်ခုတွင် လျန်သည် နှာခေါင်းခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရာတွင် ရလဒ်ကို မကျေနပ်သည့်အတွက် ၎င်းအား ကုသပေးသည့်ဆရာဝန်အား ရှာဖွေခဲ့သော်လည်း မတွေ့သဖြင့် ၎င်းဆရာဝန်အစား ဌာနတာဝန်ခံဆရာဝန်ကြီးအား ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်သည်။

လျန်သည် အခြားဆရာဝန်နှစ်ဦးကိုလည်း ဓားဖြင့်ထိုးခဲ့ကြောင်း၊ ထိုသူတို့မှာ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးဝန်ထမ်းများက ၎င်းအား ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref: International News

www.burmeseclassic.com

www.burmeseclassic.com

# ကြိုးပေးကွပ်မျက်ခံရသူမှာ ရင်ခွဲရုံကို အလောင်းရောက်မှ အသက်ပြန်ရှင်လို့ တစ်သက်တာ အသက်ချမ်းသာခွင့်ရရှိသွားခဲ့မှု

အီရန်နိုင်ငံတွင် အသက် (၃၇)နှစ်အရွယ် အလီရီဇာအမ်ဆိုသူသည် မူးယစ်ဆေးဝါးမှုဖြင့် ကြိုးမိန့်ပေးခြင်းခံခဲ့ရသော်လည်း အသက်ရှင်လွတ်မြောက်လာခဲ့သောကြောင့် ထပ်မံသေဒဏ်ချမှတ်ခြင်းမပြုတော့ဘဲ အသက်ချမ်းသာခွင့်ပေးလိုက်ကြောင်း IRNA သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အလီရီဇာသည် ကြိုးမိန့်ပေးခြင်းခံရပြီးနောက် ၁၂နာရီအကြာ ဆရာဝန်များက စစ်ဆေးကာ သေဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် ၎င်း၏ ရုပ်အလောင်းကို ရင်ခွဲရုံသို့ ပို့ဆောင်ခဲ့ရာ ရုပ်အလောင်းမှာ အသက်ရှူနေကြောင်း ရင်ခွဲရုံဝန်ထမ်းများက တွေ့ရှိခဲ့ရသည်။

၎င်းအား သေဒဏ်မှ လွတ်မြောက်ခွင့်ပေးရန် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့မှမေတ္တာရပ်ခံချက်များနှင့် နိုင်ငံတွင်းမှ တောင်းဆိုမှုများကြောင့် ၎င်းအား ထပ်မံ သေဒဏ်ချမှတ်ခြင်းမပြုဘဲ အသက်ချမ်းသာခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: International News

# မိန်းကလေးမွေးတဲ့ဇနီးကို ခင်ပွန်းက အက်ဆစ်ရည်တိုက်ရာတွင် မိသားစုများကပါ အားပေးကူညီခဲ့ဟုသိရ



ပါကစ္စတန်နိုင်ငံ၊ ရှီကူပူရာခရိုင်တွင် အမျိုးသားတစ်ဦးက မိန်းကလေးမွေးဖွားခဲ့သည့် ၎င်း၏ ဇနီးဖြစ်သူအား အပြစ်ပေးသည့်အနေဖြင့် အက်ဆစ်ရည်ကို အတင်းအဓမ္မတိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားမှာ ၎င်း၏ သမီးအား လုံးဝကြည့်ရှုခြင်း မရှိသည့်အပြင် ၎င်း၏ဇနီးအား အပြစ်ပေးသည့်အနေဖြင့် အက်ဆစ်ရည်တိုက်ကျွေးရာတွင် ၎င်း၏မိသားစုဝင်များလည်း ဝင်ရောက်အားပေးကူညီခဲ့သည်။ အိမ်နီးချင်းများက ထိုအမျိုးသမီးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ယခုအခါ အဆိုပါ အမျိုးသမီးမှာ ဆေးရုံ၌ ဆေးကုသမှုခံယူနေရဆဲဖြစ်ပြီး ၎င်း၏ခင်ပွန်းနှင့် မိသားစုဝင်များအား တာဝန်ရှိသူများက ထိန်းသိမ်းထားကြောင်း သိရသည်။

Ref: International News

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## ငွေများအကြိမ်ကြိမ်အခိုးခံရ၍ CCTV တပ်လိုက်ရတဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်း ကွန်ကရစ်လုပ်ငန်း ငွေကိုင်စာရေးအဖြစ်လုပ်ကိုင်သူမှ ရောင်းချရငွေများအား ၎င်း၏ဆလင်းဘတ်အိတ်အတွင်း ထည့်လျက် နေအိမ်ခန်းအတွင်းထားရှိခဲ့ရာမှ လေးကြိမ်မြောက်အခိုးခံခဲ့ရသဖြင့် နေအိမ်အိပ်ခန်းအတွင်း CCTV တပ်ဆင်ထားရှိခဲ့ရာမှ ဆလင်းဘက်အိတ်အား တံချူဖြင့်ဆွဲယူနေသူ အမျိုးသားတစ်ဦးကို တွေ့ရှိလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဖူးပွင့်ဝေ (၂၃နှစ်)၊ ခိုင်ခန့်အောင်ကွန်ကရစ်လုပ်ငန်း၊ ငွေကိုင်၊ အောင်မင်္ဂလာလမ်း၊ (၉၂) ရပ်ကွက်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နေသူသည် လွန်ခဲ့သောတစ်နှစ်ခန့်မှစ၍ လုပ်ငန်းတည်ရှိရာ (၅၉) ရပ်ကွက်တွင် အလုပ်လုပ်ကိုင်ခဲ့သည်ဆို၏။

၎င်းသည် နေ့စဉ် ညနေ ၆ နာရီအချိန်ခန့်တွင် နေအိမ်သို့ ပြန်လေ့ရှိကြောင်း၊ ရောင်းချရငွေများကို ၎င်း၏ ပန်းရောင်ဆလင်းဘတ်အိတ်အတွင်း ထားရှိခဲ့လေ့ရှိကြောင်း သိရသည်။

ထိုသို့ထားရှိခဲ့ရာမှ ၁၃-၁၀-၂၀၁၃ ရက်နေ့တွင် ငွေကျပ် သုံးသိန်း၊ ၃၀-၁၀-၂၀၁၃ ရက်နေ့တွင် ငွေကျပ် (၃၅)သိန်း၊ ၅-၁၁-၂၀၁၃ ရက်နေ့တွင် ငွေကျပ် ၁၀၂၇၀၀၀ နှင့် ၈-၁၁-၂၀၁၃ ရက်နေ့တွင် ငွေ ကျပ် ၁၁၁၀၀၀၊ စုစုပေါင်းငွေကျပ် (၄၉၃၈၀၀၀)မှာ ခိုးယူခံရ၍ ပျောက် ဆုံးခဲ့သည်ဆို၏။

ဆလင်းဘက်အိတ်အတွင်းမှ ငွေများသာပျောက်ဆုံးခဲ့ပြီး အိတ်မှာ ပျောက်ဆုံးခြင်းမရှိဟုသိရသည်။ ၎င်း နောက် နေအိမ်အိပ်ခန်းအတွင်းတွင် CCTV တပ်ဆင်ထားရှိခဲ့ရာ ၁၁-၁၁-၂၀၁၃ ရက်နေ့၊ ညနေ ၆ နာရီ ၁၈ မိနစ်အချိန် ၎င်း၏နေအိမ်ခန်း ပြတင်းပေါက်အား ဆွဲဖွင့်၍ အမည်မသိ အမျိုးသား တစ်ဦးက ဆလင်းဘတ်အိတ်အား တံချူဖြင့် ဆွဲယူနေသည်ကို တွေ့ရှိခဲ့ရ၍ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခံခဲ့ရာ ၎င်းအမျိုးသားမှာ ထွက်ပြေးသွားခဲ့သည်ဆို၏။

မဖူးပွင့်ဝေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံဆိပ်ကမ်းမြို့မ ရဲစခန်းက (ပ) ၄၀၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် ဝင်းကိုက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# အကြွေးတောင်းမရ၍ ပါးရိုက်ခဲ့မှုကြောင့် ဓားထိုးခံခဲ့ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်အတွင်း တစ်ရပ်ကွက်တည်းအတူနေသူထံမှ ရရန်ရှိငွေ အကြွေးငွေကျပ် (၆၀၀၀) အားတောင်းခဲ့ရာမပေး၍ သူငယ်ချင်းဖြစ်သူအား ပါးတစ်ချက်ရိုက်လိုက်မိခဲ့ရာမှ သူငယ်ချင်း၏ ညီအရင်းဖြစ်သူက မကျေနပ်၍ စတီးလ်ခေါက်ဓားနှင့် ထိုးခဲ့သဖြင့် ဒဏ်ရာရရှိကာ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံခဲ့ရမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၉-၁၁-၂၀၁၃ ရက်နေ့၊ နံနက် ၁၁ နာရီအချိန်ခန့်က မောင်သန်းလွင် (၂၀ နှစ်)၊ သဖင်နွယ် (၁)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေသူသည် တစ်ရပ်ကွက်တည်းနေ သူငယ်ချင်း အရွတ်ခန်အား ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်းထိပ်တွင် တွေ့ဆုံစဉ် ၎င်းမှရရန်ရှိသော ငွေကျပ် ၆၀၀၀ အား တောင်းခဲ့ရာမပေးသဖြင့် မောင်သန်းလွင်က ပါးတစ်ချက်ရိုက်ပြီး နေအိမ်သို့ ပြန်လာခဲ့သည်ဆို၏။

ထိုသို့ပြန်လာစဉ် နွယ်အေးရပ်ကွက်၊ အလက (၄) ရှေ့သို့အရောက်တွင် အရွတ်ခန်၏ ညီအရင်းတော်သူ လွင်မိုးထွန်း (ခ) နတ်ဆဲနှင့်တွေ့ရာ ပါးရိုက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ အပြန်အလှန် စကားများခဲ့ကြသည်ဆို၏။

ထိုစဉ် လွင်မိုးထွန်း (ခ) နတ်ဆဲက အသင့်ပါသော စတီးလ်ခေါက်ဓားနှင့် ထိုးခဲ့ရာ သန်းလွင်၏ ဝဲဘက်ပေါင်၌ ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိကာ ဓားအသွားမှာ ပေါင်အတွင်းကျိုးကာ ကျန်ခဲ့၍ ရန်ကုန်ဆေးရုံကြီးတွင် တက်ရောက်၍ ဆေးကုသမှုခံယူခဲ့ရသည်။

မောင်သန်းလွင်က တရားလိုပြုလုပ်တိုင်တန်းခဲ့၍ ဒေါပုံမြို့မရဲစခန်းမှ (ပ) ၃၅၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၂၄ ဖြင့် အမှုဖွင့်၍ အမှုစစ်ဒုရဲအုပ် ဟိန်းဇော်က ပြစ်မှုကျူးလွန်သူအား စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


# CCTV မှတ်တမ်းကြောင့် ခိုးမှုကျူးလွန်ခဲ့သူအား ဖမ်းဆီးရမိခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ သစ္စာကုန်းလမ်းထိပ်တွင် ရပ်ထားသော ဒိုင်နာအဖြူရောင်ယာဉ်၏ ခေါင်းခန်းရှိခုံပေါ်တွင် ငွေထုပ်အားတင်ထားပြီး သူငယ်ချင်းဖြစ်သူ၏ တိုက်ခန်းခေါင်းလောင်းအား သွားဆွဲပြီးနောက် ငွေပေးရန် ကားဆီသို့ပြန်လာခဲ့ရာ ငွေထုပ်ထဲမှ သိန်း(၅၀)အုပ်မှာ ပျောက်ဆုံးသွားခဲ့မှုအား ကားရပ်တန့်ထားခဲ့ရာ နေရာအနီးရှိ ကားအရောင်းပြခန်း၏ CCTV မှတ်တမ်းမှတစ်ဆင့် သိရှိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၁၁-၁၁-၂၀၁၃ ရက်နေ့၊ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်အချိန်ခန့်က ကိုဂျော်နီ (၄၈ နှစ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေသူသည် ပုဇွန်တောင်၊ ကမ္ဘောဇဘဏ်မှ ငွေ(၁၇၉)သိန်းကို ထုတ်ယူခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာကုန်းလမ်းထိပ်တွင် ၎င်းပိုင် 5F/--- ဒိုင်နာအဖြူရောင်ယာဉ်၏ ခေါင်းခန်းခုံပေါ်တွင် ငွေထုပ်အားတင်ထားပြီး သူငယ်ချင်းဖြစ်သူ ကိုတင်မောင်လှ၏ တိုက်ခန်းခေါင်းလောင်းကြိုးအား သွားဆွဲခဲ့သည်ဆို၏။

သူငယ်ချင်းဖြစ်သူအား ငွေပေးရန် ကားဆီသို့ပြန်လာစဉ် ငွေကျပ် (၁၇၉)သိန်းထဲမှ ငွေကျပ် သိန်း(၅၀)အုပ်မှာ ပျောက်ဆုံးနေ၍ အနီးအနားတွင် စုံစမ်းရာ ကာဆင် (ခ) ချမ်းချမ်းဇော် (၂၉ နှစ်)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူနှင့် အမည်မသိလူနှစ်ဦးတို့မှ ယူဆောင်သွားကြောင်းကို အနီးမှ ကားအရောင်းပြခန်းရှိ CCTV မှတ်တမ်းမှတစ်ဆင့် သိရှိခဲ့ရသည်ဆို၏။

ကိုဂျော်နီက တရားလိုပြုလုပ်တိုင်တန်းသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ (ပ)၇၄၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် ဒုရဲအုပ် နေဝင်းထွန်းက ပြစ်မှုကျူးလွန်သူ ကာဆင် (ခ) ချမ်းချမ်းဇော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကျန်ပြစ်မှုကျူးလွန်ခဲ့သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## တရားဝင်တင်သွင်းတဲ့အထောက်အထားမပြနိုင်လို့ ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူလိုက်ရမှု

၂၈-၁၀-၂၀၁၃ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၁)၊ ခြံအမှတ် ၅ (B-D) အတွင်း ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီမှအဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်၍ ဦးအောင်စိုးမိုး (၃၉ နှစ်)၊ ဦးစီးအရာရှိနှင့်အဖွဲ့သည် သတင်းအရဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်ကုန်ပစ္စည်းများအား သိုလှောင်ထားသည်ကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ထိုကဲ့သို့ စစ်ဆေးစိစစ်ချက်အရ ကုမ္ပဏီခြံဝင်းအတွင်းရှိ သိုလှောင်ရုံများမှ ဝိုင်အရက်၊ ဘီယာ၊ အချိုရည်နှင့် စားသောက်ကုန်ပစ္စည်း ခန့်မှန်းတန်ဖိုး စုစုပေါင်း ကျပ် (၆၄၄၂၁ရ၃၆)အား တရားဝင်တင်သွင်းထားသည့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ သိုလှောင်ထားရှိသဖြင့် ကုမ္ပဏီမှ အမိကတာဝန်ရှိသူ ဒေါ်ဌေးဌေးမာ (၄၅ နှစ်)၊ မန်နေးဂျင်းဒါရိုက်တာ၊ Auarto Products Limited၊ အရိယမဂ္ဂင်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေသူအား ဦးအောင်စိုးက တရားလိုပြုလုပ်တိုင်ကြားခဲ့သည်။

ဦးအောင်စိုး၏ တိုင်ကြားမှုအား ပိတောက်ချောင်းနယ်မြေရဲစခန်းက (ပ) ၃၁၄/၂၀၁၃၊ ပို့ကုန်သွင်းကုန်ပုဒ်မ ၈ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် အောင်မျိုးထွန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

BURMESE CLASSIC .com

## ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တဲ့ ပဟေဠိဆန်ဆန်ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ညောင်ရမ်းပန်းခြံတွင် လူတစ်ဦး ကြိုးဆွဲချသေဆုံးနေကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၃-၁၁-၂၀၁၃ ရက်နေ့၊ နံနက် ၈ နာရီခွဲအချိန်ခန့်က ရွှေပြည်သာမြို့မရဲစခန်းအပိုင်၊ အမှတ် (၈)ရပ်ကွက်၊ ညောင်ရမ်းပန်းခြံတွင် လူတစ်ဦး ကြိုးဆွဲချသေဆုံးနေကြောင်း သတင်းရရှိခဲ့သဖြင့် ဒုတိယစခန်းမှူး ရဲအုပ် အောင်ဇော်ထွန်းက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်ဆို၏။

ထိုသို့စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဦးတင်ထွန်း (၅၈ နှစ်)၊ ညောင်ရမ်း (၃)လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။ ၎င်းသည် နေအိမ်ညှော်ခန်းမှ အမြင့် (၁၁)ပေခန့်ရှိ ထုပ်တန်းတွင် အရှည် (၁၀)ပေခန့်၊ လုံးပတ် တစ်မတ်လုံးခန့်ရှိ ပလတ်စတစ်နိုင်လွန်ကြိုးအပြာရောင်အား ကွင်းလျှောချည်ပြီး လည်ပင်းတွင် ကြိုးကွင်းစွပ်လျက် ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

အလောင်းအား အင်းစိန်ဆေးရုံသို့ ပို့အပ်ခဲ့ရာ ပီအာရ် ၀၂ ဖြင့် လက်ခံထားရှိခဲ့သည်ဆို၏။

ဒုရဲအုပ် ဇင်မင်းလတ်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ရွှေပြည်သာမြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၂၅/၂၀၁၃ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး ဌေးအောင်က ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလအတွင်း ရန်ဖြစ်မကောင်း ကံသတ်ငါကောင်းပြီကွဟု စိတ်ကမှတ်ပြီး လုပ်ငန်းဆောင်တာကိုလုပ်ပါ။ အောင်မြင်မည်ဟုမှတ်ပါ။ ကျောက်မျက်ရတနာ၊ စားသောက်ကုန်၊ အလှကုန်လုပ်ငန်းတို့ အကျိုးပေးမည်။ ရေထွက်ပစ္စည်း၊ ရှေးဟောင်းပစ္စည်း ရောင်း/ဝယ်ခြင်း ရှောင်ပါ။ ဘေးရန်ရှိသည်။ သတိရှိပါ။ ပညာရေး ကြိုးစားပါ။

**ကံကောင်းအရောင်** ။ ။ အဖြူပြောင်ထဲတွင် အစိမ်းနု သံဆန်ခါကွက် ဝတ်ဆင်ပါ။

**ကံညံ့အရောင်** ။ ။ အနီ၊ အညို ရောစပ်သော အရောင်အားလုံးရှောင်ပါ။

**အချစ်ရေး** ။ ။ အချစ်ကံခေတတ်၍ အချစ်ကိစ္စရှောင်ပါ။

**ထီထိုးရန်**။ ။ (က) ၆–၉၊ (ခ) ၅–၄၊ (ဂ) ၉–၁။

**ယတြာ** ။ ။ မွေးနံ့ထောင့်မှာ မုန့်စိမ်းပေါင်း၊ ကောက်ညှင်းပေါင်းလှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလထဲတွင် ဘေးရန်ကင်းကွာ လာဘ်မိုးရွာပြီး ကြံစည်သမျှအောင်မြင်ပြီး လာဘ်ရွှင် ကံကောင်းနေမည်။ လုပ်ငန်း၊ ရာထူး၊ နေရာ ရွှေ့ပြောင်းပြီး တိုးတက်မည်။ ကျန်းမာရေး သတိထားပါ။ အသည်းခြောက်၊ နှလုံးတုန် မူးဝေဖြစ်တတ်သည်။ ခရီးသွားလျှင် ကံကောင်းတတ်သည်။ အရှေ့စူးစူးသွားလိုက်ပါ။ လာဘ်ရမည်။ ပညာရေး အထူးကောင်းပြီး ဘွဲ့ထူးဂုဏ်ထူးရနိုင်သည်။

**ကံကောင်းအရောင်**။ ။ ဖြူ၊ နီ၊ ဝါ၊ သနပ်ခါးရောင် ဝတ်ဆင်ပါ။

**ကံညံ့အရောင်**။ ။ နက်ပြာ၊ ကြည်ပြာ ဝမ်းဆက်ရှောင်ပါ။

**အချစ်ရေး**။ ။ ချစ်သဝန်ကြောင်မှုကြောင့် ပြဿနာတက်မည်။

**ထီထိုးရန်**။ ။ (ဃ) ၄–၆၊ (င) ၄–၇၊ (စ) ၄–၈။

**ယတြာ**။ ။ အိမ်ဘုရားမှာ ဖယောင်းတိုင်အဝါကိုးတိုင်နှင့် ရေသက်စေ့ကပ်လှူပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ယခုလထဲတွင် လက်ရှိလုပ်ငန်းစွန့်ပြီး အစုစပ်ရှယ်ယာ၊ သစ်၊ အဆောက်အအုံ၊ စားသောက်ကုန်လုပ်ငန်းတို့ အောင်မြင်မည်။ မိတ်ဟောင်းဆွေဟောင်း မစကိန်းမြင်သည်။ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်ပညာရှင်ဖြစ်ပါက နိုင်ငံ ခြားသို့ ချစ်ကြည်ရေးခရီးသွားရမည်။ ကံကောင်းမည်မှတ်လိုက်ပါ။ ကြာသပတေး၊ စနေသမီးတို့ကြောင့် အရှုပ် အရှင်းပေါ်မည်။ သတိထားပါ။ ပညာရေးကြိုးစားပါ။ အပေါင်းအသင်းများနှင့်အပျော်အပါးလျှော့ပါ။

**ကံကောင်းအရောင်**။ ။ အပြာနု၊ ပန်းရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**ကံညံ့အရောင်**။ ။ အညို၊ အစိမ်းရင့်ဝမ်းဆက် ရှောင်ပါ။

**အချစ်ရေး**။ ။ နှလုံးသားရေးရာပြဿနာပေါ်မည်။
အချစ်ကြောင့် ဒုက္ခရောက်မည်။

**ထီထိုးရန်**။ ။ (တ) ၆–၉၊ (ထ) ၆–၄၊ (ဒ) ၆–၁။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းတွေ ဇယ်ဆက်သလို လုပ်ကိုင်ရတတ်သည်။ အတွင်းလူ သစ္စာဖောက်တတ်သည်။ ရွှေ၊ ငွေ၊ ရတနာ တန်ဖိုးကြီးပစ္စည်းတို့ လူခိုးခံရတတ်သည်။ သတိရှိပါ။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းတွင်း ရန်ဘက်၊ ပြိုင်ဘက် ပေါ်တတ်သည်။ နေရာ၊ ဌာန၊ ရာထူး တိုးတက်မှုမရှိသေးပါ။ အထက်လူကြီးတို့ အထင်လွဲခြင်း ခံရတတ်သည်။ အိမ်၊ ခြံ၊ မြေ ရွှေ့ပြောင်းပါက ကံအထူးကောင်းမည်မှတ်ပါ။

**ကံကောင်းအရောင်။** ။ မိုးစက်ပွင့်ရောင်၊ နံ့သာရောင် ဝမ်းဆက်

**ကံညံ့အရောင်။** ။ နီနီရဲရဲထဲမှာ အနက်ကွက်ကျဲ ရှောင်ပါ။

**အချစ်ရေး။** ။ သင့်အချစ်က ပစ်သွားတတ်သည်။ ကြားလူအနှောင့်အယှက်ရှိမည်။

**ထီထိုးရန်။** ။ (ဋ) ၄-၂၊ (ဌ) ၄-၅၊ (ဍ) ၄-၆။

**ယတြာ။** ။ အိမ်ဘုရားမှာ စံပယ်ကိုးကုံး၊ ဒန်းညွန့်ကိုးညွန့်လှူဒါန်းပေးပါ။

BURMESE CLASSIC

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မိသားစုအရေး သောကမအေးဖြစ်ရတတ်သည်။ သားကတစ်ဖုံ၊ သမီးကတစ်မျိုးဖြင့် ဒုက္ခ ပေးတတ်သည်။ အရက်သိက္ခာ ဂုဏ်ကျဆင်းတတ်သည်။ သတိထားပါ။ အိမ်ထောင်ရှင်များ မိန်းမနှင့် ကွဲကွာ ခွဲ ခွာနေရတတ်သည်။ စီးပွားရေး အထူးကောင်းနေပါသည်။ ရွှေ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်ကာ ဝင်လာမဆဲ တသဲသဲဖြစ်တတ်ပါသည်။

**ကံကောင်းအရောင်။** ။ စကားဝါရောင်၊ နီနီရွှဲရွဲ ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ သနပ်ခါး၊ စိမ်းပြာရောင် ရှောင်ပါ။

**အချစ်ရေး။** ။ ဖွင့်ပြောလိုက်ပါ။ သင်ရည်ရွယ်သူက လက်ခံလိမ့်မည်။

**ထီထိုးရန်။** ။ (တ) ၁-၈၊ (ထ) ၆-၃၊ (ဒ) ၆-၉။

**ယတြာ။** ။ မွေးနံ့ထောင့်တွင် ရှားမီးသက်စေ့၊ နံ့သာအမွှေးတိုင် ၂၇ တိုင် လှူပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရပ်ဝေးပြည်ပခရီး၊ နိုင်ငံခြားသို့ လေ့လာရေးခရီးထွက်ရတတ်သည်။ အုပ်စုနှင့်ဖြစ်နိုင်သည်။ လူမှုရေးကိစ္စ ပြဿနာတက်မည်။ အမှုအခင်းဖြစ်နိုင်သည်။ သတိထားပါ။ ရှောင်ပါ။ ပညာရေးကောင်းပြီး ကျန်းမာ ရေး ညံ့တတ်သည်။ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်တတ်သည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကြားစကား မယုံသင့်ပါ။ ဘာပဲလုပ်လုပ် အောင်မြင်မှုရတတ်ပါသည်။

**ကံကောင်းအရောင်။** ။ နက်ပြာထဲမှာ အဖြူရောင်ပန်းပွင့်များစွာ

**ကံညံ့အရောင်။** ။ ကြက်သွေးရောင်၊ ကြည်ပြာရောင် ရှောင်ပါ။

**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလာလျှင် လက်ခံလိုက်ပါ။

**ထီထိုးရန်။** ။ (ဓ) ၄-၃၊ (ဒ) ၄-၆၊ (န) ၄-၉။


**ယတြာ။** ။ အိမ်ဘုရားတွင်ထောပတ်ဆွမ်း၊ ဆွမ်းကိုမှုန်းရည်ဆမ်း၍ကပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမတို့အတွက် သောကကြုံတတ်သည်။ မိဘနှစ်ပါး၏ကျန်းမာ ရေး သတိထားပါ။ ဆေးရုံတက်ရခြင်း၊ ခွဲစိတ်ကုသရမည့်ရောဂါ ရတတ်သည်။ နေအိမ်၊ ခြံ၊ မြေ၊ အရပ်ဒေသ ရွှေ့ပြောင်းရကိန်း ကြုံတတ်သည်။ အုပ်စုနှင့်အတူ အဖမ်းအဆီး၊ အချုပ်အနှောင်ခံရကိန်းမြင်သည်။ သတိထားပါ။ ဘာပဲလုပ်လုပ် ဒီတစ်လ သောကဗျာပါရ ကြုံတွေ့ရတတ်သောလဖြစ်ပါသည်။

**ကံကောင်းအရောင်။** ။ နီ၊ ဝါ၊ ပြာထဲမှာ အနက်မျဉ်းဖြောင့် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ စိမ်းပြာ၊ ရွှေညိုရောင် လုံးဝရှောင်ပါ။
**အချစ်ရေး။** ။ အမှတ်တမဲ့မှ အမှတ်တရဖြစ်ပြီး ချစ်သွားနိုင်သည်။
**ထီထိုးရန်။** ။ (ပ) ၇-၂၊ (ဖ) ၇-၄၊ (ဗ) ၇-၆။
**ယတြာ။** ။ မွေးနံထောင့်မှာ နှင်းဆီအဖြူရောင် ငါးပွင့်၊ အဝါရောင် ငါးပွင့် လှူပါ။

BURMESE CLASSIC .com

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကျောက်မျက်ရတနာ၊ ရှေးဟောင်းပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းတို့ အောင်မြင်မှုရပြီး သိန်းသန်းနေကံဝင်လာတတ်သည်။ စပ်တူ၊ ရှယ်ယာလုပ်ငန်း အားလုံးရှောင်ပါ။ မရှောင်က ပြဿနာတက်ပြီး စိတ်ဆင်းရဲရမည်။ ဘာပဲလုပ်လုပ် မေတ္တာပွား၊ သစ္စာထား၊ ပရိတ်ရွတ်၊ ဘုရားရှိခိုးပြီးမှလုပ်ပါ။ အိမ်ထောင်ရေးတွင် သံသယစိတ်ကြောင့် ကွဲသွားတတ်သည်။ သတိအထူးထားပါ။

**ကံကောင်းအရောင်။** ။ ဖင်ပြာ၊ နက်ပြာ ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အနက်ထဲမှာ အစိမ်းရင့်ကွက်ကျဲ ရှောင်ပါ။
**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်း တောင်းရမ်းလက်ထပ်ကိန်းမြင်သည်။
**ထီထိုးရန်။** ။ (က) ၄-၈၊ (ဈ) ၄-၅၊ (ည) ၄-၂။
**ယတြာ။** ။ အိမ်ဘုရားတွင် ထီးနီ၊ ထီးဝါ၊ ထီးပြာ ငါးလက်စီလှူဒါန်းပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ကံကောင်းနေမည်မှတ်ပါ။ လုပ်ငန်းခွင်စာမေးပွဲ၊ ပညာရေးစာမေးပွဲတို့ကို ကြိုးစားပြီး လုံ့လ၊ ဝီရိယစိုက်ကာဖြေပါ။ ဂုဏ်ထူးဖြင့်အောင်မြင်မှုရတတ်သည်။ လူမှုရေးညံ့ပြီး အိမ်ထောင်ရေးသင့် ၍ စီးပွားရေး အထူးကံကောင်းတတ်ပါသည်။

**ကံကောင်းအရောင်။** ။ ဖက်ဖူးရောင်၊ လိမ္မော်ရောင် ဝမ်းဆက်
**ကံညံ့အရောင်။** ။ အနက်ထဲမှာ အပြာကွက်စိပ် ရှောင်ပါ။
**အချစ်ရေး။** ။ နောက်ဆုတ်လိုက်ပါ။
**ထီထိုးရန်။** ။ (က) ၄-၅၊ (ဃ) ၆-၃၊ (င) ၇-၂။
**ယတြာ။** ။ မွေးနံထောင့်တွင် သမ္ဗုဒ္ဓေဂါထာကိုးခေါက်ရွတ်ဖတ်ပိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မချစ်မနှစ်သက်သူက တစ်ဖက်၊ ချစ်ခင်နှစ်သက် မေတ္တာစစ်၊ မေတ္တာမှန်နှင့် ချစ်သူတို့ကတစ်ဖက် ဖြစ်နေတတ်သည်။ ဘာပဲလုပ်လုပ် အထူးသတိထားပါ။ မိဘဆွေမျိုး သဘောမတူသူတို့နှင့် စကားများရန်ဖြစ်တတ်သည်။ ပြဿနာတက်၊ အပြစ်ရှာသူများနေ၍ သောကကြုံတတ်သော လအခါဖြစ်ပါသည်။ သတိရှိပါ။

**ကံကောင်းအရောင်။** ။ စိမ်း၊ ဝါ၊ ပြာ ရောယှက်ရောင်များ

**ကံညံ့အရောင်။** ။ အဖြူ၊ အနီထဲမှာ မျဉ်းကွက်စိပ် ရှောင်ပါ။

**အချစ်ရေး။** ။ လိုက်လေ ဝေးလေ၊ ချစ်သူက ပြေးလေဖြစ်နေမည်။

**ထီထိုးရန်။** ။ (က) ၅-၉၊ (ည) ၅-၈၊ (ဇ) ၅-၄။

**ယတြာ။** ။ အိမ်ဘုရားတွင် ဒန်းပန်း၊ သပြေပန်း ကိုးညွန့်စီကပ်လှူပါ။

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဓနဉစ္စာ လာဘ်ကောင်းများဝင်တတ်သည်။ အပူပျောက်ကင်းပြီး ဂုဏ်သတင်းနာမည်ကျော် ကြား ရေပန်းစားမည်။ စာရေးဆရာများ၊ ကျောင်းဆရာများ၊ စာရေးဝန်ထမ်းများ ရာထူးတိုးတက်၊ နာမည်ကျော်ကိန်းမြင်သည်။ ငွေများများရကိန်းရှိသည်။ အိမ်ထောင်ရေးတွင် နှစ်ကိုယ်တူ အလှူကြီးပေးလှူရတတ်သည်။ အနောက်စူးစူးအရပ်သို့ ခရီးသွားခြင်းရှောင်ပါ။ အန္တရာယ်ရှိသည်။

**ကံကောင်းအရောင်။** ။ ဖြူ၊ နီ၊ ညို၊ ပြာ ဝမ်းဆက်

**ကံညံ့အရောင်။** ။ အနီရဲရဲ မရမ်းစေ့ရောင် ရှောင်ပါ။

**အချစ်ရေး။** ။ အားလုံးအဆင်ပြေပြီး အချစ်ကံကောင်းနေမည်။

**ထီထိုးရန်။** ။ (ယ) ၅-၉၊ (ရ) ၅-၈၊ (လ) ၅-၇။

**ယတြာ။** ။ မွေးနံ့ထောင့်မှာ ဖယောင်းတိုင် နီ၊ စိမ်း၊ ဝါ ကိုးတိုင်စီလှူဒါန်းပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ကံဇာတာတိုးတက်ပြီး တန်ခိုးထက်မည့်အချိန်အခါဖြစ်သည်။ မင်းစိုးရာဇာများ၏ မ,စခြင်း ခံရမည်။ ထီပေါက်ကိန်းရှိသည်။ ထီထိုးပေးပါ။ စီးပွားရေး လူမှုရေး အထူးကောင်းပြီး ကျန်းမာရေး ညံ့တတ် သည်။ အိမ်ထောင်ရေး သင့်ပါသည်။ ပြိုင်ဘက်၊ ရန်ဘက်ကို အနိုင်ရမည့် အခါသမယဖြစ်ပါသည်။ မင်္ဂလာသုတ်၊ ရတနာသုတ် အမြဲတမ်း ရွတ်ဖတ်ပေးပါ။

**ကံကောင်းအရောင်။** ။ အစိမ်းနုထဲတွင် အနီပန်းပွင့်ပါအရောင်

**ကံညံ့အရောင်။** ။ အညို၊ အနက်၊ အပြာရင့် ရှောင်ပါ။

**အချစ်ရေး။** ။ အဆင်မပြေနိုင်သေးပါ။ပညာရေးကိုသာဆက်လက်ကြိုးစားပါ။

**ထီထိုးရန်။** ။ (က) ၆-၉၊ (ဈ) ၆-၄၊ (စ) ၆-၉။

**ယတြာ။** ။ အိမ်ဘုရားတွင်စတုမဓုနှစ်ပုလင်း၊ရေသက်စေ့ကပ်လှူပေးပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**

**သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်)**

www.burmeseclassic.com